


www.burmeseclassic.com
ကြယ်မှုင်စာပေ
ဝတ္ထုရှည်အသန်းကြယ် လုံးချင်းဝတ္ထုသစ်
တိတ္တိရ
ကံကြမ္မာရန်ငြိုး
BURMESE CLASSIC
တိက္ကရ
ပန်းဒီရေနေလ...
စိတ်ညွှဲခံစားဖွယ်မြဲသော
ဝတ္ထုရှည်အသန်းကြယ် လုံးချင်းဝတ္ထုသစ်
www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် စာရေးဆရာ **တီကူမ** ၏ ကလောင်ခွဲ

# ကိတ္တိမ

# ကံကြမ္မာရန်ငြိုး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၀၈၀၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၃၀၀၇၁၁ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | နိုဝင်ဘာလ၊ ၂၀၁၁ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | | ရွှေနော် |
| အဖုံးဖလင် | | KABAOO |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန် သင်းစာပေ (မြဲ-၀၄၂၃၂) အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း။ လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ကီတ္တိမ

ကံကြမ္မာရန်ငြိုး / ကီတ္တိမ - ရန်ကုန်။

သင်းစာပေ၊ ၂၀၁၁။

၂၅၁ - စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ

www.burmeseclassic.com

## ဆရာတက္ကမ၏ ရေးသားထုတ်ဝေပြီးသော စာအုပ်စာရင်း


၁။ ကန္တရအကျဉ်းစံ
၂။ ဒေါက်တာထင်အောင်ကျော်နှင့် အသူရာသတ်ကွင်း
၃။ မနုရက္ခကျိန်စာ
၄။ ဂမုန်းနက်ဧကရီ
၅။ ကျိန်စာသင့်လူ
၆။ ကန္တရဒေဝီနှင့် စောရသခင်
၇။ မရဏစံအိမ်
၈။ စိတ္တဇဝိညာဉ် (*)
၉။ လူစွန့်စားမိုးမြေနှင့် မရဏကျိန်စာ
၁၀။ မရဏသတ်ကွင်း (*)
၁၁။ မစ္ဆရိယနိဂုံး
၁၂။ ကန္တရအကျဉ်းစံ (ဒု)
၁၃။ ကျိန်စာသင့်ဝိညာဉ် (*)
၁၄။ ဝက်တွံ့မာယာ
၁၅။ အဖွှတနှလုံးသား (*)
၁၆။ မိစ္ဆာမြေမှ ရက္ခရာဇာ (*)
၁၇။ ရက္ခဝိညာဉ်မာယာရှင်
၁၈။ ဝိညာဉ်ရှိက်သံ (*)
၁၉။ ဝက်ပါမြိုင်မြို့ပေဘင်းက ဝိညာဉ်ခေါ်သံ (*)
၂၀။ ပရော်ဖက်ဆာမိုးမှောင်နှင့် သေကိန်းဆိုက်တဲ့ရေ
၂၁။ ဝံပုလွေမိုးမှောင်နှင့် မရဏတစ္ဆေ
၂၂။ သမုဒ္ဒယကျိန်စာ
၂၃။ တစ်ကောင်ကျားလှိုင်ဘွားနှင့် အတ္တဝက်တွံ့ (*)
၂၄။ အတ္တလျောင်အိမ် (*)
၂၅။ ဂျစ်ပဆီမိုးမှောင်နှင့် သတ်လို့မသေမောင်မိုးဇွေ (*)
ယခု
၂၆။ ကံကြမ္မာရန်ငြိုး (*)


မှတ်ချက်။ ။ (*) အမှတ်အသားပြထားသော ဝတ္ထုများမှာ 'ကိုတွံ့မ' ကလောင်ခွဲအမည်ဖြင့် ရေးသားသောဝတ္ထုများ ဖြစ်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ကဲ...ကဲ...တော်ကြတော့၊ ပိုးတော ပြောတာ ဟုတ်တယ်၊ စစ်နဲ့အချစ်မှာ မတရားတာ မရှိဘူးတဲ့၊ တိုက်ပွဲတစ်ခုတိုက်တဲ့အခါမှာ ပြောင်တိုက်ရင်လည်း တိုက်ရမှာပဲ၊ မျောက်ကျားစနစ်နဲ့ ချောင်းမြောင်းပြီး ပစ်တန်ပစ်ရမှာပဲ၊ အရေးကြီးတာက ကိုယ်အနိုင်ရဖို့ပဲလေ၊ ဒါဟာ တရားမျှတစွာ ကျင်းပတဲ့ လက်ဝှေ့စိန်ခေါ်ပွဲ မဟုတ်ဘူး၊ သူသေကိုယ်သေ အသက်လုရမယ့် ပွဲမျိုးပဲ၊ ဦးသူစားသွားမှာပဲ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

သူသည် ဝါးရုံထိပ်များပေါ်သို့ အရှိန်ပြင်းစွာ ကျခဲ့ရာမှ သူ၏ ကိုယ်အလေးချိန်ကြောင့် ဝါးရုံများမှာ ကိုင်းညွှတ်ကျလာပြီး ဝါးရုံနံဘေးမှ ဘီးစပ်ချုံကြီးပေါ်သို့ ပြုတ်ကျသွားရပြန်လေ၏။ ထိုဘီးစပ်ချုံပေါ်မှတစ်ဆင့် ချောက်အောက်ခြေရှိ စမ်းချောင်းလေး၏ရေစပ်မှ ကျောက်တုံးကြီးပေါ် ပြုတ်ကျသွားသောအခါမှာတော့ ကျော်စွာမှာ ဆက်လက်ပြီး ထမတောင်းတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

လူရိုင်းခေါင်းဆောင်ကြီးမှာ စိတ်လှုပ်ရှားစွာဖြင့် ဒူးတစ်ဖက်ထောက်ထိုင်ချပြီး ကျော်စွာ၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုနေရင်းမှ သူ၏မျက်နှာမှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလို့လာ၏။

ထို့နောက် သူသည် လှံမြှောက်ကိုင်ထားသော လူရိုင်းစစ်သည်နှစ်ဦးအား တစ်စုံတစ်ရာ အော်ဟစ်၍ အမိန့်ပေးလိုက်သည်တွင် ထိုသူတို့မှာ လှံကိုင်ထားသော လက်များကို အသာချကာ နောက်သို့ဆုတ်သွားကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့သားတော်နေရှင် ...ဝှတစ်ဝှတည်းမှာ ခြင်္သေ့နှစ်ကောင်အောင်းသလိုဖြစ်နေတဲ့ ငါ့ရဲ့သားတော်နဲ့ အဂ္ဂတို့နှစ်ဦးအနက် ဘယ်သူဟာ သူရဲကောင်းဘွဲ့ ပိုင်စိုးသူ ဖြစ်ထိုက်တယ်ဆိုတာကို ဒီည၊ ဒီပွဲ၊ ဒီနေရာမှာပဲ စီးချင်းတိုက်ပြီး ခမည်းတော်မှ ဆုံးဖြတ်ပေးရမှာပဲ ဖြစ်ပေတယ်၊ ဒီတော့ ငါ့ရဲ့သားတော်ဆန္ဒကို တင်ပြစေ ..."

"အဖ ...အဂ္ဂရဲ့စိန်ခေါ်မှုကို သားတော်သဘောတူ လက်ခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လည်း ဘယ်လိုဖြစ်သွားပါလိမ့်လို့ အံ့ဩထိတ်လန့်ပြီး ကြောင်ကြည့်နေတုန်းမှာဘဲ မီးခိုးငွေ့တွေဟာ တဖြည်းဖြည်းနဲ့ ပြယ်လွင့်သွားတော့တယ်၊ မီးခိုးငွေ့တွေလည်း လုံးဝပြယ်သွားရော ဒရယ်အသေကောင်ကို တွေ့ရလိမ့်မယ်ထင်တာ မတွေ့ရဘဲ ကျုပ်ကို ကျောပေးထိုင်နေတဲ့ ကုလားအဖိုးကြီးကိုပဲ တွေ့လိုက်ရလို့ ကျုပ်ဖြင့် ကိုယ့်မျက်စေ့တောင် ကိုယ်မယုံဘဲ ခေါင်းနပန်းကြီးပြီး ထိတ်လန့်သွားခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# (နိဒါန်း)

လသာသော တစ်ညသ၌ ချင်းတွင်းမြစ်ကမ်းပေါ်၌ မေးတင်ထားသည့် တောမကျမြို့မကျ မြို့လေးတစ်မြို့တွင် ဘုရားပွဲကျင်းပလျက်ရှိ၏။

တစ်နှစ်မှာ တစ်ကြိမ်သာ ကျင်းပသော ဘုရားပွဲဖြစ်၍ ယင်းမြို့မှမြို့သူမြို့သားများသာမက အနီးအနားကျေးရွာများနှင့် ချင်းတောင်တန်းကြီးပေါ်ရှိ ချင်းတိုင်းရင်းသားကျေးရွာများမှပါ ဘုရားပွဲသို့ လာရောက်ကြသဖြင့် ကြက်ပျံမကျ စည်ကားနေတော့၏။

ထိုဘုရားပွဲဝယ် ကြည့်ချင်ပွဲများ ပါဝင်လေရာ မြို့သူမြို့သားများက အထူးစိတ်ဝင်စားဖြင့် အခကြေးငွေပေးကာ ကြည့်ကြသည်မှာ ဂမ္ဘီရဆရာကြီးတာနော၏ "ဒိဗ္ဗပဉ္စလက်" မျက်လှည့်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပင် ဖြစ်၏။

မျက်လှည့်ရုံ၏နောက်ဘက်နှင့် ဘေးနှစ်ဖက်တွင် ဝါးထရံများ ကာရံထားသည့်အပြင် အတွင်းမှ လိုက်ကာအပြာရောင်ကြီးဖြင့် ကာရံထားသဖြင့် မျက်လှည့်ရုံကြီးမှာ ဆန်းပြားခမ်းနားသည့် ဂိတ်ရှိုးကြီးသဖွယ် ဟိတ်ဟန်ကောင်းလျက်ရှိ၏။

ဤကဲ့သို့ ကျကျနန ပြင်ဆင်တင်ဆက်သည့် မျက်လှည့်ပွဲမျိုး မကြည့်ဖူးကြသည့် တောမကျ၊ မြို့မကျ မြို့သားတို့မှာ လွန်စွာအထင်တကြီးဖြင့် ညစဉ်လိုလို စိတ်ဝင်တစား လာရောက်ကြည့်ရှုကြလေ၏။

လာရောက်ကြည့်ရှုပြီးသူတိုင်းကလည်း မျက်လှည့်ပွဲမှ အလွန်ထူးခြားဆန်းပြားသော ပြကွက်များကို အံ့သြသဘောကျစွာဖြင့် အခြားသူများကို တစ်ဆင့်ဖောက်သည်ချ ပြောပြကြ၏။ ထိုအခါ မကြည့်ဖူးသေးသူများလည်း ကြည့်ချင်စိတ်ပေါ်ကာ ငွေတစ်မူးပေးလျက် သွားရောက်ကြည့်ရှုလေရာ မျက်လှည့်ပွဲကြီးမှာ တစ်ညထက်တစ်ည ပို၍ပင် စည်ကားနေတော့၏။

ယင်း "ဒိဗ္ဗပဥ္စလက်" မျက်လှည့်အဖွဲ့ကြီး၏ ပိုင်ရှင်ဦးစီးနာယက ဂမ္ဘီရဆရာကြီး 'တာနော' မှာလည်း တစ်ညထက်တစ်ည ဝင်ငွေများ တိုးပွားရရှိနေသဖြင့် လွန်စွာမှ သဘောအကျကြီးကျလျက်ရှိ၏။

"ညက ကြည့်ရတဲ့ မျက်လှည့်ပွဲက တော်တော်ကောင်းတယ်ကွ၊ ငါဖြင့် ဒီပွဲမှာပြတဲ့ ပြကွက်မျိုး တစ်ခါမှ မမြင်ဖူးဘူး၊ ကောင်မလေးချောချောလေးကိုများကွာ . . . ခေါင်းတလားလို



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာရှည်ကြီးထဲထည့်ပြီး ဓမန်းလွှကြီးနဲ့ဖြတ်ပြတာ ရှင်းမှရှင်းပဲ"

"ဘယ်လိုရှင်းတာလဲကွ၊ မင်းကလည်း သေသေချာချာ ပြောပြစမ်းပါဦးကွ"

ကောင်မလေးကို သေတ္တာရှည်ထဲမှာ လှဲအိပ်ခိုင်းပြီး သေတ္တာကြီးကို အလည်တည့်တည့်ကနေ လွှနဲ့ဖြတ်ပြတာ သွေး တွေ ထွက်လိုက်တာဆိုတာ မပြောပါနဲ့တော့၊ သေတ္တာနှစ်ပိုင်းကို ပြတ် သွားတာပဲ၊ ရှင်းမှရှင်းဆိုတာ အဲဒါကို ပြောတာကွ"

"ဟာ . . . ဒါဆို အထဲက ကောင်မလေးက သေသွားရော ပေါ့"

ကုလားပြင်ရိပ်အောက်ဝယ် မျက်လှည့်ပွဲအကြောင်းကို အား ပါးတရ ပြောက်သည်ချနေသော ထိုသူအနီးသို့ လူငယ်များဝိုင်းလာ ကာ စိတ်ဝင်တစားဖြင့် တစ်ယောက်တစ်ပေါက် မေးမြန်းကြတော့ ၏။

"မသေဘူးကွ၊ ပထမတော့ ငါတို့လည်း သေပြီထင်တာပေါ့၊ တစ်ချို့ဆို ကောင်မလေးကို သနားလွန်းလို့ စုပ်တသပ်သပ်နဲ့ပေါ့ ကွာ၊ ကောင်မလေးရဲ့ ခါးလည်တည့်တည့်လောက်ကနေ လွှနဲ့ဖြတ် တာများ သွေးစိမ်းရှင်ရှင်တွေ တတောက်တောက်နဲ့ကျလာတာ ငါ တောင် မကြည့်ရဲဘူးကွ"

"နောက်တော့ ဘာဖြစ်သွားလည်း မြန်မြန်ပြောစမ်းပါကွာ"

"ပဉ္စလက်ဆရာကြီးတာနောက ထက်ပိုင်းပြတ်နေတဲ့ သေတ္တာ ကြီးကို ပြန်ဆက်လိုက်ရော ကောင်မလေးက ထထိုင်တော့တာပဲ ကိုယ့်လူ၊ ပြီးတော့ အဲဒီသေတ္တာရှည်ကြီးထဲကနေ ဘာမှမဖြစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာရောကွ"

"ဟာ . . . တယ်ဟုတ်ပါလား"

"အံ့ဩစရာပဲဗျာ"

"အံ့စရာတော့ ပြောမနေနဲ့ ငါဆို လက်ဖျားခါရောပဲ၊ ငါပြောပြလို့ ငါ့အမေတို့တောင် သွားကြည့်ပြီးတော့ အံ့ဩသဘောကျလွန်းလို့ အဲဒီမျက်လှည့်ပွဲအကြောင်း အရပ်ထဲမှာ တစ်အိမ်တက်ဆင်း လိုက်ပြီးပြောနေတော့တာပါပဲကွာ"

"အေးဗျာ . . . ကျွန်တော်လည်း စိတ်ဝင်စားသွားပြီ၊ ဒီညပဲသွားကြည့်မယ်ဗျာ၊ ဘုရားပွဲပြီးဖို့ သုံးရက်ပဲ လိုတော့တယ်ဗျ"

ဤသို့ဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် စိတ်ဝင်စားသူများပြားသည်ထက် များပြားလာကာ "ဒိဗ္ဗပဉ္စလက်" မျက်လှည့်ပွဲကြီးကို လာရောက်ကြည့်ရှုကြသည့်အတွက် ပဉ္စလက်ဆရာကြီးတာနေမှာ ဝင်ငွေတိုးပွားပြီးရင်း တိုးပွားလျက် ရှိလေတော့၏။

"အင်း . . ဒီဘုရားပွဲကြီးမှာ ငါတို့အဖွဲ့ တော်တော်အောင်မြင်တာပဲကွ"

"ဟုတ်တယ်ဆရာကြီး၊ အောင်မြင်တာမှ ဝက်ဝက်ကိုကွဲရောပဲ၊ အထူးသဖြင့် လူတွေ ကြိုက်ကြတာက ဆရာကြီးရဲ့သမီးလေးကို လွှနဲ့နှစ်ပိုင်းပိုင်းပြတဲ့ ပြကွက်ပဲ ဆရာကြီးရဲ့"

"ဟဲ . . . ဟဲ . . . ဖြစ်ရမယ်လေ၊ ဒီလိုပဲဖြစ်ရမယ်၊ ငါတို့အဖွဲ့ကလည်း အဲဒီပြကွက်နဲ့ပဲ နေရာတကာမှာ ပရိသတ်ရဲ့အားရိုက်ကိုဖမ်းစားပြီး အောင်မြင်မှုတွေရနေတာ မဟုတ်လားကွ"

"ဒါပေါ့ ဆရာကြီးရယ်၊ တစ်ချို့ဆို အဲဒီပြကွက်ကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလို့ နှစ်ခါသုံးခါ ပြန်တောင်ကြည့်ကြသတဲ့"

"ဟုတ်လား . . . ဟဲ . . . ဟဲ . . . ဒါကြောင့် ရုံဝင်ခတွေ တိုးတိုးလာနေတာကိုး"

"ဆရာကြီး . . .ဒီချင်းတွင်းမြစ်တစ်ဖက်ကမ်းက ထမံသီမှာလည်း ဘုရားပွဲကျင်းပဦးမှာတဲ့၊ ကျွန်တော်တို့ အဲဒီဘုရားပွဲမှာပါ ပွဲဝင်ရရင်ကောင်းမယ်"

"ကောင်းတာပေါ့ကွာ၊ အခုဆို ငါတို့ပဥ္စလက်အဖွဲ့ကြီးရဲ့ ကောင်းသတင်းက ဒီနယ်တစ်ဝိုက်မှာ ပျံ့နှံ့သွားပြီဆိုတော့ ရပ်ဝေးရပ်နီးက လူတွေကို ကြော်ငြာပြီးသား ဖြစ်နေပြီကွ"

"ငါတို့တော့ ဒီနယ်တစ်ဝိုက်ကနေ ငွေတွေ သဲ့ယူသလို ရဦးတော့မှာပေါ့ကွာ . . . ဟီး . . . ဟီး"

မျက်လှည့်ဆရာကြီးတာနေခါမှာ သူ၏အောင်မြင်မှုအတွက် သဘောအကျကြီးကျကာ ပီတိလွှန်စွာပွားလျက် ရှိနေတော့၏။

သို့သော် မျက်လှည့်ဆရာကြီးတာနေခါမှာ သူ၏အောင်မြင်မှုကို ဖြိုခွဲလျက် သူ့အား လွန်စွာအထင်ကြီးနေသော ပရိသတ်ကြီး၏ ရှေ့ဝယ် အရှက်ခွဲတော့မည့်သူတစ်ဦး ရောက်ရှိလာတော့မည်ကို အနည်းငယ်မျှ ရိပ်မိခြင်းမရှိခဲ့ပေ . . .။

ထိုညသည်ကား ဘုရားပွဲပြီးဆုံးရန် နှစ်ညမျှသာ လိုတော့သော လပြည့်ကျော်သုံးရက်နေ့ညပင် ဖြစ်ပေ၏။

ဂမ္ဘီရဆရာကြီးတာနေခါ၏ "ဒိဗ္ဗပဥ္စလက်" မျက်လှည့်ပွဲကြီး၏ ပွဲရုံကြီးရှေ့ဝယ် ပွဲကြည့်ပရိသတ်များမှာ ညဦးကတည်းက ရှုတ်ရှတ်သဲသဲဖြင့် စုဝေးရောက်ရှိလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပရိသတ်ထဲဝယ် ဤမြို့လေး၏ ငယ်မွေးခြံပေါက်လူငယ်လေးကျော်စွာလည်း အပါအဝင်ဖြစ်၏။

ကျော်စွာသည်ကား ဉာဏ်ပညာထက်မြက်သော ယောကျ်ားလေးတစ်ဦးဖြစ်သော်လည်း မိဘအမွေအနှစ်မကျန်ခဲ့ရုံမက မွေးစားမိခင်ကြီးတော်ကြီးမှာလည်း အကြော်သည်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းသူဖြစ်ရကား ဆင်းရဲနွမ်းပါးသဖြင့် မြို့ကြီးပြကြီးသို့ပို့ပြီး အင်္ဂလိပ်ကျောင်းမထားနိုင်ရှာပေ။

သို့ကြောင့် ကျော်စွာမှာ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းမှာပင် စာပေပညာသင်ကြားရပြီးနောက် အရွယ်လေးရောက်လာသောအခါ စွန့်စားလိုသူဖြစ်ရကား မန္တလေးသို့ဆင်းပြီး အလုပ်လုပ်ခွင့်ပြုရန် ကြီးတော်ကြီးထံ ခွင့်ပန်လျက် သူငယ်ချင်းအဖော်တစ်ယောက်နှင့်အတူ မန္တလေးမြို့ကြီးသို့ ထွက်ခွာသွားခဲ့၏။

မန္တလေးသို့ ရောက်သောအခါ ရှေးဦးစွာ ဈေးချိုတွင် ကုန်ထမ်းအလုပ်သမား၊ နောက်မြင်းလှည်းသမား၊ ကားဝပ်ရှော့အလုပ်သမား၊ အဝေးပြေးကုန်ကားစပယ်ယာ . . စသဖြင့် ဘဝမျိုးစုံကို အသက်အရွယ်ငယ်ငယ်လေးဖြင့် ကျော်ဖြတ်ခဲ့ပြီးနောက် အငြိမ့်ထောင်သူတစ်ဦးနှင့် ရင်းနှီးခင်မင်သွားကာ ထိုသူ၏အငြိမ့်၌ပင် လူကြမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ပြန်၏။

ကျော်စွာမှာ ဘဝကို ခပ်ကြမ်းကြမ်း ဖြတ်သန်းခဲ့ရသူဖြစ်၍ သူ၏ခန္ဓာကိုယ်က တောင့်တင်းကြံ့ခိုင်သော်လည်း မွေးမိခင်၏အမွေအဖြစ် ချောမောပြေပြစ်သော မျက်နှာကို ပိုင်ဆိုင်ထားသူ ဖြစ်ရကား လူကြမ်းဘဝမှ ပြဇာတ်မင်းသားဘဝသို့ ရောက်ရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ပါချီပါချက် အငြိမ့်လေးထဲဝယ် မထင်မရှား ပြဇာတ်မင်းသားတစ်လှည့်၊ လူကြမ်းတစ်လှည့်ဖြင့် အသုံးတော်ခံနေရာမှ ပြဇာတ်ထဲတွင်ပါဝင်သော အထိုးအခုတ်၊ အတိုက်အခိုက် ဇာတ်ဝင်ခန်းများတွင် ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်ရန် ရှမ်းသိုင်းဆရာကြီး တစ်ဦးထံတွင် တပည့်ခံပြီး ကိုယ်လုံပညာများကို ဆည်းပူးခဲ့ပြန်၏။

ဤသို့ လေ့လာဆည်းပူးခဲ့ရာမှ သိုင်းပညာကို စိတ်ဝင်စားသွားပြီး နည်းလှည့်ကာ သိုင်းပညာသင်ကြားနေသော ၄င်းသိုင်းဆရာကြီးနောက်သို့ လိုက်ပါသွားခဲ့ရာ သုံးနှစ်တိတိ ကြာညောင်းခဲ့လေ၏။

ထို့နောက် သိုင်းဆရာကြီးနှင့်လိုက်ပါရင်း မွန်ပြည်နယ်ဘီးလင်းသို့အရောက်တွင် မွေးစားမိခင်ဖြစ်သူ ကြီးတော်ကြီးကို သတိတရရှိလှသဖြင့် မန္တလေးသို့ ပြန်လည်နားခိုခြင်း မပြုတော့ဘဲ အထက်ချင်းတွင်းမြစ်ကမ်းခြေမှ ဇာတိမြို့လေးသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

ကျော်စွာမှာ ကျောထောက်နောက်ခံမရှိသဖြင့် ဘဝမျိုးစုံ အလုပ်မျိုးစုံကို အောက်ခြေသိမ်းမှစပြီး လုပ်ကိုင်ခဲ့ရသော်လည်း သူသည် ကိုယ်ကျင့်တရားကောင်းမွန်အောင် အစဉ်ထိန်းသိမ်းပြီး နေထိုင်ခဲ့သလို ရောက်ရာအရပ်တွင် စာပေပညာဗဟုသုတကို လက်လှမ်းမှီသ၍ အချိန်လုဆည်းပူးလေ့ရှိ၏။

သို့ကြောင့်လည်း ကျော်စွာမှာ ငွေကြေးဥစ္စာကို ထုပ်ထုပ်ပိုက်ပိုက် ရှာဖွေစုဆောင်းနိုင်ခဲ့ခြင်း မရှိသော်လည်း ယခုလို အသက်နှစ်ဆယ်ကျော်အရွယ်ဝယ် ဘဝအတွေ့အကြုံ ပညာဗဟုသုတမျိုးစုံ၊ အတတ်ပညာမျိုးစုံကို အတော်အတန် တတ်ကျွမ်းနှံ့စပ်သူ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။

သူသည် မွေးစားမိခင်ဖြစ်သူ ကြီးတော်ကြီးကို သတိရသဖြင့် ဇာတိမြို့လေးသို့ ပြန်လာခဲ့ခြင်းဖြစ်သော်လည်း သူရောက်ပြီး နှစ်လခန့်ကြာသည်တွင် ကြီးတော်ဒေါ်ဖွားမေမှာ ရင်ကျပ်ပန်းနာရောဂါဖြင့် ကွယ်လွန်သွားခဲ့သဖြင့် ဝမ်းနည်းကြေကွဲခြင်းများစွာဖြစ်ရပြီး သူ့သူငယ်ချင်းမင်းပုညနှင့် အောင်စိုးတို့၏ အကူအညီဖြင့် ကြီးတော်ကြီးအား ကောင်းမွန်စွာ သဂြိုဟ်ကာ ကြီးတော်ကြီး၏ အိမ်ကလေးကို အမွေဆက်ခံလျက် တစ်ဦးတည်းနေထိုင်လျက် ရှိလေ၏။

ကျော်စွာသည် ဤမြို့ကလေးမှာပင် အခြေချပြီး ကျပန်းအလုပ်များလုပ်ကိုင်ကာ ဘဝရပ်တည်ရမည်လော၊ သို့မဟုတ် သူနေထိုင်ရာအိမ်ကလေးနှင့် ခြံဝိုင်းလေးအား အသပြာလေးရာဖြင့် ရောင်းပြီး ကုန်ရောင်းကုန်ဝယ်တစ်ခုခု လုပ်ရမည်လောဟု ဝေခွဲမရဖြစ်နေရာမှ တစ်နေ့တစ်နေ့ အိမ်ထဲတွင်ပင် ကုပ်ပြီး မိမိဝါသနာပါရာ စာပေများကိုသာ အပတ်တကုတ် ဖတ်ရှုနေခဲ့၏။

ယနေ့ညတွင်တော့ ကျော်စွာသည် သူငယ်ချင်းမင်းပုညတို့ အဆွယ်ကောင်းသဖြင့် မြို့တောင်ဘက်ရှိ တံခွန်တိုင်ဘုရားပွဲသို့ ရောက်ရှိလာရခြင်းဖြစ်သည်။

သူတို့သူငယ်ချင်းသုံးဦးသည် ဆီမီးတစ်ထောင်ပူဇော်ထားသော တံခွန်တိုင်စေတီတော်ကြီးအား ဖူးမျှော်ကြပြီးနောက် ညီကားလှသော ပွဲခင်းကြီးဆီသို့ လျှောက်လာကြ၏။ ထိုမှ "ပ္ပပဋ္ဌလက်" မျက်လှည့်ရုံကြီးရှေ့သို့ ရောက်လာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်ဝယ် ပရိသတ်ကြီးမှာ မျက်လှည့်ရုံရှေ့၌ ရုတ်ရုတ်သဲသဲဖြင့် စည်ကားစပြုနေပြီဖြစ်၏။ မင်းပုညနှင့် အောင်စိုးတို့မှာ မျက်လှည့်ရုံကြီး၏ ရှေ့မျက်နှာစာမှ ဂိတ်ရှိုးခေါ် ကြော်ငြာဆိုင်းဘုတ်ကြီးကို အံ့ဩစွာဖြင့် ငေးမောကြည့်ရှုနေကြ၏။

ဂိတ်ရှိုးကြီးဝယ် မဟာဂမ္ဘီရပညာရှင်ကြီး ဆရာတာနော၏ "ဒိဗ္ဗပဥ္စလက်" မျက်လှည့်ပွဲကြီးဟူ၍ ရောမစာလုံးကြီးများဖြင့် ကမ္ပည်းဆိုင်းဘုတ်ကြီး ရေးထိုးထားပြီး ပိတ်သားဆိုင်းဘုတ်ကြီးပေါ်၌ ဆန်းကြယ်သော ပြကွက်များကို ပန်းချီရေးဆွဲထားလေ၏။

ထိုပန်းချီကားချပ်ထဲတွင် မိန်းမပျိုလေးတစ်ဦးအား သေတ္တာရှည်ကြီးထဲထည့်ပြီး ခါးလည်မှလွှဖြင့် ပိုင်းဖြတ်သောပုံပါဝင်လေရာ ဂိတ်ရှိုးကြီးကို ငေးမောကြည့်ရှုနေကြသော ပရိသတ်အများစုမှာ အံ့ဩတကြီးဖြင့် ဝေဖန်ချက်အမျိုးမျိုး ပြောဆိုနေကြ၏။

"ဒီပြကွက်က အဆန်းဆုံးပဲကွ၊ ငါ မနေ့ညက လာကြည့်ပြီးပြီ၊ ဒီပုံထဲကလိုပဲ ကောင်မလေးကို ခါးလည်ကနေ လွှနဲ့ပိုင်းပြတာကွ"

"ဟုတ်ရဲ့လားကွာ၊ ဒီပန်းချီပုံက လူတွေ စိတ်ဝင်စားလာအောင် တမင်လုပ်ကြံဆွဲထားတာ မဟုတ်လား၊ ဒီပုံထဲကအတိုင်း တကယ်လုပ်ပြလို့လား"

"လုပ်ပြလို့ပေါ့ကွ၊ လုပ်ပြတာမှ အဲဒီပန်းချီပုံထဲကအတိုင်း သွေးစိမ်းရှင်ရှင်ကိုထွက်တာ အောင်ချမ်းရ၊ ကောင်မလေးရဲ့ ခန္ဓာကိုယ်က တကယ့်ကို နှစ်ပိုင်းပြတ်သွားတာ . . ."

"ဒါဆိုရင်တော့ အံ့ဩစရာပဲကွ၊ ငါဖြင့် ဒီလိုပြကွက်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်နဲ့တစ်ကိုယ် လုံးဝမကြည့်ဖူးဘူး၊ ဒီည ဝင်ကြည့်မယ်ကွာ"

"အေး . . . ကြည့်လေ၊ ငါလည်း ထပ်ကြည့်မယ်"

"ဟေ့ကောင် . . . ကျော်စွာ၊ ငါတို့ ဒီမျက်လှည့်ဝင်ကြည့်ရအောင်၊ တော်တော်ထူးဆန်းတာကွ"

"ဟာကွာ . . . ဝင်ကြည့်မနေပါနဲ့၊ အဲဒါ လိမ်နေတာကွ"

မျက်လှည့်ပွဲကြည့်ရန် အတင်းဆွယ်တရားဟောနေသော သူငယ်ချင်းနှစ်ယောက်ကို ကျော်စွာက ပြီးစလွယ်ပြောလိုက်ရာ ၄င်းတို့လည်း တအံ့တသြဖြင့် ကျော်စွာကို ကြည့်ပြီးနောက် . . .

"ဘာ . . . လိမ်နေတာ ဟုတ်လား"

"ဟု[illegible] . . . မျက်လှည့်ပါဆိုမှ လူတွေရဲ့မျက်စိကို လှည့်စားပြီး လိမ်ညာပြတာကွ၊ မသိတဲ့သူတွေကတော့ အထင်ကြီးတာပေါ့"

"ဒါဆို . . . အဲဒီကောင်မလေးကို လွှနဲ့နှစ်ပိုင်းဖြတ်တာ တစ်ကယ်မဟုတ်ဘူးပေါ့"

"ဟ . . . တစ်ကယ်ပိုင်းမှတော့ ကောင်မလေးသေပြီး မျက်လှည့်ဆရာလည်း လူသတ်မှုနဲ့ အဖမ်းခံရမှာပေါ့ကွ၊ ဒါကြောင့် လိမ်တာပါဆို . . ."

ထိုသို့ သူတို့သုံးဦး အချီအချပြောနေစဉ် မျက်နှာတွင် မုတ်ဆိတ်ကျင်စွယ်များရှိပြီး ဖရေဇာကုတ်ကို ကျနစွာ ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦးက . . .

"ဒီမှာ သူငယ်၊ ဒီလိုပဥ္စလက်ပညာကို လိမ်တယ်လို့ မစွပ်စွဲမပုတ်ခတ်ပါနဲ့၊ ဒါဟာ တကယ့်ဂမ္ဘီရပဥ္စလက်နည်းနဲ့ ပြတဲ့ပြကွက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ် . . . ” ဟု ဝင်ရောက်ပြောဆိုလိုက်ရာ သူတို့သုံးဦးလည်း ထို လူကြီးကို အထူးအဆန်းသဖွယ် ကြည့်လိုက်ကြ၏။

မင်းပုညက စိတ်ဝင်တစားဖြင့် . . .

“ပဥ္စလက်နည်းဆိုတာ အောက်လမ်းနည်းကို ပြောတာလား ဦးကြီး . . . ” ဟုမေးလိုက်ရာ . . .

“ဘာအောက်လမ်းနည်းမှ မဟုတ်ပါဘူး၊ မျက်လှည့်ဆရာ တွေက အောက်လမ်းနည်းနဲ့ လုပ်သလိုလို အစိမ်းသရဲတိုက်ထား သလိုလိုနဲ့ လူတွေကို ထိတ်လန့်အံ့သြအထင်ကြီးအောင် ကြော်ငြာပြီး လိမ်ညာနေကြတာပါဗျာ”

ဟု ကျော်စွာက ဖွင့်ပြောလိုက်ရာ ထိုလူကြီးက နှုတ်ခမ်းမှ ဒန်ပေါ့လ်ဆေးတံကြီးကို ဆတ်ခနဲ ချွတ်လိုက်ပြီး . . .

“ရော် . . . ပြောရခက်လှပါလား၊ မင်းတို့ လူငယ်တွေဟာ ဂမ္ဘီရပညာရပ်တွေအကြောင်း နားမလည်ပါဘူးကွာ၊ လောကဓါတ် ပညာနဲ့ ဖြေရှင်းလို့မရတဲ့ ပညာရပ်တွေ၊ နည်းလမ်းတွေ၊ ပြဿနာ တွေ အများကြီးရှိတယ်ကွ၊ မင်းတို့ ဉာဏ်မမီသေးပါဘူးကွာ”

ဟု လူကြီးက ခပ်ဖိဖိလေးပြောပြီး ဆေးတံကို ဟန်ပါပါ ဆက်ပြီးဖွာရှိုက်လျက်ရှိရာ သူတို့၏စကားဝိုင်းကို နားစွင့်မိကြသော အနီးဝန်းကျင်မှ ပရိသတ်များမှာ ထိုလူကြီးအား အံ့သြအထင်ကြီးစွာ ဖြင့် ဝိုင်းကြည့်ကြလေ၏။

ထိုစဉ် မျက်လှည့်ပွဲပြရန် အချိန်နီးလာပြီဖြစ်၍ မျက်လှည့် ဆရာကြီးတာနော၏ လက်ထောက်သည် ရုံရှေ့မျက်နှာစာမှ လိုက် ကာကြီးဖွင့်၍ ထွက်လာပြီး မိုက်ကရိုဖုန်းကိုကိုင်ကာ ကြော်ငြာလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"ရွှေပွဲလာပရိသတ်ကြီးခင်ဗျာ၊ ကျွန်တော်များရဲ့ မဟာဂမ္ဘီရ ပညာရှင်ဆရာကြီးတာနေ့ရဲ့ 'ဒိဗ္ဗပဋ္ဌလက်' ပြပွဲကြီးကို မကြာမီမှာဘဲ ဆန်းပြားအံ့သြဖွယ်ရာ ပြကွက်များနဲ့ ပြသတော့မှာဖြစ်လို့ ရုံဝင်ကြေးငွေအသပြာတစ်မူးပေးကာ ကျွန်တော်များရဲ့ မဟာမျက်လှည့်ရုံကြီးအတွင်းသို့ ကြွလှမ်းပြီး နေရာယူတော်မူကြပါခင်ဗျာ။

ကျွန်တော်များရဲ့ မဟာမျက်လှည့်ရုံတော်ကြီးမှာ ရွှေပွဲလာပရိသတ်ကြီး ယခင်က မမြင်ဖူးသေးတဲ့ ထူးဆန်းအံ့သြဖွယ်ပြကွက်များကို အံ့မခန်းနိုင်လောက်အောင် ပြသတော့မှာ ဖြစ်ပါတယ်ခင်ဗျာ။

လေထဲမှာ ပျံဝဲနေတဲ့ မိန်းကလေး၊ လေထဲမှာ ပျောက်ဆုံးသွားတဲ့ မိန်းမပျို၊ ဓါးသွားပေါ်မှာ လိမ့်နေတဲ့ ငွေဒင်္ဂါး စတဲ့ပြကွက်များအပြင် ကျွန်တော်တို့ရဲ့ မဟာဂမ္ဘီရပညာရှင်ဆရာကြီးရဲ့ တစ်ဦးတည်းသော သမီးလေးကို သေတ္တာရှည်ထဲထည့်ပြီး ဆရာကြီးကိုယ်တိုင် လွှနဲ့ဖြတ်ကာ နှစ်ပိုင်းပိုင်းပြမှာ ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ရဲ့ဆရာကြီးက အဆင့်မြင့်ဂမ္ဘီရပညာတွေသုံးပြီး အံ့ဖွယ်သရဲပြကွက်ဆန်းကြီးများကို ပြသမှာမို့ အသည်းငယ်သူများတော့ လာရောက်ကြည့်ရှုခြင်းမပြုဖို့ မေတ္တာရပ်ခံထားပါရစေ၊ ဆန်းပြားလှတဲ့ အံ့ဖွယ်ဂမ္ဘီရပညာစွမ်းကို စိတ်ပါဝင်စားစွာ လေ့လာချင်သူများကတော့ ကျွန်တော်များရဲ့ မဟာမျက်လှည့်ရုံတော်ကြီးအတွင်း အမြန်ကြွလှမ်းလာခဲ့ကြပါလို့ ဖိတ်မန္တကပြုလိုက်ရပါတယ်ခင်ဗျား"

လင်ကွင်းနှင့် ဘင်သံတချမ်းချမ်း၊ တဒုံးဒုံးဟီးကာ ဖိုးတေက



www.burmeseclassic.com

www.burmeseclassic.com



လည်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဖိတ်ခေါ်လိုက်သည်နှင့် ပွဲကြည့်ပရိသတ်တို့မှာလည်း လက်မှတ်ပေါက်မှ လက်မှတ်တစ်စောင်လျှင် ငွေတစ်မူးပေးဝယ်ကာ ရုံထဲသို့ သူ့ထက်ငါဦးအောင် အလုအယက် ဝင်ကြတော့၏။

ဖလေဇာကုတ်ကြီးဝတ်ကာ ဒန်ပေါးလ်ဆေးတံကြီးကို ဟန်ပါပါဖွာရှိုက်နေသော လူကြီးက နှုတ်ခမ်းမှချွတ်လိုက်သည့် ဆေးတံဖြင့် ရုံရှေ့ဝင်ပေါက်မှာ တိုးဝှေ့ဝင်နေကြသူများကို ညွှန်ပြလိုက်ကာ အားပါးတရ ပြုံးလိုက်ပြီး . . .

"တွေ့တယ် မဟုတ်လား၊ ဂမ္ဘီရပညာကို လေးစားစိတ်ဝင်စားသူတွေ များမှများပဲ . . . ဟေး . . . ဟေး . . . ဟေး . . ."

ဟုသဘောကျစွာ ပြောလိုက်ရာ ကျော်စွာက လူအုပ်ကို ကြည့်နေရာမှ မုတ်ဆိတ်ကျင်စွယ်ဗရပျစ်နှင့် လူကြီးကို စောင်းငဲ့ကြည့်လိုက်ပြီး . . .

"ဒါပေါ့ ဦးကြီးရာ၊ မမြင်ဖူးတော့ မူးမြစ်ထင်တာပေါ့၊ တကယ်တော့ ဘာဂမ္ဘီရပညာမှ မဟုတ်ဘူး၊ ဂမ္ဘီရဆိုတဲ့ စကားလုံးကို အလွဲသုံးစားလုပ်ထားတဲ့ အလိမ်အညာပြကွက်တွေပါ ဦးကြီးရာ"

ဟုထပ်ပြောလိုက်ရာ လူကြီးမှာ ရှူးရှူးရှားရှားဖြစ်သွားပြီး-

"မင်းဟာ အတော့်ကို အပြောရခက်တဲ့ သူငယ်ပါလားကွ၊ ကဲ . . . အဲဒီပြကွက်ဟာ အလိမ်အညာပြကွက်ဆိုရင် ဘယ်နေရာမှာ လိမ်ညာထားသလဲဆိုတာ ပြောပြစမ်းပါကွာ၊ လိမ်ညာထားတယ်ဆို မင်းကို ငွေတစ်ရာတိတိ ငါပေးမယ်၊ မလိမ်ညာပဲ ဂမ္ဘီရပညာစစ်စစ်နဲ့ ပြတာဆိုရင် မင်း ငါ့ကို ငွေတစ်ရာပြန်ပေးရမယ် ဘယ့်နှယ်



www.burmeseclassic.com

www.burmeseclassic.com



လဲ . . .”

ဟု စိန်ခေါ်လိုက်ရာ ကျော်စွာက ပြုံးလိုက်ပြီး . . .

“အဲဒီလို အလောင်းအစားပုံစံမျိုးနဲ့ မလုပ်ချင်ပါဘူးဗျာ၊ ဒါပေမယ့် ဦးကြီး ကျွန်တော်တို့နဲ့အတူ ရုံထဲဝင်လိုက်ခဲ့လေ၊ မျက်လှည့်ဆရာက ဘယ်နေရာမှာ ဘယ်လိုလိမ်ထားတယ်ဆိုတာ ကျွန်တော်လက်တွေ့ပြောပြမယ်”

ဟု ခပ်အေးအေးလေသံဖြင့် ပြောလိုက်ရာ လူကြီးမှာ သူ၏ဖလေဇာကုတ်အင်္ကျီကြီး၏ အိတ်အတွင်းမှ ငွေမူးစေ့များကို ထုတ်လိုက်ပြီး . . .

“ကောင်းပြီလေ၊ မင်းပြနိုင်ရင် ပြပေတော့၊ မင်းတို့ သူငယ်ချင်းသုံးယောက်အတွက်ပါ ရုံဝင်ခကို ငါဒကာခံမယ်၊ အေး . . . မျက်လှည့်ဆရာ လိမ်ညာပြတယ်ဆိုတာကို မင်းလက်တွေ့ သက်သေမပြနိုင်ရင်တော့ မင်း ငါနဲ့အတွေ့ပဲ၊ မန်ကျည်းတန်းနေခဲ ဆိုတာ ငါပဲကွ”

ဟု ခပ်ထန်ထန်ပြောလိုက်ရာ အနီးဝန်းကျင်မှ သူတို့စကားဝိုင်းကို နားစွင့်နေကြသူများမှာ မျက်လုံးပြူးသွားကြပြီး နောက်သို့ မသိမသာ ဆုတ်သွားလေ၏။

ထိုစဉ်က မန်ကျည်းတန်းနေခဲမှာ ဤနယ်တစ်ဝိုက်ဝယ် နာမည်သတင်းကြီးလှသော တစ်ကျွန်းပြန်လူမိုက်ကြီးဖြစ်လေရာ သူ့အကြောင်းကြားဖူး၊ သိဖူးသူများက ကျော်စွာအတွက် စိုးရိမ်သည့်မျက်ဝန်းဖြင့် ကြည့်ကြလေ၏။

မင်းပုညနှင့် အောင်စိုးမှာလည်း မန်ကျည်းတန်းနေခဲ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကြားဖူးထားကြသဖြင့် သူငယ်ချင်းဖြစ်သူအတွက် စိုးရိမ်သွားကြကာ ထိုပုဂ္ဂိုလ်ကြီးကို ပျာပျာသလဲ တောင်းပန်ကြလေ၏။

"ဦး . . . ဦးကြီးရယ်၊ ကျွန်တော်တို့သူငယ်ချင်းက အဲဒီဂမ္ဘီရပြကွက်တွေကို မကြည့်ဖူးလို့ သူ့စိတ်ထင်ရာ ရမ်းသမ်းပြောနေတာပါ။ ခွင့်လွှတ်ပါ ခင်ဗျာ"

ဟု ကပျာကသီပြောပြီး ကျော်စွာ၏လက်ကို အတင်းဆွဲခေါ်ရင်းမှာ . . .

"ကဲ . . . သူငယ်ချင်းကျော်စွာ၊ မင်းထင်ရာလျှောက်ပြောတာနဲ့ ပြဿနာတက်တော့မယ် . . . လာ . . . လာ၊ ရုပ်သေးစင်ဘက် သွားကြရအောင် . . ."

သို့သော် ကျော်စွာက သူ့အား ဆွဲခေါ်နေသည့်လက်ကို ဖယ်ပစ်လိုက်ကာ ပေကပ်ကပ် အမူအရာဖြင့် ရပ်နေပြီး . . .

"နေစမ်းပါကွာ၊ မင်းတို့ကလည်း . . . ငါက မြို့တကာလှည့်နေတဲ့ကောင်ကွ၊ ဒီလိုပြပွဲမျိုးတွေ ဖန်တရာတေအောင် ကြည့်ဖူးတာပေါ့၊ ဒါကြောင့် သူတို့ဘယ်လိုလိမ်တယ်ဆိုတာ သိနေတာ၊ မင်းတို့လို တောကြိုအုံကြားက မထွက်သူတွေကသာ ကိုယ့်ရပ်ရွာကို လာပြီး လိမ်ညာလှည့်ဖြားနေတာတွေကို စွတ်အထင်ကြီးနေတာ"

ဟုပြန်ပြောလိုက်ရာ မန်ကျည်းတန်းနေခမှာ ပို၍ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီး . . .

"ဘာကွ . . . မင်းက ငါ့ကိုပါ တောကြိုအုံကြားကကောင်လို့ ပြောလိုက်တာပေါ့ ဟုတ်လား၊ ကဲ . . . လာစမ်းကွာ၊ ရုံထဲဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြမယ်၊ မင်းလက်တွေ့ပြကိုပြရမယ်၊ ငါက တမြန်နေ့ကတည်းက အဲဒီပြကွက်ကိုကြည့်ပြီး သဘောကျနေတာ၊ ထော်လော်ကန့်လန့်ပြောနေတဲ့ မင်းစကားကို ငါလုံးဝမကျေနပ်ဘူး"

ဟုအသံဝါကြီးဖြင့်ပြောကာ လက်မှတ်ပေါက်သို့သွားပြီး ငွေလေးမူးပေးကာ လက်မှတ်လေးစောင် ဝယ်လေတော့၏။

ထိုစဉ် မင်းပုညတို့က ကျော်စွာအား ခပ်တိုးတိုးပြောပြီး အတင်းအကျပ် ဆွဲခေါ်ကြလေ၏။

"ကျော်စွာ . . . လာစမ်းပါကွာ၊ ငါတို့ ဒီနေရာက မြန်မြန်သွားကြရအောင်၊ မင်းတော့ မန်ကျည်းတန်းနေခရဲ့ ဓါးစာမိပြီး ဗိုက်ပွင့်တော့မယ်"

"ဘာဖြစ်လို့ ဗိုက်ပွင့်ရမှာလဲကွ၊ မင်းတို့ အသာနေစမ်းပါ၊ မင်းတို့ မျက်လှည့်ပွဲတောင် အလကားကြည့်ရဦးမယ်"

ဟု ခပ်အေးအေးပြောနေစဉ် မန်ကျည်းတန်းနေခမှာ လက်မှတ်ဖြတ်လာပြီးဖြစ်ရာ ကျော်စွာတို့အား . . .

"ကဲ . . . ကောင်လေးတွေ လာဟေ့၊ ရုံထဲဝင်ကြမယ်၊ အထဲရောက်လို့ ရှီးတီးယားတားလုပ်လို့ကတော့ ဓါးစာမိမယ်သာမှတ် . . ."

ဟုကြိမ်းလိုက်ကာ ရုံထဲသို့ ဦးဆောင်ဝင်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တစ်ကျွန်းပြန်လူမိုက်ကြီး မန်ကျည်းတန်းနေခနှင့် ကျော်စွာတို့သူငယ်ချင်းတစ်စုမှာ ပရိသတ်များကြားတွင် အကျအန နေရာယူလိုက်ကြပြီးနောက် မကြာမီမှာပင် မျက်လှည့်ပွဲကြီး စတင်လေတော့၏။

ဥပမိရုပ်ခန့်ငြားပြီး သိန်းငှက်တစ်ကောင်၏ မျက်လုံးကဲ့သို့ စူးရှသော မျက်လုံးရှိသူ မျက်လှည့်ဆရာကြီးမှာ အထက်အောက် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏ညာလက်ထဲ၌ ကြိမ်လုံးလေးတစ်လုံးကို ကိုင်ထားကာ စင်မြင့်ပေါ်၌ ဟန်ပါပါ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း အာပေါင်အာရင်းသန်သန်ဖြင့် ပရိသတ်အထင်ကြီးစေရန် မိမိကိုယ်ကို ဂုဏ်တင်ပြောဆိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပွဲလာပရိသတ်ကြီးခင်ဗျာ၊ ကျွန်တော်ဟာ ကမ္ဘာ့ဂမ္ဘီရ ဒေသရဲ့ အခေါင်အချုပ်ဒေသဖြစ်တဲ့ တိဘက်ကုန်းမြင့်ကြီးက ရှမ်ဗဲလားဆိုတဲ့ ဂမ္ဘီရလျှို့ဝှက်ဒေသကနေ မဟာဂမ္ဘီရပညာရပ်တွေကို နှစ်ပေါင်းသုံးဆယ်ကျော် ဆည်းပူးလာခဲ့သူ ဖြစ်ပါတယ်ခင်ဗျား။

ဒီကနေ့ လောကဓါတ်ပညာစွမ်းတွေနဲ့ ဘယ်လိုမှ ဖြေရှင်းလို့မရတဲ့ လိုက်မမှီတဲ့ ဂမ္ဘီရအဆင့်မြင့်ပညာရပ်တွေကို ဒီအရပ်ဒေသက မိဘညီအစ်ကိုမောင်နှမတို့ သိစေချင်လို့၊ မြည်းစမ်းကြည့်စေချင်လို့ ခုလိုဝေးလံသီခေါင်တဲ့ ကုန်းမြင့်ဒေသမှာ လာရောက်ပြသရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်ဟာ သာမန်မျက်လှည့်ဆရာတွေလို မဟုတ်တာကို အဟုတ်လုပ်ပြီး မရှိတာကို အရှိလုပ်ပြီး လူတွေရဲ့မျက်စိကို လှည့်စားညာစားပြမည့်သူ မဟုတ်ပါဘူး။

မဟာဂမ္ဘီရပညာစွမ်းတွေကို အမှန်တကယ်သုံးပြီး ကျွန်တော်မွေးမြူထားတဲ့ မြင်အပ်သော၊ မမြင်အပ်သော ပုဂ္ဂိုလ်များရဲ့ ပံ့ပိုးမှုနဲ့ အံ့မခန်းဖွယ်ပြကွက်ဆန်းများကို ပြသမှာ ဖြစ်ပါသောကြောင့် ရွှေပွဲလာပရိသတ်ကြီးက ရှုစားတော်မူကြပါခင်ဗျာ"

ဆရာကြီးက အချီးစကားပြောလိုက်ပြီးသည်နှင့် မျက်လှည့်ရုံတစ်ရုံလုံး မီးအမှောင်ချလိုက်ပြီးလျှင် ကတ္တီပါနီညိုရောင် ကန့်လန့်ကာကြီးချထားသည့် စင်မြင့်ပေါ်၌သာ စပေါ့လိုက်မီးထွန်းထားလျက် စင်မြင့်ဘေးမှ ဘင်သမားကလည်း ဘင်ကို တဒုံးဒုံး၊ တဂျမ်းဂျမ်း ထုလိုက်ပြီးနောက် . . . ဆရာကြီးတာနေသည် ကြိမ်လုံးလေးကို ဝင့်ကာဝင့်ကာဖြင့် ကလပ်တစ်ခုပေါ်တွင် တင်ထားသည့် အရိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးအား တဒေါက်ဒေါက် ခေါက်လိုက်၏။ တစ်ဆက်တည်း ပင် ကြမ်းပြင်ကို ဖနောင့်ဖြင့် ဒိုင်းခနဲ ပေါက်လိုက်ကာ . . .

"သယ် . . . အရှေ့နေထွက် အနောက်နေဝင်၊ တောင်စဉ် ခုနှစ်ထပ်၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ် မျက်နှာ၊ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၊ ထွန်းတဲ့နေရောင်၊ အောင် လေးအောင်၊ ခေါင်လေးခေါင်၊ လားလေးလား၊ ကျော်သုံးကျော်၊ ကျိုင်းသုံးကျိုင်း၊ ဆိုင်သုံးဆိုင်၊ ပေါက်ဆရာ (၆၄)၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာကောင်းတို့၏အမိန့်၊ ငါဆရာတာနောရဲ့ အမိန့်အရ . . .

ယက္ခ၊ ဂန္ဓဗ္ဗ၊ နာနာဘာဝ၊ ပရလောကသား၊ မကောင်း ဆိုးဝါး၊ ပြိတ္တာတစ္ဆေ၊ စုန်းကဝေဆယ့်နှစ်ကြိုး၊ ရိုကျိုးစွာ ငါ့ရှေ့မှောက် အရောက်လာလို့ ငါလိုရာအမိန့်အတိုင်း၊ မဆိုင်းမတွ ရွက်ဆောင် စေ . . ."

ဟု အောင်မြင်ခန့်ငြားသော အသံသြသြကြီးဖြင့် မိန့်ဆို အပြီးတွင် ဘင်ဆရာကလည်း ဘင်ကို တဒိန်းဒိန်းထု၊ လင်ကွင်းကို တဂျမ်းဂျမ်းရိုက်ကာ မိုးခြိမ်းသံလို လွန်စွာမြည်ဟီးသော တီးခတ်သံ ကြီးကို ဖန်တီးလိုက်ရာ ပွဲကြည့်ပရိသတ်ကြီးမှာ ကြက်သီးဖြန်းခနဲ ထလျက် လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။

မျက်လှည့်ဆရာကြီးက ဟိတ်ဟန်အပြည့်ဖြင့် စုန်း၊ ကဝေ၊ တစ္ဆေ၊ ပရလောကသားများကို ခေါ်ယူစေဟန် ပြောဆိုပြီးနောက် သူ၏ပြကွက်များကို တစ်ခုပြီးတစ်ခု ပြသလေတော့၏။

ပါးစပ်ထဲသို့ ရောင်စုံစက္ကူစလေးများကို ထည့်ပြီးနောက် မဆုံးနိုင်သော ရောင်စုံစက္ကူစအရှည်ကြီးကို ပြန်ထုတ်ပြသော ပြ



www.burmeseclassic.com

www.burmeseclassic.com



ကွက်၊ ပါးစပ်ထဲ၌ ငုံထားသော ရေဖြင့် ထွေးလိုက်ရာ ဖယောင်းတိုင်မှ မီးဆတောက်သော ပြကွက်၊ ထိပ်ဖျား၌ ပိုက်ကွန်ငယ်တပ်ထားသော ငါးပေခန့်ရှည်သည့် တုတ်တံအရင်းကိုကိုင်ကာ လေးငါးချက်ခန့် တုတ်တံကို အားပါးတရ ဝှေ့ရမ်းလိုက်ပြီး ရပ်လိုက်သည်တွင် ခိုဖြူလေးတစ်ကောင်မှာ ပိုက်ကွန်ထဲ၌ မိနေသည်ကို တွေ့ရသော ပြကွက် . . . စသည့်ပြကွက်များကို တစ်ခုပြီးတစ်ခု ပြလေရာ ကြည့်ရှုနေကြသည့် ပရိသတ်အပေါင်းမှာ ဟာခနဲ၊ ဟင်ခနဲ ရင်သပ်ရှုမောဖြစ်လျက် လွန်စွာသဘောကျအံ့ဩလျက် ရှိကြလေ၏။

တစ်ကျွန်းပြန်နေခမှာ ပြကွက်တစ်ကွက်ပြီးလေတိုင်း လက်ခုပ်တဖြောင်းဖြောင်းတီးကာ ပါးစပ်မှလည်း တဟေးဟေးဖြင့် ရယ်မောရင်း စိတ်ပါလက်ပါ အားပေးနေတော့၏။

မန်ကျည်းတန်းနေခမှာ ထိုသို့အားပေးရင်းမှ အားမရသေးဘဲ ကျော်စွာတို့ဘက်သို့လှည့်ပြီး တွေ့တယ်မဟုတ်လား ကောင်လေးတွေ၊ ဘယ်လောက်အံ့ဩဖို့ကောင်းတဲ့ ပြကွက်တွေလဲလို့၊ ဒါတွေက မင်းတို့ကြည့်ဖူးတဲ့ လမ်းဘေးမျက်လှည့်ဝိုင်းက လက်လှည့်ပြကွက်တွေ မဟုတ်ဘူးကွ . . . သိလား၊ စုန်းကဝေ၊ တစ္ဆေသရဲတွေကို အစိမ်းတိုက်လုပ်ခိုင်းပြီး ပြတဲ့ပြကွက်တွေ . . .”

ဟု အားပါးတရပြောလိုက်ရာ ကျော်စွာက ပခုံးတွန့်ပြပြီး မချိမချဉ် မျက်နှာပေးဖြင့် . . .

“လိမ်ထားတာတွေပါ” ဟုပြောလိုက်သည်တွင် မန်ကျည်းတန်းနေခမှာ မျက်နှာကြီးမည်းခနဲဖြစ်သွားပြီး ကျော်စွာအား ဒါသတကြီးဖြင့် တစ်ခုခုပြောမည်ပြုခိုက်တွင် စင်ပေါ်မှနေ၍ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



တာနောက နောက်ထပ်ပြကွက်ဆန်းတစ်ခုကို ထပ်မံတင်ဆက်သဖြင့် မန်ကျည်းတန်းနေခ၏ အာရုံက ထိုပြကွက်ဆီသို့ ဦးတည်လျက် ပြောင်းလဲသွား၏။

မျက်လှည့်ဆရာကြီးက အသွားထက်မြနေသော ငှက်ကြီးတောင်ဓါးတစ်စင်းကို ညာလက်ဖြင့် ဓါးရိုးမှဆုပ်ကိုင်ထားပြီး ဘယ်ဘက်လက်က တစ်ကျပ်တန်ဒင်္ဂါးပြားကို ကိုင်ထားလျက် . . .

"ပရိသတ်ကြီးခင်ဗျာ . . . ဒီတစ်ခါတော့ ဟောဒီဒင်္ဂါးပြားကို ဟောဒီဓါးရဲ့ ဓါးသွားပေါ်မှာ ထောင်မတ်နေအောင် တင်ထားပါ့မယ်၊ ပြီးတော့ ဒီဒင်္ဂါးပြားကို ဓါးသွားပေါ်ကနေ ပြုတ်မကျစေဘဲ ဓါးသွားပေါ်မှာ ဟိုဖက်သည်ဘက် လှိမ့်ပြပါ့မယ်ခင်ဗျာ"

ဟုပြောလိုက်ပြီးနောက် ဒင်္ဂါးပြားကို ပရိသတ်မြင်အောင် ထောင်ပြလိုက်ပြီးလျှင် အနီးရှိစားပွဲငယ်ပေါ်သို့ ဒင်္ဂါးပြားကို အသာတင်လိုက်လေ၏။

ပြီးနောက် စင်၏ရှေ့အစွန်းထိလျှောက်လာကာ မီးရောင်အောက်ဝယ် တလက်လက်တောက်ပနေသော ငှက်ကြီးတောင်ဓါးရှည်ကြီးကို ဝင့်ကာဝင့်ကာ ပြသလိုက်ပြီး . . .

"ဟောဒီမှာကြည့် . . . ဒီလိုထက်မြနေတဲ့ ဓါးသွားပေါ်ကို ငွေဒင်္ဂါးတင်ပြပါ့မယ်"

ဟုပြောကာ စားပွဲပေါ်၌ တင်ထားသော ဒင်္ဂါးပြားကို ယူလိုက်ပြီး ဓါးသွားပေါ်သို့ အသာလေးထောင်လျက် တင်လိုက်လေ၏။

ထို့နောက် လက်ကိုလွှတ်လိုက်သည်တွင် ဓါးသွားပေါ်ဝယ် ဒင်္ဂါးပြားက ထောင်မတ်လျက် ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ . . . ဂမ္ဘီရပညာရှင် . . . ငါ . . . ဆရာတာနေဝရဲ့ အမိန့်အရ ဒင်္ဂါးပြားဟာ ခါးသွားရဲ့အဖျားပိုင်းဆီ လိမ့်သွားစမ်း" ဟု အမိန့်ပေးလိုက်ရာ ဒင်္ဂါးပြားလေးမှာ အောက်သို့ပြုတ်မကျရုံ သာမက ခါးသွား၏အဖျားပိုင်းသို့ တလိမ့်ပြီးတစ်လိမ့် လိမ့်သွား တော့၏။

ပရိသတ်များထံမှ အံ့ဩလှစွာဖြင့် ပါးစပ်မှ ဟာခနဲ . . . ဟင်ခနဲ အာမေဋိတ်သံများ ထွက်ပေါ်လျက်ရှိရာ မန်ကျည်းတန်း နေခမှာလည်း ကျော်စွာဖက်သို့ ပြုံးဖြီးဖြီးဖြင့် ငုံ့ကြည့်ရင်း . . .

"တွေ့လား . . . အဲဒါလည်း အစိမ်းတိုက်ပဲကွ . . . အစိမ်း တိုက် . . ." ဟု ပြောလိုက်လေ၏။

ထိုအခါ ကျော်စွာက ပခုံးကို တွန့်ပြလိုက်ပြန်ရင်း . . .

"ဘယ်က အစိမ်းတိုက်ရမှာလဲ ဦးရီးရဲ့၊ စောစောက စားပွဲ ပေါ်ကို ဒင်္ဂါးပြားတင်လိုက်တာ တွေ့တယ်မဟုတ်လား၊ အဲဒီစားပွဲ ပေါ်မှာ မူလကတည်းက ဖိနပ်ချုပ်သမားတွေသုံးတဲ့ ဖယောင်းသုတ် ထားတဲ့ မူးစေ့ကို တင်ထားပြီးသား၊ အဲဒီဖယောင်းသုတ်ထားတဲ့ မူးစေ့ပေါ်ကို ဒင်္ဂါးပြားကို ထပ်ပြီး တင်လိုက်တာ၊ ဒီတော့ မူးစေ့က ဒင်္ဂါးပြားမှာ ကပ်နေရော . . .။

အဲဒီတော့မှ ဒင်္ဂါးပြားကိုယူပြီး ခါးသွားပေါ်တင်လိုက်တာ၊ ဒင်္ဂါးပြားက ကြီးပြီး မူးစေ့က သေးနေတော့ ပရိသတ်ဘက်က ကြည့်ရင် မူးစေ့ကို ဘယ်မြင်ရမလဲ၊ ခါးသွားက မူးစေ့နဲ့ ဒင်္ဂါးပြားရဲ့ ကြားထဲမှာ ရောက်နေတော့ ဒင်္ဂါးပြားက လဲကျမသွားဘဲ ခါးသွား ပေါ်ထောင်မတ်ပြီး တင်နေတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ခါးသွားရဲ့အဖျားကို အသားလေးနှိမ့်ချလိုက်တော့ ဒင်္ဂါးပြားက ခါးသွားပေါ်မှာ လိမ့်သွားတာ၊ ဘာအစိမ်းတိုက်မှ မဟုတ်ဘူး၊ ညာတာ သိပြီလား"

ဟုပြောလိုက်ရာ မန်ကျည်းတန်းနေခမှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။

အနီးဝန်းကျင်မှ ပရိသတ်များသည်လည်း ကျော်စွာ၏ စကားကို ကြားရသည်တွင် "ဩော် . . . ဒီလိုကိုး" ဟု မှတ်ချက်ပြုလိုက်ကြလေရာ စင့်မြင့်ပေါ်မှ မျက်လှည့်ဆရာကြီးမှာ နားပါးသူပီပီ ခပ်ကျယ်ကျယ်ပြောလိုက်သောစကားကို သဲ့သဲ့မျှကြားလိုက်မိ၍ မျက်နှာကြီးမှာ မည်းခနဲ ဖြစ်သွား၏။

မျက်လှည့်ဆရာကြီးတာနောက သူ၏သိန်းငှက်မျက်လုံးကဲ့သို့ ရှိရှသော မျက်လုံးများဖြင့် ကျော်စွာအား မကောင်းဆိုးဝါးတစ်ကောင်ကို တွေ့မြင်ရသည့်နှယ် စူးစူးရဲရဲ ကြည့်လိုက်လေ၏။ သူ၏ရင်ထဲမှလည်း ထိတ်ခနဲ ဖြစ်သွားကာ . . .

"အဲဒီ အသားခပ်ဖြူဖြူနဲ့ ကောင်လေးက ငါ့ပြကွက်ကို သိနေပါလား၊ ဒီတိုင်းဆို ငါရှေ့မှာပြမယ့် လွှနဲ့တိုက်ဖြတ်တဲ့ ပြကွက်ကို သိများနေဦးမလား မသိဘူး" ဟု စိုးရိမ်စွာ တွေးလိုက်မိပြီး လက်ရှိပြကွက်ကို ကပျာကသီ သိမ်းလိုက်ရတော့၏။

ထို့နောက် မျက်လှည့်ဆရာကြီးတာနောမှာ ဟန်မပျက်ပင် ဆက်လက်ကြော်ငြာရလေ၏။

"ရွှေပွဲလာပရိသတ်ကြီးခင်ဗျာ၊ ဒီတစ်ခါမှာတော့ ကျွန်တော် ရှမ်ပဲလားဂမ္ဘီရလျှို့ဝှက်ဒေသကနေ ဆည်းပူးခဲ့တဲ့ ဂမ္ဘီရပညာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးပညာစွမ်းကို သုံးပြီးတော့ ပြသမယ့် ပြကွက်ဖြစ်ပါတယ်၊ သွေးသံရဲရဲနဲ့ ရက်ရက်စက်စက်ပြမယ့် ပြကွက်ဖြစ်ပါ၍ အသည်းငယ်သူများ ရုံပြင်သို့ ထွက်နေလိုက ထွက်နေကြပါခင်ဗျာ။

အခု ကျွန်တော်ပြသမယ့် နောက်ဆုံးပိတ်ပြကွက်ကတော့ ကျွန်တော့်ရဲ့သမီးလေးကို ခေါင်းတလားလို သေတ္တာရှည်ကြီးထဲမှာ အိပ်နေစေပြီး ကျွန်တော်နဲ့ ကျွန်တော့်ရဲ့တပည့်တို့က သေတ္တာရဲ့ အလယ်တည့်တည့်ကနေ ငမန်းလွှကြီးနဲ့ နှစ်ပိုင်းပိုင်းဖြတ်ပြမယ့် ပြကွက်ပဲ ဖြစ်ပါတယ်ခင်ဗျာ . . . ”

မျက်လှည့်ဆရာကြီးက ထိုသို့ကြော်ငြာလိုက်သည်နှင့် ပရိသတ်ကြီးမှာ သူတို့အထူးမျှော်လင့်စောင့်စားနေသော ပြကွက်ဆန်းကြီးကို ပြသတော့မည်ဟု သိလိုက်ရသဖြင့် လှုပ်လှုပ်ရွရွဖြစ်ကာ ထိုင်ကြည့်နေကြရာမှ ရှေ့သို့ ကိုယ်ကို မသိမသာ တိုးမိသည်အထိ ကြည့်ရှုရန် လွန်စွာစိတ်အားထက်သန်သွားကြ၏။

မျက်လှည့်ရုံကြီးတစ်ရုံလုံးကို ရုတ်တရက် မီးမှောင်ချလိုက်ပြီး စင်မြင့်ပေါ်၌ စပေါ့လိုက်မီးသီးတို့ကိုသာ ထွန်းထား၏။ ဗင်ဆရာကလည်း ဗင်နှင့်လင်ကွင်းကို တဒုံးဒုံး၊ တချမ်းချမ်း တီးခတ်လျက်ရှိရာ ပရိသတ်များ၏ စိတ်နှလုံးမှာ တုန်လှုပ်ခြောက်ခြားလာသလို ခံစားရလေ၏။

ထိုအခိုက်မှာပဲ စပေါ့လိုက်ထိုးထားသော စင်မြင့်ပေါ်ရှိ နီညိုရောင်ကတ္တီပါလိုက်ကာ ပြည်ဖုံးကားကြီးကို ဖွင့်လိုက်ရာ အနက်ရောင်နောက်ခံ လိုက်ကာတပ်ထားသည့် မျက်လှည့်စင်က ပေါ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဘင်သံကိုရပ်ပြီး မီးများပြန်လင်းလာရာ မျက်လှည့်ဇာတ်စင်၏ ဘယ်ဘက်ဝယ် လေးထောင့်ခပ်ဆန်ဆန် ခုံတစ်လုံးရှိနေသည်ကို တွေ့ရပြီး ယင်းခုံပေါ်၌ ကတ္တီပါစအနက်ဖြင့် လွှမ်းခြုံထားကာ ခေါင်းတလားနှင့် သဏ္ဌာန်တူသော သေတ္တာရှည်မျောမျောတစ်ခု တင်ထားသည်ကို တွေ့ရလေ၏။

ယင်းသေတ္တာရှည်တင်ထားရာခုံနှင့် ငါးပေခန့်အကွာ စင်မြင့်၏ညာဖက်ဝယ် ကြက်ခြေခွထောက်နှစ်ခုကို ထောင်လျက်တွေ့ရ၏။

ထိုစဉ် အနက်ရောင်ဝတ်စုံကို ဝတ်ထားသော ဆရာကြီးတာနေ့သည် စင်၏ထောင့်မှထွက်လာပြီး ကြမ်းပြင်ကို ဖနောင့်ဖြင့်ဒိုင်းခနဲပေါက်ကာ . . .

"သယ် . . . မဟိဒ္ဓိအကျော် ဇမ္ဗူပေါ် တလူထွန်းတဲ့ လေးကျွန်းမြင့်မိုရ် ဝိဇ္ဇာမိုရ်တပသီရယ်လို့ ထင်ရှား၊ ငါဆရာတစ်ပါးရဲ့ အမိန့်နဲ့ စုန်းကဝေ၊ ဆယ့်နှစ်ကြိုး၊ ရိုကျိုးစွာ ငါ့ရှေ့ရောက်၊ ဂန္ဓဝင်မြောက်မယ့် ဒီပြက္ခက်ဆန်းမှာ အံ့မခန်းဖွယ် အစွမ်းပြကြစို့ရဲ့ ငါ့တပည့်များ . . ."

ဟု မာန်ပါပါ ကြွေးကြော်လိုက်လေ၏။

ထိုသို့ ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်နက် ဘင်ဆရာကလည်း မိုးခြိမ်းသံနှယ် တဒုံးဒုံး၊ တဂွမ်းဂွမ်း တီးခတ်လိုက်လေရာ ပရိသတ်များသည် စုန်းတိုက်၊ ကဝေတိုက် ပြက္ခက်ကြီးကို ပြတော့မည်ဟု ယူဆသွားကြပြီး ကြက်သီးမွေးညှင်းများ တဖျန်းဖျန်းထ ထန်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘင်သံငြိမ်ကျသွားပြီးလျှင် ၄င်း၏တပည့်ဖြစ်သူ ဒိုးတေက စင်ထောင့်မှထွက်လာပြီး သေတ္တာရှည်၏ ပတ္တာတပ်ဆင်ထားသော အဖုံးကို ဖွင့်လိုက်လေ၏။

ထိုခဏမှာပင် ချောမောလှပသော မိန်းမချောလေးတစ်ဦးက စင်ထောင့်မှ ထွက်လာပြန်ရာ သူမ၏ ရှုပါရုံကွန်ယက်ဝယ် မြင်မြင်ချင်း ငိုက်ခနဲ မိသွားရသူက ကျော်စွာပင် ဖြစ်ပေတော့၏။

အောင်စိုးက ကျော်စွာကို တံတောင်ဖြင့် တွတ်လိုက်ပြီး-

"အဲဒါက မျက်လှည့်ဆရာကြီးရဲ့ တစ်ဦးတည်းသော သမီး စံပယ်မြိုင်ဆိုတာပေါ့ကွ . . ."

ဟု လေသံခပ်တိုးတိုးဖြင့် ပြောလိုက်ရာ ကျော်စွာသည် ဇာတ်စင်ပေါ်မှ အပြစ်ကင်းစွာလှပသည့် စံပယ်မြိုင်ကို ငေးစိုက်ကြည့်မြဲကြည့်နေမိ၏။

စံပယ်မြိုင်မှာ တစ်ပတ်လျှိုဆံထုံးလေးထုံးကာ နှင်းဆီပန်းလေးတစ်ပွင့်ကို ဆံကေသာထက်၌ ပန်ဆင်ပြီး ပန်းနုရောင်ပဒုမ္မာအင်္ကျီလေးနှင့် ပန်းဆီရောင်စုရတီထမီလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားရာ မီးရောင်အောက်ဝယ် လှချင်တိုင်းလှနေတော့၏။

ကျော်စွာသည် နှင်းဆီပန်းပွင့်လေးပမာ လှပနေသော စံပယ်မြိုင်အား အသာငေးကြည့်နေရင်းမှ . . .

"လှလိုက်တဲ့ မိန်းကလေးပါလား၊ ဒီလောက်အပြစ်ကင်းအောင်လှတဲ့ မိန်းမပျိုလေးဟာ အာပေါင်အာရင်းသန်သန် လိမ်ညာလှည့်ဖြားစားသောက်နေတဲ့ မျက်လှည့်ဆရာရဲ့ သမီးဖြစ်နေလေတော့ ဖခင်ရဲ့လုပ်ငန်းမှာ မလွှဲမရှောင်သာ ဝင်ကူရရှာ သူကပါ



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို ဝိုင်းလိမ်နေရရှာပါလား” ဟုတွေးတောကာ မိန်းကလေးအား စာနာသနားစိတ်ဖြင့် ဤသို့လိမ်ညာလှည့်ဖြားနေရသော ဘဝမှ ကျွတ်လွတ်သွားစေချင်သော စေတနာများ ဖြစ်ပေါ်သွားလေ၏။

“အင်း . . . လူတွေဟာ ဘာဖြစ်လို့ လိမ်နေကြသလဲဆိုတော့ အလိမ်ခံတဲ့သူ ရှိနေလို့ပဲ၊ အလိမ်ခံတဲ့လူကလည်း များသောအားဖြင့် မသိနားမလည်လို့ အလိမ်ခံနေရတာပဲ၊ သူတို့ဟာ အလိမ်ခံနေရမှန်းသိသွားရင် နောက်ကိုဆက်ပြီး အလိမ်မခံရဖို့ သတိရှိသွားကြမှာပဲ။

အဲဒီလိုလူတွေဟာ အသိနဲ့သတိရှိသွားရင် လိမ်တဲ့လူတွေကလည်း နောက်ကိုလိမ်ရဲမှာ မဟုတ်တော့ဘူး၊ ဒါဆိုရင် အခုလိုလိမ်ညာပွဲကြီးတွေလည်း ရှိမှာမဟုတ်တော့ဘူး၊ လူတွေဟာ လိမ်လို့မရတော့ဘူးလို့ ဆရာကြီးတာနောဆိုတဲ့ လူသိသွားရင် လိမ်မှုညာမှု စားသောက်ရမယ့်ဘဝကို သူစွန့်လွှတ်ရမှာပဲ။

ဒါမှမိန်းမချောလေးစံပယ်မြိုင်ဟာလည်း အခုလို ဝိုင်းညာနေတဲ့ မိန်းမညာဘဝက လွတ်မှာ . . .” ဟုတွေးကာ မျက်လှည့်စင်မြင့်ပေါ်မှ လိမ်ညာပွဲကြီးကို ဖော်ထုတ်ရန် စိတ်အားထက်သန်လျက် ရှိတော့၏။

သို့သော် မိမိမှလွဲ၍ မိမိ၏သူငယ်ချင်းများနှင့် လူမိုက်ကြီးမန်ကျည်းတန်းနေခ အပါအဝင် ပရိသတ်ကြီးမှာမူ စုန်းတိုက်၊ တစေတိုက် ပြကွက်ကြီးကိုကြည့်ရန် စိတ်စောလျက်သာ ရှိလေတော့၏။

ထိုသို့ တွေးတောနေစဉ်မှာဘဲ စံပယ်မြိုင်သည် ခေါင်းတလားသဏ္ဌာန် သေတ္တာရှည်ထဲ ခြေလှမ်းဝင်ပြီး သေတ္တာထဲဝယ်



www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းလိုက်လေ၏။ ယင်းသို့ သူမလဲလျောင်းပြီးသည်နှင့် ဖိုးတေက သေတ္တာအဖုံးကို ပိတ်လိုက်တော့၏။

ဘင်ဆရာက တဒုံးဒုံး၊ တဂျမ်းဂျမ်း တီးခတ်နေစဉ် အောက်ခြေ၌ ဘီးကလေးများတပ်ထားသော အောက်ခံလေးထောင့်ခုံကို တစ်ပတ်လှည့်ပြလိုက်ရာ ခုံထက်မှ သေတ္တာရှည်သည်လည်း တစ်ပတ်လည်သွားပြီး ပရိသတ်များမှာ သေတ္တာရှည်၏ လေးဖက်လေးတန်မြင်ကွင်းကို ရှင်းလင်းစွာ မြင်လိုက်ရ၏။

ထို့နောက် ဆရာကြီးတာနောက ရပ်တန့်၍သွားသော သေတ္တာရှည်၏ ခေါင်းရင်းပိုင်းရှိ ရှေ့တံခါးပေါက်ကို ဖွင့်ပြလိုက်ရာ ယင်းတံခါးပေါက်မှနေ၍ သေတ္တာရှည်ထဲတွင် လဲလျောင်းနေရရှာသော စံပယ်မြိုင်၏ဦးခေါင်းပိုင်းကို တွေ့ရလေ၏။

ဆရာကြီးတာနောသည် သမီးဖြစ်သူ၏မျက်နှာအား အသာငုံ့ကိုင်း၍ ကြည့်လိုက်ပြီး . . .

"ဟဲလို . . . သမီးလေးရေ၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားနော်၊ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေမင်းခေါ် ရာနောက် ကောက်ကောက်ပါအောင် လိုက်ရတတ်တဲ့ သံဝေရသဘောကိုလည်း မပြတ်ဆင်ခြင်ပါကွယ်"

ဟုပြောလိုက်လေလျှင် စံပယ်မြိုင်လည်း သေတ္တာထဲမှနေ၍ လှပစွာ ပြုံးလိုက်ကာ . . .

"စိတ်ချပါ ဖေဖေ၊ သံဝေဂရသဘောကို နားလည်ပါတယ်၊ သေရမှာလည်း မကြောက်ပါဘူး"

ဟု သာယာချိုအေးသော လေသံလေးဖြင့် ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခန္ဓာကိုယ်အား လွှကြီးဖြင့် နှစ်ပိုင်းအပိုင်းခံရရှာတော့မည့် အရေးကိုတွေးကာ ပရိသတ်ကြီးမှာ စံပယ်မြိုင်အတွက် သနားဂရုဏာ သက်ရင်း လွန်စွာစိုးရိမ်ပူပန်လျက် ရှိနေကြ၏။

ထို့နောက် ဆရာကြီးတာနော့က သေတ္တာရှည်၏ခြေရင်း ဘက်မှ ရှေ့တံခါးကိုဖွင့်လိုက်ရာ အတွင်းမှ စံပယ်မြိုင်၏ ခြေထောက် အဖျားပိုင်းကို တွေ့ရလေ၏။

စံပယ်မြိုင်ခြေထောက်ဝယ် စီးထားသော ဥာမြင့်ဖိနပ်ပန်း ရောင်နုလေးမှာ သူမ၏ဆယ်စွယ်နှစ်ပမာ ဖြူဝင်းလှပသော ခြေ ထောက်သွယ်သွယ်လေးများနှင့် လိုက်ဖက်တင့်တယ်လှပေ၏။

"ကဲ . . သမီးရေ၊ သမီးရဲ့ခြေဖျားကလေးတွေကို ပရိသတ် ကြီးမြင်ရအောင် လှုပ်ခတ်ပြလိုက်ပါကွယ်"

ဟု ဆရာကြီးတာနော့က ပြောလိုက်ရာ ခြေဖျားကလေး များမှာ လှုပ်ခါသွားလေ၏။

ထို့နောက် ဆရာကြီးတာနော့သည် သေတ္တာရှည်၏ ရှေ့ တံခါးပေါက်ငယ်နှစ်ခုစလုံးကို ပိတ်လိုက်လေ၏။ ထိုစဉ်မှာဘဲ ဆရာကြီးတာနော့၏ တပည့်ယောက်ျားလေးနှစ်ဦးက စင်ထောင့်မှ ထွက်လာပြီး သေတ္တာရှည်ကြီးကိုမ,ကာ ဇာတ်စင်၏ညာဖက်ရှိ ကြက် ခြေခတ်ခွထောက်များပေါ်သို့ တင်လိုက်၏။

ယင်းနောက် တပည့်ယောက်ျားလေးနှစ်ဦးမှာ ဇာတ်စင် နောက်သို့ ပြန်ဆင်းသွားပြီး ဖိုးတေက ငမန်းလွှကြီးကိုယူကာ ဆရာ ကြီးတာနော့၏လက်ထဲသို့ ပေးလိုက်လေ၏။

ဆရာကြီးတာနော့ကလည်း ငမန်းလွှ၏ လက်ကိုင်ထ



www.burmeseclassic.com

www.burmeseclassic.com



အောင် ထက်မြနေသော အသွားကို သေတ္တာရှည်၏ အလယ်တည့် တည့်သို့ တင်လိုက်ပြီးနောက် သေတ္တာကြီးကို လွှဖြင့် တိုက်ဖြတ်လေ တော့၏။

ထိုစဉ်မှာပင် ဆရာကြီး၏တပည့် ယောက်ျားပျိုတစ်ဦး သည် မိုက်ကရိုဖုန်းကိုကိုင်ကာ စင်ထောင့်မှ ထွက်ပေါ်လာပြီး . .

"အား . . လားလား . . . အားလားလား . . . ရက်ရက် စက်စက်ကြီးကို ခါးလည်တည့်တည့်ကနေ ပိုင်းဖြတ်နေပါပြီခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ဆရာကြီးတာနေ့ာဟာ သမီးအရင်းဖြစ်တဲ့ တစ်ဦး တည်းသော မိတဆိုးသမီးလေးစံပယ်မြိုင်အပေါ် ငဲ့ညှာသနားခြင်း မရှိဘဲ သူကိုယ်တိုင် ငါးမန်းလွှကြီးနဲ့ ခါးလည်တည့်တည့်ကနေ ပိုင်းဖြတ်လျက် ရှိပါပြီခင်ဗျာ"

"အားလားလား . . . အားလားလား . . . ဆရာကြီးရယ် ရက်စက်ပါပေ့၊ ရက်စက်ပါပေ့ . . ."

"ဟော . . . သွေးတွေတောင် သေတ္တာကြီးထဲကနေ တတောက်တောက် ထွက်ကျလာပါပြီခင်ဗျ၊ အားလားလား . . . ရက်စက်ပါပေ့ . . . ရက်စက်ပါပေ့ ဆရာကြီးရယ်၊ ရက်စက်လှပါ လားခင်ဗျ"

ဟု အာပေါင်အာရင်းသန်သန်ဖြင့် အော်ဟစ်လျက်ရှိသလို ဘင်ဆရာကလည်း မိုးခြိမ်းသံပမာ ဘင်သံကို တဒိန်းဒိန်း၊ လင်ကွင်း ကို တဂျမ်းဂျမ်း တီးခတ်လျက်ရှိသည်ကြောင့် လွန်စွာမှ အံ့ဩထိတ် လန့်ဖွယ် ဖြစ်နေတော့၏။

"အမယ်လေး . . . ခေါင်းကြီးက တကယ်ပြုတ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



တော့ . . .”

“ခေါင်းမဟုတ်ပါဘူး သိန်းမေရဲ့ . . . သေတ္တာပါ”

“အေးပါဟယ်၊ အဲဒီသေတ္တာကြီးရဲ့ အလယ်အထိ လွှကြီးက ဝင်သွားပြီလေ၊ အထဲက ကလေးမတော့ သေပါပြီဟယ်၊ ကြည့်ပါဦး . . . သွေးစိမ်းရှင်ရှင်တွေ တဟောဟောထွက်လို့၊ ကျွတ် . . ကျွတ် . . . ကျွတ် . . .”

“ဟုတ်ပါရဲ့ဟယ်၊ သွေးညှီနံ့တောင် ရတယ်၊ ဘုရားကယ်ပါ . . . သကြားကယ်ပါ”

ဟူ၍ ပရိသတ်မှာ အာမေဋိတ်သံအမျိုးမျိုး အံ့ဩသံအမျိုးမျိုး ထွက်ပေါ်လျက်ရှိတော့၏။

ပရိသတ်က အံ့ဩတုန်လှုပ်စွာ ကြည့်နေရင်းမှပင် သေတ္တာရှည်ကြီးမှာ ထက်ပိုင်းပြတ်သွားလေတော့၏။

“ဟာ . . . ပြတ်သွားပြီကွ၊ ပြတ်သွားပြီ”

“အေးကွာ . . . ရှင်းလိုက်တာ”

ပရိသတ်ကြီးမှာ အံ့ဩထိတ်လန့်မဆုံး ဖြစ်နေစဉ်မှာပင် ဘင်သံက ရပ်သွားပြီး တိတ်ဆိတ်သွားလေ၏။ ပရိသတ်ကြီးမှာ ဘာဆက်ဖြစ်လာမလဲဟု ရင်တုန်စွာ စောင့်ကြည့်နေစဉ် ဆရာကြီး တာနေဝက ခြေထောက်အောက်ခြေ၌ သံဘီးလေးများတပ်ထားသည့် ခွထောက်ခုံတစ်ခုအား အသာတွန်းရွှေ့လိုက်ရာ သေတ္တာရှည်၏ အပိုင်းနှစ်ပိုင်းမှာ တစ်ပိုင်းနှင့်တစ်ပိုင်း သုံးပေခန့် ကွာထွက်သွားတော့၏။

ထိုအခါမှ ဆရာကြီးတာနေဝက သေတ္တာ၏ခေါင်းပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတံခါးပေါက်ငယ်အား ဖွင့်လိုက်ရာ ယင်းတံခါးပေါက်ထဲမှ စံပယ်မြိုင်၏ လှပသော ဦးခေါင်းပိုင်းကို ပရိသတ်ကြီး တွေ့ရလေ၏။

ဆရာကြီးတာနေသည် ခါးကိုင်းကာ သမီးဖြစ်သူစံပယ်မြိုင်၏ မျက်နှာလေးအား ကြည့်လိုက်ပြီး . . .

"သမီးလေး . . . စံပယ်မြိုင်ရေ၊ ပရိသတ်ကြီးဖက်ကို မျက်နှာလှည့်ပြီး ပြုံးပြနှုတ်ဆက်လိုက်ပါဦးကွယ်" ဟုပြောလိုက်ရာ စံပယ်မြိုင်က သူမ၏လှပသော မျက်နှာလေးကို ပရိသတ်ဘက် လှည့်ပြီး ချစ်စဖွယ်အပြုံးလေးဖြင့် ပြုံးပြရှာ၏။

ထို့နောက် ဆရာကြီးတာနေသည် သေတ္တာ၏ခြေရင်းဖက်အပိုင်းမှ ရွှေတံခါးပေါက်လေးကို ဖွင့်လိုက်ပြန်ရာ စံပယ်မြိုင်၏ ဖြူဝင်းလှပသော ခြေထောက်လှလှလေးများကို ပရိသတ်ကြီး တွေ့ရှိရပြန်၏။

"ကဲ . . . သမီးလေးရယ်၊ သမီးရဲ့ခြေထောက်လေးတွေကို လှုပ်ပြလိုက်ပါဦးကွယ်" ဟု ဆရာကြီးတာနေက ပြောလိုက်ရာ သေတ္တာထက်ပိုင်းပြတ်ထဲမှ စံပယ်မြိုင်၏ ခြေထောက်လေးများက လှုပ်ခါပြလိုက်သည်တွင် ပွဲကြည့်ပရိသတ်မှာ လွန်စွာသဘောကျသွားလေတော့၏။

"ဟာ . . . ကောင်မလေး ဘာမှမဖြစ်ဘူး၊ ကြည့်စမ်း . . ."

"ဟုတ်ပါရဲ့ကွာ၊ ငါဖြင့် ခန္ဓာကိုယ်နှစ်ပိုင်းပြတ်ပြီး မရှုမလှ သေပြီထင်တာ၊ ခုတော့ သူလေးက ခန္ဓာကိုယ်နှစ်ပိုင်းပြတ်နေတာ တောင် အပြုံးမပျက် အလှုပ်အခါမပျက်ပါလားကွာ"

"အမယ်လေး . . . စံပယ်မြိုင်လေး မသေဘူးနော်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာဖြင့် ကလေးမလေး ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းလိုက်ရတာ အမော . . .”

“ဟုတ်ပါရဲ့တော်၊ ဒါပေမယ့် ကောင်မလေးရဲ့ ခန္ဓာကိုယ်က ပြန်ဆက်လို့မှ ရပါဦးတော့မလား”

“အို . . . ပဥ္စလက်ဂမ္ဘီရဆရာကြီးတာနော့က သူ့ရဲ့ဂမ္ဘီရ ပညာစွမ်းနဲ့ ပြန်ဆက်ပေးမှာပေါ့တော်”

“ဘာပဲဖြစ်ဖြစ် ဂမ္ဘီရဆရာကြီးတာနော့ရဲ့ ပညာစွမ်းကို တော့ ချီးကျူးပါရဲ့အေ၊ ကျုပ်အသက် ငါးဆယ်ရောက်ပါပြီ၊ ဒီလို ပြကွက်ဆန်းမျိုး တစ်ခါမှ မကြည့်ဖူးဘူး၊ ဆရာကြီးရဲ့ပညာစွမ်းက လက်ဖျားခါလောက်ပါရဲ့၊ အံ့ပါ့တော် . . . အံ့ပါ့”

ဟူ၍ ပရိသတ်က အမျိုးမျိုးဝေဖန်ကာ ကောင်းချီးပေး ကြလေသဖြင့် မျက်လှည့်ရုံတစ်ခုလုံးမှာ အုန်းအုန်းကြွက်ကြွက် ဖြစ် နေတော့၏။

ဂမ္ဘီရဆရာကြီးတာနော့ကလည်း သေတ္တာအပိုင်းပြတ်နှစ်ခု အား သူ၏လက်တစ်ဖက်ဖြင့် ဟန်ပါပါ ညွှန်ပြရင်း ပြုံးပြုံးကြီး အောင်ပွဲခံလျက်ရှိလေ၏။

ဘင်ဆရာကလည်း တဒုံးဒုံးတီးလျက် ရှိလေ၏။

ယင်းအချိန်တွင် တစ်ချိန်လုံး ဆရာကြီး၏ပြကွက်ကို အထင်ကြီးစွာ ငေးစိုက်ကြည့်နေခဲ့သော မန်ကျည်းတန်းနေခမှာ ကျော်စွာဖက်သို့ ခပ်ထေ့ထေ့အပြုံးဖြင့် လှည့်ကြည့်လိုက်ပြီး . . .

“ကဲ . . . တွေ့ပြီမဟုတ်လား ကောင်လေး၊ ပဥ္စလက် ဆရာကြီးတာနော့ရဲ့ ဂမ္ဘီရပညာစွမ်းကို မင်းမြင်ပြီမဟုတ်လား၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြက္ခဒိန်ချိုး မြန်မာပြည်မှာ ဘယ်ပညာရှင်ပြနိုင်သလဲ။

စုန်းတိုက်၊ ကဝေတိုက်၊ အစိမ်းတိုက်နိုင်နင်းတဲ့ ဒီလိုဆရာကြီးတာနေဒလို ဂမ္ဘီရပညာရှင်ကြီးမျိုးကသာ ပြနိုင်တာကွ . . . သိရဲ့လား"

ဟု ဟန်ပါပါပြောလိုက်ရာ ကျော်စွာက ပခုံးတွန့်ပြလိုက်ပြီး . . .

"မမြင်ဘူးလို့ မူးမြစ်ထင်နေတာပါဗျာ၊ ဘာစုန်းတိုက်၊ ကဝေတိုက်၊ အစိမ်းတိုက်မှ မဟုတ်ဘူး၊ ဘာဂမ္ဘီရပညာစွမ်းနဲ့မှ လုပ်တာမဟုတ်ဘူး၊ ပိပိရိရိလိမ်ပြီး ပြနေတာဗျ"

ဟုပြောလိုက်ရာ ပဌလက်ဆရာကြီးတာနေဒ၏ ပြက္ခဒိန်ဆန်းကို သဘောအကျကြီးကျကာ လှိုက်လှိုက်လှဲလှဲ ခီးကျူးနေကြသူ ပရိသတ်များမှာ ကျော်စွာအား မျက်မှောင်ကုပ်ပြီး ကြည့်ကြလေ၏။

ကျော်စွာ၏စကားကြောင့် မန်ကျည်းတန်းနေခမှာလည်း ရှုးရှုးရှဲရှဲဖြစ်သွားပြီး . . .

"ဟေ့ကောင် . . . မင်းရှေ့မှာတင် ဒီလောက်ရှင်းရှင်းလင်းလင်း ပြနေတာကို လိမ်ညာနေတာလို့ ပြောရသလားကွ၊ ဟေ . . . ဘာလဲ . . . မင်းက ငါ့ကို ဘုဂလန့်လိုက်ပြောနေတာလား၊ ဒါမှမဟုတ် ဆရာကြီးတာနေဒရဲ့ပညာစွမ်းကို ပုတ်ခတ်စော်ကားပြီး ဖျက်လိုဖျက်ဆီး လုပ်နေတာလားကွ . . . ဟေ"

ဟု ဒေါသတကြီးပြောရင်း ဆတ်ခနဲ ထလိုက်ရာ စင်မြင့်ပေါ်မှ ဆရာကြီးတာနေဒတို့ ဆရာတပည့်နှစ်ဦးရော ပွဲကြည့်ပရိသတ်ကြီးကပါ ပဋိပက္ခဖြစ်နေသော ကျော်စွာနှင့် မန်ကျည်းတန်းနေခ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ အာရုံကျရောက်သွားတော့၏။

ကျော်စွာ၏ ပါးစပ်အငြိမ်မနေမှုကြောင့် ပြဿနာဖြစ်ရပြီဟု သိလိုက်သော သူငယ်ချင်းများမှာ ကုန်းထနေသော ကျော်စွာ၏လက်ကို ဝိုင်းဆွဲလိုက်ကြပြီး . . .

"လာစမ်းပါကွာ၊ ထိုင်စမ်းပါ၊ အေးအေးဆေးဆေး ကြည့်မှာကြည့်စမ်းပါ၊ မင်းကလည်း ပြဿနာကို မီးခွက်ထွန်းပြီး မရှာစမ်းပါနဲ့"

ဟု ဝိုင်းဝန်းပြောဆိုဖြောင်းဖျလေ၏။

ကျော်စွာက အောင်စိုးတို့၏လက်ကို ဖယ်ရှားလိုက်ကာ ပေကပ်ကပ်ဖြင့် ထရပ်လိုက်ပြီး . . .

"ပြဿနာရှာတာ မဟုတ်ဘူးကွ၊ ဒီပုဂ္ဂိုလ်ကြီးက ငါ့ကို လာပြောလို့ ငါက အမှန်အတိုင်းပြန်ပြောတာ၊ အဲဒါ ဘာစုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်မှ မဟုတ်ဘူး၊ သက်သက်မယ့် လူတွေကို လိမ်ညာပြီး ပြနေတာ . . ."

ဟု ကျယ်လောင်စွာ ပြောလိုက်ရာ စင်ပေါ်မှ မျက်လှည့်ဆရာကြီးတာနေခမှာ များစွာထိတ်လန့်သွားပြီး ဒေါသအမျက်ချောင်းချောင်း ထွက်သွားသကဲ့သို့ မန်ကျည်းတန်းနေခသည်လည်း ဒေါသငယ်ထိပ်တက်သွားသလိုဖြစ်သွားကာ ကျော်စွာ၏အကျီကော်လာစကို ဘယ်လက်ဖြင့် ဆတ်ခနဲ ဆွဲဆုပ်ယူလျက် . . .

"ဟေ့ကောင်လေး . . . ဘယ်မှာလဲ . . . လိမ်ညာပြတာ၊ သက်သေပြနိုင်ရင်ပြ၊ မပြနိုင်ရင်တော့ မင်းအူပွင့်ပြီသာမှတ် . . ."

ဟု ဒေါသတကြီးပြောတာ သူ၏ဖလေဇာကုတ်အကျီအတွင်းအိတ်ထဲမှ ဓါးမြှောင်ကိုညာလက်ဖြင့် ဖျတ်ခနဲထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်ချလိုက်တော့မည့်ဟန်ဖြင့် ကိုင်မြှောက်လိုက်ရာ ပရိသတ်ကြီးမှာ ဟာခနဲ ဟင်ခနဲဖြင့် ရှတ်ရှတ်သဲသဲ ဖြစ်သွားတော့သည်။

မင်းပုညနှင့် အောင်စိုးတို့မှာလည်း ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားကြသော်လည်း ကျော်စွာကမူ အေးတိအေးစက်မျက်နှာဖြင့် မန်ကျည်းတန်းနေခအား စိုက်ကြည့်နေရာမှ . . .

"ဒီမှာ . . . ခင်ဗျားက ဒီလူလိမ်လူညာ မျက်လှည့်ဆရာဖက်က ဘာလို့ဝင်နာခနေရတာလဲ၊ ခင်ဗျားက သူတို့နဲ့ တစ်ဖွဲ့တည်းလား၊ လိမ်ဖော်လိမ်ဖက် ပါတနာတွေမို့လို့လား"

ဟု ခပ်ဆတ်ဆတ်မေးလိုက်ရာ မန်ကျည်းတန်းနေခမှာ ပို၍မခံမရပ်နိုင်ဖြစ်သွားပြီး . . .

"ဟော့ကောင်လေး . . . စကားပြောတာ ကြည့်ပြော၊ လည်ချောင်းနင်သွားမယ်၊ ငါ့ဓါးနဲ့စိုက်ချလိုက်လို့၊ ငါက သူတို့နဲ့ တစ်ဖွဲ့တည်းမို့လို့ နာတာမဟုတ်ဘူးကွ။

ငါက ဆရာကြီးတာနော်ရဲ့ ဂမ္ဘီရပြကွက်ကို သဘောကျလွန်းလို့ ချီးကျူးနေတာကို မင်းက အလကားလိမ်နေတာပါဆိုတော့ ငါပဲ နုံလို့အလို့ အလိမ်ခံနေရသလို ဖြစ်နေတယ်၊ ဒီတော့ မင်းက ဘာဖြစ်လို့ လိမ်တာညာတာလို့ ပြောရတာလဲ၊ အခုရအောင်ရှင်းစမ်း . . ."

ဟု ဒေါသတကြီးပြောလိုက်ရာ ပရိသတ်ကြီးက သူတို့နှစ်ဦး၏ ပဋိပက္ခကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြတော့၏။

"ဒီမှာ . . . အဲဒီစံပယ်မြိုင်ဆိုတဲ့ မိန်းကလေးဟာ ဓါးလည်



www.burmeseclassic.com

www.burmeseclassic.com



ကနေ လွှနဲ့တကယ်တိုက်ဖြတ်ခဲ့ရတာ လုံးဝမဟုတ်ဘူးဗျ . . . သိရဲ့လား။

အဲဒီသေတ္တာရှည်ကို အရင်ဆုံး ဟောဟိုက ခုံပေါ်တင်ထား ခဲ့တယ် မဟုတ်လား၊ အဲဒီခုံမှာ အံပျက်ရှိပြီး အဲဒီအံပျက်ထဲမှာ မိန်းကလေးတစ်ယောက်က အစကတည်းက ဝင်နေခဲ့တာဗျ၊ သူတို့ က သေတ္တာရဲ့အပေါ်ဖုံးကိုဖွင့်ပြီး စံပယ်မြိုင်သေတ္တာထဲ ဝင်လိုက်ချိန် မှာပဲ ခုံအောက်အံပျက်ထဲက မိန်းမငယ်လေးက အံပျက်တံခါးကို ဖွင့်ပြီး သေတ္တာရဲ့နောက်က ခုံပေါ်ရောက်လာတယ်၊ ဒါကို သေတ္တာ ကွယ်နေလို့ ပရိသတ်က မမြင်ရဘူး . . .။

နောက်တော့ သေတ္တာရဲ့ နောက်ဖက်မှာရှိတဲ့ လျှို့ဝှက် တံခါးပေါက်ကိုဖွင့်ပြီး သေတ္တာရဲ့ခြေရင်းဖက်အခြမ်းထဲ ကောင်မ လေးက ဝင်လိုက်တယ်၊ သေတ္တာရှည်ရဲ့ ခေါင်းရင်းပိုင်းအခြမ်းမှာ စံပယ်မြိုင်က ဒူးတုပ်ပြီး လှဲနေတယ်၊ သေတ္တာရှည်ရဲ့ ခြေရင်းဖက် အခြမ်းမှာ ကောင်မလေးက ခါးကိုကုန်းကွေးခေါင်းငုံ့ထိုင်ပြီး ခြေအစုံ ကို ဆန့်ထားတယ်။

"တကယ်တော့ အဲဒီသေတ္တာရှည်ဟာ သေတ္တာအတိုနှစ်လုံး ကို ပျဉ်ပြားပါးပါးလေးတွေနဲ့ ဆက်ထားတာပဲ၊ ဒီတော့ မိန်းကလေး နှစ်ယောက်ရဲ့ကြားမှာ လွှသွားဝင်ပြီး ဖြတ်ချလိုက်တော့ လွှသွားဟာ အဲဒီမိန်းကလေးနှစ်ယောက်ရဲ့အကြားက ဖြတ်ဝင်သွားတာမို့ အဲဒီ မိန်းကလေးနှစ်ယောက်မှာ ဘာအန္တရာယ်မှ မရှိတော့ဘူးပေါ့။

အဲဒီနောက်မှ မျက်လှည့်ဆရာက သေတ္တာရဲ့ခေါင်းရင်းပိုင်း က အပေါက်ငယ်ကို ဖွင့်ပြတော့ စံပယ်မြိုင်ရဲ့ခေါင်းပိုင်းကိုမြင်ရပြီး



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာရဲ့ခြေရင်းပိုင်းက အပေါက်ငယ်ကို ဖွင့်ပြတော့ ခါးကွေးထိုင်နေတဲ့ ကောင်မလေးရဲ့ခြေထောက်တွေကို မြင်ရတော့တာပေါ့။

ပြီးမှ အဲဒီသေတ္တာနှစ်ပိုင်းကို ပြန်ဆက်၊ ခုံပေါ်ပြန်တင်ပြီး ခြေရင်းပိုင်းက ကောင်မလေးက သေတ္တာရဲ့နောက်ဖက် လျှို့ဝှက်တံခါးကိုဖွင့်ပြီး ခုံအောက်ထဲက အံပျက်ထဲဝင်သွားမယ်။

အဲဒီအချိန်မှာ မျက်လှည့်ဆရာက သေတ္တာရှည်ရဲ့အပေါ်ဖုံးကို ဖွင့်လိုက်မယ်၊ စံပယ်မြိုင်လည်း အကောင်းပကတိနဲ့ သေတ္တာရှည်ထဲက ထွက်လာမယ်။

သူတို့ရဲ့ပြကွက်က ဒါပဲ၊ သွေးတွေဆိုတာလည်း သူ့သွေး မဟုတ်ဘူး၊ အမဲသွေးလို ဝက်သွေးလို ဟာမျိုးတွေ သိပြီလား"

ဟု ဆက်တိုက်ပြောချလိုက်ရာ မန်ကျည်းတန်းနေခမှာ ပါးစပ်ကြီးအဟောင်းသားဖြစ်သွားပြီး ကျော်စွာ၏ အကြီးကော်လာကို လွှတ်ပေးလိုက်ရတော့၏။ သူ၏ခါးကိုင်လက်မှာလည်း အောက်သို့ ကျသွားရတော့၏။

မျက်လှည့်ဆရာကြီး၏ ပြကွက်ဆန်းကြီးအား အလွန်အထင်ကြီးစွာဖြင့် ကြည့်နေခဲ့ကြသည့် ပရိသတ်ကြီးသည်လည်း . .

"ဟင် . . . အဲဒီလိုလား"

"ဒါဆို . . . လိမ်တာပေါ့"

"ငါတို့ကတော့ တကယ့်စုန်းတိုက်၊ ကဝေတိုက်၊ အစိမ်းတိုက်အောက်မေ့လို့ အံ့သြပြီး ကြည့်နေတာ၊ လက်စသတ်တော့ အံပျက်တွေ၊ တံခါးဝှက်တွေနဲ့ လှည့်ဖြားပြီး ငါတို့ပိုက်ဆံတွေကို ယူနေတာကိုး" ဟု တစ်ယောက်တစ်ပေါက် ကြွက်ကြွက်ညံအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောကုန်ကြတော့၏။

မျက်လှည့်ဆရာကြီးတာနေသည်း အခြေအနေမဟန်တော့မှန်း ရိပ်မိလိုက်သဖြင့် သူ၏တပည့်များအား ဇာတ်စင်ရှေ့မှ ပြည်ဖုံးကား လိုက်ကာနီညိုရောင်ကြီးကို ကမန်းကတန်းချစေကာ သူ့ပြပွဲကို ကသုတ်ကယက်ပင် သိမ်းလိုက်ရတော့၏။

"ဟော့ကောင် . . . ကျော်စွာ၊ လာလာ . . . မင်းကြောင့် မျက်လှည့်ပွဲပျက်သွားပြီ၊ မျက်လှည့်ဆရာကြီးရဲ့ တပည့်တွေက မင်းကို အမှုန့်ကြိတ်လိမ့်မယ်၊ ငါတို့ မြန်မြန်လစ်ကြစို့" ဟု ခပ်လောလောပြောကာ မင်းပုညနှင့် အောင်စိုးတို့မှာ ကျော်စွာ၏လက်ကို အတင်းဆွဲခေါ်သွားကြတော့၏။

မျက်လှည့်ရုံ၏နောက်မှာတော့ မျက်လှည့်ဆရာကြီးတာနေမှာ အကြီးအကျယ် ဒေါသပုန်ထလျက် ရှိလေ၏။

"တောက် . . . အပွဲပွဲနွှဲလာတာကွ၊ ဒီနေ့ညကျမှ ငါ့မှာ နှိပ်ပစ်ခံရတော့တယ်"

"ဟုတ်တယ် ဆရာကြီး၊ အဲဒီကောင်လေးရဲ့မျက်ခွက်ကို ကျွန်တော်ဖြင့် ပြေးထိုးချင်လိုက်တာ၊ ပိုပြီးရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်မှာစိုးလို့ . . ."

"ငါလည်း အဲဒီကောင်လေးကို သတ်ပစ်ချင်တာပဲကွ၊ ဒါပေမယ့် လူကြားထဲမှာ အဲဒီလိုသွားလုပ်လို့ မဖြစ်ဘူးကွ၊ လူတွေက ငါတို့ရဲ့လှည့်ကွက်ကို ဘွင်းဘွင်းကြီးသိသွားပြီး သူတို့ပိုက်ဆံကို လိမ်ယူတယ်ဆိုပြီး ဒေါပွနေကြရတဲ့အထဲ ငါတို့က ဒီလိုလုပ်ရင် ပရိသတ်က ငါတို့ကို ဆွမ်းကြီးဝိုင်းလောင်းကြမှာကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ထမင်းအိုးကို ရိုက်ခွဲတဲ့ အဲဒီကောင်ခလေးကို မှတ်လောက်သားလောက်အောင် ဆုံးမနိုင်ကွပ်ပစ်ရမယ်ကွ၊ တွေ့မယ် . . . တွေ့မယ်"

ဟု ဒေါသတကြီးဖြင့် တဖွဖွ ပြောမဆုံးဖြစ်နေပါတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မျက်လှည့်ဆရာကြီး တာနေဝမှာ သူ့အား လူပုံပရိသတ် အလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဝင်ရောက်နှောင့် ယှက်ခဲ့သော အသားဖြူဖြူ ရုပ်ရည်သန့်ပြန့်ချောမောသည့် လူငယ် လေးကို ဘယ်လိုမှ မကျေနပ်နိုင်အောင် တာနှံ့နှံ့ခံစားနေရ၏။

ယခုဆိုလျှင် အထက်ချင်းတွင်းမြစ်ရိုးတစ်လျှောက် ထမံသီ အထိ ဂမ္ဘီရဟူသော စကားလုံးသုံးကာ လိမ်ညာပြသစားသောက်နေ သော သူ့အဖြစ်ကို တစ်ယောက်ကအစ တစ်ရာဆိုသကဲ့သို့ တစ်ဆင့် စကားတစ်ဆင့်နားဖြင့် သိသွားကြပြီဖြစ်ရာ သူတို့အဖွဲ့မှာ ထမံသီမှ ဘုရားပွဲတွင် ဆက်လက်ပြသရန် စီစဉ်ထားပြီးမှ ကိုအစီအစဉ်ကို ဖျက်သိမ်းလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . ငါတို့အဖွဲ့ကို ဒုက္ခပေးခဲ့တဲ့ အဲဒီကောင်လေးကို တစ်ခုခုတုန့်ပြန်ရမှ ငါကျေနပ်မယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်လည်း အဲဒီအတိုင်းဆုံးဖြတ်ထားပါတယ်"

ဖိုးတေက ဒေါသပွားလျက်ရှိသော ဆရာကြီးတာနော၏ သဘောထားရည်ရွယ်ချက်ကို မေးလိုက်လေ၏။ ဆရာကြီးတာနောမှာ မုတ်ဆိတ်မွေးကြမ်းများရှိသော မေးစေ့ကို လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်ရာမှ . . .

"ပထမဦးဆုံး အဲဒီကောင်လေးရဲ့နာမည်နဲ့ ဘယ်မှာနေသလဲဆိုတာ စုံစမ်း ဖိုးတေ၊ ဒီကောင် ဘာလုပ်ကိုင်စားသလဲ၊ ဘယ်သွားလို့ ဘယ်လာတတ်သလဲဆိုတာ စုံစမ်း၊ ငါတို့ ဒီမြို့ကနေ မခွာခင် အမြန်ဆုံးစုံစမ်းပြီးရင် ဘာဆက်လုပ်ရမလဲဆိုတာ ပြောမယ်"

ဟု ညွှန်ကြားလိုက်ရာ ဖိုးတေမှာ ဆရာဖြစ်သူ၏ အမိန့်အတိုင်း ဘုရားပွဲတွင် သူတို့အဖွဲ့ကို နှောင့်ယှက်ဒုက္ခပေးခဲ့သော ကျော်စွာကို မြို့နေရာအနှံ့၌ လိုက်လံရှာဖွေလေတော့၏။

ဖိုးတေသည် မြို့လေး၏အလယ်ခေါင်ရှိ ဈေးနှင့်အနီးတဝိုက်တွင်လည်းကောင်း၊ ကားဂိတ်တွင်လည်းကောင်း၊ ချင်းတွင်းမြစ်ကမ်းခြေမှ လှေဆိပ်ဖောင်ဆိပ်တို့တွင်လည်းကောင်း သွားရောက်စုံစမ်းထောက်လှမ်းလျက် ရှိ၏။

နောက်တစ်နေ့နံနက်ခင်းတွင် ကျော်စွာသည် သူငယ်ချင်းမင်းပုညနှင့် အောင်စိုးတို့နှင့်အတူ ရေကူးရန် ချင်းတွင်းမြစ်ဆိပ်သို့ ဆင်းခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြစ်ဆိပ်အနီးမှ အကြော်ဆိုင်လေးတွင် အကြော်ဝယ်စားရင်း မြစ်ဆိပ်သို့ ဆင်းသူတက်သူများအကြား မျက်စိကစားနေသော ဖိုးတေက ကျော်စွာကို မြင်တွေ့သွား၏။

"ဟော . . . ဟိုကောင်လေးပဲ၊ တွေ့ပြီ . . . တွေ့ပြီ"

ဖိုးတေမှာ မျက်လှည့်ပွဲခင်းထဲတွင် မီးရောင်အောက်၌ အထင်အရှားမြင်တွေ့ခဲ့ရသော ကျော်စွာကို ကောင်းစွာမှတ်မိသဖြင့် ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းပြီး အကြော်တဲထဲမှ ထွက်ခဲ့လေ၏။

သူသည် ကျော်စွာတို့သူငယ်ချင်းသုံးဦး ဆင်းသွားရာ မြစ်ဆိပ်သို့ နောက်မှနောက်ယောင်ခံလိုက်သွားရာ ကျော်စွာတို့မှာ သူ့ကို သတိပြုမိဟန်မတူဘဲ မြစ်ကမ်းခြေရှိ ကျောက်ဖျာကြီးဆီသို့ ဦးတည်သွားလေ၏။

ကျောက်ဖျာသို့ရောက်လေလျှင် ကျော်စွာတို့ သူငယ်ချင်းသုံးဦးသည် အဝတ်အစားများကိုချွတ်ပြီး ဘောင်းဘီတိုများဖြင့် ချင်းတွင်းမြစ်ရေထဲသို့ ခုန်ဆင်းကာ ရေကူးကြတော့၏။

ဖိုးတေကလည်း ကျောက်ဖျာအနီးရှိ ကျောက်တုံးတစ်ခုပေါ်ဝယ်ထိုင်လျက် ကြည်လင်စိမ်းမြသော ချင်းတွင်းမြစ်ရေကို ငေးကြည့်ရင်း ကျော်စွာတို့သုံးဦး၏ စကားသံများကို နားစွင့်လျက်ရှိလေ၏။

"ကျော်စွာရေ . . . မင်းနောက်လိုက်တာနဲ့ ဟိုမျက်လှည့်ဆရာကြီးတို့အဖွဲ့ ဘုရားပွဲပြီးတဲ့အထိတောင် မျက်လှည့်မပြနိုင်တော့ဘဲ ပတ်စာခွာဖျာသိမ်းပြီး တစ်ချိုးတည်းလစ်သွားတာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မင်းပုညက ပြောလိုက်ရာ ကျော်စွာက ရေကူးခြင်းကို ရပ်တန့်လိုက်ပြီး ရေထဲ၌ ခါးတစ်ဝက်ပေါ်သည်အထိ မတ်တပ်ရပ်ရင်း ကိုယ်အထက်ပိုင်းကို ချေးတွန်းလျက်မှ . . .

"ငါလည်း စိတ်မကောင်းပါဘူးကွာ၊ သူတို့အဖွဲ့ကို ဒုက္ခရောက်စေချင်တဲ့ စေတနာဆိုးနဲ့ အဲဒီလို ထလုပ်လိုက်တာ မဟုတ်ပါဘူး၊ ဟို . . . မန်ကျည်းတန်းနေခဆိုတဲ့ လူမိုက်ကြီးက စိန်ခေါ်တာနဲ့ ငါလည်း ငါသိထားတဲ့အတိုင်း စွတ်ပြောလိုက်မိတာပါ"

ဟု လေသံအေးအေးဖြင့် ပြောလိုက်၏။ ပြီးနောက် မျက်နှာကို လက်ခုပ်ဖြင့် ပွတ်သပ်ရင်းက . . .

"အေးကွာ . . . ငါ အဲဒီလိုလုပ်လိုက်လို့ မျက်လှည့်ဆရာကြီးတာနောရဲ့ မျက်နှာကြီးမည်းခနဲ ဖြစ်သွားတာတော့ ငါဂရုမစိုက်ပါဘူး၊ သူက မသိနားမလည်တဲ့ လူတွေကို အမျိုးမျိုးဟိတ်ဟန်တွေသုံး၊ လိမ်ညာစားသောက်နေသူမို့လို့ အလိမ်ပေါ်တဲ့တစ်နေ့မှာ သူဒီလိုခံရမှာပဲလေ၊ လိမ်ညာလှည့်ဖြားတဲ့ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူးကွာ၊ တစ်နေ့တော့ မဟုတ်တာလုပ်ထားတာ ပေါ်မှာပါပဲ"

"တကယ်ဆို ကိုယ်က မျက်လှည့်ပြတာပဲ၊ ရိုးရိုးသားသားပွင့်ပွင့်လင်းလင်းပြောပြီး ကျွန်တော်တို့ရဲ့ မျက်လှည့်လက်လှည့်ပညာနဲ့ပြတာပါဆိုပြီး ပရိသတ်ကို အမှန်အတိုင်း ပြောပြသင့်တာပေါ့၊ မျက်လှည့်လက်လှည့်ပညာဆိုတာဟာလည်း လေးစားအပ်တဲ့ ပညာတစ်မျိုးပါပဲ"

"ခုဟာက စုန်းကဝေ၊ တန္တေသရဲ့ အစိမ်းတိုက်ပြီးပဲ နိုင်းစေ



www.burmeseclassic.com

www.burmeseclassic.com



သလိုလို၊ ရှမ်ဗဲလားက ရရှိလာတဲ့ တကယ့်ဂမ္ဘီရပညာစွမ်းနဲ့ပဲ အဲဒီ ပြကွက်တွေကို ပြသလိုလိုနဲ့ ဟိတ်ဟန်ထုတ်လိမ်ညာပြီး ပြတာကွ၊ အဲဒီလို ပြောင်လိမ်ပြောင်စားလုပ်တာကို ငါမကြိုက်လို့ သူတို့ရဲ့လှည့် ဖြားမှုကို ဖော်ထုတ်လိုက်တာပဲ"

"အဲဒီမျက်လှည့်ဆရာကြီးကတော့ မင်းကို အမုန်းကြိတ်ပစ် ချင်မှာပဲကွ၊ စင်ပေါ်မှာ ကန့်လန့်ကာကြီးကျလာနေတုန်း သူမင်းကို စိုက်ကြည့်နေတဲ့ မျက်လုံးတွေက ဒေါသကြောင့် အခိုးအငွေ့တွေ ထောင်းထောင်းထနေသလား အောက်မေ့ရတယ်၊ ငါတောင် သူ့ အကြည့်ကြောင့် ကြက်သီးဖြန်းခနဲ ထသွားတာပဲ"

"ဟုတ်တယ် ကျော်စွာ၊ အဲဒီမျက်လှည့်ဆရာကြီးရဲ့ ရုပ် လက္ခဏာက အတော်ရက်စက်ကောက်ကျစ်ပြီး အငြိုးကြီးမယ့်ပုံပဲကွ၊ သူ . . . မင်းကို တော်တော်ငြိုးသွားပုံရတယ်"

"အဲဒီလူကြီးကို ငါဂရုမစိုက်ပါဘူး၊ လူလိမ်လူညာတစ်ယောက် က မုန်းတာများ ငါက အရေးမလုပ်သေးဘူး၊ အေး . . . ငါမှတ်မှတ် ရရ သတိပြုမိတာက သူ့သမီးစံပယ်မြိုင်လေးကိုပဲ"

ကျော်စွာ၏စကားကြောင့် သူတို့၏ စကားများကို နားစွင့် နေသော ဖိုးတေမှာ ဘာသဘောနဲ့ ဒီကောင်လေးက စံပယ်မြိုင် အကြောင်း ထည့်ပြောပါလိမ့်ဟု စိတ်တိုစွာ တွေးတောရင်း ဝါးခမောက် အောက်မှနေ၍ မျက်လုံးကိုစွေကာ မျက်စောင်းထိုးကြည့်၏။

"မင်းက ဘာဖြစ်လို့ စံပယ်မြိုင်ကိုပဲ အလေးပေးပြီးပြောတာ လဲ"

"သူလေးက သိပ်လှတယ်ကွ၊ အပြစ်ပြောင်းစင်ပြီးတော့ကို

www.burmeseclassic.com



သွားတာ၊ ဒါကြောင့် သူလေး စိတ်အနှောက်အယှက်ဖြစ်မှာ စိတ်ညစ်သွားမှာကိုတော့ ငါမလိုလားတာ အမှန်ပဲ"

ထိုစကားကြောင့် တဟားဟား အော်ဟစ်ရယ်မောပြီးမှ . .

"ဟား . . . ဟား . . . ဟား . . . ကေန္တ မင်း . . . မျက်လှည့်ဆရာကြီးတာနောရဲ့သမီးကို ကြိုက်သွားပြီနဲ့တူတယ်၊ ဟုတ်လား . . . ကျော်စွာ" ဟုပြောလိုက်ရာ ကျော်စွာက မြစ်ရေကြည်ကြည်အေးအေးကို လက်ခုပ်ဖြင့်ခပ်ကာ မျက်နှာပေါ်သို့ ပက်ဖြန်းလိုက်ရင်း . . .

"အေးကွ . . . ငါ သူ့ရဲ့မျက်နှာလေးကို တွေ့တွေ့ချင်း ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ ရင်တွေ တဒိန်းဒိန်း ခုန်သွားသလိုပဲ၊ အခုထိ သူ့ရဲ့မျက်နှာလှလှလေးက မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်နေဆဲပဲကွ"

"တကယ်တော့ သူတို့မျက်လှည့်ပွဲရဲ့ လှည့်ဖြားချက်တွေကို ဝင်ရောက်ဖော်ထုတ်လိုက်ရတာကလည်း စံပယ်မြိုင်လေးကို သူ့အဖေနဲ့အတူ အရပ်တကာလှည့်ပြီး လိမ်လည်လှည့်ဖြား စားသောက်နေရတဲ့ ဘဝကနေ လွတ်မြောက်စေချင်တဲ့ စေတနာလည်း ပါပါတယ်ကွာ"

ဟု ကျော်စွာက ပြောလိုက်သည်တွင် သူတို့စကားကို နားစွင့်နေသော ဖိုးတေမှာ သူ၏နားနှစ်ဖက်ထဲသို့ သံရည်ပူများ လောင်းထည့်ခြင်းခံလိုက်ရသည့်နှယ် ဖျပ်ဖျပ်လူး ခံစားလိုက်ရလေ၏။

ထိုစဉ် လှေတစ်စင်းသည် ကျော်စွာတို့ ရေချိုးနေရာသို့ ခေါင်းစီးဖြင့် သာသာလေး ဝင်လာရာ ကျော်စွာက လှေဦးကို ဆွဲကိုင်ထားလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ . . . ကိုကြီးဇမုန်ထန်း၊ ဘယ်လဲဗျ" ဟု လှေလော် ခတ်လာသူအား မေးမြန်းလိုက်၏။ ထိုသူက လှော်တက်ကိုကိုင်ပြီး လှေပဲ့ကို ထိန်းလာရာမှ . . .

"ဟေ့ကောင် . . . ကျော်စွာ၊ မင်းနဲ့တွေ့တာ အတော်ပဲ၊ ငါ ရသေ့ကြီးဦးဒိဗ္ဗဆီ သွားမလို့ ငါနဲ့ လိုက်ခဲ့ကွာ၊ မင်းနဲ့ မြစ်ဖျားပိုင်းမှာ ရွှေသွားကျင်ဖို့ကိစ္စ ဆွေးနွေးစရာလည်း ရှိသေးတယ်"

ဟုပြောလိုက်ရာ ကျော်စွာမှာ ကျောက်ဖျာဆီသို့ ရေထဲမှ ပင် လျှောက်လာကာ . . .

"ကောင်းပြီလေ၊ ကျွန်တော်လည်း ရသေ့ကြီးဆီ ရောက်ဖူးချင်နေတာ၊ လိုက်ခဲ့မယ်"

ဟုပြောရင်း ကျောက်ဖျာထက်မှ သူ၏လုံချည်အင်္ကျီတို့ကို ကောက်ယူဝတ်ဆင်လိုက်ပြီး သူ့အား စောင့်ဆိုင်းနေသည့် ဇမုန်ထန်း၏လှေပေါ် တက်လိုက်၏။ ထို့နောက် မင်းပုညတို့ကို နှုတ်ဆက်ပြီး ၄င်းလှေနှင့်အတူ လိုက်သွားတော့၏။

ချင်းတွင်းမြစ်၏ရေစီးအတိုင်း မျောပါသွားသော လှေငယ်လေးကို ငေးကြည့်နေရာမှ ဖိုးတေက ထရပ်လိုက်ပြီး သူ၏ဆရာဖြစ်သူ မျက်လှည့်ဆရာကြီးတာနေ့ရှိရာ မြို့အရှေ့ဘက်သို့ သုတ်ခြေတင်လာခဲ့လေ၏။

ညောင်ကြပ်ပင်ကြီးအား အမှီပြုလျက် ရွက်ဖျင်တဲတိုင်ဘာ ယာယီစခန်းချနေသော မျက်လှည့်ဆရာကြီးတာနေ့မှာ သူ၏သီးသန့်ရွက်ဖျင်တဲအတွင်းဝယ် ဆတ်သားခြောက်ကြော်နှင့် အရက်ကို မြည်းလျက်ရှိရာမှ သူ၏ညာလက်ရုံးတပည့် ဖိုးတေပြောသမျှကို နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်လှုက်ရှိလေ၏။

ဆရာကြီးတာနေမှာ အရက်ကို တစ်ကျိုက်မျှသောက်လိုက်ပြီး ဆတ်သားခြောက်ကြော်ကို ဝါးလိုက်ပြီးမှ ထွီခနဲ တစ်ချက်ထွေးလိုက်ပြီးနောက် . . .

"အဲဒီကောင်လေးရဲ့နာမည်က ကျော်စွာတဲ့ . . ဟုတ်လား၊ အဲဒီကောင်ရဲ့နာမည်ကို သိရပြီဆိုတော့ ဒီကောင့်အကြောင်း စုံစမ်းရတာ လွယ်သွားပြီကွ"

"ရသေ့ကြီးဦးဒိဗ္ဗရဲ့ အကြောင်းကိုလည်း စုံစမ်းရမယ်၊ ဇမုန်ထန်းဆိုတာကရော ဘယ်သူလဲ၊ ခုပဲ ကိုဖြိုးတို့ကိုခေါ်ပြီး အဲဒီကောင်ရဲ့အကြောင်း ချက်ချင်းသွားပြီးစုံစမ်းတော့ ဖိုးတေ"

"ကောင်းပါပြီ ဆရာကြီး၊ ကျွန်တော်သွားပြီး စုံစမ်းလိုက်ပါ့မယ်"

ဖိုးတေက ရွက်ဖျင်တဲထဲမှ ပြန်လည်ထွက်ခွာသွားရာ ဆရာကြီးတာနေမှာ သူ့အတွေးနှင့်သူ ငြိမ်သက်စွာ ကျန်ရစ်ရင်း အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့၏။

ခဏအကြာတွင် စံပယ်မြိုင်သည် ဖခင်ကြီး၏ ရွက်ဖျင်တဲအတွင်းဝင်လာပြီး အရက်အတော်မူးနေပုံရသော ဖခင်ကြီးကိုတစ်လှည့် ဖခင်ကြီးရှေ့မှ စားပွဲဝိုင်းလေးပေါ်ရှိ ထောင်တစ်ချို့လဲတစ်ချို့ အရက်ပုလင်းများကိုတစ်လှည့်ကြည့်ကာ စိတ်ပျက်စွာ ခေါင်းရမ်းလိုက်လေ၏။

ထို့နောက် ဖခင်ကြီး၏အနီးတွင် ပဆစ်တုပ်ထိုင်လိုက်ပြီး-

"ဖေကြီး . . . ဘာဖြစ်လို့ ဒီလောက်တောင် အရက်တွေကို

www.burmeseclassic.com



အလွန်အကျွံသောက်ရတာလဲ” ဟု ဂရုဏာသံလေးဖြင့် မေးလိုက်ရာ ခေါင်းငိုက်စိုက်ကျနေသော ဆရာကြီးတာနေခက ခေါင်းကို ဖြည်းဖြည်းချင်းမော့ကာ သမီးဖြစ်သူကို ရီဝေစွာ ကြည့်လိုက်ပြီး . . .

“ဖေကြီးဟာ စိတ်မာန်ဘယ်လောက်ကြီးတယ်ဆိုတာ ငါ့သမီးသိတယ်နော် . . . အေ့ . . .”

“သိပါတယ် . . . ဖေကြီးရဲ့ . . .”

“အေး . . . ဖေကြီးဟာ တစ်ခုခုကို သိပ်ပြီးလုပ်ချင်လာပြီဆိုရင် လုပ်ကိုလုပ်ရမှ ကျေနပ်တဲ့သူပဲ၊ အဲဒီလို လုပ်ချင်တဲ့အလုပ်ကို မလုပ်ရမချင်း ရင်ထဲမှာ ပူလောင်နေတော့တာပဲ၊ စိတ်ညစ်နေရတော့တာပဲ၊ မှားမှားမှန်မှန် ကိုယ်လုပ်ချင်ရာကို လုပ်ရမှ ကျေနပ်တယ်၊ ဒါကို သိရဲ့လား . . . အေ့ . . .”

“ဟုတ်ပါပြီ . . . ဖေကြီးက ဘာကိုလုပ်ချင်တာလဲဆိုတာ ပြောပါဦး”

ဟုမေးရင်း စံပယ်မြိုင်က ဖခင်ကြီး၏ပခုံးကို လက်လေးနှစ်ဖက်ဖြင့် ထိန်းထောက်ပေးမထားရှာ၏။

ဆရာကြီးတာနေခက သမီးဖြစ်သူအား လျှာလေးအာလေးအသံဖြင့် . . .

“ဒီမှာ သမီး၊ ဖေကြီးလုပ်ချင်တာကတော့ ဖေကြီးရဲ့ထမင်းအိုးကို ရိုက်ခွဲသွားတဲ့ ကျော်စွာဆိုတဲ့ကောင်လေးကို သတ်ပစ်ချင်တာပဲ . . . သိလား”

စံပယ်မြိုင်သည် ဖခင်ကြီး၏စကားကို ကြားရပြီးသော် သတ်ပြင်းမောလေးချပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးရယ် . . . အဲဒီကျော်စွာဆိုတဲ့လူက ဘုရားပွဲမှာ သမီးတို့သေတ္တာထဲဝင်တဲ့ ပြကွက်ပြနေတုန်းမှာ နှောက်ယှက်သွားတဲ့ လူ မဟုတ်လား၊ ဖေကြီးတစ်ချိန်လုံး သူ့အကြောင်းပဲ ပြောပြောနေ တာ သမီးကြားနေရပါတယ်။

ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲ ဖေကြီးရယ်၊ အဲဒီလူကို ဖေကြီး ခေါင်းထဲကနေ ထုတ်လိုက်ပါတော့၊ သမီးတို့ မန္တလေးဘက် ပြန်ဆင်း ပြီး မျက်လှည့်ဆက်ပြကြတာပေါ့"

ဟုစံပယ်မြိုင်က ဖြောင်းဖျသလို ပြောလိုက်၏။

သို့သော် ဆရာကြီးတာနော၀က သူ၏ကြီးမားလှသော ခေါင်း ကြီးကို ရမ်းခါလိုက်ပြီး . . .

"မရဘူးသမီး . . . မရဘူး၊ ဖေကြီးကို အဲဒီကောင်က လူပုံ အလယ်မှာ တည့်တည့်လင်းလင်းကြီးကို အရှက်ခွဲသွားတာ၊ ဖေကြီး ကို ပွဲကြည့်ပရိသတ်တွေ ဝိုင်းမရိုက်လိုက်တာ ကံကောင်းလို့ပဲ၊ ထွီ . . . ကိုယ်နဲ့မဆိုင်ဘဲနဲ့ ငါ့ကို ဝင်ချောက်ချသွားတဲ့ကောင်ကို ငါကိုယ် တိုင်သတ်ရမှ ကျေနပ်မယ် . . . ဟင် . . . ထွီ . . . "

ဟုပြောရင်းက ဒေါသထွက်လျက်ရှိရာ စံပယ်မြိုင်မှာ စိတ် မသက်သာစွာဖြင့် ဖခင်၏မျက်နှာကို ငေးမောကြည့်နေရာမှ သက် ပြင်းတစ်ချက်ရှိုက်လိုက်ရင်း . . .

"ကဲပါ . . . ဖေကြီးရယ်၊ စိတ်ကိုလျှော့လိုက်ပါဦး၊ သိပ် လည်း မူးနေပြီ၊ နားယူရင်း ခဏလောက်အိပ်လိုက်ဦးနော် . . . ဖေကြီး"

ဟု ဖခင်ကြီးအား ချော့မော့ကာ အိပ်ရာထက်၌ လှဲအိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စေ၏။

မျက်လှည့်ဆရာကြီးတာနောမှာ သတ်မယ် . . . သတ်မယ် . . . ဟု ဗလုံးဗထွေးအော်နေရာမှ အတန်ကြာသည်တွင် ငြိမ်တူ သွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

ဖိုးတေသည် ကိုဖြိုးနှင့်အတူ မြို့လေးကိုပတ်ရင်း ကွမ်းယာဆိုင်၊ လဘက်ရည်ဆိုင်အနှံ့ဝင်ကာ ကျော်စွာ၏အကြောင်းကို မသိမသာ တစ်ခွန်းစနှစ်ခွန်းစ စုံစမ်းထောက်လှမ်းရာမှ အတော်ပြည့်စုံစွာ သိလာရတော့၏။

အရက်ဆိုင်တစ်ဆိုင်တွင် အရက်ဝင်သောက်ရင်း အရက်သမားတစ်ဦးထံမှလည်း ဇမုန်ထန်းနှင့် ရသေ့ကြီးဦးဒိဗ္ဗ၏အကြောင်းကို သိလိုက်ရပြန်၏။

"ဇမုန်ထန်းက ကျုပ်လိုပဲ သောက်သောက်စားစား လူမင်းသားဗျ၊ ဒါပေမယ့် အဲဒီကောင်က သိပ်စပ်စုတတ်ပြီး နေရာတကာ နှံ့နှံ့စပ်စပ်ရောက်တဲ့ကောင်၊ ပြီးတော့ သိပ်ကြီးပွားချမ်းသာချင်တဲ့ကောင် . . . ။

လူကသာ လက်ကြောမတင်းတာ၊ ရပေါက်ရလမ်းရှိရင် ဘနဖူးတော့င် သိုက်တူးမယ့်ကောင်၊ ဟိုတစ်လောက ကျောက်ပုထိုးဒေသမှာ ရွှေသွားတူးသေးတယ်၊ ငှက်ဖျားမိပြီး ပြန်ပြေးလာတာ ကံကောင်းလို့ မသေတယ်၊ အဲဒီလို လောဘကြီးတဲ့ကောင်ကွ . . . ဟား . . . ဟား . . . ဟား . . . ။

ကျုပ်နဲ့လည်း ခင်တယ်၊ အဲဒီကောင်က ပွဲပေါ်လိုက်ကြံနေတဲ့ အာဂကောင်ဗျ၊ သိရဲ့လား . . . ဟား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



အရက်ကိုမော့လိုက် ဇမုန်ထန်းအကြောင်း ရောက်တတ်ရာရာပြောလိုက် လုပ်နေသည့်ပုဂ္ဂိုလ်ကို အရက်တိုက်ရင်း ရသေ့ကြီး ဦးဒိဗ္ဗအကြောင်း ဆက်ပြီးအစ်အောက်မေးရလေ၏။

"ရသေ့ကြီးဦးဒိဗ္ဗအကြောင်းလည်း ပြောပါဦးဗျ"

"အဲဒီရသေ့ကြီးက အဂ္ဂိရတ်သမားကြီးဗျ၊ ဝိဇ္ဇာရှူးရှူးနေတဲ့သူ . . ."

"ဟုတ်လား . . . သူက ဘယ်မှာနေတာလဲဗျ"

"သူက ဟုမ္မလင်းနဲ့ မောင်းခမ်းကြားက ချင်းတွင်းမြစ်ရဲ့ အနောက်ဖက်ကမ်း အင်တိုင်းတောစပ်မှာ တဲထိုးပြီး တစ်ကိုယ်တည်းနေတာဗျ၊ သူက အရင်ကတော့ မုဆိုးကြီးတစ်ယောက်ပဲ၊ နာဂတောင်တန်းဖက်မှာ အမဲလိုက်ရင်း ဝိဇ္ဇာမိုရ်ရှိတစ်ဦးနဲ့ တောထဲမှာတွေ့ရာက ထွက်ရာပေါက်လမ်းကို စိတ်ဝင်စားသွားပြီး မုဆိုးအလုပ်ကို စွန့်ပြီး ရသေ့ဝတ်သွားတာလို့ ကြားရတာပဲဗျ"

"ဩော် . . . ဒီလိုလား"

"ဟုတ်တယ်၊ သူက ရသေ့ဝတ်ပြီး ဖိုချည်းထိုးနေတော့တာပဲ၊ ရွှေဖြစ်ငွေဖြစ် ထွက်ရပ်ပေါက်ထိုးတာလို့ ပြောတာပဲ၊ ကျုပ်တောင် သူ့ရဲ့တောထဲက ကျောင်းကို ဇမုန်ထန်းနဲ့ တစ်ခေါက်နှစ်ခေါက် ရောက်ဖူးသေးတယ်၊ အဲဒီရသေ့ကြီးက စိတ်ကြမ်းလူကြမ်း ဘုဂလန့်သမားကြီးဗျ၊ ဒါကြောင့် ကျုပ်တို့မြို့က လူတွေနဲ့ မတည့်လို့ သူနဲ့ ဘယ်သူမှ အဆက်အသွယ်မလုပ်ကြဘူး၊ ဇမုန်ထန်းကတော့ ပွဲပေါက်ကြံနေတဲ့ကောင်ဆိုတော့ တစ်နေ့နေ့မှာ ရသေ့ကြီးဆီက ရွှေဖြစ်ငွေဖြစ် အဂ္ဂိရတ်နည်းလေးများ ရမလားဆိုပြီး မျှော်ကိုးနေပုံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီကောင်က ရသေ့ကြီးဆီ တစ်လတစ်ခေါက်နှစ်ခေါက် ရိကျွာသွားသွားထောက်ပံ့လေ့ရှိတယ်ဗျ"

ညနေစောင်း၍ မြို့ထဲမှ ပြန်လာသည့်အခါ ဖိုးတေမှာ ကျော်စွာ၊ ဇမုန်ထန်းနှင့် ရသေ့ကြီးဦးဒိဗ္ဗတို့၏အကြောင်းကို အတော်လေး သိရှိခဲ့လေ၏။

မျက်လှည့်ဆရာကြီးတာနော့မှာလည်း အိပ်ရာမှနိုးထကာ ရေမိုးချိုးပြီးပြီဖြစ်၍ အတော်အတန် လန်းဆန်းနေပုံရ၏။ ထိုအချိန်မှာပဲ ဖိုးတေသည် သူသိထားခဲ့သည့် အချက်အလက်များကို သူ့ဆရာကြီးထံ အသေးစိပ် အစီရင်ခံနေလေ၏။

"သြ . . . ကျော်စွာဆိုတဲ့ ဂြိုလ်ကောင်လေးက မိဘမဲ့၊ ဆွေမျိုးသားချင်းမဲ့ တစ်ကောင်ကြွက်လေးပေါ့ ဟုတ်လား၊ အလုပ်မရှိ အကိုင်မရှိ ကျောထောက်နောက်ခံ ဘာမှမရှိဘဲ ဂြိုလ်ကြွနေတဲ့ ကောင်လေးပေါ့ . . . ဟုတ်လား၊ အင်းပေါ့လေ . . . အဲဒီလို အသိုင်းအဝိုင်းမရှိတော့ ပိုပြီးလွယ်လွယ်ကူကူ နှိပ်ကွပ်ဆုံးမလို့ ရတာပေါ့"

ဟု ကျေနပ်စွာပြောရင်း သူ၏ထူအန်းအန်း ပသိုင်းမွေးများကို လက်ချောင်းများဖြင့် ပွတ်သပ်နေလေ၏။ ထို့နောက် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားတွေးတောနေရင်းက . . .

"ကဲ . . . ဖိုးတေရေ၊ ဒီလိုလုပ်ကွာ၊ မင်းနဲ့ ကိုဖြိုးက ဒီမြို့မှာ နေရစ်ခဲ့၊ ငါနဲ့ ကျန်တဲ့အဖွဲ့သားတွေက ဟုမ္မလင်းက ဆင်းပြီးတော့စောင့်မယ်၊ ဟုမ္မလင်းမှာ နတ်တော်လပြည့်နေ့ အောင်ဒေသမှုဘုရားပွဲရှိတယ်၊ အဲဒီမှာ ငါတို့ပွဲဝင်ရင်း မင်းတို့ကို စောင့်နေမယ်"

"မင်းနဲ့ကိုဖြိုးက ဒီမြို့မှာ အကြောင်းတစ်ခုခုပြီး နေရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျော်စွာဆိုတဲ့ကောင်ကို ခြေရာခံပြီး မျက်ခြေမပြတ်လိုက်နေ၊ အခွင့်သင့်တာနဲ့ မှတ်လောက်သားလောက်အောင် နှိပ်ကွပ်ရမယ်။

အဲဒီကောင်လေးကို ငါကိုယ်တိုင် ဆုံးမချင်ပေမယ့် အခြေအနေအရ မင်းက ငါ့ကိုယ်စား ဆုံးမနှိပ်ကွပ်ပေးပေတော့၊ မင်းတို့အတွက် ငွေအလုံအလောက် ငါပေးထားခဲ့မယ်၊ ပိပိရိရိနဲ့သာ လုပ်ခဲ့ကြ၊ သေလောက်တဲ့အထိတော့ မလုပ်နဲ့၊ ငါ့အနေနဲ့ အဲဒီဂြိုလ်ကောင်လေးကို တစ်ခုခုမလုပ်ရမချင်း စိတ်ထဲမှာ ဘဝင်မကျဖြစ်လွန်းလို့ တွေးမိတိုင်း ဒေါသကြီးဖြစ်နေတယ်၊ ဒီကောင်ငလေးကို တစ်ခုခုမတုန့်ပြန်ရမချင်း ငါဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး"

ဖိုးတေမှာ သူ့ဆရာကြီး၏ စိတ်ဓါတ်ပြင်းထန်မှု၊ အငြိုးကြီးတတ်မှု၊ ခေါင်းမာမှုတို့ကို အလုံးစုံနီးပါး သိထားပြီးဖြစ်၍ ဆရာကြီး၏မိန့်မှာမှုကို စိုးစဉ်းမျှငြင်းပယ်ရန် မစဉ်းစားဘဲ ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ပေးရန်သာ ဆုံးဖြတ်ထားလေရာ . . .

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် အဲဒီကောင်စုတ်လေးကို ဖြစ်တဲ့နည်းနဲ့ နှိပ်ကွပ်ပေးပါ့မယ်၊ ဆရာကြီးနဲ့ ကျွန်တော်တို့အဖွဲ့အပေါ် စော်ကားမော်ကားလုပ်ရပ်မျိုးလုပ်ပြီး နှောက်ယှက်မိတဲ့အတွက် အဲဒီကောင်စုတ်လေး နောင်တကောင်းကောင်း ရသွားစေရပါမယ်"

တပည့်ဖြစ်သူ၏ ရဲရဲတောက်စကားကို ကြားရသည်တွင် ဆရာကြီးတာနေ့မှာ အားရပါးရ ပြုံးလိုက်ပြီး . . .

"ဟုတ်ပြီ . . . ဒါမှ ငါ့တပည့်ကြီးကွ၊ အဲဒီကျော်စွာဆိုတဲ့ ဂြိုလ်ဆိုးလေးကိုသာ မှတ်လောက်တဲ့အထိ နှိပ်ကွပ်လိုက်စမ်းပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ရင် မင်းကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုမယ်"

သူ့ဆရာကြီး၏ မက်လုံးပေးပြောလိုက်သည့် စကားကြောင့် ဖိုးတေမှာ ပို၍ပင် တက်ကြွသွားတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ချင်းတွင်းမြစ်ကမ်းနှင့် မနီးမဝေးအင်တိုင်းတောအစပ်ရှိ ကျောင်းသခ်န်းတဲငယ်လေးထဲဝယ် ရသေ့ကြီးဦးဒိဗ္ဗသည် ရှေးဟောင်း ပေရွက်တစ်ရွက်ကို ရှေ့၌ချရင်း ဇမုန်ထန်းနှင့် ကျော်စွာတို့အား ရှေးဟောင်းရတနာဂူကြီးဖြစ်သော နဝင်ရွှေစင်ဂူကြီးနှင့် ပတ်သက်ပြီး စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိလေ၏။

"ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တဲ့ ဘုရင့်နောင်မင်းတရားကြီးဟာ ဟံသာဝတီမှာ 'ကမ္ဘောဇသာဒီ' နန်းတော်ကြီးကို တည်ဆောက်ပြီး သက္ကရာဇ် ၉၁၅ ခု၊ တပို့တွဲလဆန်း (၆) ရက်နေ့မှာ သီရိသုဓမ္မရာဇာဘွဲ့ ခံယူတော်မူပြီး နန်းတက်ပြီးတဲ့နောက် အုဘစ်လူငါတစ်မင်း အကွဲကွဲအပြားပြားဖြစ်နေတဲ့ မြန်မာတစ်နိုင်ငံလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို စည်းရုံးသိမ်းသွင်းနိုင်ဖို့အတွက် ရာမညတိုင်း မွန် (၃) ရပ်၊ သရေခေတ္တရာတစ်လွှား ကေတုမတီနယ်တစ်လျှောက် သိမ်းသွင်းခဲ့တယ်။

မင်းတရားကြီးဟာ ညီတော်တောင်ငူမင်းခေါင်ကို အနေ့ကြောင်း၊ ညီတော်မင်းရဲကျော်ထင်ကို အလယ်ကြောင်း၊ မင်းတရားကြီးကိုယ်တိုင်က အနောက်ကြောင်းကနေ ဦးစီးပြီး စစ်ကြောင်းသုံးကြောင်းဖြန့်ကာ အထက်မြန်မာပြည်တစ်လွှားကို ချီတက်တိုက်ခိုက်သိမ်းပိုက်ရာက . . .

မင်းတရားကြီးဟာ သူနဲ့အတူ ချီတက်လာတဲ့ ညီတော်တပ်မှူးသတိုးဓမ္မရာဇာကို ရေကြောင်းချီတပ်ကို ဦးစီးစေပြီး ဒီချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ဆန်တက်တိုက်ခိုက်စေခဲ့တယ်ကွဲ့။

တပ်မှူးသတိုးဓမ္မရာဇာရဲ့ ရေကြောင်းချီတပ်တွေဟာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် အမြင့်၊ ဗဒုံ၊ ကမ်းနီတို့အထိ ချီတက်ပြီး လုပ်ကြံအောင်မြင်ခဲ့တယ်။

အဲဒီနောက် ဘုရင့်နောင်မင်းတရားကြီးရဲ့ တပ်တော်ကြီးဟာ အင်းဝကို အောင်မြင်ပြီးတဲ့နောက် အင်းဝဘုရင်နရပတိကို စစ်ကူပေးခဲ့တဲ့ မိုးကောင်းစော်ဘွား၊ မိုးညှင်းစော်ဘွား၊ ကလေးစော်ဘွားတို့ရဲ့တပ်တွေကို လိုက်လံတိုက်ခိုက်ရာက စော်ဘွားသုံးဦးရဲ့တပ်တွေဟာ သာဝတ္ထိတိုက်ပွဲမှာ အရှုံးကြီးရှုံးပြီး တပ်ပျက်ခဲ့ရတယ်။

မင်းတရားကြီးရဲ့ ညီတော်မင်းရဲကျော်ထင်ဟာ သတိုးမင်းစောဆိုတဲ့ ဘွဲ့အမည်ကို ပိုင်စိုးပြီးတဲ့နောက် စော်ဘွားသုံးဦးရဲ့တပ်တွေကို မြေဒူးမြို့အထိ လိုက်လံချေမှုန်းရာက အဲဒီစော်ဘွားသုံးဦးရဲ့တပ်တွေဟာ အကွဲကွဲအပြားပြားဖြစ်ပြီး သူတို့နဲ့အတူပါလာတဲ့ အင်းဝ



www.burmeseclassic.com

www.burmeseclassic.com



နန်းစဉ်ရတနာတွေကို စော်ဘွားသုံးဦးစလုံးက ယုံယုံကြည်ကြည်နဲ့ အပ်နှံထားတဲ့ ဘဏ္ဍာတော်ထိန်းအမတ်ကြီး စက္ကဒေဝဟာ ဟံသာဝတီတပ်တွေရဲ့ရန်က လွတ်ကင်းအောင် လှေတစ်စင်းနဲ့ ချင်းတွင်းမြစ်ဖျားပိုင်းအထိ သယ်ယူပြေးခဲ့တယ်ကွဲ့။

နောက်ကလည်း မြစ်ကြောင်းအတိုင်း ဟံသာဝတီတပ်တွေက ထက်ကြပ်လိုက်နေတော့ အမတ်ကြီးစက္ကဒေဝဟာ သူ့ရဲတစ်ကျိပ်နဲ့အတူ ရတနာသေတ္တာတွေကို မြစ်ဖျားပိုင်းကနေ တောလမ်းအတိုင်း သယ်ပိုးယူဆောင်ပြီး နွယ်မောက်တောင်ကို ဖြတ်ကျော်ချီတက်ခဲ့တယ်။

နောက်တော့ စာရာမေတီတောင်ခြေမှာ ခေတ္တခိုလှုံစခန်းချပြီး နန်းစဉ်ရတနာသေတ္တာကို တောထဲမှာဝှက်ဖို့ နေရာရှာဖွေနေတုန်း ဟံသာဝတီတပ်တွေက နန်းစဉ်ရတနာတွေ သယ်ယူသွားတဲ့ သတင်းကြားပြီး တောနင်းလိုက်လာကြရာ . . .

အမတ်ကြီးစက္ကဒေဝဟာ စာရာမေတီတောင်ခြေမှာ မနေဝံ့တော့ဘဲ နာဂတောင်တန်းအထိ ဆက်လက်ချီတက်ခဲ့ရာက လဟယ်၊ အုံ့ပေါ်ဒေသတွေကို ဖြတ်သန်းပြီး လူသူအရောက်အပေါက် လုံးဝမရှိတော့တဲ့ ဟိုးနိုင်ငံအစွန်အဖျား တောနက်ကြီးထဲက ပတ်ကွိုင်တောင်တန်းကိုပါ ဖြတ်ကျော်ခဲ့ပြီးမှ အလွန်တရာခေါင်လှတဲ့ တောနက်ကြီးထဲမှာ နန်းစဉ်ရတနာသေတ္တာကြီးကိုးလုံးကို လျှို့ဝှက်မြှုပ်နှံဖို့ ဂူကို ရှာဖွေနေတုန်း တောနက်ထဲက ရုတ်တရက် ထွက်ပေါ်လာတဲ့ လူရိုင်းတွေရဲ့ တိုက်ခိုက်မှုကိုခံရပြီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားရာက အမတ်ကြီးနဲ့အတူပါလာတဲ့ ရဲမက်တစ်ကျိပ်လုံး ကျဆုံးသွားခဲ့ရတယ်။

အမတ်ကြီးကတော့ အသက်မသေဘဲ ဒဏ်ရာပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com



ထန်ထန်ရရှိပြီး သတိလစ်မေ့မျောသွားရှာတယ်တဲ့၊ လူရိုင်းတွေက အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ အမတ်ကြီးကိုတော့ သတ်မပစ်ဘဲ သူတို့ရဲ့တောတွင်းစခန်း လျှို့ဝှက်ဂူကြီးဆီကို ခေါ်သွားပြီး ရတနာသေတ္တာကိုးလုံးကိုပါ သယ်ဆောင်ခဲ့ကြတယ်တဲ့။

အမတ်ကြီးသတိရလာတော့မှ သူဟာ လူရိုင်းမျိုးနွယ်တစ်ခုရဲ့ ဖမ်းဆီးခြင်းခံရတာကိုသိပြီး သူ့ကိုသတ်မပစ်တာကိုတောင် ကျေးဇူးတင်နေရတယ်တဲ့၊ လူရိုင်းတွေဟာ အမတ်ကြီးကို အသက်အန္တရာယ်မပြုဘဲ ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ထားပေမယ့် သူတို့ရဲ့လျှို့ဝှက်ဒေသကို အပြင်လောကက လူစိမ်းတွေ သိသွားမှာစိုးလို့ အမတ်ကြီးကို လုံးဝပြန်မလွှတ်ပေးတော့ဘူးတဲ့။

ဒီလိုနဲ့ပဲ အမတ်ကြီးဟာ လူရိုင်းတို့ရဲ့ဒေသမှာ ဆယ်နှစ်လောက် နေထိုင်ခဲ့ရပြီး သူနဲ့လူရိုင်းတွေဟာ တစ်သွေးတည်းတစ်သားတည်း ဆွေမျိုးရင်းချာတွေလို ခင်မင်သွားခဲ့ကြတယ်၊ လူရိုင်းဘုရင်ကြီးဟာ အမတ်ကြီးနဲ့ အလွန်ပဲ ရင်းနှီးသတဲ့။

လူရိုင်းတောထဲမှာ နှစ်ပေါင်းများစွာကြာအောင် နေခဲ့ရတော့ အမတ်ကြီးဟာ လူရိုင်းတွေရဲ့ ဓလေ့ထုံးတမ်းတွေနဲ့ ယဉ်ပါးကျွမ်းဝင်ခဲ့ရသလို လူရိုင်းတွေရဲ့ စကားကိုလည်း တတ်ကျွမ်းလာခဲ့ရသတဲ့။

လူရိုင်းတွေကိုလည်း သူက မြန်မာစကား သင်ကြားပေးခဲ့လို့ သူတို့ဟာ အတော်တတ်ကျွမ်းခဲ့ကြပြီး ယဉ်ကျေးမှုလည်း အတော်မြင့်မားလာသတဲ့၊ အဲဒီလိုနဲ့ ဆယ်နှစ်လောက်ကြာတော့ အမတ်ကြီးဟာ လူကြီးရောဂါစွဲကပ်လာတော့တယ်။

အဲဒီလို သေကောင်ပေါင်းလဲ ရောဂါကြီးသည်း စွဲကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရော အမတ်ကြီးဟာ သူက ဘယ်နည်းနဲ့မှ လူရိုင်းတို့ရဲ့ တောနက်ထဲကနေ လွတ်မြောက်နိုင်စရာ လမ်းစမမြင်တော့ဘူး၊ အဲဒီတောနက်ထဲမှာပဲ အရိုးမြေကျရတော့မယ်ဆိုတာ သူ့ကိုယ်သူ သေချာသွားလို့ သူဟာ လျှို့ဝှက်အစီအမံတစ်ခုကို လူရိုင်းတွေမသိအောင်ပြုလုပ်ခဲ့တယ်။

အဲဒီအစီအမံကတော့ သူကြုံတွေ့ဖြစ်ပျက်ခဲ့တဲ့ အခြေအနေအရပ်ရပ်နဲ့ အင်မတန် တန်ဖိုးကြီးမားလှတဲ့ နန်းစဉ်ရတနာသေတ္တာကြီးကိုးလုံးဟာ လူရိုင်းတွေရဲ့ လျှို့ဝှက်ဂူကြီးတစ်လုံးထဲမှာ ရှိနေတဲ့အကြောင်းကို ပြင်ပကမ္ဘာက လူတွေသိစေဖို့ အထူးသဖြင့် အင်းဝနန်းတွင်းအဆက်အနွယ်တွေ၊ မိုးကောင်း၊ မိုးညှင်း၊ ကလေးစော်ဘွားတို့ရဲ့ အဆက်အနွယ်တွေ သိရှိစေချင်တဲ့ စေတနာနဲ့ ပေဘာဒီပေရွက်မျိုးသုံးရွက်ပေါ်မှာ လျှို့ဝှက်ရေးသားပြီး သူမွေးမြူထားတဲ့ သိမ်းငှက်သုံးကောင်ရဲ့လည်ပင်းမှာ ကြိမ်ကြိုးနဲ့ သေချာဆွဲပြီး တောနက်ထဲကနေ လူရိုင်းတွေမသိအောင် စေလွှတ်လိုက်တယ်၊ အဲဒီအကြောင်းတွေကို ပေဘာဒီပေစာရွက်မှာ ရေးထားတယ်လေ။

အမတ်ကြီးစက္ကဒေဝလွှတ်လိုက်တဲ့ သိမ်းငှက်သုံးကောင်အနက်က တစ်ကောင်ဟာ နာဂတောင်တန်းပေါ်မှာ ဂန္ဓာရီကျင့်စဉ်ကျင့်ကြံနေတဲ့ အိန္ဒိယအမျိုးသားဆာဒူးကြီးတွေရဲ့ ဂူရှေ့က ကျောက်တုံးကြီးတစ်တုံးပေါ်မှာ လာနားခဲ့တယ်။

အဲဒီသိမ်းငှက်ကြီးဟာ ခရီးပြင်းနှင်ခဲ့ရလို့ မောပန်းဆာလောင်နေရှာတယ်၊ သူဟာ ဆာဒူးကြီးကျွေးမွေးတဲ့ ပျားရည်နဲ့ ရေစင်တွေကို သောက်သုံးခဲ့ရာက အဲဒီဂူကနေ ဘယ်မှမသွားတော့ဘဲ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးတွေနဲ့အတူ ရှိနေတော့တယ်။

အဲဒီသိမ်းငှက်ရဲ့လည်ပင်းက ပေရွက်ကို ဆာဒူးကြီးတွေတပဲ ဖြုတ်ယူသိမ်းဆည်းထားခဲ့တယ်၊ နှစ်အတော်အကြာမှာတော့ သိမ်းငှက်ကြီးဟာ သေဆုံးသွားရှာတယ်။

ဆာဒူးကြီးတွေဟာ ရတနာမြေပုံပါတဲ့ ဒီပေစာရွက်ကို ရရှိခဲ့ပေမယ့် သူတို့ဟာ ရုပ်ခန္ဓာရဲ့ တောင့်တချက်တွေဖြစ်တဲ့ ကာမဂုဏ်အာရုံတွေ အားလုံးကို အပြီးတိုင်ပယ်သတ်ပြီး သူတို့ရဲ့ဝိညာဉ်တခန္ဓာရဲ့ဆန္ဒတွေကို ထိန်းချုပ်နိုင်သူ အမတဝိဇ္ဇာတွေဖြစ်လို့ ဒီပေစာရွက်ဟာ သူတို့အတွက် ဘာမှတပ်မက်စရာမရှိဘူး။

ဒါပေမယ့် ကာမဂုဏ်အာရုံတွေကို တပ်မက်တဲ့ သာမန်ပုထုဇဉ်လူသားတွေအတွက်တော့ ဒီပေစာရွက်ဟာ လောဘမီးကိုတောက်လောင်စေမယ့် ရတနာသိုက်လမ်းညွှန်ကြီးဖြစ်နေလို့ အပြင်လူ ဘယ်သူ့ကိုမှ ပေစာရွက်ကိုမပြဘဲ ဆာဒူးကြီးတို့ရဲ့ ဆရာတပည့်အစဉ်အဆက် နှစ်ပေါင်းများစွာ လျှို့ဝှက်ထိန်းသိမ်းပေးခဲ့တယ်ကွဲ့"

ရသေ့ကြီးဦးဒိဗ္ဗ၏ စကားအဆုံးဝယ် ကျော်စွာရော ဇမုန်ထန်းပါ လွန်စွာစိတ်ဝင်စားသွားပြီး ရှေးဟောင်းပေရွက်ကို ယူကြည့်လိုက်ကြ၏။

ပေရွက်၏မျက်နှာစာဖက်ဝယ် ဝိုင်းစက်ညီညာပြီး အဖျားတွင် အတွန့်လေးများပါသည့် စာလုံးများဖြင့် ပေရွက်အပြည့်မှ စာများရေးသားထားသည်ကို တွေ့ရပြီး၊ အမတ်ကြီးစက္ကဒေဝ၏ ရတနာဒေသတ္တာများနှင့်အတူ လူရိုင်းဒေသသို့ ရောက်ရှိခဲ့ပုံအကြောင်းကိုသေချာစွာ ရေးထားခြင်းဖြစ်ကြောင်း တွေ့ရှိပြီး ပေရွက်၏ကျော

www.burmeseclassic.com



ဖတ်တွင်မှ မြေပုံတစ်ခုကို ရေးဆွဲထားကြောင်း တွေ့ရလေ၏။

"ဘရသေ့ . . . ဒီပေရွက်ကို ဆာဒူးကြီးတွေရဲ့ တပည့်အစဉ်အဆက် သိမ်းဆည်းထားခဲ့တယ်ဆိုပြီးတော့ အခု ဘရသေ့ရဲ့လက်ထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

ဟုကျော်စွာက မေးလိုက်ရာ ရသေ့ကြီးဦးဒိဗ္ဗသည် ယွန်းကွမ်းအစ်အိုကြီးထဲမှ ကွမ်း၊ ထုံး၊ ဆေးရွက်ကြီး၊ ကွမ်းသီးတို့ဖြင့် ကွမ်းတစ်ရာကိုရာပြီး ပါးစောင်ထဲထည့်လိုက်၏။ ပြီးနောက် . . .

"ဒီလို . . . မောင်ကျော်စွာရဲ့၊ ကျုပ်ဟာ ရသေ့မဝတ်ခင်က တောပျော်မုဆိုးကြီးအဖြစ်နဲ့ နာဂတောင်တန်းဒေသတစ်ကြောမှာ အမဲလိုက်ရင်း ဆာဒူးကြီးတစ်ဦးနဲ့ မကြာခဏ ဆုံရလေ့ရှိတယ်ကွယ့်၊ သူက ကျုပ်နဲ့တွေ့တိုင်း မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့ချည်းပဲ ပြောတယ်၊ ကျုပ်ကလည်း ငြင်းတာပဲ၊ ကျုပ်က သူ့ကို ဝိဇ္ဇာမှန်းလည်း မသိဘူး၊ တောထဲမှာ မှိုရှာမျှစ်ရှာတဲ့ သာမန်ကုလားအဖိုးကြီးလို့ပဲ ထင်ခဲ့တာ၊ သူကလည်း သူ့ကိုယ်သူ ဂန္ဓာရီကျင့်စဉ်ကျင့်နေတဲ့ သူတော်စင်ဖြစ်ကြောင်း ထုတ်ဖော်မပြောဘူး၊ သူနဲ့တွေ့တိုင်း ကန်ကလေး . . . အဲဒီအလုပ်မလုပ်နဲ့ မကောင်းဘူးလို့ချည်း ပြောတယ်။

သူ . . . ဘယ်မှာနေမှန်းလည်း မသိဘူး၊ နာဂရွာတစ်ရွာမှာပဲ နေတာလို့ ထင်ခဲ့မိတယ်၊ အဲဒီလိုနဲ့ တစ်နေ့မှာတော့ ကျုပ်ဟာ တောဝက်တစ်ကောင်ကိုလိုက်ရင်း အဲဒီကုလားအဖိုးကြီးနေထိုင်တဲ့ ဂူကို ရောက်သွားခဲ့တယ်၊ ကျုပ်ဟာ သူနေတဲ့ဂူမှန်းလည်း မသိဘူး၊ တောဝက်ကလည်း အဲဒီဂူနားမှာတင် ပျောက်သွားတော့ ဂူထဲများ ဝင်သွားသလားထင်ပြီး သေနတ်ကို အသင့်ပြင်လို့ ဂူထဲဝင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဂူထဲလည်းရောက်ရော ဝပ်းနေတဲ့ ဒရယ်တစ်ကောင်ကို တွေ့ရတယ်၊ ဒါနဲ့ ကျုပ်လည်း ဝမ်းသာသွားပြီး သေနတ်နဲ့ သေချာ ပစ်ထည့်လိုက်တယ်၊ ဒိုင်းခနဲ ပစ်ထည့်လိုက်ပြီးတာနဲ့ မီးခိုးငွေ့တွေ ဝုန်းခနဲ လှိုင်ထွက်လာပြီး ဂူကြီးတစ်ခုလုံး မည်းမှောင်သွားခဲ့တယ်။

ကျုပ်လည်း ဘယ်လိုဖြစ်သွားပါလိမ့်လို့ အံ့သြထိတ်လန့်ပြီး ကြောင်ကြည့်နေတုန်းမှာဘဲ မီးခိုးငွေ့တွေဟာ တဖြည်းဖြည်းနဲ့ ပြယ်လွင့်သွားတော့တယ်၊ မီးခိုးငွေ့တွေလည်း လုံးဝပြယ်သွားရော ဒရယ်အသေကောင်ကို တွေ့ရလိမ့်မယ်ထင်တာ မတွေ့ရဘဲ ကျုပ်ကို ကျောပေးထိုင်နေတဲ့ ကုလားအဖိုးကြီးကိုပဲ တွေ့လိုက်ရလို့ ကျုပ်ဖြင့် ကိုယ့်မျက်စေ့တောင် ကိုယ်မယုံဘဲ ခေါင်းနပန်းကြီးပြီး ထိတ်လန့်သွားခဲ့ရတယ်။

ခဏအကြာမှာ ကုလားအဖိုးကြီးက ထိုင်ရာကထပြီး ကျုပ်ဖက်လှည့်လာတယ်၊ အဲဒီတော့မှ သူဟာ တန်ခိုးရှင်မှန်းသိပြီး ကျုပ်ဟာ လက်ထဲက သေနတ်ကိုပစ်ချလို့ သူ့ရှေ့မှာ ဒူးထောက်ပြီး အဘရယ် . . . အဘမှန်းမသိလို့ ပစ်လိုက်မိတာပါ၊ ကျွန်တော့်ရဲ့မျက်လုံးထဲမှာ အဘကိုမမြင်ဘဲ သားကောင်ကိုသာ မြင်မိခဲ့တယ်၊ ဒါကြောင့် ပစ်လိုက်မိတာပါ၊ ခွင့်လွှတ်ပါလို့ တောင်းပန်လိုက်ရတယ်။

အဲဒီအခါမှာ ကုလားအဖိုးကြီးက မင်းဟာ သားကောင်တွေကို သတ်ဖြတ်ဖို့ပဲ စိတ်ဇောဆန်နေတာမို့ မောဟအစဉ်ဖုံးပြီး လောဘဒေါသရဲ့ တိုက်တွန်းမှုကြောင့် အမှန်ကို အမှားမြင် ငါ့တော်စင်ကို ဒရယ်ထင်ပြီး ပစ်ခတ်ခဲ့တာ မဟုတ်လားလို့ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီလိုမေးမှ ကျုပ်ဟာ ပိုတောင်လန့်သွားတယ်၊ ကျုပ်သူ့ကို ဒရယ်အဖြစ် မြင်လိုက်မိတာကို သူဘယ်လိုလုပ်သိတာလဲ၊ သူဟာ တောထဲတောင်ထဲမှာ ကေစာရီဂန္ဓာရီကျင့်စဉ်တွေ ကျင့်နေတဲ့ ပေါက်မြောက်နေပြီဖြစ်တဲ့ သူတော်စင်တစ်ဦး၊ ဝိဇ္ဇာတစ်ဦးဖြစ်ရမယ်လို့ပဲ ကျုပ်သိလိုက်တယ်။

အဲဒီမှာပဲ ကျုပ်ဟာ ထိတ်လန့်ပြီး နောင်တကြီးစွာ ရသွားတယ်၊ သူတော်စင်တစ်ဦးကို ပြစ်မှားမိခဲ့လို့လည်း ယူကျုံးမရဖြစ်သွားမိတယ်၊ ဒါနဲ့ပဲ ကျုပ်ဟာ မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီနောက်တော့ ကျုပ်ဟာ ရသေ့ဝတ်ခဲ့တာပဲ။

ပြီးတော့ အဲဒီဆရာသခင်ဆာဒူးကြီး ညွှန်ပြပေးတဲ့ အဂ္ဂိရတ်လမ်းစဉ်အတိုင်း ရွှေဖြစ်ငွေဖြစ် ထွက်ရပ်ပေါက်လမ်းစဉ်ကို လိုက်ခဲ့တာပဲ မောင်ကျော်စွာရဲ့ . . .” ဟု ပြောပြလေ၏။

“ဩော် . . . ဒီလိုလား၊ ဒါဆို ဘရသေ့က ရွှေငွေရော ဖြစ်ပြီလား၊ ထွက်ရပ်ရော မပေါက်သေးဘူးလားခင်ဗျ”

ဟု ကျော်စွာက ထပ်မေးလိုက်ရာ ရသေ့ကြီးဦးဒိဗ္ဗမှာ သူ၏ ဒေါက်ချာဆောင်းထားသော ခေါင်းကြီးကို ခါရမ်းလိုက်ပြီး . . .

“ရွှေလည်းမဖြစ်၊ ငွေလည်းမဖြစ်၊ ထွက်ရပ်လည်း မပေါက်သေးပါဘူးကွာ၊ အမှန်တော့ ကျုပ်ကို အဂ္ဂိရတ်လမ်းလိုက်ခိုင်းခဲ့တာက အကုသိုလ်သိပ်များတဲ့ ကျုပ်ရဲ့စိတ်ကို တည်ငြိမ်စေဖို့ပဲ၊ ဖိုဆွဲတဲ့ အလုပ်ထဲမှာပဲ စိတ်အာရုံဝင်စားပြီး သမာဓိတည်ငြိမ်စေဖို့ လုပ်ခိုင်းခဲ့တာပဲ ဖြစ်မှာပါ။

တစ်ခုတော့ ရှိတယ်၊ ဖိုဆွဲတာဟာ ရွှေငွေဖြစ်မဖြစ် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပေါက်မပေါက်တော့ မသိဘူး၊ အကုသိုလ်တော့ တော်တော်နည်းသွားပြီး စိတ်လည်း အရှတ်ငြိမ်သွားတယ်ကွ . . . ဟဲ . . . ဟဲ"

ထိုသို့ပြောပြီး ရသေ့ကြီးဦးဒိဗ္ဗက သူ့စကားသူ သဘောကျပြီး တဟဲဟဲရယ်မောနေရာ ကျော်စွာတို့ပါ လိုက်ပါရယ်မောမိကြ၏။

"ဒါထက် . . . ဒီပေရွက်ကို ဘယ်လိုရခဲ့တာလဲဆိုတာ ပြောပြပါဦး ဘရသေ့ရဲ့ . . . "

ဟုမေးလိုက်ရာ ရသေ့ကြီးဦးဒိဗ္ဗသည် သူ၏ဦးခေါင်းထက်မှ ဒေါက်ချာကြီးကို ချွတ်လိုက်ပြီးလျှင် ဆံချောင်ထုံးထုံးထားသော ခေါင်းကို တစ်ချက်နှစ်ချက်ကုပ်လိုက်ပြီး . . .

"ဒါက ဒီလိုပါ၊ ဆရာသခင်ဆာဒူးကြီးက ကျုပ်ကို ပြောခဲ့ဖူးတယ်၊ သူ့စကားနားထောင်ပြီး မုဆိုးအလုပ်က စွန့်လွှတ်ရင် ငါးနှစ်တိတိပြည့်တဲ့အခါမှာ သူဟိမဝန္တာကို ဂန္ဓာရီမလှည့်မီ လက်ဆောင်တစ်ခုပေးခဲ့မယ်လို့ ပြောခဲ့တယ်။

သူပေးမယ့်လက်ဆောင်ဟာ ဘာမှန်းမသိဘဲ ကျုပ်ဟာ မုဆိုးအလုပ်ကို စွန့်လွှတ်ပါ့မယ်လို့ ကတိပေးခဲ့တယ်၊ အဲဒီလိုနဲ့ ငါးနှစ်တိတိပြည့်တဲ့၊ ပြီးခဲ့တဲ့ တော်သလင်းလဆန်းနှစ်ရက်နေ့မှာပဲ ဆရာသခင်ဆာဒူးကြီးဟာ ကျုပ်ရဲ့ဟောဒီကျောင်းသခ်န်းကို ရောက်ရှိလာပြီးတော့ သူဂန္ဓာရီခရီးထွက်တော့မယ့်အကြောင်း ဒီဒေသကို ပြန်လာချင်မှ ပြန်လာဖြစ်မယ့်အကြောင်း နှုတ်ဆက်ပြောဆိုခဲ့တယ်။

ကျုပ်လည်း ကျုပ်ရဲ့ဆရာသခင်ကို ထာဝရခွဲခွာရတော့မယ်ဆိုတော့ အတော်ပဲ စိတ်ထိခိုက်ကြေကွဲခဲ့ရတယ်၊ အဲဒီတော့တင် ဆရာသခင်ဆာဒူးကြီးက သူမရှိတော့လို့ မုဆိုးအလုပ်ကို ပြန်လုပ်တာမျိုး

www.burmeseclassic.com



မထုတ်ပါနဲ့လို့ သတိပေးခဲ့တယ်။

ပြီးတော့ ဟောဒီပေရွက်ကိုပေးပြီး ရွှေ ငွေ တကယ်ဖြစ်မယ့်အလုပ်က အဲဒီအထဲမှာရှိတယ်၊ အဲဒီထဲကမှ လျှို့ဝှက်ရတနာတွေကို ရယူနိုင်ရင် ဘာသာ,သာသနာအတွက် တစ်ဝက်လှူရမယ်လို့ ပြောဆိုဆုံးမမှာကြားပြီး ကျုပ်ရဲ့ကျောင်းသခ်န်းပေါ်က ဆင်းသွားပြီး တောနက်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားခဲ့တယ်။

အဲဒီကတည်းက ကျုပ်ရဲ့ဆရာသခင်ဆာဒူးကြီးကို မတွေ့ရတော့ဘူး။ ကျုပ်လည်း ဒီပေရွက်ကို သေသေချာချာဖတ်ပြီး ဒီပေရွက်ထဲမှာပါတဲ့ ရတနာမြေပုံအတိုင်း နဝင်ရွှေစင်ရတနာဂူကြီးကို ရှာဖွေဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီလို ရတနာဂူရှာဖွေရာမှာ ကျုပ်တစ်ယောက်တည်း ရှာဖွေဖို့ဆိုတာ မဖြစ်နိုင်လို့ ကျုပ်ရဲ့တပည့်တစ်ဦးအဖြစ် ယုံကြည်စိတ်ချရတဲ့ ဟောဒီဇမုန်ထန်းကို ကျုပ်နဲ့အတူ ခေါ်သွားချင်တာနဲ့ တိုင်ပင်ဖို့ လူကြုံနဲ့ခေါ်လိုက်ရတာပဲ"

ဟု ရသေ့ကြီးဦးဒိဗ္ဗက ရှည်လျားစွာ ရှင်းပြလိုက်ပြီးနောက် အနီးရှိ ရေတကောင်းထဲမှ ရေတစ်ကျိုက်သောက်လိုက်စဉ် ဇမုန်ထန်းက စိတ်အားထက်သန်စွာဖြင့် ရသေ့ကြီး၏မျက်နှာကို ကြည့်လိုက်ပြီး . . .

"ဘရသေ့ခေါ်တယ်ဆိုလို့ ကျွန်တော်လည်း ဘုမသိဘမသိနဲ့ လာခဲ့ရတာ၊ ဒီရောက်မှပဲ ရတနာဂူရှာဖွေဖို့ဆိုတာ သိရတော့တယ်၊ တော်တော်စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စပဲ ဘရသေ့၊ ဒါကြောင့် ကျွန်တော် ဘရသေ့နဲ့အတူ ရတနာဂူရှာဖွေဖို့ လိုက်မယ်ဗျာ"

ဟု ဝမ်းသာတက်ကြွစွာဖြင့် ပြောလိုက်ပြီးနောက် ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



၏ပခုံးကို ဖက်လိုက်ပြီး . . .

"ဘရသေ့ . . . ပေါဒီလုလင်ယ်လေးဟာ ယုံကြည်စိတ်ချရတဲ့သူပါ။ ကျွန်တော် သူ့အတွက် တာဝန်ယူပါတယ်၊ ရတနာဂူရှာဖွေမယ့်ခရီးမှာ သူ့ကိုပါ ခေါ်စေချင်ပါတယ်၊ ကျော်စွာဟာ လုလင်ယ်သလောက် ရဲစွမ်းသတ္တိရှိပြီး အတိုက်အခိုက်ကျွမ်းကျင်တဲ့ လုလင်ယ်လေးပါ။ အရေးရယ် အကြောင်းရယ်ဆိုရင် အင်မတန် အားကိုးရမယ့်သူဖြစ်လို့ သူ့ကိုပါ ခေါ်စေချင်တယ်"

မောင်ကျော်စွာလိုက်မယ်ဆိုရင် ခေါ်ချင်လို့ ရတနာဂူကြီးရဲ့အကြောင်း အခုလို ဖွင့်ပြောပြတာပေါ့ကွယ်၊ ကျုပ်နဲ့ မောင်ကျော်စွာရဲ့ဖခင်ဟာ ငယ်သူငယ်ချင်းတွေ ဖြစ်ခဲ့ဘူးတယ်၊ ပြီးတော့ မြို့ကိုရောက်တဲ့အခါ၊ မြို့ကလူတွေ ကျုပ်ဆီလာတဲ့အခါ မောင်ကျော်စွာရဲ့အကြောင်း ကြားရပါတယ်၊ မောင်ကျော်စွာဟာ ရိုးဖြောင့်ပြီး သတ္တိရှိသူဆိုတာ အစောကြီးကတည်းက သိထားပါတယ်။

ပြီးတော့ ကျုပ်တို့သွားမယ့် ခရီးကြမ်းမှာလည်း မောင်ကျော်စွာတို့လို ဖျတ်လတ်ရဲရင့်ပြီး အားကောင်းမောင်းသန်တဲ့ လုလင်ယ်တစ်ဦးပါမှ သင့်တော်မယ်၊ လူများလို့လည်း မဖြစ်ပြန်ဘူး၊ ရတနာတွေရတဲ့အခါ လောဘတက်ပြီး ဖောက်ပြန်မယ့်သူတွေ ပါလာလို့လည်း မဖြစ်ပြန်ဘူး၊ ဒါကြောင့် ကျုပ်တို့သုံးဦးတည်းပဲ သိုသိုသိပ်သိပ် သွားကြတာပေါ့"

"ဘယ်တော့ ခရီးစထွက်မယ်လို့ စိတ်ကူးထားသလဲ . . . ဘရသေ့"

"အင်း . . . ကျုပ်တို့ အခုခရီးထွက်ရမယ့် အရပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



မြောက်တော်တည့်တည့်အရပ် ဖြစ်တယ်၊ အခုလဟာ တန်ဆောင်မုန်းလဆိုတော့ နဂါးခေါင်းက အရှေ့ဖက်ကို လှည့်နေတယ်၊ သွားခြင်းကောင်းတဲ့ အခါသမယဖြစ်တယ်လို့ ယူဆရမယ်။

ပြီးတော့လည်း တန်ဆောင်မုန်းလမှာ အင်္ဂါ၊ ရာဟုဟာ ပြဿဒါးရက်တွေမို့ ရက်ရာဇာကျတဲ့ လာမယ့်တနင်္ဂနွေနေ့မှာ ခရီးစထွက်ကြမယ်၊ လိုအပ်တဲ့ ရိက္ခာခြောက်တွေကို ဒီတစ်ရက်နှစ်ရက်အတွင်း ငါ့တပည့်တွေ စုဆောင်းရှာဖွေထားမှ ဖြစ်မယ်၊ ဆေးဝါးအတွက်တော့ ကျုပ်တာဝန်ယူတယ်"

"စိတ်ချပါ . . . ဘရသေ့၊ ကျွန်တော်နဲ့ကျော်စွာ လိုအပ်တာတွေ စီစဉ်ဆောင်ရွက်ထားလိုက်ပါ့မယ်"

"အေး . . . ငါတို့သွားမယ့်ခရီးဟာ အထူးအရေးကြီးတဲ့ လျှို့ဝှက်ခရီးဖြစ်လို့ ဒီခရီးရဲ့အကြောင်း အခြားဘယ်သူ့ကိုမှ မသိစေချင်ဘူး"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ အထူးလျှို့ဝှက်ထားပါ့မယ် ဘရသေ့ . . . "

"မင်းတို့နှစ်ယောက်စလုံးဟာ နောက်ဆံတင်းရမယ့် မိသားစုသားမယား၊ ဆွေမျိုးသားချင်းမရှိသူ တကိုယ်ရေ တကာယသမားတွေဆိုတော့ ခုလိုမျိုး စွန့်စားမှုခရီးထွက်ရတာ ပိုကောင်းတာပေါ့ကွာ၊ မင်းတို့ရဲ့ မိတ်ဆွေအပေါင်းအသင်း ပတ်ဝန်းကျင်ကိုတော့ မြစ်ဖျားပိုင်းမှာ ရွှေကျင်ဖို့သွားမှာလို့ ကြည့်ပြောခဲ့ပေါ့ကွာ၊ ကဲ . . . ကဲ . . . အခုတော့ ပြန်ချင်လည်း ပြန်ကြပေဦးတော့၊ နေတောင်အတော်စောင်းသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရသေ့ကြီးဦးဒိဗ္ဗက ပြောပြီး သူ၏ပေရွက်ကို တတ္တိပါဠိနှင့် သေချာစွာ ပြန်ထုပ်နေရာ ဇမုန်ထန်းနှင့် ကျော်စွာတို့က ဘရသေ့အား ဦးချကန်တော့ပြီး ကျောင်းသင်္ခမ်းတဲငယ်လေးထဲမှ ပြန်ထွက်ခဲ့လေ၏။

"နေတောင် အတော်စောင်းနေပြီ ကျော်စွာရေ၊ နှစ်နာရီကျော်လောက် ရေဆန်ခရီးကို သွားရဦးမှာဆိုတော့ မှောင်မှပဲ မြို့ဆိုက်ရောက်တော့မယ်ကွ"

"ရောက်ချင်တဲ့အချိန်ရောက်ပေါ့ ကိုကြီးဇမုန်ထန်း၊ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ အိမ်ပြန်နောက်ကျလို့ ပူပန်ပြီး အိမ်ဝက စောင့်မျှော်နေမယ့်သူ ရှိတာမှမဟုတ်တာ"

"ဟား . . ဟား . . ဟား . . . ဟုတ်ပ့ါကွာ . . . ဟုတ်ပ့ါ"

သူတို့နှစ်ဦးသည် မြစ်ကမ်းခြေ၌ ဆိုက်ကပ်ထားသော လှေကြီးကိုဖြုတ်ပြီး ချင်းတွင်းမြစ်ရေလျဉ်ကို ဆန်တက်ကာ နှစ်ယောက်သား လှော်ခတ်လာခဲ့လေ၏။

အပြန်လမ်းတစ်လျှောက်လုံး ရတနာဂူရှာဖွေရေးခရီးထွက်ရန်အတွက် စိတ်အားတက်ကြွနေကြသော သူတို့နှစ်ဦးသားမှာ တိုင်ပင်ပြောဆိုဆွေးနွေးစရာတွေ မဆုံးအောင် ဖြစ်နေကြတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ရက်ရာဇာဖြစ်သော တနင်္ဂနွေနေ့၏ နံနက်ကိုးနာရီအချိန်ဝယ် ကိုးနဝင်းအောင်ခါတ်ယူပြီး ရသေ့ကြီးဦးဒိဗ္ဗဦးဆောင်သည့်အဖွဲ့သည် အင်္ဂါးစက်လှေငယ်ဖြင့် ရေစီးသန်လှသော ချင်းတွင်းမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့ကြ၏။

သူတို့အဖွဲ့တွင် ရသေ့ကြီးဦးဒိဗ္ဗ၊ ဇမုန်ထန်းနှင့် ကျော်စွာတို့သုံးယောက်၊ စက်လှေသမားက သုံးယောက်၊ လမ်းပြတစ်ယောက်နှင့် အထမ်းသမားနှစ်ယောက် ပေါင်းကိုးယောက်ဖြစ်၏။

ထမံသီကို ကျော်ခဲ့ပြီးနောက် မြစ်ဖျားပိုင်းဒေသသို့ သုံးရက်မြောက်သောနေ့တွင်မှ ရောက်ရှိလာခဲ့ကြ၏။

စက်လှေခရီး ပြီးဆုံးသည့်နောက်ဝယ် ငှားလာသော စက်



www.burmeseclassic.com

www.burmeseclassic.com



လှေကို ပြန်လွှတ်လိုက်ပြီး အထမ်းသမားနှစ်ဦး၊ လမ်းပြတစ်ဦးနှင့် အတူ ဦးစွာ စာရာမေရိတောင်ဆီသို့ ဦးတည်ချီတက်ခဲ့ကြ၏။

ရသေ့ကြီးဦးဒိဗ္ဗမှာ မုဆိုးဘဝဖြင့် ရှိခဲ့စဉ်က နာဂတောင်တန်းတကြော၀ယ် ကျင်လည်ခဲ့ရာ ထိုဒေသမှာသာ တောကျွမ်းပြီး စာရာမေရိတောင်မှ ပတ်ကွိုင်တောင်သို့ သွားရာခရီးအကြားမှာ လူသူအရောက်အပေါက်မရှိသော တောနက်ကြီးကိုမူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသဖြင့် လမ်းပြတိုင်းရင်းသားတစ်ဦးကို ခေါ်လာရခြင်းဖြစ်၏။

သူတို့လူစုသည် ခုနစ်ရက်လုံးလုံး တောနက်ကြီးကို ဖြတ်သန်းလာခဲ့ပြီးနောက် ပေပေါင်း ၁၂၅၅၃ ပေမြင့်သော စာရာမေရိတောင်ခြေသို့ ရောက်လာခဲ့ကြ၏။

"ကဲ . . . ဒီနေရာမှာ ခေတ္တစခန်းချကြမယ်ဟေ့"

အထမ်းသမားတို့ သယ်ဆောင်လာသော ရွက်ဖျင်တဲများကိုထိုးကာ စခန်းချလိုက်ကြပြီး ထင်းများရှာဖွေစုဆောင်းကာ ပါလာသော ဆန်နှင့်ရိက္ခာခြောက်များကို ချက်ပြုတ်ကြလေ၏။

"မောင်ကျော်စွာရေ . . . ဟောဒီအရှေ့ဖက်က ရေစီးသံကြားတယ်၊ ဒီရေဗူးတွေ ယူသွားပြီး သောက်ရေသွားခပ်ချေစမ်းကွယ်"

အထမ်းသမားနှစ်ယောက်နှင့် လမ်းပြတို့က ညစာအတွက် ချက်ပြုတ်နေကြသဖြင့် ရသေ့ကြီးဦးဒိဗ္ဗက သောက်ရေခပ်ရန် ကျော်စွာအား တာဝန်ပေးလိုက်လေ၏။

သို့ကြောင့် ကျော်စွာက ရေဗူးသုံးလုံးဆွဲပြီး ရသေ့ကြီးဦးဒိဗ္ဗ ညွှန်ပြရာ အရှေ့ဖက်ဆီသို့ ထွက်ခဲ့စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာရေ . . . ငါလည်း လိုက်ခဲ့မယ်ဟေ့၊ ခဏနေဦး"

ဟုပြောပြီး နောက်မှပြေးလိုက်ရန် ဇမုန်ထန်းက ဟန်ပြင် လိုက်သည်တွင် ဘရသေ့က . . .

"ဟေ့ကောင်တွေ . . . ဒီနေရာက တောသိပ်နက်လာပြီ၊ တောထဲမှာ တစ်ယောက်နဲ့တစ်ယောက် နာမည်မခေါ်ကြနဲ့"

ဟု သတိပေးစကားပြောလိုက်လေ၏။

"ဟုတ်ကဲ့ အဘ . . ."

ဟုပြန်ပြောကာ ကျော်စွာနောက်သို့ ခြေလှမ်းကျဲကြီးများ ဖြင့် လိုက်လာပြီး ကျော်စွာနှင့် ရင်ဘောင်တန်းလျှောက်နေရာမှ . .

"ဘရသေ့စကားကို ငါနားမလည်ဘူးကွာ"

ဟု ပြောလေ၏။ ထိုအခါ ကျော်စွာက သစ်ကြီးဝါးကြီးတို့ ဖြင့် ပိန်းပိတ်မှောင်နေသော တောတောင်၏ အခြေအနေကို ဝေ့ ကြည့်လိုက်ပြီး . . .

"ကျွန်တော်လည်း ဒီလောက်နက်တဲ့ တောကြီးထဲကို တစ်ခါ မှမရောက်ဖူးဘူး ကိုကြီးဇမုန်ထန်းရဲ့၊ ဒါပေမယ့် စာတွေထဲမှာ ကျွန် တော်ဖတ်ဖူးတာကတော့ ဒီလိုတောနက်ကြီးတွေထဲမှာ ကျုတ် . . ဆိုတာ ရှိတတ်တယ်လို့ ဖတ်ဘူးတယ်ဗျ။

အဲဒီကျုတ်တွေက သူတို့ကိုယ်သူတို့ လူတွေလို ဖန်တီးနိုင် ပြီး လူတွေရဲ့နာမည်ကို သိသွားတဲ့အခါ နာမည်ခေါ်ပြီး လာရောလေ့ ရှိတတ်တယ်တဲ့။

ကိုယ်က တကယ့်လူအစစ်မှတ်ပြီး သူတို့နဲ့ရောထွေးမိများ ပါမိသွားရင်တော့ အသက်တောင် သေသွားနိုင်တယ်လို့ ဖတ်ဘူးတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ"

ထိုသို့နှယ် ကျော်စွာသည် သူသိသမျှ ကျတ်ပြ ကို ရှင်းပြလာစဉ် ဇမုန်ထန်းက ကျော်စွာအား ထူးဆန်းသေ ၁ ဖြင့် ကြည့်လိုက်ပြီး . . .

"ဒီမှာ . . . ကျော်စွာ၊ စကားကြုံလာလို့ မင်းကို ၄ ရဦးမယ်"

ဟု တုန်ရီလှိုက်မောသော အသံမျိုးဖြင့် ပြောလို ကျော်စွာမှာ ထူးခြားသလို ခံစားလိုက်ရပြီး ခြေလှမ်းကိုရပ် ဇမုန်ထန်းကို မျက်လုံးချင်းဆိုင်ကြည့်လိုက်လေ၏။ ပြီးမှ . . .

"ဘာပြောမလို့လဲ . . . ကိုကြီးဇမုန်ထန်း"

ဟု မေးလိုက်သည်တွင် ဇမုန်ထန်းက လူသံသူသံတိတ် ဆိတ်နေပြီး သစ်ပင်တို့၏ လေတိုးလှုပ်ခတ်သံသာ တဝှီးဝှီးမြည်နေ သော တောအုပ်ကြီးကို မလှုံမလဲဖြင့် မျက်လုံးဝေ့ကြည့်လိုက်ပြီး နောက် . . .

"ငါ မနေ့ကတည်းက သတိထားမိတယ် ကျော်စွာ၊ ငါတို့ရဲ့ နောက်ကို တစ်ယောက်ယောက်က လိုက်ပြီးချောင်းမြောင်းနေသလို ပဲ၊ နွယ်မောက်တောင်ကို ကျော်ခဲ့ကတည်းက လူရိပ်တစ်ခုလိုလို နှစ်ခုလိုလိုကို ငါတို့ရဲ့နောက်မှာ ဖျတ်ခနဲ ဖျတ်ခနဲ တွေ့လိုက်သလိုပဲ ကွ၊ မင်းရော သတိထားမိလား"

ဟုမေးလိုက်ရာ ကျော်စွာက ခေါင်းရမ်းပြလိုက်ပြီး . . .

"ကျွန်တော်တော့ သတိမထားမိဘူး၊ အမှတ်တမဲ့ပဲ ကိုကြီး ဇမုန်ထန်းရဲ့ မရောက်ဖူးတဲ့ ခရီးမို့လို့ ရှေ့ကိုခရီးနှင်ဖို့ပဲ စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ထက်သန်နေလို့လား မသိဘူး၊ ဟုတ်ရော ဟုတ်ရဲ့လား၊ ဖြစ်နိုင်မယ် မထင်ပါဘူးဗျာ"

"ငါလည်း သိပ်တော့ မထင်ပါဘူး၊ တောပဲခြောက်တာလား၊ မင်းပြောသလို ကျတ်တွေများလားတော့ မသိဘူး"

ဟု ဇမ္ဗုန်ထန်းက မရေမရာပြောလိုက်ရာ ကျော်စွာက ပြုံးလိုက်ပြီး . . .

"ကိုကြီးဇမ္ဗုန်ထန်း စိတ်ထင်လို့ပဲ ဖြစ်မှာပါ၊ ကဲ . . . ကဲ . . . သွားရအောင်၊ ရေခပ်တာ နောက်ကျနေလို့ ဘရသေ့ဆူနေပါဦးမယ်"

ဟုပြောပြီး ကျော်စွာက စမ်းချောင်းဆီသို့ ရေခပ်ရန် ပြေးဆင်းသွားတော့၏။

ကျော်စွာသည် စမ်းချောင်းထဲရှိ ကြည်လင်အေးမြနေသော စမ်းရေကို ရေဗူးများဖြင့် ခပ်ယူနေစဉ် ဇမ္ဗုန်ထန်းက စမ်းရေဖြင့် မျက်နှာသစ်ပြီး ခြေလက်များ ဆေးကြောသန့်စင်နေလေ၏။

ထိုစဉ်မှာပဲ ခပ်ဖြည်းဖြည်း စီးဆင်းလျက်ရှိသည့် စမ်းရေအလျဉ်အတိုင်း တရွေ့ရွေ့မျောပါလာနေသော ခပ်လက်လက်အရာလေးတစ်ခုကို ရေပေါ်ဝယ် တွေ့လိုက်ရ၏။

ကျော်စွာမှာ အံ့အားသင့်သွားပြီး ထိုအရာဆီသို့ လက်ညှိုးညွှန်ပြလိုက်ကာ . . .

"ဟို . . . ဟိုမှာ ဘာများပါလိမ့်"

ဟု ရေရွတ်လိုက်သဖြင့် ဇမ္ဗုန်ထန်းလည်း ထိုအရာကိုအား တွေ့ရှိသွားပြီး အံ့ဩသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အံ့ဩနားမလည်ခြင်းများဖြင့် ငေးကြည့်နေစဉ် ထိုခပ်လက်လက် အရာဝတ္ထုလေးက ရေစီးအတိုင်း မျောပါလာပြီး သူတို့အနီးသို့ ရောက်ရှိလာ၏။ ကျော်စွာက ထိုအရာလေးကို လက်ဖြင့် အသာဆယ်ယူလိုက်ရာ ၄င်းမှာ တလက်လက် ရောင်ပြန်တောက်လက်နေသည့် ရောင်စုံစက္ကူလေးဖြစ်ကြောင်း သိလိုက်ရ၏။

"ဟာ . . . ချောကလက်စက္ကူပတ်ခွံလေးပါလား"

ဟု ကျော်စွာနှုတ်မှ ထွက်သွား၏။

"အေး . . . ဟုတ်တယ်ကွ၊ ဒီလိုတောနက်ကြီးထဲမှာ ဒီချောကလက်စက္ကူပတ်က ဘယ်လိုဖြစ်ပြီး ရောက်နေရတာလဲ မသိဘူး"

ဟုပြောလိုက်သည့် ဇမုန်ထန်းစကားကြောင့် ကျော်စွာသည် စမ်းချောင်း၏အဖျားပိုင်းနှင့် ဝန်းကျင်ကို သင်္ကာမကင်းသလို ကြည့်လိုက်ပြီး . . .

"ဒီလိုချောကလက်မျိုး ကျွန်တော်တို့အဖွဲ့ထဲမှာ ပါမလာဘူး"

"ဟုတ်တယ် . . . ငါကိုယ်တိုင် ချောကလက်တွေ သကြားလုံးတွေ ဝယ်တာပဲ၊ ဒီလိုစက္ကူပတ်နဲ့ ချောကလက်မျိုး လုံးဝမပါဘူးကွ၊ ဘရသေ့ရော လမ်းပြနဲ့အထမ်းသမားတွေရော ချောကလက်ကို လုံးဝမကြိုက်ကြလို့ ဒီလိုချောကလက်မျိုး သူတို့လည်း ယူလာမှာတော့ မဟုတ်ဘူး"

"ဒီတောထဲမှာ ကျွန်တော်တို့အပြင် အခြားတစ်ယောက်ယောက် ဒါမှမဟုတ်ရင် အဖွဲ့တစ်ခုခုတော့ ရှိနေပြီထင်တယ် ကိုကြီးဇမုန်ထန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျော်စွာက ခပ်တိုးတိုးပြောလိုက်ပြီး သူ၏ခါးတွင် ချိတ်ထားသည့် အမဲလိုက်ဓါးမြှောင်အား လက်ဖြင့် အသာစမ်းကိုင်မိလေ၏။

ထိုစဉ် ခေါ်သံတစ်ခုကို ခပ်ဝေးဝေး တောအုပ်တစ်နေရာဆီမှ ကြားလိုက်ရရာ သူတို့နှစ်ဦးစလုံးမှာ အသံလာရာဆီသို့ ဆတ်ခနဲ ပြိုင်တူလှမ်းကြည့်လိုက်ကြ၏။ ခေါ်သံက ပီပီသသ ထပ်မံထွက်ပေါ်လာရာ . . .

"ဟာ . . . ဘရေသေ့ ဝါတို့ကို လှမ်းခေါ်နေပြီထင်တယ်ကွ၊ ပြန်လှမ်းပြီး အသံပေးလိုက်ဦးမှပဲ"

ဟုပြောဆိုပြီး ဇမုန်ထန်းက ပြန်အသံပေးအော်ပြောရန်ပြင်လိုက်စဉ် ကျော်စွာက ဇမုန်ထန်း၏ပါးစပ်ကို ကမန်းကတန်း ပိတ်လိုက်ပြီး . . .

"ကိုကြီးဇမုန်ထန်း . . . ပြန်မအော်နဲ့၊ အဲဒါ ဘရသေ့ရဲ့ အသံ မဟုတ်ဘူးဗျ"

"ဟင် . . . ဒါဆို ဘယ်သူက မင်းရဲ့နာမည်ကို ခေါ်နေတာလဲ၊ ကျုတ်တွေကများ ခေါ်တာလား"

ဟု စောဒကတက်သလို ပြန်မေးလိုက်ရာ ကျော်စွာသည် ခေါင်းကို ဖြည်းလေးစွာ ခါရမ်းပြီး . . .

"ကျွန်တော်တော့ ကျုတ်ဆိုတာကို မကြုံဖူးလို့ အတပ်မပြောနိုင်ဘူး၊ ဒါပေမယ့် အဲဒါဟာ ဘရသေ့ရဲ့ခေါ်သံ မဟုတ်တာတော့ သေချာတယ်"

"ဟုတ်တယ်ကွ၊ ဘရသေ့ဆိုလည်း မင်းရဲ့နာမည်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး"

ဟုပြောပြီး ဇမုန်ထန်းက . . .

"လာကွာ . . . ကျော်စွာ၊ ငါတို့ ဘရသေ့ဆီ မြန်မြန်ရောက်အောင် ပြန်ကြစို့ . . . "

ဟု လောဆော်ကာ နှစ်ယောက်သား စမ်းချောင်း၏ကမ်းခြေမှ ခပ်သွက်သွက် တက်လာခဲ့ကြ၏။

ကျော်စွာတို့မှာ သူတို့စခန်းချရာသို့ ပြန်ရောက်သည်တွင် ဘရသေ့က ခါးကြီးထောက်ပြီး သူတို့ကို ရှုတည်တည် ကြည့်နေသည်ကို တွေ့ရလေ၏။

"ဟေ့ကောင်လေးတွေ . . . မင်းတို့ကို ငါသေချာမှာထားတယ် မဟုတ်လား၊ ဒီလိုတောနက်ကြီးထဲမှာ နာမည်မခေါ်ပါနဲ့ဆိုတာ . . . "

ဘရသေ့စကားကြောင့် ကျော်စွာနှင့် ဇမုန်ထန်းမှာ ကြောင်သွားပြီး . . .

"ဟာ . . . ဘရသေ့ကလည်း ကျွန်တော်တို့ ဘယ်သူ့ကို ခေါ်လို့လဲ"

ဟု အံ့သြသလို ပြန်မေးကြသည်တွင် ဘရသေ့မှာ မျက်မှောင်ကုပ်လိုက်ပြီး ပို၍တင်းမာသော လေသံဖြင့် . . .

"ဘာကွ . . . မင်းတို့ပဲ ဘရသေ့ . . ဘရသေ့နဲ့ လှမ်းခေါ်နေတာလေ"

ဟုပြောလိုက်ရာ သူတို့နှစ်ဦးလည်း တစ်ယောက်မျက်နှာကိုတစ်ယောက် တအံ့တသြ ကြည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကျော်စွာက ဘရသေ့ဘက်သို့လှည့်ကာ . . .

"ဟာ . . . ဘရသေ့ တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ ကျွန်တော်တို့ ဘရသေ့ကို လုံးဝမခေါ်ပါဘူး၊ ကျွန်တော်တို့ စမ်းချောင်းထဲမှာ ရေခပ်နေတုန်း ကျော်စွာ . . ကျော်စွာဆိုတဲ့ ခေါ်သံကိုတောင် ကြားလိုက်ရသေးတယ်၊ အဲဒါ ကျွန်တော်တို့က ဘရသေ့က ရေသွားခပ်တာကြာလို့ ကျွန်တော်တို့ကို စိုးရိမ်ပြီး လှမ်းခေါ်တာဖြစ်မယ်လို့ ကျွန်တော်တို့တောင် ထင်လိုက်သေးတယ်"

ဟုပြောလိုက်ရာ ရသေ့ကြီးဦးဒိဗ္ဗမှာ မျက်ခုံးဖြူဖြူကြီးနှစ်တန်းလုံး မြင့်တက်သွားပြီး . . .

"ကြဲကြီးစည်ရာကွာ၊ ငါက မင်းတို့ရဲ့နာမည် ခေါ်ပါ့မလား ကွ၊ ကေန္တ ဒါတွေဟာ ငါထင်တဲ့အတိုင်း ကျတ်တွေပဲ ဖြစ်ရမယ်"

ဟုပြောဆိုပြီးနောက် ကျော်စွာခပ်လာသော ရေဗူး၏အဖုံးကိုဖွင့်ကာ ရေဗူးအဝကို နှုတ်ခမ်းမှာတေ့လျက် ခပ်တိုးတိုး ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိလေတော့၏။

ထို့နောက် ရေဗူးထဲမှရေဖြင့် သူတို့စခန်းချရာ ဝန်းကျင်ပတ်ပတ်လည်ကို ဖြည်းဖြည်းချင်း ပတ်ပြီးဖျန်းပက်လိုက်လေသည်။

ယင်းသို့ပြုလုပ်ပြီးနောက် ဘရသေ့က သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ပြောလိုက်လေ၏။

"ကဲ . . . ငါ့တပည့်တို့ ဘာမှမပူကြနဲ့တော့၊ ဘရသေ့ စည်းချထားပြီးပြီ၊ ဘယ်လိုရန်မျိုးမှ စည်းဝိုင်းထဲ ဝင်မလာနိုင်တော့ဘူး"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ညကား တိတ်ဆိတ်ငြိမ်သက်ခြင်းအတိဖြင့် မှောင်မိုက်လျက် ရှိလေ၏။

တစ်ခါတရံ မျောက်မောင်းမအော်သံ၊ သစ်တောက်ငှက် ခေါက်သံ၊ ကျားဟိန်းသံ၊ ညဉ့်ငှက်အော်သံ၊ ပုရစ်သံ၊ မြွေတွန်သံ စသည့်အသံတို့ကို ခပ်ဝေးဝေးမှ ကြားရတတ်ပြီး ကျန်အချိန်များတွင် တော့ တောနက်ကြီးတစ်ခုလုံးကို တိတ်ဆိတ်မှုက လွှမ်းမိုးထားလေ ၏။

ရွက်ဖျင်တဲသုံးလုံး၏အလယ်၌ မီးလင်းဖိုကို ည‌စဉ်ညတိုင်း မပြတ် ဖိုထားရသည်ဖြစ်ရာ ထင်းတုံးများကို မီးစွဲလောင်သောအသံ တဖျစ်ဖျစ်ကိုသာ အချိန်တိုင်းကြားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသော်လည်း လျှို့ဝှက်သော အရိပ်တစ်ခုသည် အမှောင်ထုအောက်မှ တရွေ့ရွေ့ထွက်လာပြီးလျှင် အကြီးဆုံးရွက်ဖျင်တဲ၏ နောက်ဖက်နားသို့ ခြေကိုဖော့နင်းကာ ဝင်ကပ်လေ၏။

ရွက်ဖျင်တဲအတွင်းဝယ် ရသေ့ကြီးဦးဒိဗ္ဗသည် ကျော်စွာ၊ ဇမုန်ထန်းတို့နှင့်အတူ ရှေ့ဆက်ရမည့်ခရီးအတွက် အသေးစိတ်တိုင်ပင်လျက်ရှိ၏။

ဖန်မီးအိမ်အလင်းဖြင့် ရသေ့ကြီးဦးဒိဗ္ဗသည် သူ၏ရှေးဟောင်းပေရွက်ကို ထောင်ကြည့်လိုက်ပြီး . . .

"ဒီစာရာမေရိတောင်ခြေကနေပတ်ပြီး ပတ်ကျိုင်တောင်တန်းကို ခရီးဆက်ရမယ်၊ အဲဒီတောင်တန်းရဲ့ တစ်နေရာမှာ ငါတို့ရဲ့ခရီးဆုံးပန်းတိုင် နဝင်ရွှေစင်ရတနာဂူကြီးရှိနေတယ်၊ ခက်တာက မြေပုံထဲမှာ နဝင်ရွှေစင်ဂူကြီးရှိရာကို ပြထားပေမယ့် ဘယ်နေရာမှာလဲဆိုတာ တိတိပပ ဖော်ပြမထားဘူး"

ဟု ကျော်စွာက ဝင်ပြောလိုက်လေလျှင် . . .

"ဟုတ်တယ်ကွ၊ ဂူဟာ ပတ်ကျိုင်တောင်တန်းရဲ့ နောက်ဖက်မှာရှိနေပြီး ဘယ်နေရာမှာပါလို့ ရှင်းရှင်းလင်းလင်း ဖော်ပြမထားဘူး၊ ဒီမြေပုံကိုရေးဆွဲတဲ့ အမတ်ကြီးစက္ကဒေဝဟာ မြေပုံဆွဲခြင်းအတတ်ပညာကို မတတ်ကျွမ်းလေတော့ အမှတ်အသားလက္ခဏာတွေကို သေသေချာချာ မဖော်ပြနိုင်ခဲ့ဘူးကွ။

ဒီတော့ ပတ်ကျိုင်တောင်ကြောကို ကျော်ဖြတ်ပြီးတာနဲ့ နဝင်ရွှေစင်ရတနာဂူကြီးကို ကိုယ့်အားကိုယ်ကိုးပြီး အသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com



တောနင်းရှာဖွေရုံကလွဲပြီး တစ်ခြားနည်းလမ်းမရှိတော့ဘူး"

ဟု ရသေ့ကြီးက ပြောလိုက်လေ၏။ ရသေ့ကြီးက ဆက်ပြီး-

"အဲဒီတော့ ငါတို့ဟာ ပတ်ကွိုင်တောင်တန်းရဲ့ အစနား ရောက်တာနဲ့ နဝင်ရွှေစင်ဂူကြီးကိုတွေ့အောင် ရှာရတော့မှာဆိုတော့ လမ်းပြနဲ့ အထမ်းသမားနှစ်ယောက်ကို ငွေရှင်းပြီး ပြန်လွှတ်ရလိမ့်မယ်၊ လမ်းပြမရှိတော့ပေမယ့် ဟောဒီအမတ်ကြီးစက္ကဒေဝရဲ့ ရတနာမြေပုံလမ်းညွှန်ကို အားကိုးပြုပြီး လျှို့ဝှက်ရတနာဂူကြီးကို ငါတို့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ရှာဖွေဖော်ထုတ်ကြရမယ်"

ဟုပြောဆိုလျက် ရှိလေ၏။

ယင်းသို့ သူတို့ပြောဆိုနေသမျှကို သေချာစွာ ချောင်းနားထောင်ပြီးနောက် ရွက်ဖျင်တဲနောက်မှ လူရိပ်သည် တောနက်ထဲသို့ လှစ်ခနဲ ပြေးဝင်ပျောက်ကွယ်သွားတော့၏။

ညက တိတ်ဆိတ်မြ တိတ်ဆိတ်ကာ မီးစွဲလောင်နေသော ထင်းတုံးတို့မှ တဖျစ်ဖျစ် မီးတောက်သံတို့ကလည်း ထွက်ပေါ်မြဲထွက်ပေါ်နေလေ၏။

ရသေ့ကြီးဦးဒိဗ္ဗနှင့် ကျော်စွာတို့အဖွဲ့သည် ရှေးခေတ်အခါမှလွဲ၍ နောက်ပိုင်းခေတ်သစ်ဝယ် လူသူအရောက်အပေါက် လုံးဝရှိသည်ဟု မထင်ရသော တောကြီးမျက်မည်းအား ငါးရက်တိုင်တိုင် ခရီးပြင်းနှင်ဖြတ်သန်းခဲ့ရာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၈၅၀၀ ကျော်အမြင့်ရှိသည့် ပတ်ကွိုင်တောင်တန်းကြီး၏ တောင်ခြေသို့ ဆိုက်ရောက်သွားတော့၏။

ထိုသို့ရောက်သည်နှင့် ရသေ့ကြီးသည် လမ်းပြနှင့် အထမ်း



www.burmeseclassic.com

www.burmeseclassic.com


သမားများကို ကျသင့်ငွေများ ပေးချေပြီး ပြန်လွှတ်လိုက်တော့၏။ သူတို့အဖွဲ့သည် ရိုးတောင်ခြေတွင် ရက်အနည်းငယ် စခန်းချ ရိက္ခာစုဆောင်းပြီးနောက် ပတ်ကွိုင်တောင်တန်းကြီးပေါ်သို့ ခရီးစတင်ခဲ့တော့၏။

ပတ်ကွိုင်တောင်တန်းကြီးကို ကျော်ဖြတ်ရသော ခရီးသည် ကျော်စွာတို့ လာရောက်ခဲ့သော ခရီးစဉ်ဝယ် အကြမ်းတမ်းအခက်ခဲဆုံး ခရီးလမ်းပင် ဖြစ်လေတော့၏။

တောင်တန်းကြီးက မြင့်မားသလောက် နက်ရှိုင်းလှစွာသော ချောက်ကမ်းပါးကြီးများ၊ ခြုံနွယ်ပိတ်ပေါင်းတို့ ထူထပ်မဲမှောင်နေသည့် လျှိုကြီးများ၊ အရှိန်အဟုန်ပြင်းစွာ ကျဆင်းနေသည့် ရေတံခွန်ကြီးများဖြင့် ဖွဲ့စည်းထားသည့် တောနက်ကြီးမှာ ပတ်ကွိုင်တောင်ကြောတစ်လျှောက်ဝယ် အဆုံးအစမရှိ နက်ရှိုင်းစွာ တည်ရှိနေရာ ကျော်စွာတို့မှာ တောကို ခက်ခဲပင်ပန်းစွာ တိုးဝင်နေကြရ၏။

ထိုသို့ တောတိုးရင်းမှ သားကောင်ကြီးများနှင့် သုံးလေးကြိမ်ခန့် တိုးမိကြသဖြင့် ဇမုန်ထန်းက အမဲပစ်သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်ခဲ့ရ၏။

ရသေ့ကြီးဦးဒိဗ္ဗက သားကောင်များကို ပစ်ခတ်သတ်ဖြတ်ခြင်းမပြုရန် တားမြစ်ထားသဖြင့် စားသောက်ရန် ရိက္ခာအတွက် အခက်အခဲရှိလာခဲ့၏။

သို့ကြောင့် ဇမုန်ထန်းက . . .

"ဘရသေ့ . . . ရိက္ခာခြောက်တွေလည်း ကုန်သလောက် ဖြစ်သွားပြီ၊ ပေါင်မုန့်ခြောက်နည်းနည်းပဲ ကျန်တော့တယ်၊ ဘရသေ့


www.burmeseclassic.com

www.burmeseclassic.com



က သားကောင်ငယ်တွေကို ပစ်ခတ်ဖမ်းဆီးစားသောက်ခြင်း မပြုရဘူးဆိုတော့ ရိက္ခာအတွက် ခက်နေပြီ . . . ဘ[illegible]သေ့ရဲ့"

ဟု ညောင်လန်းပင်ကြီးအောက်ဝယ် ခေတ္တအပန်းဖြေနားခိုနေစဉ် ညည်းပြော,ပြောလိုက်လေ၏။

ထိုအခါ ရသေ့ကြီးဦးဒိဗ္ဗက သူ၏လွယ်အိတ်ကြီးထဲမှ ပျားရည်ပုလင်းကို ထုတ်ယူလိုက်ပြီး ခွက်တစ်ခုထဲသို့ ထည့်လိုက်လေ၏။ ပြီးနောက် လွယ်အိတ်ထဲမှ အဝတ်ရှုံ့အိတ်မည်းမည်းလေးကို ထုတ်ယူလိုက်ပြန်၏။ ရှုံ့အိတ်အဝတ်ကြိုးကိုဖြည်ကာ အိတ်အတွင်းမှ ကန်ဇွန်းဥသဏ္ဍာန် ဥသုံးလုံးကို ထုတ်ယူလိုက်ကာ . . .

"ဟောဒါ အာဟာရသိဒ္ဓိဂမုန်းဥလို့ ပြောလို့ရတဲ့ ဂမုန်းဥတွေပဲကွယ့်၊ သူ့ကို ပျားရည်စစ်နဲ့ တို့ပြီးစားထားရင် ဂမုန်းဥတစ်ခုစားထားယုံနဲ့ နှစ်ရက်သုံးရက် ထမင်းမစားဘဲ နေနိုင်တယ်၊ ရော့ . . . ရော့ . . . တစ်ယောက်တစ်ဥယူပြီး ဟောဒီပျားရည်နဲ့ တို့စားကြစမ်း"

ဟုပြောကာ ကန်ဇွန်းဥအရွယ် ရွှေဝါရောင်ဂမုန်းဥကို ပျားရည်ဖြင့်တို့ကာ စားကြလေ၏။

ဂမုန်းဥ၏အရသာမှာ ဆိမ့်သက်သက်လေးဖြစ်ပြီး ပျားရည်ဖြင့် စားရသည်မှာ အရသာတစ်မျိုးလေးဖြစ်၍ ခဏချင်းမှာပင် ဂမုန်းဥတစ်ဥစီ ကုန်သွားကြတော့၏။

ယင်းအာဟာရသိဒ္ဓိဂမုန်းဥမှာ အတော်အစွမ်းထက်ပုံရ၏။ ကျော်စွာတို့မှာ တစ်နေကုန် တောလမ်းခရီးကြမ်းများ နှင်ခဲ့ရသော်လည်း လုံးဝဆာလောင်မှု မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘရသေ့ . . . ဘရသေ့ရဲ့ ဂမုန်းဥက တော်တော်စွမ်းပါလား ကျွန်တော်ဖြင့် လုံးဝဗိုက်မဆာတော့ဘူး၊ အဲဒီဂမုန်းဥမျိုး စိုက်လို့ရရင် ကောင်းမှာပဲ၊ ဒါဆို လူတွေမှာ အလုပ်မလုပ်ပေမယ့် အစာအာဟာရအတွက် ပူစရာမလိုတော့ဘူး၊ အဲဒီဂမုန်းဥကို သုံးရက်တစ်ဥလောက်ပဲ စားထားရင် ကိစ္စပြီးပြီပေါ့ . . . ဟဲ . . . ဟဲ . . . ဟဲ"

ဟု ဇမုန်ထန်းက ပြောလိုက်ရာ . . .

"အဲဒီဂမုန်းမျိုးကို စိုက်ပျိုးမျိုးပွားလို့ မရဘူးကွ၊ တောနက်တွေထဲမှာပဲ ရှားရှားပါးပါး တွေ့ရတတ်တာ၊ ငါမှဆိုးလုပ်တုန်းကနာဂတောင်တန်းတောနက်ထဲက အဲဒီဂမုန်းဥတွေရခဲ့ပြီး အခြောက်လှမ်းထားခဲ့တာ၊ ငါ တောထဲက ကျောင်းသခ်န်းမှာ တစ်ဦးတည်းနေနိုင်ခဲ့တာ အဲဒီဂမုန်းဥရဲ့ အထောက်အကူကြောင့်ပေါ့ကွာ"

ဟု ဘရသေ့က အာဟာရသိဒ္ဓိဂမုန်းဥနဲ့ ပတ်သက်ပြီး ပြောပြလေ၏။

ထို့နောက် သူတို့ ခရီးဆက်လက်ထွက်ခဲ့ကြရာ တရွေ့ရွေ့ဖြင့် ပတ်ကွိုင်တောင်ကြောပေါ်သို့ ရောက်ရှိလာတော့၏။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၈၅၀၀) ကျော်သို့ ရောက်ရှိနေသဖြင့် ရာသီဥတုက အေးစိမ့်လှကာ မိုးသက်မုန်တိုင်းနှင့် နှင်းမုန်တိုင်းတို့က အခါမလပ် ကျရောက်လျက်ရှိလေသည်။

ရာသီဥတုဆိုးဝါးလာပြီး ငှက်ဖျားရောဂါအခံရှိသော ဇမုန်ထန်းအတွက် ကျော်စွာက စိုးရိမ်လာမိ၏။ သို့ကြောင့် . . .

"ကိုကြီးဇမုန်ထန်း . . ဖြစ်ရဲ့လား၊ နေရောကောင်းရဲ့လား"

"ကျောရိုးထဲက စိမ့်ပြီး ချမ်းလာတာပဲကွ၊ ငါ ငှက်ဖျားပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်မလား မသိဘူး၊ ငှက်ဖျားပျောက်ဆေးလည်း ပါမလာခဲ့ဘူး"

သူတို့နှစ်ဦး၏ ပြောဆိုသံကြားရသဖြင့် ရှေ့မှလျှောက်လာသော ရသေ့ကြီးဦးဒိဗ္ဗက ခြေလှမ်းကိုရပ်ကာ နောက်သို့ပြန်လှည့်ကြည့်ပြီး . . .

"တောင်မြင့်ပိုင်းရောက်လာတော့ ရာသီဥတုက တအားအေးလာတယ်ကွယ့်၊ နှင်းမှုန်တိုင်း မိုးမှုန်တိုင်းတွေကလည်း ကျနေတော့ ငှက်ဖျားရောဂါအခံရှိသူတွေအတွက်တော့ မလွယ်ဘူးပေါ့၊ ဒါပေမယ့် ငါ့တပည့်တို့ မပူပါနဲ့၊ ဒီခရီးစထွက်ကတည်းက ဆေးဝါးနဲ့ပတ်သက်ပြီး ကျုပ်တာဝန်ယူခဲ့တာပဲ"

ဟု လေသံအေးအေးဖြင့် ပြောလိုက်ပြီးနောက် သူ၏သက်န်းရောင် လွယ်အိတ်ကြီးထဲမှ ဆေးမြစ်တစ်ခုကို ထုတ်ယူလိုက်ကာ-

"ရော့ . . . ဒီဆေးမြစ်ကို တစ်ဖဲ့ကိုက်ယူပြီး ဝါးစားလိုက်၊ ပြီးရင် ရေသောက်ချလိုက်၊ မင်းကို ငှက်ဖျားရောဂါ မနှိပ်စက်နိုင်တော့ဘူး"

ဟုပြောကာ ဆေးမြစ်ကို လှမ်းပေးရာ ဇမုန်ထန်းက လက်နှစ်ဖက်ဖြင့် ရိုသေစွာ လှမ်းယူပြီး ဆေးမြစ်ကို သွားဖြင့်ကိုက်ဖဲ့လိုက်လေ၏။

ထို့နောက် ဝါညစ်ညစ်ဆေးမြစ်ကလေးကို ရသေ့ကြီးထံ ပြန်ပေးလိုက်ပြီး ပါးစပ်ထဲမှ ဆေးမြစ်အပိုင်းလေးကိုမူ ဝါးစားလိုက်ကာ ခါး၌ချိတ်ထားသော ရေဗူးကို ဖြုတ်ယူလျက် ဗူးထဲမှရေကို သောက်လိုက်လေ၏။

"ကဲ . . . ကဲ . . . ဆေးသောက်ပြီးရင် ခရီးဆက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တောင်ကြောတစ်ခုကို ဖြတ်ဆင်းလာခဲ့စဉ်ဝယ် တောင်ခါးပန်းတစ်ခု၌ အထီးတည်းပေါက်နေသော ပန်းပင်လို အပင်တစ်မျိုးကို တွေ့ရသဖြင့် . . .

"ဟော . . . ရှားပါးလှတဲ့ ဂမုန်းနက်ပင်ကိုတော့ တွေ့ပြီဟေ့၊ ဒီလိုသားကောင်ကြီးတွေပေါပြီး အန္တရာယ်ထူပြောလှတဲ့ တောနက်ကြီးထဲမှာ ဂမုန်းနက်ကို လာတွေ့ရတာဟာ ဘုရားမတာပဲကွ"

ဟုရသေ့ကြီးဦးဒိဗ္ဗက အားရဝမ်းသာဖြင့် ပြောပြီး ဆိပ်ဖူးရွက်ကဲ့သို့ အရွက်များရှိသည့် ဂမုန်းပင်ကို တောင်ခါးပန်းမှ အသာနှုတ်ယူလိုက်လေ၏။

ထိုအခါ ဂမုန်းနက်ပင်၏ ပင်ခြေအမြစ်များကြားဝယ် နန္ဒင်းရောင်ဥဝါဝါလေးကို တွေ့ရလေရာ ရသေ့ကြီးက ထိုဂမုန်းဥလေးကို ဖြတ်ယူလိုက်ပြီး ဂမုန်းပင်ကိုမူ ချောက်ထဲသို့ ပစ်ချလိုက်လေ၏။

"ဒါဟာ ဂမုန်းနက်ဥလို့ ခေါ်တယ်ကွ၊ သိဒ္ဓိမြောက်အစွမ်းထက်လှတဲ့ ဂမုန်းမျိုးနွယ်ပေါင်း ၁၂၈ မျိုးထဲမှာ အစွမ်းအထက်ဆုံးဂမုန်းတစ်မျိုးပဲကွယ့်"

ထို့နောက် ရသေ့ကြီးသည် ဂမုန်းနက်ဥလေးအား နှစ်ပိုင်းပိုင်းလိုက်ပြီး . . .

"မင်းတို့ ဂမုန်းနက်ဥကို တစ်ယောက်တစ်ဝက်စီယူပြီး ကိုယ်နဲ့မကွာ ဆောင်ထားကြ၊ ဂမုန်းနက်ဥဆောင်ထားသူကို သားရဲတိရစ္ဆာန်တောဘုရင်ကြီးတွေက ရန်မမူရဲကြဘူးကွယ့်"

ဟုပြောကာ ပေးလေသဖြင့် ကျော်စွာနှင့် ဇမုန်ထန်းမှာ ရှိသေစွာ လှမ်းယူလိုက်ကြပြီး ကျော်စွာက ဂမုန်းနက်ဥလေးကို လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပုဝါဖြင့်ထုပ်ကာ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်လေ၏၊

ထို့နောက် သူတို့ခရီးဆက်ခဲ့ကြရာမှ . . .

"ဟောဟိုမှာ ဂူတစ်ခုပါလား၊ လာ . . သွားကြည့်ရအောင်"

ဟု တောင်ခါးပန်းမှ ဂူဝတစ်ခုကို ဇမုန်ထန်းက ညွှန်ပြပြီး ဂူဆီသို့ လျင်မြန်စွာ အရောက်သွားလိုက်၏။

ရသေ့ကြီးကလည်း ဂူဝဆီသို့ ဆင်းသွားရာ ကျော်စွာမှာ ပတ်ကွိုင်တောင်တန်း၏ အမြင့်ဆုံးတောင်မြင့်ထိပ်မှနေ၍ လှမ်းမျှော်တွေ့နေရသော သဘာဝရှုခင်းကို သဘောကျစွာ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

တောင်ခါးပန်းမှ သက်ရင့်ကျောက်ဂူဝထဲသို့ ဇမုန်ထန်းနှင့် ရသေ့ကြီးတို့ လှမ်းဝင်သွားသည့်အချိန်တွင် ကျော်စွာသည် တောင်ထိပ်အစွန်းမှနေ၍ လေကောင်းလေသန့်ရှုရင်း အဝေးရှုခင်းကို ငေးမောမဆုံးဖြစ်နေတော့၏။

ထိုအခိုက်မှာပဲ သူ၏နောက်ဘက်ခြုံအကွယ်မှ လူတစ်ယောက်က ဖျတ်ကနဲ ပေါ်လာပြီး အသံမပေးဘဲ တောင်ထိပ်စွန်းပေါ်၌ ရပ်နေသော ကျော်စွာ၏ကျောကို အရှိန်ပြင်းပြင်းဖြင့် ဆောင့်တွန်းချလိုက်လေ၏။

သဘာဝအလှအပ ရှုမျှော်ခင်းထဲဝယ် နစ်မျောသွားမိသော ကျော်စွာမှာ အန္တရာယ်ကို သတိပြုမိလိုက်၍ ဆတ်ခနဲ လှည့်ကြည့်လိုက်သော်လည်း လွန်စွာမှ နောက်ကျသွားပြီဖြစ်၏။

"အား . . . "

ကျော်စွာသည် ထိတ်လန့်စွာ အော်ဟစ်ရင်း လွန်စွာနက်



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းမက်စောက်သော ချောက်ကြီးထဲသို့ ထိုးကျသွားလေတော့၏။

သက်ရင့်ကျောက်ဂူကြီးထဲမှ ရသေ့ကြီးဦးဒိဗ္ဗနှင့် ဇမုန်ထန်း တို့ ပြန်ထွက်လာသောအခါ ကျော်စွာကို နေရာအနှံ့လိုက်လံရှာဖွေ သော်လည်း အရိပ်အယောင်မျှပင် မတွေ့ကြရတော့ပေ။ မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကျရောက်လာသည့် ကံကြမ္မာဆိုးကို ရှောင်တိမ်းနိုင်စွမ်းမရှိဖြစ်ခဲ့ရသည့် ကျော်စွာအတွက် ကျန်သူနှစ်ဦး မှာ ဘယ်လိုမှ နားမလည်နိုင်ဖြစ်ရလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဇမုန်ထန်းသည် ကျော်စွာကို လှည့်ပတ်ရှာဖွေလျက်ရှိရာမှ အတန်ကြာသည့်တိုင်အောင် အစအနမျှပင် မတွေ့ရသည့်အခါ တဖြည်းဖြည်း စိုးရိမ်ပူပန်လာတော့၏။

တောထဲတောင်ထဲဝယ် နာမည်အော်ခေါ်၍ မဖြစ်သည်ကြောင့် အနီးဝန်းကျင်တစ်ဝိုက်၌သာ လိုက်လံရှာဖွေနေရ၏။

ရသေ့ကြီးသည်လည်း ကျော်စွာကို လိုက်လံရှာဖွေနေရင်းမှ စဉ်းစားမရဟန်ဖြင့် မျက်မှောင်ကြီးကုပ်လျက် ရှိနေတော့၏။ ဇမုန်ထန်းက . . .

“ဘယ်လိုလုပ်မလဲ . . . ဘရသေ့၊ ကျော်စွာတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားပါလား”



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . ဒီကောင်လေးဟာ ငါတို့နောက်ကနေ ဂူအဲလိုက်ဝင်လာမယ်လို့ ထင်တာ၊ လိုက်မလာဘဲ ဘယ်များထွက်သွားပါလိမ့်"

ဟု ဘရသေ့က စဉ်းစားမရဟန်ဖြင့် ပြန်ပြော၏။

"ကျော်စွာက အဲဒီလို မပြောမဆိုဘဲ ထွက်သွားမယ့်သူမျိုး မဟုတ်ဘူး . . . ဘရသေ့ရဲ့"

ရသေ့ကြီးသည် သူ၏ဒေါက်ချာဆောင်းထားသော ဦးခေါင်းကို ခပ်ဖြည်းဖြည်း ရမ်းခါလိုက်ပြီး . . .

"မင်း နားမလည်သေးပါဘူး . . ဇမုန်ထန်းရယ်၊ ဒီလို တောနက်နက်ကြီးတွေထဲမှာ ပရလောကသား နာနာဘာဝတွေဟာ နည်းမျိုးစုံနဲ့ ရှိနေတတ်တယ်၊ ကျတ်တွေ၊ ပြိတ္တာတွေ၊ ရုက္ခစိုးတွေအပြင် ဥစ္စာစောင့်တွေလည်း ရှိတတ်တယ်၊ နတ်စိမ်းတွေလည်း ရှိတတ်တယ်။

သူတို့တွေဟာ သဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းပြီး လှည့်ဖြားမှုအမျိုးမျိုး လုပ်တတ်ကြတယ်၊ တောကလည်း မာယာများတယ်၊ တောခြောက်တာတွေ ဘာတွေလည်း ရှိတတ်တယ်။

ငါထင်တာတော့ ငါတို့ဂူထဲဝင်ကြည့်နေတုန်း တစ်ဦးတည်း ကျန်ရစ်ခဲ့တဲ့ ကျော်စွာကို ကျတ်၊ ဥစ္စာစောင့်၊ နတ်စိမ်းတစ်ဦးဦးက မာယာနဲ့ လှည့်ဖြားပြီးတော့ ခေါ်သွားတာလား မသိဘူး၊ အဲဒီလိုသာ ခေါ်သွားရင် ဒီကောင်လေးဟာ ငါတို့ကို ပြောချိန်မရဘဲ ပါသွားနိုင်တယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . အဲဒီလိုပါသွားရင် ဘာ . . . ဘာဆက်ဖြစ်နိုင်သလဲဟင် . . . ဘရသေ့"

"ဒါတော့ ငါလည်းဒိဗ္ဗစက္ခုမရှိသူဆိုတော့ ဘယ်သိနိုင်ပါ့မလဲကွယ်၊ အင်း . . . များသောအားဖြင့်တော့ အဲဒီလို နာနာဘာဝတွေရဲ့ လှည့်ဖြားခေါ်ယူသွားခြင်း ခံရသူတွေဟာ လူ့လောကထဲကနေ ပျောက်ခြင်းမလှ ပျောက်သွားရတတ်တယ်ကွယ့်၊ အသက်ရှင်လျက် ပြန်တွေ့ဖို့ဆိုတာတော့ မလွယ်လှပါဘူးကွယ်"

"ဗျာ . . ."

ရသေ့ကြီးဦးဒိဗ္ဗက စိတ်မကောင်းစွာ တစ်လုံးချင်းပြောဆိုရင်း စကားအဆုံး၌ သက်မကြီးချကာ ငြိမ်သက်တွေဝေသွားတော့၏။ ဇမုန်ထန်းမှာမူ ကြေကွဲခြင်း၊ တုန်လှုပ်ချောက်ချားခြင်းများနှင့်အတူ ယူကျုံးမရခံစားနေရတော့၏။

တစ်မြို့တည်းသားချင်း မိဘဆွေမျိုးမဲ့ ဘဝတူများမို့ သူကကျော်စွာကို ငယ်စဉ်ကတည်းက ညီတစ်ယောက်လို သံယောဇဉ်ဖြစ်ခဲ့မိ၏။ ကျော်စွာအရွယ်ရောက်လာ၍ ဇာတိမြို့မှ ထွက်ခွာသွားသော်လည်း ဇမုန်ထန်းမှာ သတိရမဆုံးဖြစ်နေခဲ့ရ၏။

ဇမုန်ထန်းမှာမူ သူတို့ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သော မြို့ဦးကျောင်းဆရာတော်ကြီး ဦးသံဝရထံတွင် ကပ္ပိယအဖြစ် ကျောင်းအိပ်ကျောင်းစားနေနေရပြီး ဆရာတော်ကြီး၏ ဝေယျာဝစ္စ၊ ကျောင်း၏ဗာဟိရများကို လုပ်ကိုင်နေရသဖြင့် ဇာတိမြို့မှခွာကာ ကျော်စွာနှင့်အတူ တစ်မြို့တစ်ရွာသို့ စွန့်စားသွားရောက်ခြင်း မပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေ။

ကျေးဇူးရှင်ဆရာတော်ကြီး ပျံလွန်တော်မူသွားမှ ဇမုန်ထန်းမှာ ဘုန်းတော်ကြီးကျောင်းမှခွာခဲ့ပြီး သစ်ဖောင်လုပ်သား၊ ရွှေကျင်သမား၊ မြင်းလှည်းသမား စသဖြင့် ဘဝမျိုးစုံဖြတ်သန်းကျင်လည်ခဲ့ကာ နောက်ဆုံးတွင် ရသေ့ကြီးဦးဒိဗ္ဗထံမှ အင်္ဂရတ်ပညာများ ရံဖန်ရံခါ သွားရောက်ဆည်းပူးရင်း မြို့ပေါ်တွင် ပွဲစားယောင်ယောင် ကျပန်းလက်သမားယောင်ယောင်ဖြင့် ကျင်လည်နေရာမှ ဇာတိမြို့သို့ ပြန်ရောက်လာသော ကျော်စွာနှင့် ပြန်လည်ဆုံတွေ့ခဲ့ရခြင်း ဖြစ်၏။

သို့ဖြင့် ဇမုန်ထန်းမှာ သူ၏ညီအရင်းကဲ့သို့ ချစ်ခင်ရသော ကျော်စွာကို ရသေ့ကြီးဦးဒိဗ္ဗထံသို့ အဖော်ခေါ်သွားမိရာမှ ယခုလို စွန့်စားရသော ခရီးကြမ်းကြီးကို အတူလိုက်ပါရန် ခေါ်ဆောင်ခဲ့မိခြင်းဖြစ်၏။

ယခုတော့ သူ၏ပယောဂကြောင့် နဝင်္ဂရွှေစင်ရတနာဂူရှာပုံတော်ခရီးဝယ် လိုက်ပါလာသူ ကျော်စွာမှာ တောထဲတောင်ထဲ၌ ဘေးဒုက္ခဆိုးကြီးနှင့် တွေ့ကြုံလေပြီထင်၏။

"ကျော်စွာရာ . . . ဖြစ်ရလေကွာ၊ မင်းသာ တစ်ခုခုဖြစ်သွားရင် ငါတော့ ရင်ကျိုးမှာပဲ"

ဟု ယူကျုံးမရစွာ တွေးတောရင်း အနီးဝန်းကျင်တောတောင်လျှိုမြောင်များ၌ ကျော်စွာကို တွေ့လိုတွေ့ငြား မရပ်မနား ရှာဖွေလျက်ရှိတော့၏။

ရသေ့ကြီးဦးဒိဗ္ဗမှာ ဤမျှခရီးကြမ်းကြီးကို ရက်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



စွာ အတူဖြတ်သန်းလာခဲ့ရပြီးမှ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရသော ကျော်စွာအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည့်အပြင် မိမိတို့၏ခရီးစဉ်ဝယ် လွန်စွာအားကိုးစိတ်ချရသူ လူငယ်လေးအဖို့ နှမြောတသခြင်း ဖြစ်ရလေ၏။

သို့သော် ရသေ့ကြီးမှာ ဘဝအတွေ့အကြုံမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသူဖြစ်ရကား ရင့်ကျက်နေပြီဖြစ်၍ ဇမုန်ထန်းကဲ့သို့ ယောက်ယက်ခတ်ခြင်းမရှိဘဲ အခြေအနေကို ယခုထက်ပိုမိုမဆိုးဝါးစေရန်သာ ဆင်ခြင်တွေးဆလျက်ရှိလေ၏။

သို့ကြောင့် ဇမုန်ထန်း စိတ်သက်သာရာရစေရန် အလို့ငှာ ဖျောင်းဖျပြောဆိုလေ၏။

"ဇမုန်ထန်း . . . ငါ့တပည့်၊ မောင်ကျော်စွာဟာ လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံတဲ့ လူငယ်လေးပါ၊ ဘယ်လိုဘေးဒုက္ခဆိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ အဘာ အခိုင်အမာ ယုံကြည်တယ်၊ သူဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီအခက်အခဲတွေကို ကျော်လွှားပြီး အဘတို့ဆီကို ရောက်ကိုရောက်လာပါလိမ့်မယ်။

ယောက်ျားကောင်းတို့မည်သည် ဘဝကို ရေစုန်မျှောပြီး ရေသာခို လျှော့ကြုံလိုက်တာထက်စာရင် စွန့်လွှတ်စွန့်စား ကြိုးစားရုန်းကန်ရင်း အသက်စွန့်သွားရတာက ပိုမိုမြင့်မြတ်ဂုဏ်ယူဖွယ် မကောင်းဘူးလား။

အခုဆိုရင် ငါတို့ရဲ့ကြိုးစားဖြတ်သန်းလာခဲ့တဲ့ ခရီးစဉ်ကြီးဟာ အောင်မြင်လုနီးလာခဲ့ပြီ၊ နဝက်ရွှေစင်ရတနာ [illegible]ကြီးဟာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထတ်ကျိုင်တောင်တန်းကြီးရဲ့ တစ်နေရာရာမှာ အမှန်တကယ်ပဲ ရှိနေတယ်၊ ငါတို့ဟာ အဲဒီဂူကြီးကို ရှာဖွေတွေ့ရှိဖို့ မဝေးတော့ဘူး။

ငါတို့ရဲ့ ရည်မှန်းချက်က ဘာလဲ၊ ဒီခရီးကို စထွက်မယ့်နေ့ နံနက်မှာ ငါတို့သုံးဦး ဘုရားစင်ရှေ့မှာ အဓိဋ္ဌာန်ပြုခဲ့တဲ့အတိုင်း နဝင်ရွှေစင်ရတနာဂူကြီးကို ရှာတွေ့ခဲ့ရင် တစ်ဝက်ကို ဘာသာ,သာသနာအတွက် လှူဒါန်းမှုပြုပြီး ကျန်တစ်ဝက်ကိုသာ မိမိတို့ရဲ့အတ္တအကျိုးအတွက် သုံးပါ့မယ်လို့ ရည်ရွယ်ခဲ့တာပဲ မဟုတ်လား။

ငါတို့ရဲ့ခရီးစဉ်ကို ငါတို့သုံးဦး တက်ညီလက်ညီနဲ့ စတင်ခဲ့ကြပြီး အခုဆို ကျော်စွာမရှိတော့လို့ ငါနဲ့မင်းပဲ ရှိတော့တယ်၊ ဒါကြောင့် ခုအချိန်မှာ အရေးကြီးတာက မင်းနဲ့ငါ လူချင်းထပ်မကွဲသွားဖို့ပဲ၊ အဲဒီလို လူချင်းကွဲသွားရင်တော့ ငါတို့ရဲ့ရည်မှန်းချက်ကြီးလည်း ပျက်စီးပြီး ငါတို့ဟာလည်း ကျော်စွာရဲ့လမ်းကို လိုက်ရလိမ့်မယ်၊ အဲဒါကို ငါ့တပည့်ရဲ့ခေါင်းထဲမှာ ထည့်ထားပါကွယ်"

ရသေ့ကြီးဦးဒိဗ္ဗက သေချာစွာ ရှင်းပြ၊ ဖျောင်းဖျမှုပြုလေမှ ဇမုန်ထန်းမှာ အနည်းငယ် တည်ငြိမ်မှုရှိသွားပြီး . . .

"ဘရသေ့ပြောတာကို ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့စိတ်ထဲမှာ ကျော်စွာကို ပြန်တွေ့ရလိမ့်မယ်လို့ ထင်နေတယ်၊ ဒီကောင်က အကြောင်းတစ်ခုခုကြောင့် ကျွန်တော်တို့နဲ့ ခွဲခွာသွားခဲ့ပေမယ့် ကျွန်တော်တို့ဆီကို မနေ့အမြန် ပြန်ရောက်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်နေမိတယ်။

ဒါကြောင့် ကျွန်တော်တော့ ဒီနေရာဝန်းကျင်ကမှ အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်မသွားချင်ဘူး၊ ဒီနားမှာပဲ စခန်းကို အထိုင်ချထားပြီး ရတနာဂူကြီးကိုရော ကျော်စွာကိုပါ ရှာဖွေနေချင်တယ် ဘရသေ့ရာ"

ဟု သူ၏ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောလိုက်ရာ ရသေ့ကြီးက ခေါင်းကို အသာညိတ်ပြပြီး . . .

"ငါလည်း အဲဒီလိုပဲ စိတ်ကူးထားပါတယ်၊ ဟောဒီ လေကွယ်ရာအရပ်ကောင်းကောင်းမှာ ရွက်ဖျင်တဲထိုးပြီး ငါတို့ စခန်းအထိုင်ချကြမယ်၊ အဲဒီစခန်းကို အခြေပြုပြီး ရှာဖွေမှုတွေ ပြုကြတာပေါ့ကွယ်"

ဟု ပြောလိုက်ပြီးနောက် သူတို့နှစ်ဦးသည် ရွက်ဖျင်တဲထိုးရန် ပြင်ဆင်ကြတော့၏။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုများကို ကိုက်တစ်ရာခန့်အကွာရှိ ကညင်ပင်ကြီး၏နံဘေးမှ လူနှစ်ဦးက မှန်ပြောင်းတစ်လက်စီဖြင့် စောင့်ကြည့်လျက်ရှိသည်ကို အနည်းငယ်မျှပင် မရိပ်မိကြပေ။

ထိုလူနှစ်ဦးသည်ကား တစ်ဦးက မျက်လှည့်ဆရာကြီးတာနော၏ ညာလက်ရုံးတပည့် ဖိုးတေဖြစ်ပြီး၊ နောက်တစ်ဦးမှာမူ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး၊ နှုတ်ခမ်းမွေးများ ထူရဗျစ်နှင့် ပထန်ကုလားတစ်ဦးဖြစ်၏။

ဖိုးတေမှာ သူ၏ကျေးဇူးရှင်ဆရာသမား မျက်လှည့်ဆရာကြီးတာနော၏ အမိန့်အရ ကျော်စွာကို ဒုက္ခကောင်းကောင်းပြုပေးရန် ထပ်ကြပ်မကွာ လိုက်လာသူဖြစ်ပြီး ပထန်ကုလားမှာမူ သူ၏ မိတ်ဆွေဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေသည် မျက်လှည့်ဆရာကြီးတာနော၏ တပည့်မဖြစ်မီ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အောက်စုန်ဆင်းနေသော ထင်းတုံ့ကင်းများမှာ လှေသမားအဖြစ် လုပ်ကိုင်ခဲ့စဉ်က တုံကင်းနှင့်အတူ အဝတ်အထည်များ ရောင်းချရန် လိုက်ပါလာလေ့ရှိသည့် ကာဗုဝါ လား (ခေါ်) ပထန်ကုလားများနှင့် ရင်းနှီးမှုရှိခဲ့ရာ ထိုပထန်ကုလား များထဲမှ အလီဘိုင်ဟု အမည်ရသော ပထန်ကုလားနှင့် ခင်မင်သွား ခဲ့၏။

အလီဘိုင်သည် ဧရာဝတီမြစ်ကမ်းခြေတစ်လျှောက်ရှိ ဆိပ်ကမ်းမြို့များဝယ် အဝတ်အထည်များ ရောင်းချရန် ထင်းတုံကင်းများနှင့်အတူ ခရီးကြုံလိုက်ပါနေသူဖြစ်သော်လည်း အိန္ဒိယပြည်တွင် နေထိုင်ခဲ့စဉ်က တောလည်မုဆိုးအဖြစ် အသက်မွေးဖူးသူဖြစ်ပြီး တောတောင်ခရီးကြမ်းများကို ကျွမ်းကျင်စွာ သွားလာတတ်သူဖြစ်၏။

အလီဘိုင်သည် ဟိမဝန္တာတောင်စဉ်အထပ်ထပ်ကိုလည်း ဖြတ်သန်းသွားလာဖူးပြီး မဏိပူရကသည်းအရပ်မှတဆင့် ဖွန်ဂန် တောင်ကြားလမ်းမှလည်း မြန်မာပြည်အတွင်းသို့ ဝင်လာဖူးသူဖြစ် သည်။

သူသည် မြန်မာပြည်၏ဒေသအနှံ့သို့ ရောက်ဖူးပြီး မြန်မာ့ တောတောင်ရေမြေသဘာဝတို့နှင့် ကျွမ်းဝင်ရင်းနှီးသူဖြစ်၏။

ထို့ကြောင့် ဖိုးတေသည် ချင်းတွင်းမြစ်ဖျားပိုင်းသို့ ကျော်စွာ တို့ ခရီးထွက်မည်ဖြစ်ကြောင်း သတင်းအစအန ကြားလိုက်သည်နှင့် မော်တော်စင်းလုံးငှားကာ ဟုမ္မလင်း၌ အခြေချနေထိုင်သူ ပထန်



www.burmeseclassic.com

www.burmeseclassic.com



ကုလားအလီဘိုင်ကို သွားရောက်အကူအညီတောင်းကာ ၅၂ဆီ တောင်တောင်ခရီးကြမ်းကို နှင်လာကြခြင်းဖြစ်၏။

အလီဘိုင်မှာ ပထန်ကုလားလူမျိုးဖြစ်သည့်အားလျော်စွာ သစ္စာရှိပြီး သတ္တိကောင်းသူ၊ အကြမ်းပတမ်းခံရသူဖြစ်ရကား သူ၏ မိတ်ဆွေဖြစ်သူ ဖိုးတေအား ကူညီရန် စိတ်အားထက်သန်စွာဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

ထို့ပြင် ဖိုးတေ၏ရည်ရွယ်ချက် အောင်မြင်ပါက သူ၏ဆရာ ဖြစ်သူ မျက်လှည့်ဆရာကြီးတာနေ့ထံမှ ငွေငါးရာတိတိကို ဆုအဖြစ် ချီးမြှင့်မည်ဖြစ်ခြင်းကြောင့် အလုပ်အကိုင် မကောင်းလှသော အလီ ဘိုင်မှာ ဖိုးတေ၏နောက်သို့ စိတ်ပါလက်ပါ လိုက်လာခဲ့ခြင်းဖြစ် သည်။

"အလီဘိုင် . . ငါတို့ရဲ့ပထမရည်ရွယ်ချက်ဖြစ်တဲ့ ကျော်စွာ ဆိုတဲ့ မိစ္ဆာကောင်လေးကိုတော့ ချောက်ထဲတွန်းချပြီး အပြတ်ရှင်း ပစ်လိုက်ပြီးပြီ၊ ဒါပေမယ့် ငါတို့ဟာ ကျော်စွာကို နှိပ်ကွပ်ဆုံးမဖို့ ၄ချောင်းမြောင်းရင်းက အခွင့်ကောင်းမကြုံတာနဲ့ ဒီအထိလိုက်လာခဲ့ ရတာ . . . ။

သူတို့ဟာ ချင်းတွင်းမြစ်ဖျားမှာ ရွှေကျင်မလို့၊ ရွှေရှာမလို့ ဆိုပြီး သတင်းလွှင့်ခဲ့ပေမယ့် ဒီကိုရောက်မှ သူတို့ပြောဆိုကြတာတွေ ကို ငါတို့ချောင်းနားထောင်ကြည့်ရာက သူတို့ဟာ ရတနာသိုက်တစ်ခု ကို တူးဖော်ပြီး အပွကြံဖို့လာကြမှန်း သိခဲ့ရတယ် မဟုတ်လား။

အဲဒီရတနာသိုက်ရဲ့မြေပုံ သူတို့မှာရှိတယ်၊ အဲဒီမြေပုံပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေရွက်တိုသာ ငါတို့ရရင် ငါရော မင်းပါ သူဌေးဖြစ်ပြီကွ၊ ဒီတော့ ကျောက်စာကို ရှင်းပြီးပေမယ့် သူတို့လက်ထဲက ရတနာမြေပုံပါတဲ့ ပေရွက်ကို ရအောင်ယူဖို့ ကြိုးစားရဦးမယ်၊ အဲဒီပေရွက်ရရင် ရတနာသိုက်ကို ငါတို့ဆက်ရှာကြမယ်၊ ရတနာသိုက်ကိုရှာဖို့ အခက်အခဲရှိမယ်ဆိုရင်လည်း ငါ့ရဲ့ဆရာသမား ဆရာကြီးတာနော့တို့ဆီ တစ်ခေါက်ပြန်ပြီး လူသူ၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ လက်နက်တွေ စုဆောင်းပြီးမှ ဒီတောတောင်ထဲ ပြန်လာကြတာပေါ့၊ ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် ရတနာသိုက်ကိုတွေ့ရှိရင် မင်းလည်း ကြီးပွားချမ်းသာစေရမယ် . . . အလီဘိုင်"

"ကောင်းပြီ . . . ဖိုးတေ၊ ဘာပဲဖြစ်ဖြစ် မင်းကို ငါကူညီမယ်၊ မင်းကို ကူညီလို့ ငါ့မှာ အကျိုးမယုတ်ဘူးဆိုတာ သိတယ်"

ဟု အလီဘိုင်က ပုံမကျ၊ ပန်းမကျ ပြုံးပြလိုက်ရာ . . .

"အေး . . . ဒါဆို ဒီည ဟိုရသေ့ကြီးတို့လက်ထဲက ရတနာမြေပုံပါတဲ့ ပေရွက်ကို ရအောင်ယူရမယ်ကွ၊ သတိတော့ ထားရမယ်နော်၊ အဲဒီရသေ့ကြီးကို လျှော့မတွက်နဲ့၊ သူက တစ်ချိန်က နာမည်ကျော်မုဆိုးကြီးဖြစ်ခဲ့သလို မုဆိုးမလုပ်ခင် သူခပ်ငယ်ငယ်အရွယ်ကောင်းတုန်းက ရိုးရာလက်ဝှေ့ကျော်ကြီးတစ်ယောက် ဖြစ်ခဲ့ဖူးတယ်တဲ့ကွ၊ အခုထိ သန်မာဖျတ်လတ်ပြီး ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်သလို လူကလည်း ထွားကျိုင်းသူဖြစ်လေတော့ သူ့ကို ငါတို့ ရင်ဆိုင်တိုက်ပြီး လုယူလို့မဖြစ်ဘူး၊ အနုနည်းသုံးပြီး ခိုးယူမှဖြစ်မယ်ကွ"

အကာလညသို့ ရောက်လာခဲ့လေပြီ။ ရသေ့ကြီးဦးဖိဗ္ဗ၏



www.burmeseclassic.com

www.burmeseclassic.com



ရွက်ဖျင်တဲနှင့် ဇမုန်ထန်း၏ ရွက်ဖျင်တဲငယ်နှစ်လုံးကြားထဲဝယ် မီးလင်းဖိုကို ထင်းတုံးခပ်ကြီးကြီးဖြင့် ဖိုထားလေ၏။

တစ်နေ့လုံး တောလမ်းခရီးကို ဖြတ်သန်းလာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်လွန်းနေပြီဖြစ်၍ ရသေ့ကြီးမှာ ဘုရားဝတ်ပြုပြီးသည်နှင့် အိပ်ယာထက်ဝယ် လဲလျောင်းလိုက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့၏။

ရသေ့ကြီးဦးဒိဗ္ဗသည် နဂိုကပင် တောထဲတောင်ထဲတွင် တစ်ဦးတည်း ဧကစာရီကျင့်ကာ နေလာသူဖြစ်သည့်အပြင် အင်္ဂါရတ်သမားလည်း ဖြစ်သည်ကြောင့် သူ့၌ခါတ်လုံးအဆောင်များရှိလေရာ ထိုခါတ်လုံးအဆောင်တို့၏ အစွမ်းသိဒ္ဓိကြောင့် သူ့အား မည်သည့်သားရဲတိရစ္ဆာန်တို့မှ ရန်မမူဝံ့ဟု ယုံကြည်စိတ်ချထားသူဖြစ်၏။

ညဖက် အိပ်စက်အနားယူချိန် ဆိုက်လျှင်လည်း သူ၏အသက်အန္တရာယ် လုံခြုံဘေးကင်းရေးအတွက် ပူပန်မှုမရှိဘဲ အိပ်ယာထက် ခေါင်းချလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတတ်စမြဲဖြစ်သည်။

ဇမုန်ထန်းမှာမူ သူယူဆောင်လာသော မီးတောက်အရက်ကို ညစဉ်ခွဲ့တာသောက်ပြီးမှ အိပ်စက်တတ်သူဖြစ်၏။ ယနေ့ညမှာတော့ ကျော်စွာပျောက်ဆုံးသွားသဖြင့် စိတ်ထိခိုက်ရခြင်း ယခင်ညများမှာ ကျော်စွာနှင့်အတူ ရွက်ဖျင်တဲတစ်လုံးထဲဝယ် အတူအိပ်စက်ခဲ့ရာမှ ယခုအဖော်မဲ့သွားသဖြင့် အားငယ်သလိုဖြစ်ခြင်းတို့ကြောင့် အရက်ကို ယခင်ညများထက် ပိုပြီးသောက်တာ အိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့၏။

ညဥ့်အတော်နက်လာသည့်အခါတွင်တော့ ခွေးအူသံ၊ ညဥ့်ငှက်ဆိုးထိုးသံတို့နှင့်အတူ ဇမုန်ထန်းပေါက်သံကပါ တော၏ညဥ့်ယံဝယ် မှန်မှန်ကြီးပေါ်ထွက်လျက် ရှိနေတော့၏။

မီးလင်းဖိုမှ မီးရှိန်အတော်လေးကျသွားသည့် အချိန်မှာတော့ လူရိပ်တစ်ခုသည် ရသေ့ကြီးဦးဒိဗ္ဗ၏ ရွက်ဖျင်တဲအနီးသို့ လျှို့ဝှက်သိပ်သည်းစွာ ချဉ်းကပ်လာပြီး ထိုညလူသည် ရွက်ဖျင်တဲအတွင်းသို့ မြွေတစ်ကောင်လို တိတ်ဆိတ်စွာ ခေါင်းတိုးဝင်သွားလေ၏။

ထို့နောက် သူသည် ရသေ့ကြီးဦးဒိဗ္ဗ ခေါင်းအုံးအိပ်နေသည့် သခ်ိန်းရောင်လွယ်အိတ်ကြီးအတွင်းသို့ မျက်လှည့်လက်လှည့်သမားပီပီ သိမ်မွေ့ကျွမ်းကျင်စွာ လှုပ်ရှားတတ်သော သူ၏လက်တစ်ဖက်ကို ထိုးသွင်းလိုက်ပြီး ရတနာမြေပုံပါရှိသည့် ပေရွက်အားထုပ်ထားသည့် ကတ္တီပါစအထုပ်ကို ငြင်သာစွာ ဆွဲထုတ်ယူလိုက်၏။

ယင်းနောက် ထိုညလူသည် ရွက်ဖျင်တဲထဲမှ မြွေတစ်ကောင်လို လျှို့ဝှက်သိပ်သည်းစွာ ပြန်ထွက်သွားပြီး ညအမှောင်ထုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

လွန်စွာနက်ရှိုင်းသော ချောက်ကြီးထဲသို့ အရှိန်ပြင်းစွာ ပြုတ်ကျသွားသော ကျော်စွာမှာ ကံကောင်းထောက်မစွာဖြင့် ထူထပ်သိပ်သည်းလှသော ဝါးရုံကြီးတစ်ရုံ၏ ထိပ်ဖျားပေါ်သို့ ကျသွားရာ ကျောက်ကြိုကျောက်ကြား မြေပြင်ပေါ်သို့ တိုက်ရိုက်ကျပြီး အရိုးတခြား၊ အသားတခြားဖြစ်ကာ မရှုမလှ သေပွဲဝင်ရမည့်ဘေးမှ သီသီကလေး လွတ်သွားလေ၏။

သို့သော် သူ၏တစ်ကိုယ်လုံးမှာ ပွန်းရှရာ၊ ခြစ်ရာများ ပြည့်နှက်သွားပြီး ဒဏ်ရာအနာများမှ သွေးစိမ်းရှင်ရှင်တို့မှာ မြင်မကောင်းအောင် ဖြစ်နေတော့၏။

သူသည် ဝါးရုံထိပ်ဖျားပေါ်သို့ အရှိန်ပြင်းစွာ ကျခဲ့ရာမှ



www.burmeseclassic.com

www.burmeseclassic.com



သူ၏ကိုယ်အလေးချိန်ကြောင့် ဝါးရုံဖျားမှာ ကိုင်းညွတ်ကျလာပြီး ဝါးခွံနွဲ့သောအမှ ဘီးစပ်ချုံကြီးပေါ်သို့ ပြုတ်ကျသွားရပြန်လေ၏။ ထိုဘီးစပ်ချုံပေါ်မှတစ်ဆင့် ချောက်အောက်ခြေရှိ စမ်းချောင်းလေး၏ရေစပ်မှ ကျောက်တုံးကြီးပေါ် ပြုတ်ကျသွားသောအခါမှာတော့ ကျော်စွာမှာ ဆက်လက်ပြီး ကံမကောင်းတော့ပေ။

ကျော်စွာ၏ဦးခေါင်းသည် ကျောက်တုံးကြီးနှင့် ရိုက်မိပြီး စမ်းချောင်းအစပ်ဝယ် နာရီအတော်ကြာ သတိလစ်မေ့မျောလျက် ရှိစဉ် တောတိုးလာသော ခြေသံများ ထွက်ပေါ်လာပြီး လူရိုင်းတစ်စုသည် ပျဉ်းမပင်များ၏နောက်မှ ထွက်ပေါ်လာတော့၏။

ထိုလူရိုင်းအုပ်စုမှာ အယောက်နှစ်ဆယ်ခန့်ရှိပြီး ငှက်မွေးရောင်စုံများဖြင့် အလှဆင်ယင်ထားသော ခေါင်းဆောင်းကြီးကို ဆောင်းထားသည့် အသက်အတော်ကြီးဟန်တူသည့် လူရိုင်းအဘိုးကြီးက ခေါင်းဆောင်လာခြင်း ဖြစ်သည်။

ထိုလူရိုင်းခေါင်းဆောင်ကြီး၏ ညာဖက်တွင် ကျားသစ်ရေဝတ်စုံဝတ်ဆင်ထားသည့် ခန္ဓာကိုယ်တောင့်တင်းကြံ့ခိုင်လှသော လူငယ်တစ်ဦးသည် သွေးများစွန်းပေနေသော လှံတစ်ချောင်းကို ကိုင်စွဲထားပြီး သူတို့၏နောက်မှ လူရိုင်းများမှာ ကြီးမားလှသော တောဝက်ကြီးတစ်ကောင်ကို ဝါးလုံးကြီးတစ်လုံးဖြင့် လျှိုကာ ထမ်းလာကြလေ၏။

ထိုတောဝက်ကြီး၏ ညာဖက်လက်ပြင်ဝယ် ဒဏ်ရာအပေါက်ကြီးရှိနေပြီး ထိုဒဏ်ရာမှ သွေးတို့ တစက်စက်ကျလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းလူရိုင်းအုပ်စုသည် လျှိုအကွေ့မှ စမ်းချောင်းလေး၏ အစပ်ဝယ် လဲကျနေသော ကျော်စွာကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်တွင် ရုတ်တရက် အံ့သြကာ ခြေလှမ်းများ ရပ်တန့်သွားပြီး သူတို့ထဲမှ လူရိုင်းနှစ်ယောက်သည် ၎င်းတို့၏ဘာသာစကားဖြင့် ဆူဆူဝါးဝါး အော်ဟစ်လိုက်ကြပြီး လှံရှည်များကို ကိုင်မြှောက်ကာ ကျော်စွာရှိရာသို့ ပြေးသွားကြလေ၏။

သူတို့သည် သတိလစ်မေ့မျောနေသော ကျော်စွာ၏ခန္ဓာကိုယ်ထဲသို့ လှံသွားများကို ထိုးစိုက်ရန် ဟန်ပြင်လိုက်စဉ်တွင် သူတို့၏ခေါင်းဆောင်ကြီးက တစ်စုံတစ်ရာ အော်ဟစ်အမိန့်ပေးလိုက်ရာ သူတို့၏ လှံများကိုင်ထားသည့် လက်များမှာ ရပ်တန့်သွား၏။

ထိုအခါတွင်မှ လူရိုင်းခေါင်းဆောင်ကြီးက ကျော်စွာရှိရာသို့ တစ်လှမ်းချင်းလှမ်းလာပြီး အနီးသို့ရောက်သည်တွင် ခြေစုံရပ်ကာ ခါးထောက်ပြီး စူးစူးရဲရဲ ကြည့်ရှုလေ၏။

အစပိုင်းတွင်တော့ လူရိုင်းခေါင်းဆောင်ကြီး၏ မျက်နှာမှာ လွန်စွာခက်ထန်လျက်ရှိပြီး သူ၏နှုတ်မှ တစ်စုံတစ်ရာကို အမိန့်ပေးလိုက်သည်နှင့် လှံကိုင်ထားသူ လူရိုင်းနှစ်ယောက်မှာ သူတို့၏အသင့်မြှောက်ကိုင်ထားသော လှံတံတို့ကို ကျော်စွာ၏ခန္ဓာကိုယ်ထဲသို့ အားကုန်ထိုးစိုက်ရန် တကဲကဲဖြစ်လျက် ရှိကြ၏။

သို့သော် လူရိုင်းခေါင်းဆောင်ကြီးမှာ ကျော်စွာ၏မျက်နှာအား စေ့စေ့ကြည့်လျက်ရှိရာမှ သူ၏မျက်လုံးများမှာ ဒေါသအရိုအငွေ့တို့ တဖြည်းဖြည်း လွင့်ပြယ်သွားပြီး အံ့သြခြင်း၊ မယုံနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အနိုင်အယောင်တို့သာ ယှက်ဖြာလို့လာ၏။

တကယ်တော့ ကျော်စွာ၏မျက်နှာက သူ၏သေဆုံးသွားခဲ့ပြီဖြစ်သော သား၏မျက်နှာနှင့် လွန်စွာတူနေရာမှ လူရိုင်းခေါင်းဆောင်ကြီး၏ စိတ်ထဲဝယ် သူ၏သားဖြစ်သူအား အသက်ရှင်လျက်ပြန်လည်တွေ့မြင်လိုက်ရသည့်နှယ် ခံစားလိုက်ရသောကြောင့် ဖြစ်သည်။

လူရိုင်းခေါင်းဆောင်ကြီးမှာ စိတ်လှုပ်ရှားစွာဖြင့် ဒူးတစ်ဖက်ထောက်ထိုင်ချပြီး ကျော်စွာ၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုနေရင်းမှ သူ၏မျက်နှာမှာ တဖြည်းဖြည်း ပြုံးယောင်သန်းလို့လာ၏။

ထို့နောက် သူသည် လှံမြှောက်ကိုင်ထားသော လူရိုင်းစစ်သည်နှစ်ဦးအား တစ်စုံတစ်ရာ အော်ဟစ်၍ အမိန့်ပေးလိုက်သည်တွင် ထိုသူတို့မှာ လှံကိုင်ထားသော လက်များကို အသာချကာ နောက်သို့ဆုတ်သွားကြတော့၏။

လူရိုင်းခေါင်းဆောင်ကြီးသည် သတိလစ်နေသော ကျော်စွာအား ပွေ့ထူလိုက်ပြီး မျက်နှာအား လက်တစ်ဖက်ဖြင့်ကိုင်ကာ မျက်နှာကို ဟိုဖက်လှည့်လိုက် ဒီဖက်လှည့်လိုက်ဖြင့် စိတ်တိုင်းကျကြည့်ရှုနေလေ၏။

ဦးခေါင်းမှသွေးများ စီးကျပေကျံနေသည့် ကျော်စွာသည် အသားပိုမိုဖြူသော်လည်း သူ၏သားဖြစ်သူနှင့် လွန်စွာတူနေသဖြင့် လူရိုင်းခေါင်းဆောင်ကြီးမှာ သူ့သားအရင်းကို သေရွာမှ ပြန်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်နှယ် လွန်စွာပျော်ရွှင်ဝမ်းသာသွားပြီး သူတို့ဘာသာစကားဖြင့် ဝမ်းသာအားရ အော်ဟစ်လိုက်ကာ ကျော်စွာ၏ခန္ဓာကိုယ်အား မြှောက်ပင့် မပြီး ထရပ်လိုက်ပြီးနောက် . . .

ခြေလှမ်းကျဲကြီးများဖြင့် ရှေ့မှဦးဆောင်သွားလေရာ ကျန် လူရိုင်းများကလည်း နောက်မှလိုက်ပါသွားတော့၏။

လွန်စွာနက်ရှိုင်းသော လျှိုကြီးတစ်ခုအတွင်းမှ ကျောက် လှိုဏ်ဂူကြီးသည်ကား တောပျော်လူရိုင်းမျိုးနွယ်တို့၏ ဘုမိနက်သန် သီးခြားကမ္ဘာပင် ဖြစ်ပေ၏။ သက်ရင့်ကျောက်ဂူကြီးမှာ လွန်စွာကျယ် ဝန်းရုံမက အတွင်းဝယ် လှိုဏ်ဂူပေါင်းများစွာရှိနေပြီး ထိုလှိုဏ်ဂူများ မှာ လူရိုင်းမိသားစုများ၏ အိမ်ဂေဟာများပင် ဖြစ်တော့၏။

အဝန်းအဝိုင်းမှာ ယခုခေတ် ဘောလုံးကွင်းတစ်ကွင်းစာမျှ ကျယ်ဝန်းပြီး အမိုးမှာ ဝါးနှစ်ပြန်ကျော် သုံးပြန်ခန့် မြင့်မားလျက်ရှိ ၏။ ပင်မဂူကြီးအတွင်းဝယ် ကြီးမားလှသည့် မီးဖိုကြီးကို မီးအလျှံ မပြတ်စေရန် အမြဲဖိုထားရာ လိုင်ဂူကြီးတစ်ခုလုံးမှာ အလင်းရောင် နှင့် အနွေးဓါတ်ပြတ်သည်ဟူ၍ မရှိတော့ပေ။

ထိုရောမလှိုဏ်ဂူကြီးအတွင်းသို့ လွန်ခဲ့သော နှစ်ပေါင်းများ စွာက ပြင်ပကမ္ဘာမှ အမတ်ကြီးစက္ကဒေဝသာ ရောက်ရှိလာခဲ့ဖူးပြီး ယခုပြင်ပကမ္ဘာသားအဖြစ် ဒုတိယရောက်ရှိလာသူမှာ ကျော်စွာဖြစ် လေတော့၏။

လူရိုင်းခေါင်းဆောင်ကြီးသည် တစ်ကိုယ်လုံး၌ ဒဏ်ရာဗရပွ ဖြင့် သတိလစ်မေ့မျောလျက်ရှိသည့် ကျော်စွာကို သူတို့၏ လှိုဏ်ဂူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်းသို့ ခေါ်ယူခဲ့ကာ သူစံမြန်းရာ နန်းဆောင်ဖြစ်သည့် အကြီးမားဆုံး လှိုဏ်ဂူကြီးအတွင်းမှ သားမွေးခင်းအိပ်ယာပေါ်ဝယ် သက်တောင့်သက်သာ လဲလျောင်းနေစေ၏။

ထို့နောက် သူတို့၏ဆေးဆရာအား ခေါ်ယူကာ ကျော်စွာ၏ခန္ဓာကိုယ်မှ ဒဏ်ရာများကို ဆေးကြောကုသစေ၏။ ယင်းသို့ ဆေးဝါးလိမ်းကျံကုသနိုင်ရန် စုတ်ပြတ်နေပြီဖြစ်သည့် ကျော်စွာ၏အဝတ်အစားများကို ချွတ်ပစ်ကာ သူ့သားဝတ်လေ့ရှိသည့် သားမွေးဝတ်စုံကို လူရိုင်းခေါင်းဆောင်ကြီးက ဆင်ယင်စေလိုက်၏။

ဆေးဆရာသည် ကျော်စွာ၏ခန္ဓာကိုယ်မှ ဒဏ်ရာများနှင့် ဦးခေါင်းမှဒဏ်ရာတို့အား ကုသနိုင်သော်လည်း သတိလစ်နေသော ကျော်စွာကို သတိပြန်လည်ရလာအောင် ကုသနိုင်စွမ်းမရှိ ဖြစ်နေ၏။

သို့ကြောင့် ကျော်စွာသည် သုံးရက်လုံးလုံး သတိလစ်လျက်ရှိရာ လူရိုင်းမကလေး ဖူလာနှင့် အခြားမိန်းမပျိုနှစ်ဦးတို့ကို ကျော်စွာ၏အနီးတွင် နေ့ရောညပါနေစေပြီး မှက်၊ ခြင်၊ ယင် မသန်းစေရန် သားမွေးယပ်ဖြင့်ခတ်ကာ စောင့်ရှောက်ပြုစုနေစေ၏။

လေးရက်မြောက်သော နံနက်တွင်ကား ကျော်စွာသည် တအင်းအင်းညည်းတွားရင်း သတိပြန်ရလာကာ သူ၏အနီးတွင် စောင့်ရှောက်ကြည့်ရှုလျက်ရှိသော လူရိုင်းမလေးတစ်ဦးက လူရိုင်းဘုရင်ကြီးထံ အပြေးအလွှားသွားရောက်ပြီး အကြောင်းကြားလေ၏။

လူရိုင်းဘုရင်ကြီးမှာ ဝမ်းသာအားရဖြင့် အူလျားဖားလျားပြေးလာကာ ကျော်စွာကို ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာသည် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲကာ အားအင် ချိနဲ့လျက်ရှိရာ တအင်းအင်း ညည်းညူနေရာမှ အာခေါင်နှင့် လည် ချောင်းတစ်ခုလုံး ခြောက်သွေ့နေသဖြင့် ရေငတ်လှသည်ဖြစ်ရကား "ရေ . . . ရေ . . ." ဟု ညည်းတွားလိုက်လေ၏။

ကျော်စွာ့နှုတ်မှ စကားသံကြားရသည်တွင် လူရိုင်းခေါင်း ဆောင်ဘုရင်ကြီးမှာ လှိုက်လှဲကြည်နူးစွာ ပြုံးလိုက်ပြီး . . .

"ဩ . . . လူကလေးက မြန်မာလူမျိုးကိုး . . ."

ဟု မြန်မာလို မှတ်ချက်ပြုလိုက်ပြီး ကျော်စွာအနီးရှိ ရေ တကောင်းထဲမှရေကို ပါးစပ်ထဲသို့ သူကိုယ်တိုင် နည်းနည်းချင်း လောင်းထည့်ပေးလေ၏။

ရေသောက်လိုက်ရသဖြင့် အားအင်ပြည့်သလိုဖြစ်ကာ လန်း ဆန်းသွားသော ကျော်စွာမှာ ပိတ်နေသော မျက်ခွံများကို အားယူ ဖွင့်ကြည့်လိုက်၏။

လူရိုင်းဘုရင်ကြီးက . . .

"လူလေး . . . သတိရပြီလားကွယ်"

ဟုပြုံးလျက် နူးညံ့ကြင်နာစွာ မေးလိုက်ရာ ကျော်စွာမှာ လူရိုင်းဘုရင်ကြီးအား နားမလည်နိုင်သော အကြည့်ဖြင့် ငေးကြောင် ကြည့်နေရာမှ ကပျာကသီ အားယူကာ လူးလဲပြီး ထလိုက်လေ၏။

ပါးစပ်မှလည်း ကယောင်ကတမ်းဖြင့် . . .

"ခင် . . . ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ကျွန် . . . ကျွန် တော် ဘယ်ရောက်နေတာလဲ" ဟု ဗလုံးဗထွေး မေးလိုက်စဉ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက မိုက်ခနဲဖြစ်ကာ ပြန်ပြီး လဲကျသွားလေရာ လူရိုင်းမလေး စူလာက ဆီးပွေ့ထားလိုက်ရ၏။

ထိုအခါ လူရိုင်းဘုရင်ကြီးက . . .

"သား . . . မင်း ရုတ်တရက် မထနဲ့ဦး၊ မင်းရဲ့ခေါင်းမှာ ဒဏ်ရာရထားတယ်"

ဟု ကရုဏာသက်စွာဖြင့် ပြောလိုက်ရာ ကျော်စွာမှာ လူရိုင်း ဘုရင်ကြီးအား ကြောင်တောင်တောင်ဖြင့် ကြည့်လိုက်ပြီး . . .

"ကျွန် . . . ကျွန်တော့်ကို သားလို့ခေါ်တယ် ဟုတ်လား၊ ဦး . . . ဦးကြီးက ကျွန်တော့်ရဲ့အဖေလား၊ ဟုတ်လား . . . အဖေ လား"

ဟု မေးလေ၏။ ဆက်ပြီး . . .

"ကျွန် . . . ကျွန်တော်ကရော ဘယ် . . . ဘယ်သူလဲ"

ဟု တုန်တုန်လှုပ်လှုပ်လေသံဖြင့် မေးလိုက်ရာ လူရိုင်းဘုရင် ကြီးမှာ ပို၍အံ့အားသင့်သွားပြီး ဆေးဆရာအား သွားခေါ်ရန် လူရိုင်း မလေးတစ်ဦးကို သူတို့စကားဖြင့် ပြောဆိုခိုင်းစေလိုက်၏။

မကြာမီတွင် ဆေးဆရာရောက်ရှိလာသောအခါ လူရိုင်း ဘုရင်ကြီးက ကျော်စွာ၏အခြေအနေကို သူတို့စကားဖြင့် ရှင်းပြ လိုက်လေ၏။ ဆေးဆရာက လူရိုင်းဘုရင်ကြီး၏စကားကို ကြားသည် တွင် အံ့အားသင့်သွားပြီး ကျော်စွာကို သူကိုယ်တိုင်ပင် မြန်မာစကား ဖြင့် မေးမြန်းခြင်း ပြုလေ၏။

"ဒီမှာ . . . သူငယ်၊ မင်းကိုယ်မင်း . . . ဘယ်သူလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ မင်းရဲ့နာမည်ပြောပါဦး"

ဟု ဆေးဆရာက ပြောလိုက်ရာ ကျော်စွာက ခေါင်းကိုရမ်း မြဲရမ်းနေပြီး . . .

"ဟင့်အင်း . . . မသိဘူး၊ ကျွန်တော်ဘယ်သူလဲ၊ ဒီနေရာကို ဘယ်လိုရောက်လာရတာလဲ ပြောကြပါဦးဗျာ"

ဟု အားကိုးရာမဲ့သူလို အားငယ်စွာဖြင့် တဖွဖွ ရေရွတ်မေးမြန်းလျက် ရှိတော့၏။

ထိုအခါ ဆေးဆရာသည် လူရိုင်းဘုရင်ကြီးအား လှိုဏ်ဂူခန်း၏အပြင်သို့ ခေါ်ထုတ်သွားကာ ကျော်စွာမကြားနိုင်သော နေရာရောက်မှ . . .

"သူဟာ ခေါင်းမှာရရှိထားတဲ့ ဒဏ်ရာကြောင့် သူ့ရဲ့စိတ်ဟာ ပုံမှန်မရှိဘဲ သူ့ရဲ့အတိတ်ဖြစ်ရပ်အားလုံးကို မေ့သွားပုံရတယ်၊ အဲဒီလိုမေ့လို့လဲ သူ့ကိုယ်သူ ဘယ်သူမှန်း မသိတော့တာပါ အရှင်"

ဟု ပြောလိုက်လေ၏။

"လူတွေဟာ အဲဒီလိုပဲ မေ့တတ်သလား ဆေးဆရာရဲ့ . ."

ဟု လူရိုင်းဘုရင်ကြီးက မေးလိုက်ရာ ဆေးဆရာကြီးက ရိုသေစွာ ဦးညွှတ်ရင်း . . .

"မှန်ပါ အရှင်၊ အခန့်မသင့်ရင် မေ့တတ်လေ့ရှိကြောင်း ရှေးဟောင်းဆေးကျောက်စာမှာ ဖော်ပြထားပါတယ်"

ဟု ပြန်လည်လျှောက်ထားလိုက်၏။

"အဲဒီလို သူ့ရဲ့အတိတ်ဖြစ်ရပ်တွေကို ဘယ်လောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



မေ့နေနိုင်သလဲ ဆေးဆရာရဲ့ . . .”

ဆေးဆရာက သေချာစွာ စဉ်းစားတွေးဆပြီးမှ . . .

“အခန့်မသင့်ရင် တစ်သက်လုံး မေ့နေတတ်ပါတယ် အရှင်၊ အဲဒီလိုဖြစ်ခြင်းအတွက် ကုသဖို့ ဆေးနည်းဟာလည်း မရှိသေးပါဘူး”

ဟု ပြန်ဖြေလိုက်ရာ လူရိုင်းဘုရင်ကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ငြိမ်သက်စွာဖြင့် အတန်ကြာ စဉ်းစားနေရာမှ သူ၏ မျက်နှာကြီးက ပြုံးရိပ်သန်းလာပြီး . . .

“ဟုတ်ပြီ . . . အဲဒီလိုမေ့နေရင် အကောင်းဆုံးပေါ့”

ဟု ဝမ်းပန်းတသာ ပြောလိုက်ပြီးနောက် ကျော်စွာရှိရာ လိုဏ်ဂူအတွင်းသို့ ခြေလှမ်းကျဲကြီးများဖြင့် ပြန်ဝင်လာခဲ့ကာ မျက်လုံး စုံမှိတ်လျက် စိတ်ရှုပ်ထွေးမှုများဖြင့် အိပ်ရာထက်ဝယ် မှေးနေသော ကျော်စွာ၏မျက်နှာအား ကရုဏာသက်စွာ စိုက်ကြည့်နေလိုက်၏။

ကျော်စွာက မျက်လွှာကို ပြန်ဖွင့်လိုက်သဖြင့် သူ့အား ပြုံးပြုံးကြီး စိုက်ကြည့်နေသော လူရိုင်းဘုရင်ကြီးအားတွေ့ရာ ဖျော့တော့သော လေသံဖြင့် မေးပြန်လေ၏။

“ဦး . . . ဦးကြီးက ဘယ်သူလဲ၊ ကျွန် . . . ကျွန်တော်က ရော ဘယ်သူလဲ”

ဟု ကျော်စွာက မေးလိုက်ရာ လူရိုင်းဘုရင်ကြီးက ပြုံးပြုံး ကြီး စိုက်ကြည့်နေရင်းကပဲ . . .

“သား . . . ငါဟာ နာဖွန်ဂန်မျိုးနွယ်စုရဲ့ ဘုရင်ဥလန်ပဲ ကွယ့်၊ မင်းကတော့ ငါ့ရဲ့သား၊ နာဖွန်ဂန်မျိုးနွယ်စုဘုရင်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားတော်နေရှင့်ပဲ၊ မှတ်ထား . . .”

ဟု ပိုင်ပိုင်နိုင်နိုင်ကြီး ပြောလိုက်ရာ ကျော်စွာမှာ စိတ်ရှုပ်ထွေးစွာဖြင့် နားစိုက်ထောင်နေရာမှ . . .

“ဗျာ . . . ကျွန်တော့်နာမည်က နေရှင် . . . နေရှင် . . . ဟုတ်လား”

ဟု တဖွဖွ မေးမြန်းရေရွတ်နေတော့၏။

ဖူလာအပါအဝင် လူရိုင်းမလေးများမှာ လူရိုင်းဘုရင်ကြီးအား အံ့အားသင့်စွာ ကြည့်နေကြရာ ဘုရင်ကြီးက ဖူလာဖက်သို့ မျက်နှာတည်တည်ကြီးဖြင့် လှည့်ကြည့်လိုက်ပြီး . . .

“ဒီမှာ . . . မင်းတို့လည်း မှတ်ထား၊ သူဟာ ငါ့ရဲ့သား နေရှင့်ပဲ၊ သူ့ကို တောင်တောင်အီအီတွေ လျှောက်ပြောရင်တော့ ပြောတဲ့သူကို အသတ်ပဲ”

ဟု ခပ်တင်းတင်းပြောလိုက်ရာ ဖူလာတို့မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကပျာကသီ မျက်လွှာလေးများ ချလိုက်ကြ၏။

ထို့နောက် လူရိုင်းဘုရင်ကြီးသည် လှိုဏ်ဂူခန်းလေးထဲမှ ထွက်လိုက်ပြီး သူ၏လက်ထောက်များအား နာဖွန်ဂန်မျိုးနွယ်စုအားလုံးကို ပင်မဂူကြီးထဲတွင် စုဝေးစေရန် ညွှန်ကြားခိုင်းစေလိုက်၏။

သူ၏လက်ထောက်များက လူရိုင်းမျိုးနွယ်စုအားလုံးအား ဂူမကြီးထဲ၌ စုဝေးရန် အော်ဟစ်ပြောဆိုနေစဉ် လူရိုင်းဘုရင်ကြီး ဂူလန်မှာ ကျော်စွာရှိရာသို့ ရောက်ရှိလာပြန်ပြီးလျှင် . . .

“ဖူလာ . . . ငါ့ရဲ့သားကို အစားအစာတွေ ပရိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါ၊ သူ့ရဲ့ဒဏ်ရာတွေကိုလည်း ဆေးထည့်ပေးပါ"

ဟု ကျော်စွာအတွက် နောက်ဆံတင်းစွာ ညွှန်ကြားလိုက်ပြီး နောက် လိုဏ်ဂူအခန်းထဲမှ ပြန်ထွက်သွားပြန်လေ၏။

ခဏအကြာတွင် ဂူမကြီးထဲ၌ စုဝေးရောက်ရှိနေပြီဖြစ်သော မျိုးနွယ်စုဝင်အားလုံး၏ရှေ့ဝယ် လူရိုင်းဘုရင်ကြီးဂူလန်က မားမား ကြီးရပ်လိုက်ပြီး လူရိုင်းဘာသာစကားဖြင့် ပြောလိုက်လေ၏။

"ဒီမှာ . . . ငါ့ရဲ့မျိုးနွယ်စုဝင်များ၊ အခု ငါတို့ဆီရောက်နေ တဲ့ လူမမာလူငယ်လေးဟာ မြန်မာလူမျိုးဖြစ်တယ်၊ သူဟာ တော တောင်ထဲမှာ မျက်စိလည်ပြီး ချောက်ထဲပြုတ်ကျရာက သတိလစ် နေလို့ ငါခေါ်ယူလာတာဖြစ်တယ်။

သူဟာ ငါတို့ရဲ့ဘိုးဘေးဘင်တွေ လက်ထက်က ငါတို့မျိုး နွယ်ရှိရာ ဒီဒေသကို ရောက်ရှိလာဖူးတဲ့ စက္ကဒေဝဆိုတဲ့ လူကြီးနဲ့ မျိုးနွယ်ချင်း၊ ဘာသာစကားချင်း တူသူဖြစ်တယ်။

ပြီးတော့ သူဟာ ဦးခေါင်းမှာ ရရှိခဲ့တဲ့ဒဏ်ရာကြောင့် သူ့ ကိုယ်သူ ဘယ်သူမှန်း မသိဘူး၊ ဘယ်ကလာမှန်းလည်း မသိဘူး၊ ဒါကြောင့် ငါက သူ့ကို ငါ့သားလို့ ပြောထားတယ်၊ သူက ငါ့ရဲ့သေ ဆုံးသွားတဲ့ သားဖြစ်တဲ့ နေရဋ္ဌနဲ့ ခွဲမရအောင်တူတယ်။

ငါ့သားအတွက် ကြေကွဲနေတဲ့ ငါ့ရင်ကို အေးမြသွားစေဖို့ ငါတို့ရဲ့နတ်ရဲတောင် နတ်မင်းကြီးက ဖန်ဆင်းပေးလိုက်တာပဲ ဖြစ် မယ်။

ဒီတော့ ငါ့ရဲ့မျိုးနွယ်ဝင်အားလုံးသိထားဖို့က သူဟာ အသက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာတဲ့ ငါ့ရဲ့သား နေရဋ္ဌဖြစ်တယ်ဆိုတာပဲ၊ သူ့ကို ဒီနေ့ကစပြီး နာဖွန်ဂန်မျိုးနွယ်စုဘုရင်ဂူလန်ရဲ့သားတော် နေရဋ္ဌအဖြစ် စွဲမှတ်ယုံကြည်ကြရမယ်။

သူ့ကို နေရဋ္ဌအဖြစ် မင်းတို့က အသိအမှတ် မပြုဘူးဆိုရင် နတ်ရဲတောင်နတ်မင်းကြီးက စိတ်ဆိုးလိမ့်မယ်၊ နတ်ရဲတောင်နတ်မင်းကြီးစိတ်ဆိုးရင် ဘေးအန္တရာယ်ကြီးမားစွာ သင့်လိမ့်မယ်၊ ငါကလည်း အဲဒီလိုလူကို ခွင့်လွှတ်မှာမဟုတ်ဘဲ ချက်ချင်းသေဒဏ်ပေးမယ်"

ဟု လူရိုင်းဘုရင်ကြီးဂူလန်က မျက်နှာထားတင်းတင်းဖြင့် အော်ဟစ်မေးလိုက်ရာ နာဖွန်ဂန်မျိုးနွယ်စုဝင်အားလုံးမှာ . . .

"အရှင့်အမိန့်အတိုင်း ဦးညွှတ်နာခံပါတယ်"

ဟု သံပြိုင်အော်ဟစ်လိုက်ကြလေ၏။

လူရိုင်းဘုရင်ကြီးဂူလန်က သူပြောသမျှကို တညီတညွတ်တည်း ထောက်ခံတုန့်ပြန်နေကြသော သူ၏နာဖွန်ဂန်မျိုးနွယ်စုများကို သဘောကျကျေနပ်စွာဖြင့် ခပ်ပြုံးပြုံးခြုံငုံပြီး ဝေ့ကြည့်လိုက်၏။

ထိုစဉ် သူ၏အကြည့်က အခြားမျိုးနွယ်စုဝင်များကဲ့သို့ လက်သီးဆုပ်ထောင်ကာ အော်ဟစ်ထောက်ခံခြင်းမပြုဘဲ ဒူးတစ်ဖက်ထောက်ထိုင်နေရာမှ သူ့အား စူးစူးရဲရဲ စိုက်ကြည့်နေသူတစ်ဦးကို သတိပြုမိသွားရာ မျက်နှာချက်ချင်းတည်သွားပြီး ထိုသူကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်လေ၏။

ထိုသူမှာ လွန်ခဲ့သော လေးရက်က ရောမဘောတက်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



စီးချင်းတိုက်ပြီး အနိုင်ယူခဲ့သော နာဖွန်ဂန်တို့၏ လူငယ်သူရဲကောင်း အင်္ဂပင် ဖြစ်လေ၏။

အင်္ဂသည် ကြေးနီရောင် အသားအရောင်ရှိပြီး လူက နုပျိုသော်လည်း ရုပ်လက္ခဏာက ကြမ်းတမ်းပြီး သူ၏တဖျတ်ဖျတ်လက်နေသော မျက်ဝန်းအစုံက စွန်ရဲတစ်ကောင်၏မျက်လုံးကဲ့သို့ စူးရဲကာ သူ၏ကောက်တောက်တောက် နှာခေါင်းက ကောက်ကျစ်ရက်စက်မှုကို ဖော်ပြနေသယောင်ရှိလေ၏။

သူသည် ရှည်လျားသော ဆံပင်ကို နောက်သို့လှန်ကာ သားရေကြိုးဖြင့် စည်းနှောင်ထားရာ ဆံပင်ဖျားများမှာ သူ၏ကျောပေါ်သို့ တစ်စုတစ်စည်းတည်း ကျနေလေ၏။ ခန္ဓာကိုယ်အထက်ပိုင်းမှာ ဗလာကျင်းထားပြီး လက်မောင်းနှစ်ဖက်ဝယ် ကြေးကွင်းကြီးတစ်ကွင်းစီ စွပ်ထားလေ၏။

ကိုယ်အောက်ပိုင်းတွင်မူ ကျားသစ်ရေကို စည်းပတ်ထားပြီး ခါးဝယ် အမဲလိုက်ဓါးမြှောင်တစ်လက်ကို ချိတ်ဆွဲထားလေ၏။ သူသည် လက်စွဲတော်လှံရှည်ကြီးအား ညာလက်ဖြင့် ဆုပ်ကိုင်ကာ လှံဖျားကို မြေဝယ်ထောက်ထားပြီး ဒူးတစ်ဖက်ကိုထောင်၊ ဒူးတစ်ဖက်ထောက် အနေအထားမှ လူရိုင်းဘုရင်ကြီးဂူလန်အား အရိုအသေပြုထိုင်နေခြင်း ဖြစ်သည်။

ထိုသို့ အရိုအသေပြုကာ ထိုင်နေသော်လည်း သူ၏မျက်နှာအမူအယာနှင့် မျက်လုံးများက အာခံလိုသော အရိပ်အယောင်များ ယှက်သန်းနေကြောင်း လူရိုင်းဘုရင်ကြီးဂူလန်က ရိပ်မိလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လူရိုင်းဘုရင်ကြီးဂူလန်မှာ ယခင်က အားကိုးရသော အားကောင်းမောင်းသန်လုလင်ပျို သားဖြစ်သူ နေရဇ္ဇရှိခဲ့သော်လည်း နေရဇ္ဇသည် ကျောက်ရောဂါဖြင့် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရာ ဘုရင်ကြီးဂူလန်သည် တစ်ဦးတည်းသော အားကိုးရာ သားဖြစ်သူ ရုတ်တရက် ဆုံးပါးသွားသဖြင့် လွန်စွာစိတ်ထိခိုက်ကြေကွဲရသလို အားငယ်သလိုလည်း ဖြစ်ရလေ၏။ သူသည်လည်း ငယ်ရွယ်နုပျိုစဉ်က ဆင်ပေါက်တစ်ကောင်နှယ် ခွန်အားကြီးမားကာ ရဲစွမ်းသတ္တိ၊ တိုက်ရည်ခိုက်ရည်ဖြင့် ပြည့်စုံသော နာဖွန်ဂန်သူရဲကောင်း ဖြစ်ခဲ့လေ၏။

သို့သော်လည်း ယခုလို အသက်ခုနှစ်ဆယ်ကျော်လာသည့် အရွယ်မှာမူ ခွန်အားစွမ်းရည်တို့ ကျဆင်းလာရာ နာဖွန်ဂန်သူရဲကောင်းဘွဲ့ကို သားဖြစ်သူအား လွှဲပြောင်းအပ်နှင်းပေးခဲ့၏။

ထို့နောက် နေရဇ္ဇသေဆုံးသွားသောအခါတွင်မူ နေရဇ္ဇကဲ့သို့ပင် ကျွဲပေါက်တစ်ကောင်နှယ် ခန္ဓာကိုယ်ကြံ့ခိုင်သန်မာသော နတ်ဘီလူးတစ်ကောင်လို ရန်သူကို ကြမ်းတမ်းရက်စက်တတ်သူ အဂ္ဂ၏လက်သို့ နာဖွန်ဂန်သူရဲကောင်းဘွဲ့ကို လွှဲပြောင်းချီးမြှင့်ခဲ့၏။

နာဖွန်ဂန်သူရဲကောင်းဆိုသည်ကား နာဖွန်ဂန်ဘုရင်ကြီးကဲ့သို့ပင် မျိုးနွယ်စုဝင်များအပေါ်တွင် ဩဇာညောင်းသူဖြစ်ပြီး အထူးသဖြင့် မျိုးနွယ်သစ်နာဖွန်ဂန်လူငယ်များအပေါ်ဝယ် ဩဇာညောင်းသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နာဖွန်ဂန်မျိုးနွယ်အများစုမှာ လူငယ်လူရွယ်များဖြစ်ကြရာ လူငယ်လူရွယ်တို့အပေါ် ဩဇာညောင်းသော အဂ္ဂနှင့် ဘုရင်ကြီး ဂူလန်တို့မှာ နာဖွန်ဂန်မျိုးနွယ်စုဝယ် ဩဇာအာဏာပြိုင်နေသည့် အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိသွားလေ၏။

ယခုအခြေအနေတွင် ဘုရင်ကြီးဂူလန်သည် အသက်အရွယ် အိုမင်းပြီဖြစ်၍ နာဖွန်ဂန်မျိုးနွယ်စုအပေါ် ကျရောက်လာသော အန္တရာယ်များကို စွမ်းစွမ်းတမံ ကာကွယ်ပေးနိုင်စွမ်းမရှိတော့ဘဲ အဂ္ဂ ကသာ တာဝန်ယူလျက် ရဲဝံ့စွာ ကာကွယ်မှုပြုပြီး အောင်ပွဲအလီလီကို ဆွတ်ခူးလျက်ရှိလေ၏။

သို့ကြောင့် နာဖွန်ဂန်မျိုးနွယ်စုဝင်များသည် ပိုမိုအားထား ယုံစားလာခဲ့ရာ ဘုရင်ကြီးဂူလန်၏ ဩဇာအာဏာမှာ တရိပ်ရိပ် ကျဆင်းလျက်ရှိ၏။

ဤသို့သော အခြေအနေမျိုးတွင် သူ၏သားဖြစ်သူနေရဋ္ဌ နှင့် တူလှသော လူငယ်လေးတစ်ဦးရောက်ရှိလာရာ သားဖြစ်သူအား လွမ်းဆွေးတမ်းတလျက်ရှိသော ဘုရင်ကြီးဂူလန်မှာ သားအစားရဘိ သကဲ့သို့ သဘောထားလိုသော်လည်း အဂ္ဂကတော့ သဘောကျပုံ မပေါ်ပေ။

ထို့ကြောင့် အဂ္ဂက စောဒက တက်လိုဟန်ဖြင့် မျိုးနွယ်စု ဘုရင်ကြီးဂူလန်အား မမှိတ်မသုန် စိုက်ကြည့်လျက်ရှိပြီး ခဏအကြာ ဝယ် ဘက်ဖက်လက်ဖဝါးကိုဖြန့်လျက် ထောင်လိုက်လေ၏။

အဂ္ဂ၏အမူအရာကို သတိပြုမိသွားကြသော အခြားမျိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com



စုဝင်များမှာ လက်သီးဆုပ်ကိုထောင်လျက် ဘုရင်ကြီးဂူလန့်အား အော်ဟစ်ထောက်ခံနေရာမှ လက်ဝါးကို အောက်သို့ပြန်ချလိုက်ကြ ရာ ခဏချင်းမှာပင် အော်ဟစ်သံတို့ တိတ်ဆိတ်သွားတော့၏။

မျိုးနွယ်စုဘုရင်ကြီးဂူလန့်မှာ သူနှင့် အဂ္ဂတို့ သည်တစ်ချိ တော့ ထိပ်တိုက်တွေ့ပြီမှန်း ရိပ်မိသွားကာ မျက်နှာပျက်သွားသော် လည်း ရာဇဣန္ဒြေကိုဆည်လိုက်ပြီး အဂ္ဂအား စူးစူးရဲရဲစိုက်ကြည့် လိုက်ကာ လေသံမာမာဖြင့် မေးလိုက်လေ၏။

"အဂ္ဂ . . . မင်းက ဘာသဘောလဲ၊ နတ်ရဲတောင်နတ်မင်း ကြီးရဲ့ အစီအမံကို ကန့်ကွက်လိုတဲ့ သဘောလား"

ဘုရင်ကြီးဂူလန့်၏ စကားအဆုံးဝယ် အဂ္ဂသည် လှံသွားကို မြေ၌ထောက်လျက် ထိုင်ရာမှထပြီး မတ်မတ်မားမား ရပ်လိုက်လေ ၏။ ပြီးတော့ သူတို့မျိုးနွယ်စု၏ ဓလေ့ထုံးတမ်းအရ ဘုရင်ကြီးအား ဦးညွှတ်အရိုအသေပြုလိုက်ပြီး လေသံမှန်မှန်ဖြင့် . . .

"အရှင် . . . နတ်ရဲတောင်နတ်မင်းကြီးရဲ့ အစီအမံဆိုရင် ကျုပ်မကန့်ကွက်ဝံ့ပါ၊ အခုဖြစ်နေတာက ပြင်ပကမ္ဘာသားတစ်ယောက် မျက်စေ့လည်လမ်းမှားပြီး ကျုပ်တို့ရဲ့လျှို့ဝှက်ကမ္ဘာဆီကို ကျူးကျော် ရောက်ရှိလာခြင်းသာ ဖြစ်ပါတယ်။

ကျုပ်တို့ နာဖွန်ဂန်မျိုးနွယ်စုရဲ့ ရေရှည်ဘဝလုံခြုံရေးအရ ပြင်ပကမ္ဘာမှ ကျူးကျော်ရောက်ရှိလာသူ ဟူသမျှကို ရှင်းပစ်တာ အကောင်းဆုံးပါပဲ၊ ခုတော့ အဲဒီကျူးကျော်သူကို ရှင်းမပစ်တဲ့ပြင် မျိုးနွယ်စုရဲ့ အထွတ်အမြတ် ဥပဇာနေရာ ပေးမယ်ဆိုတော့ အရှင်

www.burmeseclassic.com



မင်းကြီးရဲ့စိမ်မှုဟာ မလျော့ကန်ဘူးလို့ ထင်ပါတယ်။

မြွေပွေးကို ခါးပိုက်ပိုက်မိရင် ကျုပ်တို့မျိုးနွယ်စုဝင်တွေပဲ အကျိုးယုတ်ရပါလိမ့်မယ်၊ ဒါကြောင့် ကျုပ်ကတော့ အဲဒီပြင်ပကမ္ဘာသား သူစိမ်းကောင်ကို အပြတ်သုတ်သင်ရှင်းလင်းပစ်လိုက်စေချင်ပါတယ် . . . အရှင်"

မျိုးနွယ်စုဘုရင်ကြီးဂူလန်က အဂ္ဂ၏ဆန္ဒကို လုံးဝလိုက်လျောခြင်း မရှိပေ။

သူသည် ကျော်စွာ၏မျက်နှာကို မြင်လိုက်ရကတည်းက သူ၏ဆုံးရှုံးသွားသော သားကို အစားရပြီဟု လုံးဝယူဆလျက်ရှိရာ ယခုအဂ္ဂ၏အစီအစဉ်မှာ သူ့ရင်ခွင်ထဲပြန်ရောက်လာသော သူ့သားကို ရက်စက်စွာ သတ်ဖြတ်ပစ်ရမည်ဖြစ်ရာ သူ့အသက်သာ အသေခံမည်ဖြစ်ပြီး အဂ္ဂ၏ဆန္ဒကိုမူ လုံးဝလိုက်လျောလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် သူ၏ဦးခေါင်းကြီးကို ရမ်းခါလိုက်ပြီး . . .

"ဒီမှာ . . . အဂ္ဂ၊ ငါဟာ ငါတို့နာဖွန်ဂန်မျိုးနွယ်စုရဲ့ အရှင်သခင်ဘုရင်ကြီးအဖြစ်နဲ့ အမိန့်ထုတ်ပြန်တယ်၊ နတ်ရဲတောင်နတ်မင်းကြီးရဲ့အလိုကျ ရောက်ရှိလာသူ နေရဋ္ဌကို ငါတို့မျိုးနွယ်စုရဲ့ ဥပရာဇာအဖြစ် အသိအမှတ်ပြုရမယ်၊ သူ့ကို လုံးဝအန္တရာယ်မပြုရဘူး၊ သူဟာ ငါ့သား၊ ငါ့သားသာ ဖြစ်ရမယ်၊ ဒါကို ကန့်ကွက်တားဆီးလာသူရှိက သေဒဏ်စီရင်စေ . . ."

ဟူသော မျိုးနွယ်စုဘုရင်ကြီးဂူလန်၏အမိန့်က ပြင်းထန်လှသဖြင့် မည်သူမျှ တုပ်တုပ်မလှုပ်ရဲကြပေ။ အဂ္ဂသည်လည်း ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား အတိုက်အခံဆက်ပြီး မလုပ်ဝံ့တော့သဖြင့် စောဒက ဆတ် မတက်တော့သော်လည်း သူ၏မျက်နှာအမူအရာက လုံးဝကျေနပ်ပုံ မရဘဲ ဘုရင်ကြီးထံမှ မျက်နှာကိုလွှဲကာ အံကိုသာ တင်းတင်းကြိတ် ထားလေ၏။

"ကဲ . . . ငါ့ရဲ့မျိုးနွယ်စုဝင်များ နတ်ရဲတောင်နတ်မင်းကြီး ရဲ့ အစီအမံကြောင့် ရောက်ရှိလာတဲ့ ငါ့ရဲ့သားတော်နေရဋ္ဌကို ဂုဏ် ပြုတဲ့အနေနဲ့ နေရဋ္ဌနေထိုင်ကောင်းလာတဲ့ လပြည့်ညတစ်ညမှာ ဂုဏ်ပြုစားပွဲကြီးကျင်းပမယ်"

ဟု ဆက်လက်ကြေငြာလိုက်ရာ မျိုးနွယ်စုဝင်လူရိုင်းများမှာ ဝမ်းသာအားရဖြင့် တဝူးဝူး တဟေးဟေး ကြွေးကြော်အော်ဟစ်ကြ လေ၏။

အဂ္ဂက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး . . .

"အရှင်မင်းကြီး . . . အဲဒီဂုဏ်ပြုစားပွဲကြီးအတွက် သား ကောင်ကြီးတစ်ကောင်ကို ကျုပ်ဆက်သပါ့မယ်"

ဟုပြောလိုက်ရာ လူရိုင်းများမှာ ဝမ်းပန်းတသာဖြင့် တဟေး ဟေး တဝူးဝူးအသံများ ပြုလိုက်ကြပြန်၏။

မျိုးနွယ်စုဘုရင်ကြီးဂူလန်မှာလည်း ဂုဏ်ပြုညစာစားပွဲကြီး ဝယ် မျိုးနွယ်စုဝင်အားလုံး တပျော်တပါး စားသောက်ကြရမည့် သားကောင်ကြီးတစ်ကောင်ကို အဂ္ဂက ဆက်သမည်ဆိုသောအခါ ငြင်းပယ်ခြင်းငှာ မသင့်လျော်သဖြင့် သဘောတူလိုက်ရလေ၏။

ထို့နောက် မျိုးနွယ်စုဘုရင်ကြီးသည် လူစုခွဲစေလိုက်ပြီး သူ



www.burmeseclassic.com

www.burmeseclassic.com



တိုယ်တိုင်ကမူ ကျော်စွာရှိရာ လှိုဏ်ဂူခန်းသို့ ဝင်လာခဲ့လေ၏။

ကျော်စွာသည်ကား လူရိုင်းမချောလေးဖူလာ၏ ဂရုတစိုက် ကျွေးမွေးသည့် စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်ပြီးနောက် နှစ်ခြိုက်စွာ အိပ်မောကျလျက် ရှိပြီဖြစ်၏။

မျိုးနွယ်စုဘုရင်ကြီးဂူလန်မှာ အားနည်းနေဟန်ရှိသော ကျော်စွာ၏ ဖျော့တော့တော့ မျက်နှာအား ငေးစိုက်ကြည့်နေရာမှ သူ၏ရင်ထဲဝယ် တစ်စုံတစ်ရာကို စိုးထိတ်လျက် ရှိလေသည်။

သူတို့မျိုးနွယ်၏ ထုံးတမ်းစဉ်လာအရ သူတို့လူ့အဖွဲ့အစည်းထဲသို့ အသစ်ရောက်ရှိလာသူအတွက် ဂုဏ်ပြုစားပွဲကြီး ကျင်းပပေးရလေ့ရှိသည်။ ယင်းသို့ ကျင်းပရာ၌ အသစ်ရောက်ရှိလာသူသည် ဂုဏ်ပြုစားပွဲကြီးတွင် အားလုံးဝိုင်းဝန်းစားသောက်မည့် သားကောင်ကြီးမျိုးကို တာဝန်ယူ တိုက်ခိုက်သတ်ဖြတ်ဆက်သရ၏။

အကယ်၍ ၎င်းအသစ်ရောက်ရှိသူဖက်မှ ရှာဖွေမပေးနိုင်ပါက မျိုးနွယ်စုဝင်ထဲမှ တစ်ဦးဦးက တာဝန်ယူရှာဖွေဆက်သပေးနိုင်၏။

သို့သော် ယင်းသို့ရှာဖွေဆက်သပေးသူအား အခွင့်အရေးတစ်ခုပေးရ၏။ ထိုအခွင့်အရေးကား တာဝန်ယူရှာဖွေဆက်သပေးသူအား ဆန္ဒတစ်ခုကို တောင်းဆိုခွင့်ပြုခြင်းပင် ဖြစ်သည်။

ထိုသူတောင်းဆိုသော ဆန္ဒကို ဂုဏ်ပြုခံသူဖက်မှ ကြည်ဖြူစွာ လိုက်လျောပေးရလေ့ရှိ၏။ ဤသည်မှာ သူတို့နာဖွန်ဂူမျိုးနွယ်စု၏ ထူးခြားထင်ရှားသော ရှေးအစဉ်အလာတစ်ခုပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအစဉ်အလာကြောင့် မျိုးနွယ်စုအတွင်းဝယ် တစ်ခါတစ်ရံ ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာစေ၏။ ဥပမာအားဖြင့် . . .

တစ်ခါက မျိုးနွယ်စုဝင်ထဲမှ လင်မယားစုံတွဲတစ်တွဲမှာ သားယောကျ်ားလေး မွေးဖွားလာ၏။ ထိုသားယောကျ်ားလေးမှာ နာဖွန်ဂန်မျိုးနွယ်စု လူ့အဖွဲ့အစည်းအတွင်းသို့ အသစ်ရောက်လာသူပင် ဖြစ်၏။

သို့ကြောင့် ထိုအသစ်ရောက်လာသူအား ဂုဏ်ပြုပြီး စားပွဲကြီးကျင်းပရန် စီစဉ်ရလေ၏။

ထိုဂုဏ်ပြုစားပွဲကြီးတွင် စားသုံးရန် သားကောင်ကြီးကို ဂုဏ်ပြုခံကလေးငယ်ဖက်မှ ရှာဖွေသတ်ဖြတ်ဆက်သရမည် ဖြစ်၏။

သို့သော်ငြားလည်း ကလေးငယ်၏ဖခင်မှာ တောလိုက်ရင်းခြေဖဝါးတွင် ညှောင့်စူးထားသဖြင့် ဒဏ်ရာပြင်းထန်ရကား ပြောင်၊ စိုင်၊ နွားနောက်၊ ဆင်ကဲ့သို့သော သားကောင်ကြီးများကို ဖမ်းဆီးသတ်ဖြတ်နိုင်စွမ်း မရှိပေ။

ထိုအခါတွင် ဂုဏ်ပြုစားပွဲကြီးအတွက် သားကောင်ကြီးဆက်သရန် တာဝန်ကို လူခါးဆိုသူက တာဝန်ယူလိုက်၏။ ထိုလူခါးဆိုသူမှာ ကလေး၏မိခင်ကို အပျိုစင်ဘဝက လွန်စွာနှစ်သက်ခဲ့ပြီး ချစ်ခွင့်အတန်တန် ပန်ခဲ့သူဖြစ်၏။ ထိုအမျိုးသမီးက လက်မခံသဘောမတူ၍ ကျန်ရစ်ဖြစ်ခဲ့ရသူ ဖြစ်လေ၏။

ယခုတော့ ထိုအမျိုးသမီး၏ သားဦးလေးအတွက် ဂုဏ်ပြုစားပွဲကြီးကျင်းပရန် သားကောင်ကြီးကို လူခါးက ဆက်သခဲ့ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဂုဏ်ပြုစားပွဲကြီးကို ပျော်ရွှင်စွာ ဝိုင်းဝန်းစားသောက်ခြင်းဖြင့် ဆင်နွှဲကြကာ ရိုးရာဓလေ့အကအခုန်များဖြင့် တစ်ညလုံးနီးပါး ပျော်ခဲ့ကြရ၏။ အကအခုန်များ ရပ်နားချိန်ဝယ် ဂုဏ်ပြုစားပွဲကြီးအတွက် သားကောင်ကြီးဆက်သသူအား အခွင့်အရေးပေးရန် အစီအစဉ်ပြုလုပ်ရာ မျိုးနွယ်စုခေါင်းဆောင်ဘုရင်ကြီးက မည်သည့်အခွင့်အရေး လိုချင်ပါသလဲဟု လူခါး၏ဆန္ဒကို မေးလေ၏။

ထိုအခါ လူခါးက ကလေး၏မိခင်ဖြစ်သူ အမျိုးသမီးကို သူ၏လှိုဏ်ဂူအတွင်း၌ တစ်ညတာ ၎င်းနှင့်အတူလိုက်၍ အိပ်စေလိုသည်ဟု သူ့ဆန္ဒကို ထုတ်ဖော်ပြောကြားလိုက်၏။

ထိုအခါ မျိုးနွယ်စုခေါင်းဆောင်ဘုရင်ကြီးမှာ မျက်လုံးပြူးအံ့ဩသွားရသလို ထိုအမျိုးသမီး၏ ယောကျ်ားမှာလည်း သူ့နဖူးသူလက်ဝါးဖြင့် ရိုက်လိုက်ရချေတော့၏။

သို့ကြောင့် ယင်းထုံးတမ်းဓလေ့မှာ တစ်ခါတစ်ရံတွင် နာဗွန်ဂန်မျိုးနွယ်စုအတွင်းဝယ် ရှုပ်ထွေးကာ ကသိကအောက် ဖြစ်ရလေ့ရှိသည်ဟု ဆိုရခြင်းဖြစ်၏။

ယခုလည်း နေရဋ္ဌအဖြစ် ရောက်ရှိလာသူ ကျော်စွာအားဂုဏ်ပြုစားပွဲကြီးဖြင့် ဂုဏ်ပြုမည့်ပွဲဝယ် သားကောင်ကြီးကို အဂ္ဂကဆက်သရန် တာဝန်ယူလိုက်ပြီ ဖြစ်ပေ၏။

နေရဋ္ဌအဖြစ် အသိအမှတ်ပြုရန် လုံးဝမလိုလားသူ အငှာဂုဏ်ပြုစားပွဲညဝယ် မည်သို့သော ဆန္ဒမျိုး တောင်းဆိုအပြုပ်ကိုင်မည်ကို မခန့်မှန်းနိုင်သဖြင့် မျိုးနွယ်စုဘုရင်ကြီးဂူလန့်မှာ ထိုသို့နှယ်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဖြစ်ပေါ်နေရခြင်း ဖြစ်တော့သတည်း။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျော်စွာသည်ကား လူရိုင်းမျိုးနွယ်စုဘုရင်ကြီး၏ အထူးဂရုစိုက်အရေးပေးမှု၊ ဆေးဆရာ၏ ကြပ်မတ်ကုသပေးမှု၊ လူရိုင်းမချောလေးဖူလာ၏ အပြုအစုကောင်းမှုတို့ကြောင့် ခန္ဓာကိုယ်အာနာမှ ဒဏ်ရာဒဏ်ချက်အားလုံး ပျောက်ကင်းသွားပြီး အစားကောင်း၊ အသောက်ကောင်းများ စားသုံးရမှုကြောင့် ဆယ်ရက်ခန့်အကြာဝယ် အားအင်လုံးဝပြည့်ဖြိုးကာ ယခင်ကထက်ပင် ခန္ဓာကိုယ်က ကြံ့ခိုင်တောင့်တင်းလို့လာ၏။

လူရိုင်းမျိုးနွယ်စုဘုရင်ကြီးဂူလန်မှာ ကျော်စွာအား အချိပ်တကြည့်ကြည့်ဖြင့် မျက်ခြေမပြတ်ဆိုသလို စောင့်ရှောက်ပြုစုနေခဲ့ရာမှာ တစ်ခါတစ်ရံ စိတ်ရှုပ်ထွေးပြီး တွေတွေငေးငေး ဖြစ်သွားရုံမှ



www.burmeseclassic.com

www.burmeseclassic.com



အပ သူ့အပေါ်ယုယကြင်နာစွာဖြင့် ဂရုတစိုက်ရှိလှသော ဘုရင်ကြီး ဂူလန်ကို သူ၏ဖခင်အရင်းဟုပင် ထင်မှတ်လာတော့၏။

သူ့ကိုယ်သူလည်း နာဖွန်ဂန်မျိုးနွယ်စုဝင် လူရိုင်းတစ်ဦး၊ လူရိုင်းဘုရင်ကြီး၏သားဟုပင် တစ်နေ့တစ်ခြား ယုံကြည်လာတော့၏။ သို့သော် သူ၏စိတ်ဝယ် မတင်မကျဖြစ်နေမှုကို တစ်နေ့တွင် ဘုရင်ကြီးဂူလန်အား ဖွင့်မေးမိ၏။

"အဖေ . . . ကျွန်တော့်ရဲ့အမေရော ဘယ်မှာလဲဟင်"

ထိုအမေးကြောင့် လူရိုင်းဘုရင်ကြီးက ကျော်စွာအား ပြုံးကြည့်လျက် . . .

"သားရဲ့မယ်မယ်ဟာ သားကို မွေးပြီးပြီးချင်းမှာပဲ သေဆုံးသွားခဲ့တယ်ကွယ့်"

ဟု လေသံအေးအေးဖြင့် ပြောလေ၏။

ထိုစကားကြောင့် ကျော်စွာမှာ တွေတွေငေးငေးဖြစ်သွားပြီး ခေါင်းထဲတွင် ရှုပ်ထွေးသလို ဖြစ်သွားပြန်၏။

"ဒါထက် . . . ကျွန်တော်တို့ မျိုးနွယ်စုရဲ့ဘဝဟာ ဒီလိုပဲ ဒီဂူကြီးထဲမှာပဲ နေရသလားအဖေ၊ ဂူကြီးရဲ့အပြင်ကို ကျွန်တော်မထွက်ရဘူးလား"

ဟုမေးလိုက်ရာ ဘုရင်ကြီးဂူလန်က ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်ပြီး . . .

"ထွက်ရမှာပေါ့ သားရယ်၊ ငါ့သား ခွန်အားပြည့်ကျစ်လစ်လာတဲ့ တစ်နေ့မှာ ဂူကြီးရဲ့အပြင်ကို ထွက်ရမှာပေါ့"

ဟုပြောလိုက်ရာ ကျော်စွာလည်း ထိုင်ရာမှ ထတ်ခနဲထရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ကျောက်ဂူနံရံ၌ထောင်ထားသော ရဲဒင်းကြီးတစ်လက်အား လှမ်းယူလိုက်ကာ နံဘေးရှိ ကြီးမားသော ကျောက်တုံးကြီးကို အားတုန်သုံး၍ လွှဲခုတ်ချလိုက်၏။

ခွမ်းခနဲ မြည်သံနှင့်အတူ ကျောက်တုံးကြီးမှာ ထက်ခြမ်းကွဲသွားလေရာ ကျော်စွာက ရဲဒင်းကြီးကို ညာဖက်လက်တစ်ဖက်တည်းဖြင့် အပတ်ပေါင်းများစွာ လေထဲတွင် ဝှေ့ယမ်းလိုက်ပြီး . . .

"ကျွန်တော် ကျန်းမာသန်စွမ်းနေပါပြီ အဖေရဲ့၊ ဂူအပြင်ကို ဒီနေ့ပဲ ထွက်ပါရစေ"

ဟု ပူဆာလိုက်ရာ ဘုရင်ကြီးဂူလန်သည် အားရကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"ထွက်ရမှာပေါ့ သားရဲ့၊ ထွက်ရမယ်၊ ဒီမှာ ခဏလေးနေဦး"

ဟုပြောကာ သူ၏သီးသန့်နန်းဆောင် လှိုဏ်ဂူကြီးထဲသို့ ဝင်ရောက်သွားပြီး . . .

ခဏကြာသည်တွင် ကျားသစ်ရေဖြင့် ပြုလုပ်ထားသော ခါးပတ်တစ်ခုကို ယူလာခဲ့၏။ ယင်းခါးပတ်တွင် အမဲလိုက်ဓါးမြှောင်တစ်ချောင်းပါ အိတ်နှင့်အတူ ပါလာလေ၏။

လူရိုင်းဘုရင်ကြီးဂူလန်သည် ကျားသစ်ရေခါးပတ်ကြီးကို ကျော်စွာ၏ခါး၌ သူကိုယ်တိုင် ပတ်ပေးလိုက်၏။ ယင်းကျားသစ်ရေခါးပတ်သည် သေဆုံးသွားသော သားဖြစ်သူနေရဇ္ဇ၏ ခါးပတ်ပင် ဖြစ်ပေ၏။

ထို့နောက် သူ၏ခါးတွင် ချိတ်ဆွဲထားသည့် ဓါးရှည်ကြီးအား ကျော်စွာ၏ခါးတွင် သေချာစွာ ချိတ်ဆွဲပေးလိုက်ပြန်၏ ကျားသစ်



www.burmeseclassic.com

www.burmeseclassic.com



ရေခါးပတ်၊ ကျားသစ်ရေဝတ်စုံတို့ကို ဝတ်ဆင်ထားပြီး ခါးရှည်တစ်လက်၊ ခါးတိုတစ်လက်တို့ကို ခါး၏ဘယ်ညာတို့၌ ခန့်ငြားစွာ ချိတ်ဆွဲထားသည့် ယောက်ျားပီသလှသော ကျော်စွာ၏အသွင်ကိုကြည့်ကာ ကျေနပ်သဘောကျစွာ ပြုံးလေတော့၏။

"သား . . . ဒါမှ ငါ့သား . . . နေရဋ္ဌကွ"

ဟု အားရပါးရကြီးပြောဆိုကာ ကျော်စွာ၏ပခုံးကို ချစ်ခင်ကြင်နာစွာ သိုင်းဖက်လိုက်လေ၏။ ကျော်စွာကလည်း လူရိုင်းဘုရင်ကြီးကို သူ၏ဖခင်အရင်းဟု ထင်မှတ်ကာ အားပါးတရ ပြန်ဖက်လိုက်ရာ အတန်ကြာ ဖက်ထားပြီးမှ လူရိုင်းဘုရင်ကြီးက လူချင်းပြန်ခွာလိုက်ပြီး . . .

"ငါ့သား . . . မင်း ဒီဂူစခန်းကြီးကနေ အဝေးကိုတော့ မသွားရဘူးနော်၊ ငါတို့မျိုးနွယ်ဝင်အများစုအတွက် သတ်မှတ်ထားတဲ့ စည်းအတွင်းသာ သွားရောက်ကြရတယ်ကွယ့်၊ အဲဒီစည်းသတ်ထားတဲ့ နေရာအဝန်းအဝိုင်းကို ဖူလာက လိုက်ပြထားပါလိမ့်မယ်"

ဟု ပြောလိုက်ပြီးနောက် မလှမ်းမကမ်းဝယ် ရပ်ကြည့်နေသော လူရိုင်းမလေးဖူလာအား လှမ်းခေါ်လိုက်ပြီး . . .

"ကဲ . . . ဖူလာ၊ ငါ့ရဲ့သားနေရဋ္ဌကို နယ်နိမိတ်စည်းသတ်ထားတဲ့နေရာတွေကို လိုက်ပြလိုက်စမ်းပါဦး၊ ငါ့သားက ဂူအပြင်ဘက်မှာ လွတ်လွတ်လပ်လပ် နေချင်ပုံရတယ်၊ နင် ငါ့သားနဲ့အတူ လိုက်ပါသွားပြီး စောင့်ရှောက်ပေတော့ . . ."

ဟု တာဝန်ပေးရာ ဖူလာမှာ ခေါင်းကိုညိတ်လိုက်ပြီး . . .

"ဟုတ်ကဲ့ အရှင် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိသေစွာ ပြောလိုက်လေ၏။ ပြီးမှ "လာ . . . အစ်ကို သွားမယ်" ဟုပြောကာ ဂူကြီး၏အဝကို ထွက်ခွာသွားလေရာ ကျော်စွာမှာ ဖျတ်လတ်သွက်လက်စွာ ခြေလှမ်းကျဲကြီးများကိုလှမ်းပြီး လိုက်ပါသွားတော့၏။

သားရဲတိရစ္ဆာန်တို့၏ သားရေများနှင့် မလုံမလဲ ဝတ်စုံများ ဝတ်ဆင်ကာ ခေါင်းပေါ်ဝယ် ပန်းပွင့်ရောင်စုံများကို ခေါင်းပတ်ပတ်လည်၌ ဝေနေအောင် ပန်ထားကြသော လူရိုင်းမိန်းမပျိုလေးတစ်စုမှာ ဖူလာအား လူရိုင်းဘာသာစကားဖြင့် လှမ်းအော်လိုက်ကြရာ ဖူလာက သူတို့စကားဖြင့် တစ်ခုခုပြန်ပြောလိုက်သည်တွင် လူရိုင်းပျိုမလေးများမှာ ဘာကိုသဘောကျမှန်းမသိဘဲ တခစ်ခစ် ရယ်မောလျက် ရှိကြလေတော့သည်။

ရောမလှိုက်ဂူကြီး၏ အပြင်ဖက်သို့ ရောက်သောအခါ ကျော်စွာမှာ လွတ်လပ်သွားသလို ခံစားရလေ၏။ ကျော်စွာသည် လှိုဏ်ဂူကြီး၏တည်ရှိနေပုံနှင့် ဝန်းကျင်ကို စူးစမ်းလေ့လာကြည့်ရှု၍ မဝနိုင်ဖြစ်ရလေ၏။

သူတို့၏လှိုဏ်ဂူကြီးမှာ လွန်စွာမြင့်မားလှသော တောင်ကြီးနှစ်လုံး၏အကြား ကျဉ်းမြောင်းလှသော လျှိုကြီး၏အောက်ခြေ၌ရှိပြီး လှိုဏ်ဂူ၏အဝတွင်လည်း ကျောက်စွန်းကြီးက မိုးထားရာ တော်ရုံဖြင့် ဤနေရာဝယ် လှိုဏ်ဂူကြီးရှိနေသည်ကို မရိပ်မိ မတွေ့ရှိနိုင်ပေ။

ယင်းဂူဝအပေါ်ဖက်မှ ကျောက်စွန်းကြီး၌လည်း ခြုံနွယ်များ ထူထပ်စွာ ပေါက်နေရာ အပေါ်ဖက်မှ ဆီးမိုးကြည့်လျှင် ခြုံနွယ်များက ကွယ်ပေးထားသဖြင့် လျှို့ဝှက်လှိုဏ်ဂူအဝကို အရိပ်အရောင်မျှ



www.burmeseclassic.com

www.burmeseclassic.com



ပင် မြင်တွေ့နိုင်မည် မဟုတ်ပေ။

ကျော်စွာသည် ဂူကြီး၏ လုံခြုံမှုအနေအထားကို အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် ဖူလာကို မိမိသိလိုသမျှ စူးစမ်းမေးမြန်းလေ၏။

"ဖူလာ . . . ငါတို့ နာဖွန်ဂန်မျိုးနွယ်တွေအပြင် ဒီနေရာမှာ အခြားမျိုးနွယ်တွေရော မရှိဘူးလား"

"ရှိတယ် . . . ဟိုးက ကျောက်တောင်တန်းကြီးကို ကျော်လိုက်ရင် ယမနေတောနက်ကြီးရှိတယ်၊ အဲဒီယမနေတောနက်ကြီးထဲမှာ ကျားသစ်တွေ အများကြီးရှိပြီး အသားသိပ်မည်းတဲ့ လူရိုင်းမျိုးနွယ်တစ်စုရှိတယ်၊ သူတို့ဟာ တစ်နှစ်မှာတစ်ခါ ဖူလာတို့ဆီလာတိုက်ပြီး ဒီက မိန်းမပျိုတွေကို ဖမ်းခေါ်ဖို့ ကြိုးစားလေ့ရှိကြတယ်၊ ဒီမှာတော့ သူတို့ရဲ့ရန်ကိုပဲ ကြောက်နေရတယ်"

"မိန်းမပျိုတွေကို သူတို့က ဘာဖြစ်လို့ ဖမ်းခေါ်ချင်ရတာလဲ"

"ယဇ်ပူဇော်ဖို့လေ၊ သူတို့က မီးတောင်နတ်ကို ကိုးကွယ်ကြတယ်၊ မိန်းမပျိုလေးတွေကို တစ်နှစ်တစ်ယောက်ကျ သူတို့ဆီက တောင်အဝထဲကို ပစ်ချပြီး ယဇ်ပူဇော်ရင် မီးတောင်နတ်မင်းက စိတ်မဆိုးဘဲ သူတို့မျိုးနွယ်ကို ခွင့်လွှတ်စောင့်ရှောက်တယ်လို့ ယူဆယုံကြည်ကြတယ်၊ အဲဒီလို ယဇ်မပူဇော်ရင် မီးတောင်နတ်က မီးတောင်ထဲကနေ ချော်ရည်ပူတွေ မှုတ်ထုတ်ပြီး တောင်ခြေတောထဲက သူတို့ရဲ့ရွာတွေကို မီးလောင်တိုက်သွင်းတယ်လို့ အယူရှိကြတယ်လေ"

ဒါကြောင့် သူတို့ဟာ တစ်နှစ်အတွင်း ဒီလကိုရောက်တဲ့အခါတိုင်း ဖူလာတို့ဆီ လာရောက်တိုက်ခိုက်ပြီး မိန်းမပျိုတွေကို သူ



www.burmeseclassic.com

www.burmeseclassic.com



ယက်လေ့ရှိတယ်၊ လာမယ့်လကွယ်နေ့ညမှာ သူတို့လာတိုက်ခိုက်လိမ့်ဦးမယ်၊ သူတို့ဟာ လကွယ်နေ့ညတွေမှာသာ သူတို့ရဲ့လျှို့ဝှက်ရွာတွေတနေ ပြင်ပကို ခရီးထွက်လေ့ရှိတယ်၊ ဒါကြောင့် သူတို့ကို ကသူးလမိုက်လူမျိုးလို့ ဖူလာတို့က ခေါ်ကြတယ်လေ"

ဟု ဖူလာက ရှင်းပြလေ၏။

သူတို့သည် စကားတပြောပြောဖြင့် ခပ်ဖြည်းဖြည်းလျှောက်လာရင်း စမ်းချောင်းလေးတစ်ခု၏နံဘေးသို့ ရောက်လာကြ၏။ အေးမြကြည်လင်သော စမ်းရေထဲဝယ် သူတို့မျိုးနွယ်မှ ကလေးတစ်သိုက်မှာ ရေကူးဆော့ကစားလျက် ရှိလေ၏။

ကလေးငယ်များသည် သူတို့ဘာသာစကားဖြင့် အချင်းချင်းနောက်ပြောင်ပြောဆိုရယ်မောနေကြရာ သူတို့ပြောဆိုနေသည်ကို ကျော်စွာမှာ လုံးဝနားမလည်ပေ။ ထို့ကြောင့် ကျော်စွာသည် သူ၏စိတ်ထဲဝယ် ခိုးလိုးခုလုဖြစ်ကာ ဘဝင်မကျဖြစ်နေရသော ကိစ္စကို ဖူလာအား မေးရန်သတိရလိုက်၏။

"ဖူလာ . . . ငါတစ်ခုမေးမယ်"

"မေးလေ . . . အစ်ကို . . . "

"နင်က စကားနှစ်မျိုးပြောတတ်တယ်နော်၊ ငါကတော့ တစ်မျိုးပဲ ပြောတတ်တယ်၊ အခြားသူတွေလည်း အဲဒီလိုပဲ၊ ငါ့ရဲ့အဖေလည်း အဲဒီလိုပဲ နှစ်မျိုးပြောတတ်တယ်၊ ငါက ဘာဖြစ်လို့ စကားနှစ်မျိုးကို မပြောတတ်ရတာလဲ"

ဟုမေးလိုက်ရာ ဖူလာမှာ ဖြေရန် အကြပ်ရိုက်သွားပြီး မျက်လုံးကလေး ကလယ်ကလယ်ပြုလုပ်ကာ စဉ်းစားနေ၏။ ပြီးမှ မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကို ပိတ်ချည်ဖွင့်ချည်လုပ်လိုက်ပြီး . . .

"အဲ . . . အဲဒါက ဒီလိုအစ်ကိုရဲ့၊ အစ်ကိုကလည်း အရင်က စကားနှစ်မျိုးပြောတတ်ပါတယ်၊ ဒါပေမယ့် တစ်နေ့မှာ အစ်ကိုဟာ အမဲလိုက်ရင်း ချောက်ထဲကို ပြုတ်ကျခဲ့တယ်၊ ကံကောင်းလို့ အသက်မသေပေမယ့် အစ်ကို့ရဲ့ခေါင်းကို ထိသွားခဲ့တယ်၊ အဲဒီအချိန်ကစပြီး အစ်ကိုဟာ အရင်က ဘာတွေဖြစ်ခဲ့သလဲဆိုတာကို မေ့သွားသလို ဖူလာတို့ရဲ့ နာဖွန်ဂန်ဘာသာစကားကိုလည်းပဲ မေ့သွားခဲ့တာ အစ်ကိုရဲ့ . . ."

ဟု ပါးနပ်လိမ္မာသော ဖူလာက ဆီလျော်သင့်တင့်အောင် ပြောလိုက်လေ၏။ ပြီးတော့မှ အားပေးနှစ်သိမ့်သည့်အနေဖြင့် ချစ်စဖွယ် ပြုံးလိုက်ပြီး . . .

"အစ်ကိုက နာဖွန်ဂန်ဘာသာစကားကို ပြန်ပြီး တတ်ချင်လို့လား၊ အဲဒီလိုတတ်ချင်တယ်ဆိုရင် ဖူလာသင်ပေးမှာပေါ့"

ဟုဆိုလိုက်ရာ ကျော်စွာလည်း မထင်မှတ်သည့် စကားကြောင့် အလွန်ပျော်ရွှင်သွားပြီး . . .

"ဟုတ်တယ် . . . ငါနာဖွန်ဂန်ဘာသာစကား တတ်ချင်တယ်၊ သင်ပေးစမ်းပါ ဖူလာရယ်၊ ဒါမှ သူများတွေ ဘာပြောတယ်ဆိုတာ ငါသိရမှာ၊ ဒါထက် စောစောက ငါတို့ဂူကြီးထဲက ထွက်လာတော့ ဟိုကောင်မလေးတွေက နင့်ကို ဘာလှမ်းပြောတာလဲ"

"ဩော် . . . ဒါလား၊ ဟင်းဟင်း . . . ဒီလိုပါ၊ သူတို့ပြောတယ်၊ အစ်ကိုက သိပ်ချောပြီး နတ်သားလေးနဲ့တူတယ်တဲ့"

ဖူလာ့စကားကို မကျေနပ်သေးဘဲ ကျော်စွာက ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကားဆက်ပြန်၏။

"ဟုတ်လား . . . အဲဒီတော့ ဖူလာက တစ်ခုခုပြန်ပြောလိုက်တယ်၊ အဲဒီကောင်မလေးတွေ ရယ်လိုက်ကြတယ်၊ ကဲ . . . ဖူလာက ဘာပြန်ပြောလိုက်တာလဲ၊ ပြောပါဦး" ဟု ထပ်မေးလိုက်ရာ ဖူလာမှာအဖြေရကျပ်သွားပြီး သူမ၏ ပါးပြင်မို့မို့လေးနှစ်ဖက်ဝယ် ရှက်သွေးလေးများ ဖျန်းသွားလေ၏။

"ပြောလေ . . . ဖူလာ"

"အာ . . . အစ်ကိုကလည်း မသိချင်ပါနဲ့"

ဖူလာငြင်းနေသော်လည်း ကျော်စွာက ဇွတ်အတင်း မရမက မေး၏။

"မရဘူး . . . သိချင်တယ်၊ ပြောကို ပြောရမယ် . . . ပြော"

ထိုအခါ ဖူလာမှာ ပြုံးမူနေကျပင် မျက်လုံးလေး ကလယ်ကလယ် လုပ်လိုက်ပြီးနောက် . . .

"အင်း . . . ဟင်း . . . ဒီလိုပါ အစ်ကိုက နတ်သားလေးဆိုရင် ဖူလာကလည်း နတ်သမီးလေးပေါ့လို့ ပြောလိုက်တာပေါ့၊ ဒါကြောင့် သူတို့က သဘောကျပြီး ရယ်လိုက်ကြတာ . . . " ဟု အဆင်ပြေအောင်ပြောပြီး ကျော်စွာမရိပ်မိအောင် မျက်နှာကို တစ်ဖက်လှည့်ပြီး ကြည်နူးစွာ ပြုံးလိုက်၏။

အမှန်တော့ ထိုစဉ်က နာဖွန်ဂန်ဘာသာစကားဖြင့် ဖူလာပြောလိုက်သည်က . . . "ဟုတ်တယ်၊ ငါ့ရဲ့နှလုံးသားထဲက အမြဲနတ်သားလေးပဲ" ဟူ၍ ဖြစ်လေ၏။

လူရိုင်းပျိုမလေးဖူလာမှာ ကျော်စွာအား ပြုစုပေးရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာအပေါ် ဝယ် ချစ်ခြင်းမေတ္တာများ အမှန်တကယ် သက်ဝင်စီးမျောနေပြီဖြစ်၏။

သူမသည် နာဖွန်ဂန်မျိုးနွယ်စုထဲရှိ မိန်းမပျိုလေးတို့အထဲတွင် အချောဆုံး၊ အလှဆုံး အပျိုစင်မလေးဖြစ်၍ သူမ၏မေတ္တာပန်းကို ဆွတ်ချူလှမ်းချင်သော နာဖွန်ဂန်လုလင်ပျိုတို့က ဗုန်နှင့်ဒေးပင်ရှိနေလေ၏။

အထူးသဖြင့် နာဖွန်ဂန်လူငယ်တို့၏ခေါင်းဆောင် သူရဲကောင်းအဂ္ဂမှာ သူနာဖွန်ဂန်အကြီးအကဲ ဘုရင်ဖြစ်လာပါက သူမကို မိဖုရားအဖြစ် သိမ်းပိုက်မည်။ သူမ၏အပျိုစင်ဘဝကို ထိန်းသိမ်းထားပါဟု ရာဇသံပေးသလိုဖြင့် အတိအလင်းပြောထားပြီး ဖြစ်၏။

သူမသည် အဂ္ဂကို သူရဲကောင်းတစ်ဦးအဖြစ် လေးစားအားကိုး အထင်ကြီးသော်လည်း ချစ်၍ကား မရပေ။ ဤရက်ပိုင်းအတွင်း မမျှော်လင့်ဘဲ သူမချစ်မိသွားသူမှာ ပြင်ပကမ္ဘာမှ ရောက်ရှိလာသည့် ကျော်စွာကိုပင် ဖြစ်ပေတော့သည်။

ကျော်စွာနှင့် ဖူလာတို့ စမ်းချောင်းလေး၏ကမ်းစပ်မှ ဆက်လျှောက်လာသည်တွင် စမ်းကွေ့တစ်နေရာ၌ နာဖွန်ဂန်လူငယ်တစ်ဦးသည် ရေစပ်မှ ကျောက်တုံးပေါ်ဝယ်ရပ်ပြီး မှိန်းတစ်လက်ဖြင့် ရေထဲမှ ရွှေဝါငါးကြင်းကြီးများကို ဆတ်ခနဲ ဆတ်ခနဲ ထိုးယူနေသည်ကို တွေ့ရလေ၏။

ထိုလူငယ်သည် ကျော်စွာကို တွေ့မြင်သွားသောအခါ၌ ဦးခေါင်းကိုညွှတ်၍ အရိုအသေပြုလိုက်လေ၏။

ကျော်စွာတို့သည် စမ်းချောင်းအဖျားပိုင်းသို့ ဆက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရာ မွန်းတည့်လုနီးပြီဖြစ်၍ နေမင်းကြီးမြင့်တက်လာနေသည်ကို မြင့်မားမတ်စောက်လှသော တောင်ကြားမှ လှမ်းမြင်နေရ၏။

"ဟောဟိုက တောင်ကတုံးဖြူဖြူကိုတွေ့လား အစ်ကို၊ အဲဒီတောင်ဟာ ဖူလာတို့ရဲ့ နယ်အဆုံးပဲ၊ အဲဒီတောင်ကတုံးကို ကျော်လွန်ပြီး ဘယ်နာဖွန်ဂန်တစ်ယောက်ကမှ သွားခွင့်မရှိဘူး"

ဟု ဖူလာက ခပ်ပျပျမြင်ရသော တောင်ကတုံးဖြူဖြူကို လက်ညှိုးထိုးညွှန်ပြကာ ပြောဆိုနေ၏။

ထိုစဉ်မှာပဲ ခင်တန်းတစ်ခု၏နံဘေးမှ နာဖွန်ဂန်လူငယ်တစ်စု ရုတ်တရက် ထွက်လာလေ၏။ ရှေ့ဆုံးတွင် အခြားသူများထက် သန်မာထွားကျိုင်းပြီး ကျားသစ်ရေကို ကျော်စွာကဲ့သို့ပင် ဝတ်ဆင်ထားပြီး မျက်နှာထားက တင်းမာခက်ထန်ဟန်ရှိသည့် လူငယ်တစ်ဦး၏ လက်ထဲဝယ် သွေးများစွန်းပေနေသည့် လှံတစ်ချောင်းကိုင်ဆွဲလာသည်ကို တွေ့ရ၏။

ထိုလူငယ်၏နောက်မှ လူငယ်များမှာ တောင်ဆိတ်သေတစ်ကောင်ကို ဝါးထမ်းပိုးလျှိုကာ ထမ်းလာကြ၏။ ယင်းလူငယ်တို့သည် ကျော်စွာကို မမျှော်လင့်ဘဲ တွေ့ရသည်တွင် အံ့သြသလိုဖြစ်သွားရာမှ ချက်ချင်းပင် ဦးညွှတ်ကာ အရိုအသေပြုလိုက်ကြ၏။

လှံကိုင်ထားသော လူငယ်ကမူ ကျော်စွာကို အရိုအသေမပြုရုံမက ရှေ့မှပိတ်ရပ်လိုက်ပြီး မခိုးမခန့်ပြုံးလိုက်ကာ . . .

"ဘယ်လိုလဲ . . . နေရွှေအတု၊ နေကောင်းသွားပြီလား၊ ဒါဆိုလည်း ဂုဏ်ပြုပွဲကြီး အမြန်ဆုံးကျင်းပဖို့ အရှင်မင်းကြီးကို တောင်းဆိုရတော့မှာပေါ့ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဖူလာမှာ လွန်စွာထိတ်လန့်သွားပြီး . . .

"အို . . . အဂ္ဂ၊ နင်ဘာယ်လိုပြောလိုက်တာလဲ"

ဟု ဟန့်တားသလိုပြောလိုက်ရာ အဂ္ဂဆိုသည့် လူငယ်က ဆောင့်ကြွားကြွား အမူအရာဖြင့် ဖူလာအား စူးစူးရဲရဲကြည့်ပြီး . . .

"ဒီမှာ ဖူလာ၊ နင်ဘာမှ သူ့ဖက်က နာမနေနဲ့၊ သူဟာ မိကျောင်းလား၊ ဖွတ်လားဆိုတာ ဂုဏ်ပြုပွဲညမှာ အားလုံးသိသွားစေရမယ်၊ ပြီးတော့ နင်သိထားဖို့က နင်ဟာ တစ်ချိန်မှာ ငါ့ရဲ့မိဖုရားမလွဲကေန်ဖြစ်ရမယ့်သူ၊ နာချင်းနာရင် ငါ့ဖက်က နာစမ်း"

ဟု ပိုင်စိုးပိုင်နင်းပြောပြီး ထွက်ခွာသွားတော့၏။

ကျန်လူငယ်များသည်လည်း သူ၏နောက်မှ ခပ်သုတ်သုတ်လိုက်ပါသွားကြတော့၏။ ကျော်စွာက အခြေအနေများကို နားမလည်ဘဲ မကျေမနပ်ဖြစ်ကာ ဘုမသိဘမသိဖြင့် ငူငူကြီးဖြစ်သွားလေ၏။

ထိုသို့ရှိနေရာမှ ဖူလာဆီ ဆတ်ကနဲ ကြည့်လိုက်ပြီး . . .

"ဖူလာ . . . သူက ငါ့ကိုဘာဖြစ်လို့ နေရဋ္ဌအတုလို့ ခေါ်ရတာလဲ၊ အဲဒါက ဘာသဘောလဲ"

ကျော်စွာက စိတ်ရှုပ်ထွေးကာ ဒေါသထွက်သွားပြီး သံမြတ်ဖြင့် မေးလိုက်ရာ ဖူလာမှာ အမှန်ကို ပြောရခက်သွားသည်ကြောင့်-

"ဒီ . . . ဒီလိုပါ အစ်ကို၊ အဲဒီ အဂ္ဂဟာ သူ့တိုင်းသူ သူ့ရဲ့ကောင်းဘွဲ့ရထားတဲ့သူ၊ နာဖွန်ဂန်လူငယ်ခေါင်းဆောင်ဆိုပြီး ဘဝင်မြင့်နေတာပါ၊ အဲဒါကြောင့် အစ်ကို့ကို ပမာမခန့်လုပ်ပြီး ပြောချင်ရာပြောသွားတာပါ"

ဟု ရန်စမရှည်စေလိုသဖြင့် နှစ်သိမ့်ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာက ဖူလာ၏စကားကို မယုံကြည်လက်မခံဟန်ဖြင့်-

"မဟုတ်သေးပါဘူး၊ အဲဒီကောင်က ငါ့ကို နေရဗ္ဗအတုလို့ ပြောသွားတာ အဓိပ္ပါယ်တစ်ခုခုတော့ ရှိရမယ်၊ အဲဒါက ဘာအဓိပ္ပါယ်လဲ"

ဟု ကျော်စွာက ဖွတ်အတင်းမေးနေရာ ဖူလာမှာ သင့်လျော်သလို လှည့်ပတ်ဖြေဖို့ ကြိုးစားရတော့၏။

"ဒါက ဒီလိုပါ အစ်ကို၊ နေရဗ္ဗဆိုတဲ့ အစ်ကိုဟာလည်း တစ်ချိန်တုန်းက သူ့လိုပဲ သူရဲကောင်းဘွဲ့ရခဲ့သူပါ၊ သူက ကျားသစ်နှစ်ကောင်နဲ့ ခြောက်သုံးကောင်ကို စီးချင်းတိုက်ပြီး အနိုင်ယူအောင်ပွဲခံနိုင်ခဲ့သလို အစ်ကိုနေရဗ္ဗကလည်း ကျားသစ်တစ်ကောင်အပြင် ဆင်ရိုင်းကြီးတစ်ကောင်ကိုပါ စီးချင်းတိုက်အောင်ပွဲဆင်ခဲ့သူပါ။

ဒါပေမယ့် အစ်ကိုနေရဗ္ဗဟာ ချောက်ထဲပြုတ်ကျပြီး နတ်ထိုင်မကောင်းဖြစ်ခဲ့တယ်၊ လူမမာလုံးလုံး ဖြစ်ခဲ့တယ်၊ ဒါကြောင့် အရင်လို သန်မာဖျတ်လတ်တဲ့ သူရဲကောင်းနေရဗ္ဗ မဟုတ်တော့ဘူး၊ နေရဗ္ဗအတု ဖြစ်သွားပြီလို့ အဂ္ဂက သရော်သွားတာပါ အစ်ကို"

ဖူလာ၏ ဖြေရှင်းချက်ကိုကြားရလျှင် ကျော်စွာမှာ မဲ့ပြုံးပြုံးလိုက်ပြီး . . .

"ဪ . . . သူက ဒီလိုလား၊ ဒါထက် ငါ့ကို ဂုဏ်ပြုပွဲညမှာ ဖွတ်လား၊ မိကျောင်းလားဆိုတာ သိစေရမယ်လို့ ဘာဖြစ်လို့ ပြောသွားရတာလဲ . . . ဖူလာ"

ဟု ထပ်မေးလိုက်ပြန်၏။





"အစ်ကိုနေရဗ္ဗ . . . ဒီလိုပါ၊ အစ်ကိုက ချောက်ထဲကျသေမယ့် မသေဘဲ ဖူလာတို့မျိုးနွယ်စုထဲ ပြန်ရောက်လာတာကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ တစ်ညမှာ ဂုဏ်ပြုစားပွဲကြီးကို ပင်မလိုဏ်ဂူကြီးထဲမှာ အရှင်မင်းကြီးက ဦးဆောင်ပြီး ရိုးရာဓလေ့ထုံးစံအရ ပြုလုပ်ပေးရမယ်လေ။

အဲဒီညစာစားပွဲညမှာ တည်ခင်းဖို့ သားကောင်ကြီးတစ်ကောင်ကို အဂ္ဂက တာဝန်ယူဆက်သဖို့ ကတိပေးပြီးပြီ၊ အဲဒီလို ဆက်သပြီးရင် သူက သူ့ရဲ့ဆန္ဒတစ်ခုကို နာဖွန်ဂန်မျိုးနွယ်စုရဲ့ထုံးစံအရ တောင်းဆိုခွင့်ရှိတယ် . . . အစ်ကို။

အဲဒီလို ဆန္ဒပြုတောင်းဆိုတဲ့အခါ သူဟာ အစ်ကို့ကို မနာလိုဖြစ်နေသူပီပီ အစ်ကိုနဲ့ စီးချင်းတိုက်ပိုင်လုဖို့ တောင်းဆိုလိမ့်မယ်လို့ ဖူလာတော့ ထင်တာပဲ"

ဟု ကျော်စွာကျေနပ်သွားစေရန်အလို့ငှာ ပြောလေ၏။

"ဪ . . . ဒါကြောင့် အဲဒီကောင်က ငါ့ကို ဖွတ်လား မိကျောင်းလားဆိုတာ သိစေရမယ်လို့ ပြောသွားတာကိုး၊ ကောင်းပြီလေ . . . အဲဒီကောင်က စီးချင်းတိုက်ဖို့ တောင်းဆိုလာရင်လည်း တိုက်လိုက်တာပေါ့"

ဤသို့နှယ် ကျော်စွာက လေသံခပ်အေးအေးဖြင့် ပြောသောရာ ဖူလာမှာ အံ့အားသင့်သွားသလို ကျော်စွာအတွက်လည်း စိုးရိမ်ပူပန်လို့သွား၏။

"အစ်ကို . . . အဲဒီလိုလုပ်လို့ဖြစ်ပါ့မလား၊ အဂ္ဂဟာ တောသူရဲကောင်းနော်၊ သူနဲ့ ဘယ်သူမှ စီးချင်းမယှဉ်ရဲကြဘူး သတ်သား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျားသစ်ရေဝတ်စုံဟာ သူစီးချင်းတိုက်ပြီး အနိုင်ယူခဲ့တဲ့ ကျားသစ်ကြီးရဲ့အရေပဲ၊ သူဟာ နွားလားလို အဆိပ်ပြင်းပြီး ဘီလူးလို ကြမ်းတမ်းသူလို့ ကျော်ကြားတဲ့သူပါ၊ သူ့ကို လုံးဝကို လျှော့တွက်လို့ မဖြစ်ဘူး"

ဖူလာက ပြောရင်း ရင်၌ဆို့နင့်သလို ခံစားလာရသဖြင့် စကားကို ရပ်ပစ်လိုက်ရ၏။

"ဟား . . . ဟား . . . ဟား . . . ဖူလာရယ်၊ အခု ဖူလာ ပြုစုပေးလို့ နာမကျန်းဖြစ်ရာက နာလန်ပြန်ထူလာပြီး နေကောင်းသွားပြီလေ၊ အစ်ကို့အတွက် မပူပါနဲ့ကွာ . . . ဟား . . . ဟား . . . ဟား . . ."

ထိုသို့ပြောပြီး ကျော်စွာက လွတ်လပ်စွာ အော်ဟစ်ရယ်မောလိုက်ပြီးနောက် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မေးလိုက်ပြန်၏။

"ဩော် . . . ဒါထက် အဲဒီကောင်ပြောတဲ့ စကားထဲမှာ ဖူလာဟာ တစ်ချိန်မှာ သူရဲ့မိဖုရား မလွဲမသွေဖြစ်ရမယ်တဲ့၊ အဲဒါ ကရော ဘာသဘောနဲ့ ပြောသွားတာလဲ"

ဤသို့နှယ် ကျော်စွာက စစ်စစ်ပေါက်ပေါက် လိုက်မေးနေသည်ကြောင့် ဖူလာက စိတ်ညစ်သလိုဖြင့် ဆံနွယ်လေးများကိုဖွကာ ခေါင်းလေးကုတ်လိုက်ပြီး . . .

"အဲဒီတဏှာရူးကောင်က တစ်နေ့ကျရင် ဖူလာဟာ သူ့ရဲ့ မယားဖြစ်ရမယ်လို့ ကြိမ်းမောင်းပြောသွားတာပေါ့"

ဟု ခပ်ရှင်းရှင်းပင် ပြောချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျော်စွာက ထပ်ပြီး . . .

"ဩော် . . . ဒီလိုလား၊ ဘာလဲ . . . ဖူလာနဲ့ အဲဒီကောင်း နဲ့က ချစ်သူရည်းစားတွေလား"

"အာ . . . မဟုတ်ပါဘူး၊ သူက ဖူလာကို တစ်ဖက်သတ် ချုပ်ကိုင်ဖို့ ကြိုးစားနေတာပါ။ ဖူလာက အဲဒီကောင်ကို နည်းနည်း လေးမှ ကြည့်လို့ရတာ မဟုတ်ဘူး"

ဟု နှုတ်ခမ်းလေးစူကာ ပြောလိုက်ပြီး . . .

"ကဲ . . . အစ်ကို ပြန်ကြစို့၊ သိပ်ကြာနေလို့ အရှင်မင်းကြီး စိတ်ပူနေပါဦးမယ်"

ဟုဆိုကာ ထိုနေရာမှ ပြန်လည်ထွက်ခွာလာခဲ့ကြ၏။

အပြန်လမ်းတစ်လျှောက်တွင်မူ နှစ်ဦးစလုံးမှာ အတွေးကိုယ် စီဖြင့် ငြိမ်သက်တိတ်ဆိတ်စွာ လှမ်းလျှောက်လာခဲ့ကြ၏။

ကျော်စွာ၏ရင်တွင်းမှာမူ သူ့အား နေရဋ္ဌအတုဟု လှောင် ပြောင်ခေါ်သွားသော အဂ္ဂအပေါ် မကျေမနပ်ဒေါသပွားလျက်ရှိပြီး ဖူလာမှာ ဂုဏ်ပြုစားပွဲကြီးကျင်းပသည့်ညဝယ် ကြုံလာရမည့်အရေး အတွက် ပူပန်စိုးထိတ်လျက် အကြိမ်ကြိမ် ပင့်သက်ရှိုက်နေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပြင်ပလောကဝယ် လဝန်းကွေးကွေးလေးက မလင်းသလို လင်းသလိုဖြင့် တိမ်မည်းညိုတို့၏ အုပ်မိုးမှုအောက်ဝယ် ပေါ်လိုက် ပျောက်လိုက်ဖြင့် မှောင်မည်းနေသော ညဥ့်ယံဝယ် ပိုးစုန်းကြူးနှယ် သာ ရှိနေ၏။

နာဖွန်ဂန်မျိုးနွယ်စု၏ မဟာလှိုဏ်ဂူကမ္ဘာကြီးအတွင်းမှာမူ ကြီးမားသော မီးပုံကြီး၏အလင်းရောင်ကြောင့် ထိန်ထိန်ညီးလျက် ရှိနေလေ၏။ မီးပုံကြီးမှ မီးအလင်းရောင်သည် အမိုးနံရံများမှ သဘာ ရင့်ကျောက်ပြားကြီးများ၏ ရောင်ပြန်ဟပ်မှုကြောင့် လှိုဏ်ဂူကြီးမှာ နေ့ကဲ့သို့ လင်းလင်းချင်းချင်းရှိလေ၏။

မီးပုံကြီး၏နံဘေးဝယ် ကြီးမားလှသော ဆယ်ကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



အား တံဗို့ထိုးလျက် မီးပုံ၏အရှိန်ဖြင့် ကျွမ်းကျင်စွာ ကင်လျက်ရှိသေ၏။

လူမျိုးစုခေါင်းဆောင်ဘုရင်ကြီးဂူလန်မှာ ငှက်မွေးတောင်များစိုက်ထားသည့် လှပသော ခေါင်းဆောင်းကြီးကိုဆောင်းကာ ဝတ်ရုံအနီကြီးကို ကျောဘ၌လွှမ်းခြုံထားပြီးလျှင် မီးပုံကြီးနှင့် ဝါးတစ်ရိုက်ခန့်အကွာဝယ် ရွှေပိန်းချထားသော ကုလားထိုင်တစ်လုံး၌ မိန့်မိန့်ကြီးထိုင်လျက် ရှိ၏။

သူ၏ညာဖက်ရှိ ငွေရောင်ဖိတ်ဖိတ်ထနေသည့် ထိုင်ခုံပေါ်၌ ကျော်စွာမှာ ဒေါင်းတောင်များ လှပစွာ ထိုးစိုက်ထားသည့် ခေါင်းဆောင်းငယ်ကိုဆောင်းကာ အဝါရောင်ဝတ်ရုံကြီးကို ကျောဖက်၌ လွှမ်းခြုံထားလျက် တည်ငြိမ်စွာ ထိုင်လျက်ရှိနေ၏။

လူမျိုးစုဘုရင်ကြီးဂူလန်၏ ဘယ်ဖက်တွင်မူ နတ်ဆရာကြီးသည် ဝတ်ရုံနက်ကြီးကို တစ်ကိုယ်လုံးလွှမ်းခြုံထားကာ သစ်ကနုတ်သားထိုင်ခုံကြီးပေါ်၌ ငြိမ်သက်စွာ ထိုင်နေလေ၏။

ကျန်လူရိုင်းမျိုးနွယ်စုဝင် ယောကျ်ားမိန်းမအားလုံးမှာမူ မီးပုံကြီးကို ဝိုင်းပတ်လျက် ကခုန်နေကြပြီး နာဖွန်ဂန်လူမျိုးလူလတ်ပိုင်းသုံးဦးက ရိုးရာဗုံတို့ကို ဆူညံစွာ တီးခတ်ပေးလျက် ရှိနေကြ၏။

အဂ္ဂနှင့် လူငယ်တစ်စုကမူ ဆတ်ကြီးကို ကျွမ်းကျင်စွာ ကင်လျက်ရှိကြလေ၏။

ဖူလာနှင့်အတူ နာဖွန်ဂန်လှပျိုဖြူလေးများမှာ လှပဆန်းပြားသော ပွဲနေပွဲထိုင် သားမွေးဝတ်စုံလေးများကို မလုံ့တလုံဝတ်ဆင်ထားကြကာ ဗုံသံစည်းချက်နှင့်အညီ လှပမြူးကြွစွာ ကခုန်လျက်



www.burmeseclassic.com

www.burmeseclassic.com



မီးပုံကြီးကို ဝိုင်းပတ်နေရာမှ လူမျိုးစုဘုရင်ကြီးဂူလန်ရှိရာဖက်သို့ ရောက်ရှိသည်တွင် ဘုရင်ကြီးနှင့် ဥပရာဇာမင်းသားတို့အား ဦးညွှတ်ကာ ဂါရဝပြုနေကြတော့၏။

မျိုးနွယ်စုဝင်ကလေးလူကြီးအားလုံးမှာ ပျော်ရွှင်စွာ ကခုန်နေကြခြင်းဖြစ်၍ လိုဏ်ဂူကြီးတစ်ခုလုံးမှာ ပျော်ရွှင်မှုဖြင့် အတိပြီးလျက်ရှိပြီး ဆတ်သားကင်၏ရနံ့ကလည်း ဂူကြီးတစ်ခုလုံး၌ မွှေးပျံ့လျက်ရှိလေ၏။

အတန်ငယ် ညဉ့်နက်လာသည့်အချိန်ဝယ် နတ်ဆရာကြီးသည် ထိုင်ရာမှထပြီး သူ၏ခါးမှ ကျွဲချိုကြီးကို တဘူးဘူး မှုတ်လိုက်တော့၏။

ထိုအခါ တီးခတ်နေသော ပုံသံတို့က ရပ်တန့်သွားပြီး ကခုန်နေသူတို့သည်လည်း ရပ်တန့်လိုက်ကြကာ ကိုယ်ရှိန်သတ်လိုက်လေ၏။

ထို့နောက် နတ်ဆရာကြီးသည် ကျော်စွာထံ လျှောက်လှမ်းသွားပြီး ကျော်စွာကို ဘုရင်ကြီးဂူလန်၏ရှေ့မှောက်ဝယ် ဒူးထောက်ထိုင်စေလိုက်၏။ ယင်းနောက် ဘုရင်ကြီးဂူလန်က သူ၏ညာဖက်လက်ကို ကျော်စွာဦးခေါင်းပေါ်သို့ တင်ထားလိုက်လေ၏။

ထိုအခါ နတ်ဆရာကြီးက ကျွဲချိုကို မှုတ်လိုက်ပြီးနောက် သူ၏လက်နှစ်ဖက်ကိုမြှောက်ကာ နာဖွန်ဂန်ဘာသာစကားဖြင့် ကျယ်လောင်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုတော့၏။ ဤသို့ နတ်ဆရာကြီးက ရွတ်ဖတ်နေသည်ကို အားလုံးသော နာဖွန်ဂန်မျိုးနွယ်စုဝင်များကငြိမ်သက်စွာ နားထောင်နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာကြီးသည် အတန်ကြာရွတ်ဖတ်ပြီးနောက် ကွဲချိုကို ရှည်လျားစွာ မှုတ်ပြန်၏။ ထိုသို့ ကွဲချိုမှုတ်ခြင်းပြီးဆုံးမှ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းလည်း ပြီးဆုံးတော့၏။

ပြီးနောက် ကျော်စွာအား သူထိုင်နေရာမှ ငွေရောင်ခုံပေါ်၌ ပြန်ထိုင်စေကာ ဆတ်သားကင်ကြီးမှ အသားတစ်ဖဲ့ကို သူရဲကောင်းအဂ္ဂက ဓါးမြှောင်ဖြင့် လှီးဖြတ်ယူလာကာ ဘုရင်ကြီးဂူလန်အား ဆက်သရလေ၏။

ဘုရင်ကြီးဂူလန်က ကျော်စွာအတွက် ကောင်းချီးပေးစကားကို နာဖွန်ဂန်ဘာသာဖြင့် ရွတ်ဖတ်ပြောဆိုပြီးနောက် ဆတ်သားကင်ကို စားသောက်လေ၏။

ထို့နောက် သူရဲကောင်းအဂ္ဂက အသားနောက်တစ်ဖဲ့ကို ဓါးမြှောင်ဖြင့် လှီးဖြတ်ပြန်ကာ ကျော်စွာထံ လာပေးရလေ၏။ ကျော်စွာက နတ်ဆရာကြီးသင်ပေးသော နာဖွန်ဂန်ဘာသာစကားသုံးလေးလုံးကို ရွတ်ဖတ်ပြောဆိုလိုက်ပြီးနောက်မှ ဆတ်သားကင်ကို စားရလေ၏။

ယင်းနောက် နတ်ဆရာကြီးအား ဆတ်သားကင်ဆက်သရသော အလှည့်ပင် ဖြစ်၏။ နတ်ဆရာကြီးက ဆတ်သားကင်ကို လက်ခံယူပြီးနောက် ကျယ်လောင်ရှည်လျားစွာ ရွတ်ဖတ်လျက် ကျော်စွာကို ကောင်းချီးပေးလေတော့၏။ ပြီးမှ ဆတ်သားကင်ကို စားလေ၏။

ထို့နောက်တွင်တော့ ဆတ်သားကင်ကို နာဖွန်ဂန်မျိုးနွယ်ဝင်အားလုံး တပျော်တပါး ဝိုင်းဝန်းလှီးဖြတ်ကာ အားရပါးရ စားသောက်ကြတော့၏။ ယင်းသို့ စားသောက်နေကြရင်းမှ ဗုံများကို



www.burmeseclassic.com

www.burmeseclassic.com



တီးသူက တီးပြီး အသားကင်ကို လက်မှကိုင်ကာ မီးပုံကြီးကို မတ်ချာလည်လှည့်ရင်း ကရင်းစား၊ စားရင်းကနဖြင့် ပျော်ရွှင်စွာ ကခုန်နေကြလေတော့၏။

ဤသို့ ကခုန်စားသောက်နေရင်းဖြင့် ညဥ့်သန်းခေါင်ယံကျော်လာချိန်ဝယ် ဆတ်သားကင်ကြီးမှာလည်း ကုန်သလောက်ဖြစ်လာကာ တံစို့ထိုးထားသည့် ဆတ်အကောင်ကြီးမှာ ဦးခေါင်းခွံနှင့်အရိုးစုသာ ကျန်ရှိတော့သည်။

ထိုအချိန်တွင် နတ်ဆရာကြီးက သူ၏ကျွဲချိုကြီးကို မှုတ်လိုက်ပြန်ရာ ကခုန်ဆူညံနေသူတို့မှာ မီးကို ရေနှင့်ငြိမ်းသက်ဘိသကဲ့သို့ ငြိမ်ကျကာ တိတ်ဆိတ်သွားလေတော့၏။

ယင်းအချိန်အခါ သမယသည်ကား ဂုဏ်ပြုစားပွဲကြီးအတွက် သားကောင်ဆက်သသူ၏ ဆန္ဒပြုတောင်းဆိုရတော့မည့် အခါသမယပင် ဖြစ်၏။

ယနေ့ည ကျော်စွာအတွက် ဂုဏ်ပြုစားပွဲကြီး ကျင်းပရာတွင် သားကောင်ကြီးကို တာဝန်ယူဆက်သသူမှာ အဂ္ဂဖြစ်ရာ အားလုံးသော နာဖွန်ဂန်မျိုးနွယ်စုဝင်များ၏ မျက်လုံးအကြည့်များက သူတို့၏သူရဲကောင်းအဂ္ဂထံ ရောက်ရှိနေကြ၏။

ဤအချိန်ဝယ် နတ်ဆရာကြီးက အဂ္ဂအား လှမ်းခေါ်လိုက်ရာ အဂ္ဂက ဘုရင်ကြီးဂူလန်၏ရှေ့မှောက်သို့ တစ်လှမ်းချင်းလျှောက်လာလေ၏။ သူ့အား နတ်ဆရာကြီးက ဂုဏ်ပြုချီးကျူးစကားဆိုပြီးနောက် . . .

"ကဲ . . . သူရဲကောင်းအဂ္ဂ၊ သားကောင်ကြီးကို တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သနိုင်ခဲ့သူ သူရဲကောင်းတစ်ဦးအနေဖြင့် ငါတို့နာဖွန်ဂန်မျိုးနွယ်စုရဲ့ ထုံးတမ်းစဉ်လာအရ ငါတို့ဘုရင်ကြီးဂူလန်က ဆန္ဒတစ်စုံတစ်ရာတောင်းခံနိုင်ကြောင်း အခွင့်အရေးတစ်ရပ် ပေးထားပါတယ်၊ ဒါကြောင့် သင်နှစ်သက်ဆန္ဒရှိရာကို လျှောက်တင်ပေတော့ . . .”

ဟု ခွင့်ပြုစကားဆိုလိုက်ရာ အဂ္ဂက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး ဘုရင်ကြီးကို ဦးညွှတ်လိုက်လေ၏။ ထို့နောက် သူ၏ဦးခေါင်းကို ပြန်မတ်လိုက်ပြီး . . .

“မျိုးနွယ်စုအရှင်သခင်ဘုရင်ကြီးခင်ဗျာ . . . ကျွန်တော်မျိုးအဂ္ဂ ဆန္ဒပြုလိုပါတယ်၊ အဲဒီဆန္ဒကတော့ နာဖွန်ဂန်ရဲ့သူရဲကောင်းအစစ်ဟာ ဘယ်သူလဲဆိုတာ တိတိပပ ရှင်းရှင်းလင်းလင်းသိလိုတဲ့ဆန္ဒပါပဲခင်ဗျာ”

အဂ္ဂ၏ဆန္ဒပြုစကားကို ကြားရလေလျှင် ဘုရင်ကြီးဂူလန်သည် မျက်နှာကွက်ခနဲ ပျက်သွားသကဲ့သို့ ဖူလာသည်လည်း သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်လာသည်ကြောင့် သူမ၏မျက်နှာလေးတွင် စိုးရိမ်သောကမုန်တိုင်းအရိပ်လက္ခဏာတို့ ဖြတ်သန်းသွားတော့၏။

အခြားနာဖွန်ဂန်မျိုးနွယ်စုများမှာမူ အဂ္ဂက ဘုရင်ကြီးဂူလန်၏ မွေးစားသားဖြစ်သူ ဒုတိယနေရှူကို စိန်ခေါ်လိုက်ပြီဖြစ်ကြောင်း သိလိုက်ရရာ သူတို့အားလုံးမှာ ဒုတိယနေရှူ၏ကံကြမ္မာကို မတွေးဝံ့အောင် ဖြစ်သွားကြတော့၏။

ဘုရင်ကြီးဂူလန်မှာ အဂ္ဂ၏စိန်ခေါ်မှုကို ရှောင်လွှဲလိုသည့်သဘောဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . သူရဲကောင်းအဂ္ဂ၊ မောင်မင်းဟာ နာဖွန်ဂန်ရဲ့ သူရဲကောင်းလို့ အားလုံးက အသိအမှတ်ပြုထားကြပြီးပြီပဲ၊ အခြား ဘာကိုသိဖို့ လိုဦးမှာလဲ"

ဟု ပြောလိုက်လေ၏။ သို့သော် အဂ္ဂက သူ၏ဦးခေါင်းကို ခါရမ်းလိုက်ပြီး . . .

"အရှင်သခင်ဘုရင်ကြီးခင်ဗျာ . . . ကျွန်တော်မျိုးဟာ နာဖွန်ဂန်တို့ရဲ့ တစ်ဦးတည်းသော သူရဲကောင်းဖြစ်တယ်ဆိုတာကို ယုံမှားသံသယနဲ့အတူ လက်မခံနိုင်သူတစ်ဦးရှိပါတယ်"

ဟုပြောပြီး တစ်ဆက်တည်းဆိုသလို . . .

"အဲဒါကတော့ သူပါပဲ"

ဟု ကျော်စွာ၏မျက်နှာကို ရင့်သီးရိုင်းပျစွာ လက်ညှိုးထိုး ညွှန်ပြလိုက်လေ၏။

"ဒါကြောင့် သူရဲကောင်းအစစ်အမှန်ဟာ ဘယ်သူလဲဆို တာကို သူရော ကျွန်တော်မျိုးပါ သံသယကင်းစွာနဲ့ သိရှိထားဖို့ လို ပါတယ်၊ နောက်ပြီး သူဟာ ယခင်က ဘယ်သူပဲဖြစ်ခဲ့ပါစေ၊ အခု အချိန်မှာ မျိုးနွယ်စုရဲ့ဥပရာဇာတို့သာ ထိုင်ခွင့်ရှိတဲ့ ငွေထိုင်ခုံပေါ် မှာထိုင်ပြီး ဥပရာဇာတို့သာ ဆောင်းခွင့်ရှိတဲ့ ဒေါင်းမြီးခေါင်းဆောင်း သရဖူကို ဆောင်းထားပြီးပါပြီ။

ဒါပေမယ့် ဥပရာဇာတို့ရဲ့ အဆောင်အယောင်တို့ကို ဆင် မြန်းသုံးစွဲခွင့်ရသူဟာ ထုံးတမ်းစဉ်လာအရ မျိုးနွယ်စုသူရဲကောင်းဘွဲ့ လက်ဝယ်ရထားသူတော့ ဖြစ်ရပါမယ်။

ဒီတော့ သူဟာ ဥပရာဇာရာထူးနေရာမှာ ဆက်နေဖို့ဆိုတာ

www.burmeseclassic.com



ကျွန်တော်မျိုးရဲ့လက်ထဲက သူရဲကောင်းဘွဲ့ကို ပြန်ယူနိုင်မှဖြစ်မှာပါ။

ဒါကြောင့် ဒီဂုဏ်ပြုစားပွဲကျင်းပတဲ့ ခုညမှာပဲ ဘယ်သူဟာ သူရဲကောင်းအစစ်အမှန် ဖြစ်တယ်ဆိုတာကို ပြတ်သားစွာ ခွဲခြားပေးစေချင်ပါတယ်ခင်ဗျား"

အဂ္ဂကတော့ ချည်ပြီးတုပ်ပြီး အပိုင်တွက်ချေပြီ။ ဘုရင်ကြီးဂူလန်သည် ချွေးပြန်လျက်ရှိရကား အဂ္ဂ၏တင်ပြချက်မှာလည်း ထုံးတမ်းစဉ်လာအရ မှန်ကန်သင့်မြတ်နေသဖြင့် ဆက်လက်လွှဲရှောင်ရန်၊ ငြင်းပယ်ရန် ခက်ခဲနေတော့၏။

သို့ကြောင့် ဘုရင်ကြီးဂူလန်မှာ အဂ္ဂအား မလွှဲမရှောင်သာဘဲ . . .

"ငါ့သားတော်နေရှ . . . ဂူတစ်ဂူတည်းမှာ ခြသေ့်နှစ်ကောင်အောင်းသလိုဖြစ်နေတဲ့ ငါ့ရဲ့သားတော်နဲ့ အဂ္ဂတို့နှစ်ဦးအနက် ဘယ်သူဟာ သူရဲကောင်းဘွဲ့ ပိုင်စိုးသူဖြစ်ထိုက်တယ်ဆိုတာကို ဒီည၊ ဒီပွဲ၊ ဒီနေရာမှာပဲ စီးချင်းတိုက်ပြီး ခမည်းတော်မှ ဆုံးဖြတ်ပေးရမှာပဲဖြစ်ပေတယ်၊ ဒီတော့ ငါ့ရဲ့သားတော်ဆန္ဒကို တင်ပြစေ . . ."

ဟု စိတ်နှလုံးမချမ်းမြေ့စွာဖြင့် ဆိုလိုက်ရပေတော့၏။

ထိုအခါ အားလုံး၏အကြည့်တို့သည် ကျော်စွာထံသို့ စုရုံးကျရောက်သွားလေ၏။ ကျော်စွာသည် ငွေထိုင်ခုံပေါ်မှ အေးစက်စက်အမူအရာဖြင့် ထရပ်လိုက်ပြီး . . .

"အဖ . . . အဂ္ဂရဲ့စိန်ခေါ်မှုကို သားတော်သဘောတူလက်ခံပါတယ်" ဟုပြောလိုက်ရာ . . .

ရဲဝံ့သော တုန့်ပြန်အဖြေစကားကို ကြားရသည်တွင် နာဒွန်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ရိုးနွယ်စုဝင်အားလုံးတို့မှာ တဟူးဟူး၊ တဟေးဟေးဖြင့် ကောင်းချီးပေးကာ သံပြိုင်ဟစ်ကြွေးလိုက်ကြ၏။

ကျော်စွာမှာ သူထောင်ထားသော ဆောက်ချောက်ထဲသို့ ကွက်တိတိုးဝင်လာပြီဖြစ်သဖြင့် အဂ္ဂက ကောက်ကျစ်စွာဖြင့် အပျော်ကြီးပျော်ပြီး ပြုံးလိုက်လေ၏။

ဘုရင်ကြီးဂူလန်မှာ ကျော်စွာအတွက် ကြီးစွာသော စိုးရိမ်ပူပန်ခြင်း ဖြစ်သွားရလေ၏။

ကျော်စွာအတွက် ဖူလာ၏စိုးရိမ်ပူပန်မှုကား ဆိုဖွယ်ရာမရှိတော့ပေ။ ဖြစ်နိုင်လျှင်တော့ သူမက သည်ပြိုင်ပွဲကို ဖျက်လိုက်စေလို၏။ သို့သော် အရာရာက နောက်ကျသွားလေပြီ။

သူရဲကောင်းအဂ္ဂသည် သူ၏လက်စွဲတော်လှံရှည်ကို ညာလက်ဖြင့် ကိုင်ထားပြီး ဘယ်လက်ထဲဝယ် ပိုက်ကွန်တစ်ခုကို ကိုင်စွဲထားလေ၏။

ကျော်စွာမှာမူ ဘုရင်ကြီးပေးထားသော ဓါးရှည်ကို ညာလက်ထဲဝယ် ဆုပ်ကိုင်ထားပြီး ဘယ်လက်ဝယ် ဓါးမြှောင်တစ်လက်ကို စွဲကိုင်ထား၏။

သူတို့နှစ်ဦးသည် မီးပုံကြီးနှင့် ဘုရင်ကြီးဂူလန်၏အကြားရှိ မြေကွက်လပ်ဝယ် မျက်နှာချင်းဆိုင်ရပ်လိုက်ကြစဉ် ကျန်နာဖွန်ဂန်မျိုးနွယ်စုဝင်အားလုံးမှာ စီးချင်းတိုက်ပွဲနေရာ၏ဘေးဝယ် စက်ဝိုင်းသဏ္ဍာန်ဝိုင်းပတ်ထိုင်လိုက်ကြ၏။ အဂ္ဂနှင့် ကျော်စွာတို့သည် တစ်ဦးနှင့်တစ်ဦး ခြေလှမ်းငါးလှမ်းခန့်အကွာဝယ် မျက်နှာချင်းဆိုင်ရပ်ကာ မျက်လုံးချင်းဆုံကြည့်လိုက်ကြလေ၏။ ပွဲကြည့်ပရိသတ်အားလုံးမှာ

www.burmeseclassic.com



ရင်ခုန်လျက်ရှိကြပြီး၊ အထူးသဖြင့် ကျော်စွာအတွက် စိုးရိမ်ပူပန်နေကြ၏။

သူတို့က ကျော်စွာသည် သူရဲကောင်းနေရှု အစစ်မဟုတ်မှန်း သိနေကြရာ သူရဲကောင်းနေရှုကဲ့သို့ စွမ်းရည်ထက်မြက်သော တိုက်ခိုက်ရေးသမားမဟုတ်ဟု ယူဆထားသောကြောင့် ဖြစ်သည်။

အဂ္ဂမှာမူ တကယ့်တိုက်ခိုက်ရေးသမားကောင်းဖြစ်ကြောင်း သိထားရကား ဘုရင်ကြီးမှစ၍ အားလုံးမှာ ကျော်စွာအတွက်သာ စိုးရိမ်ပူပန်နေကြတော့၏။

သို့သော် ကျော်စွာ၏အမူအရာကမူ စဉ်းငယ်မျှ ပူပန်စိုးထိတ်မှုမရှိဘဲ အေးတိအေးစက် အမူအရာဖြင့်သာ အဂ္ဂကို စိုက်ကြည့်လျက်ရှိလေ၏။

သူတို့နှစ်ဦး၏တိုက်ပွဲကို စိတ်ဝင်စားလွန်းကြသဖြင့် အားလုံးမှာ တိတ်ဆိတ်လျက်ရှိရာ မီးလင်းဖိုမှ မီးတောက်လောင်သံ တဖြောက်ဖြောက် တဖျစ်ဖျစ်သာ ထွက်ပေါ်နေလေ၏။

ထိုခဏမှာပင် အဂ္ဂမှာ မိုးခြိမ်းသံနှယ် ကြွေးကြော်အော်ဟစ်လိုက်ပြီး သူ၏လှံရှည်ဖြင့် ကျော်စွာ၏ရင်ဝကို လျှပ်တပြက် ပြေးထိုးချလိုက်၏။

ကျော်စွာက လေ၏လျင်မြန်ခြင်းမျိုးဖြင့် ဘေးသို့ ဖျတ်ခနဲရှောင်လိုက်စဉ် အဂ္ဂက ပိုက်ကွန်ဖြင့် လှစ်ခနဲ လှမ်းအုပ်လေ၏။ အဂ္ဂက ဤသို့သော အကွက်မျိုးဖြင့် တိုက်ခိုက်မည်ကို ကြိုတွေးထားသော ကျော်စွာမှာ ဝေ့ဝဲဝင်လာသော ပိုက်ကွန်ကို လျှပ်တပြက်ငုံ့ရှောင်လိုက်စဉ် သူ၏ဘက်လက်မှ ဓါးမြှောင်က လှစ်ခနဲ ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အဂ္ဂ၏ဘယ်လက်မောင်းကို စိုက်ဝင်သွားရာ အဂ္ဂမှာ အားခနဲ အော်လိုက်ပြီး ပိုက်ကွန်မှာ လွတ်ကျသွားတော့၏။

ကျော်စွာ၏ပါးနပ်လျင်မြန်သော ပရိယာယ်ကြွယ်ဝလှသည့် တိုက်ကွက်ကို မြင်လိုက်ရသူအပေါင်းမှာ လွန်စွာအံ့ဩသွားကြပြီး ဟေးခနဲ အော်ဟစ်ကာ ချီးကျူးလိုက်ကြ၏။

ဘုရင်ကြီးဂူလန်ကလည်း ကျော်စွာသည် တိုက်ခိုက်ရေး သမားကောင်းတစ်ယောက်ဖြစ်ကြောင်း မမျှော်လင့်ဘဲ တွေ့လိုက် ရရာ များစွာနှစ်ထောင်းအားရကျေနပ်သွားတော့၏။

ဖူလာမှာမူ လက်ခုပ်လက်ဝါးတီးကာ ကျော်စွာအား ချီးကျူး ဂုဏ်ပြုလိုက်လေ၏။

အဂ္ဂမှာ မထင်မှတ်ဘဲ မိမိမျိုးနွယ်စုဝင်များရှေ့ဝယ် အထိ နာသွားသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွားသော်လည်း ကျော်စွာကို အထင်မသေးဝံ့တော့ဘဲ ထပ်မံ၍ ပွဲသိမ်းတိုက်ခိုက်ရန် သာ အကွက်ချောင်းနေရတော့၏။

အဂ္ဂသည် တိုက်ကွက်ပြောင်းလိုက်ပြီး လှံရှည်ဖြင့် ဆက် ကာဆက်ကာထိုးပြီး ဖိတိုက်လာလေ၏။ သို့သော် သူ၏ဘယ်လက် က ကျော်စွာ၏ဓါးမြှောင် စိုက်ဝင်သွားသည်ကြောင့် သုံးမရတော့ဘဲ တွဲလောင်းကျလျက် ရှိနေပြီဖြစ်၏။ လက်မောင်းရင်းရှိ ဓါးစိုက်ဝင် ထားသည့် ဒဏ်ရာမှလည်း သွေးတို့ ယိုစီးကျလျက်ရှိလေ၏။

ထိုစိုက်ဝင်နေသော ဓါးမြှောင်ကို ညာဖက်လက်က လှံရှည် ကိုင်ထားသဖြင့် အဂ္ဂမှာ ဆွဲနှုတ်ရန် အခွင့်မသာ ဖြစ်နေရလေ၏။ သူသည် ဓါးဒဏ်ရာမှ သွေးထွက်မလွန်မီ ပွဲသိမ်းနိုင်ရန် အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဒဏ်ရာကို အမှုမထားတော့ဘဲ လှံရှည်ဖြင့်သာ ဆက်ကာ ဆက်ကာ ဖိထိုးတိုက်ခိုက်နေလေ၏။

တစ်ချီဝယ် သူ၏လှံချက်ကို ရှောင်တိမ်းရင်းဖြင့် ကျော်စွာမှာ ယိုင်သွားပြီး ချော်လဲမလို ဖြစ်သွားလေ၏။ ကျော်စွာ အခြေပျက်သွားသဖြင့် အပိုင်ပဲ . . ဟုတွက်ကာ အဂ္ဂက လှံဖြင့် လျှပ်တပြက်ဆိုသလို အားကုန်ထိုးစိုက်ချလိုက်တော့၏။

သို့သော် ကျော်စွာက ပြေးဝင်လာသော လှံသွားကို ရှေ့သို့ခြေတစ်လှမ်းတိုးကာ ကိုယ်ကို ဖျတ်ခနဲလှည့်၍ ရှောင်လိုက်ပြီး အတွင်းသို့ ဝင်လိုက်လျက် ဓါးသွားဖြင့် လှံရိုးကို ဆတ်ခနဲ တွန်းထုတ်လိုက်၏။ တစ်ပြိုင်တည်းဆိုသလိုပင် အဂ္ဂ၏ရင်ဝကို တံတောင်ဖြင့် ခပ်ပြင်းပြင်း တွယ်ထည့်လိုက်ရာ အဂ္ဂမှာ အင့်ခနဲ အသက်ရှုရပ်သလို ဖြစ်သွားပြီး လက်ထဲမှလှံရှည်လည်း လွတ်ကျသွားကာ ခန္ဓာကိုယ်က ရှေ့သို့ကုန်းလျက် ဒူးညွတ်ကျသွားတော့၏။

ထိုအခါ ကျော်စွာသည် သူ၏ရှေ့သို့ ညွတ်ကျလာသော အဂ္ဂ၏ဘယ်ဘက်လက်မောင်းရင်းမှ ဓါးမြှောင်ကို ဆတ်ခနဲ ဆွဲနှုတ်လိုက်ပြီး နောက်သို့ခြေတစ်လှမ်းဆုတ်ကာ မြေပြင်ပေါ် ကျနေသော လှံရှည်ကိုပါ ခြေဖြင့် ခတ်ထုတ်လိုက်လေ၏။

ကျော်စွာနှင့် အဂ္ဂတို့၏ တိုက်ပွဲသည်ကား ပြီးဆုံးသွားလေပြီ။

လက်နက်မဲ့သွားသော အဂ္ဂမှာ အရှိုက်ကိုထိကာ အသက်ကို မနည်းကုန်းရှုနေရပြီး ကျော်စွာ၏ရှေ့ဝယ် ဒူးထောက်လျက်သား ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူသည် ကျော်စွာ၏လှည့်ကွက်နှင့် သိုင်းပညာတိုက်ကွက်မိကာ မရှုမလှ ရှုံးနိမ့်သွားခြင်းပင် ဖြစ်၏။

"ဝေး . . . သူရဲကောင်းနေရှု . . . သူရဲကောင်းနေရှု"

နာဖွန်ဂန်မျိုးနွယ်စုဝင်တို့၏ တစ်ခဲနက် ကောင်းချီးပေးကြွေးကြော်သံကား မဟာလှိုဏ်ဂူကြီးအတွင်းဝယ် ပဲ့တင်ထပ်လျက် မြည်ဟိန်းသွားလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကျော်စွာသည် နာဖွန်ဂန်မျိုးနွယ်စု၏ သူရဲကောင်းဘွဲ့ကို ရရှိခဲ့ပြီဖြစ်၍ သူ့အားမျိုးနွယ်စုဝင် လူငယ်လူရွယ်တိုင်းက တလေးတစား တရိုတသေ ရှိလာကြ၏။

နာဖွန်ဂန်လူငယ်များမှာ သူတို့လွန်စွာ အထင်ကြီးအားကျခဲ့ကြသော အဂ္ဂကို ကျော်စွာက လွယ်ကူစွာ အနိုင်ယူလိုက်သဖြင့် ကျော်စွာအပေါ်တွင် လွန်စွာအထင်ကြီးလေးစားသွားကာ ကျော်စွာ၏ဩဇာသည်လည်း လူငယ်တို့အပေါ် ရှတ်ချည်းပင် လွှမ်းမိုးသွားတော့၏။

အဂ္ဂမှာမူ ကျော်စွာကို စိန်ခေါ်ခဲ့မိသဖြင့် အရှင်းသားတွဲ အကျိုးနည်းဖြစ်ခဲ့ရရုံသာမက သူ၏ဘယ်လက်မှာ ယခင်ကလို အန်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းမှုမရှိတော့ပေ။ သူရဲကောင်းဘွဲ့ကိုလည်း ကျော်စွာထံ လွှဲအပ်လိုက်ရတော့၏။

တစ်ချိန်က လွန်စွာမှ ထောင်လွှားမာန်တက်ခဲ့သော အင်္ဂမှာ ယခုလို အရာရာအရှုံးနှင့် ရင်ဆိုင်လာရသောအခါ ယူကြုံးမရ ဒေါသဖြစ်ကာ ကျော်စွာအား ကလဲ့စားချေရန် အခွင့်အခါကို စောင့်ဆိုင်းနေတော့၏။

"တောက် . . . နောက်မှပေါက်တဲ့ ရွှေကြာပင်က အရင်တင့်ရတယ်လို့ကွာ၊ ဒါဟာ . . . ဟိုအဘိုးကြီးကြောင့် သူမကောင်းလို့ ဖြစ်ရတာ၊ ဘယ်မျိုးနွယ်မှန်းမသိတဲ့ အတိတ်မေ့နေတဲ့ကောင်ကိုများ သူ့ရဲ့သားနဲ့ တူလွန်းလို့ဆိုပြီး အရူးဘုံမြှောက်ခဲ့တာ . . . အဲဒီအဘိုးကြီးပဲ။

သင်း . . . ဇာတ်လမ်းစခဲ့လို့ ခုလိုတွေ ဆက်နွယ်ဖြစ်ပျက်လာရတာ၊ ခုဆို နာဖွန်ဂန်လူငယ်တွေရဲ့ကြားမှာ ငါ့ရဲ့ဩဇာလုံးဝကျဆင်းသွားရပြီ၊ လူငယ်လူရွယ်တွေက အဲဒီနေရဋ္ဌအတုကိုပဲ နေရဋ္ဌအစစ်လို ရိုသေအားကိုးနေကြတယ်။

ဒီပုံအတိုင်းဆိုရင် ငါဟာ မျိုးနွယ်စုဘုရင်ဖြစ်ဖို့ မလွယ်တော့ဘူး၊ အဘိုးကြီးမရှိရင် သူရဲကောင်းဘွဲ့ရထားတဲ့ အဲဒီကောင်နေရဋ္ဌအတုပဲ လူမျိုးစုခေါင်းဆောင် ဘုရင်ဖြစ်သွားတော့မှာ . . .။

အဲဒီလိုအဖြစ်မျိုး ငါလုံးဝအရောက်မခံနိုင်ဘူး၊ ဒီကောင်နဲ့ အဘိုးကြီးကို အနိုင်ယူရှင်းပစ်မှ ငါဟာ ဒီမျိုးနွယ်စုရဲ့ခေါင်းဆောင်ဘုရင်ဖြစ်လာမယ်။

ငါသာ မျိုးနွယ်စုရဲ့ခေါင်းဆောင်ဖြစ်သွားရင် ယူတိုင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့စကားကို မြေဝယ်မကျ နားထောင်လာကြရမယ်၊ ဖူးလာလို လှပျို့ဖြူလေးတွေကိုလည်း ခုလို ခက်ခက်ခဲခဲ ချဉ်းကပ်ကြိုးစားစရာမလိုဘဲ ငါ့လက်ခုပ်ထဲကရေလို သွန်လိုသွန် မှောက်လိုမှောက်၊ ငါကြိုက်သလို ချယ်လှယ်နိုင်မယ်။

ဟုတ်ပြီ . . . ဒီတော့ အဲဒီအဘိုးကြီးကိုရော နေရဋ္ဌအတုကိုပါ ဖြစ်တဲ့နည်းနဲ့ အနိုင်ယူရှင်းပစ်နိုင်မယ့် နည်းလမ်းရှာကြံရမယ်"

သို့ဖြင့် အဂ္ဂမှာ သူ၏လှိုဏ်ဂူထဲမှာပင် တစ်နေ့တစ်နေ့ ခိုအောင်းနေပြီး အကြံထုတ်လျက် ရှိလေ၏။

"အင်း . . . ငါဟာ အရင်လို သန်သန်စွမ်းစွမ်းနဲ့ တုံးဆိုတိုက်၊ ကျားဆိုကိုက် မလုပ်နိုင်တော့ဘူး၊ ဒီတော့ ငါ့ရဲ့အစွမ်းနဲ့ဆိုရင်တော့ သူတို့ကို နိုင်မှာမဟုတ်ဘူး၊ အခြားတစ်ဦးဦး . . . အဖွဲ့တစ်ဖွဲ့ဖွဲ့ . . . တောတွင်းမျိုးနွယ်စုတစ်ခုခုကို အကူအညီတောင်းရမလိုဖြစ်နေတယ်။

တစ်နည်းတော့ရှိတယ်၊ ငါတို့ နာဖွန်ဂန်မျိုးနွယ်တွေကို လာပြီးတိုက်ခိုက်လေ့ရှိတဲ့ ကသူးလူရိုင်းမျိုးနွယ်တွေတော့ ရှိတယ်၊ ငါဟာ အဲဒီ ကသူးတွေနဲ့ ပူးပေါင်းနိုင်ရင် စွမ်းရည်ထက်လှပါတယ်ဆိုတဲ့ နေရဋ္ဌအတုကောင်နဲ့ အဘိုးကြီးကို အပြတ်ဖြုတ်နိုင်မှာပဲ . . .။

ဟုတ်ပြီ . . . အဲဒီအကြံကောင်းတယ်၊ ငါက ကသူးတွေဆီရောက်အောင်သွားပြီး သူတို့ကို စစ်ကူတောင်းရမယ်၊ ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . တွေ့ကြသေးတာပေါ့၊ နေရဋ္ဌအတုဆိုတဲ့ကောင်ရယ်၊ မင်းနဲ့ အဘိုးကြီးဂူလန်အတွက် နေဝင်ချိန်နီးပါပြီကွ . . . ဟား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တစ်ကိုယ်တည်းကြုံးဝါးရင်း တစ်ကိုယ်ကောင်း၊ အတ္တ အစွန်းရောက်သမားအဂ္ဂမှာ မိမိ၏အမျိုးအနွယ်ကို သစ္စာဖောက်ရန် အကြံဖြင့် နောက်တစ်နေ့နံနက်စောစောဝယ် စမ်းချောင်းထဲမှာ ငါး သွားထိုးဦးမည်ဟု အကြောင်းပြလျက် တစ်ဦးတည်း လှိုဏ်ဂူကြီးထဲမှ ထွက်ခွာခဲ့လေ၏။

သူသည် စမ်းချောင်းနံဘေးမှ ခပ်သွက်သွက်လျှောက်ခဲ့ကာ စမ်းချောင်း၏အဖျားဖက်သို့တိုင် မရပ်မနား လှမ်းလာခဲ့လေ၏။ ထို့နောက် တောကျွမ်းသူပီပီ အောက်ပေါင်းခနွယ်ပင်များ ရှုပ်ထွေး နေသော မြောင်ခင်တန်းတို့ကို တိုးဝှေ့ဖြတ်ပြီး နေ့ဝက်ခန့် ခရီးနှင် ခဲ့ပြီးနောက် မြင့်မားမက်စောက်လှသော ကျောက်တောင်တန်းကြီး၏ အခြေသို့ ရောက်ရှိသွားလေ၏။

အဂ္ဂသည် ထိုနေရာအရောက်ဝယ် ခရီးတစ်ထောက် ခေတ္တ နားလိုက်ပြီး ပလိုင်းဖြင့် ထည့်ယူလာသည့် ကျပ်ကင်ထားသော ချေ သားခြောက်တို့ကို ထုတ်ယူကာ စားသောက်လေ၏။

ထို့နောက် မနီးမဝေး၌ စီးဆင်းနေသည့် စမ်းချောင်းငယ်မှ စမ်းရေကြည်ကြည်အေးအေးလေးကို အားပါးတရပင် သောက်သုံး ကာ အနားယူပြီးနောက် ကျောက်တောင်တန်းကြီးပေါ်သို့ ဖြည်းဖြည်း ချင်း စတင်တက်ခဲ့လေတော့၏။

ကျောက်တောင်တန်းကြီးသည်ကား လွန်စွာမြင့်မားမတ် စောက်လှရုံမက ကျောက်တောင်တန်းကြီးပေါ်ဝယ် သစ်ကြီးဝါးကြီး လုံးဝမပေါက်ရောက်ဘဲ ချုံပုတ်ငယ်တို့သာ ခပ်ကျဲကျဲရှိသဖြင့် သစ်ပင် ဝါးပင်တို့ကို ခိုတွယ်တက်ရန် မဖြစ်နိုင်ဘဲ ကျောက်တုံးကျောက်ခဲများ



www.burmeseclassic.com

www.burmeseclassic.com



ဆူးခြုံပင်များ၊ မြက်ဖုတ်များကိုသာ ဆွဲကိုင်အားပြုပြီး တက်ရသဖြင့် ခရီးမတွင်ရုံမျှမက အန္တရာယ်လည်း ကြီးလှချေ၏။

သူ၏ဘယ်ဘက်လက်က ကျော်စွာ၏ ခါးမြောင်းဒဏ်ချက်ကြောင့် သိပ်အားပြု၍ မရတော့သဖြင့် မတ်စောက်လှသော ကျောက်တောင်တန်းကြီးကို တက်ရသည်မှာ များစွာခက်ခဲလှသည်နှင့်အမျှ အနည်းငယ် ချွတ်ချော်သွားပါက သူ့အဖို့ မတွေးဝံ့စရာ အခြေအနေမျိုးဖြစ်၏။

ယင်းသို့ အခက်အခဲကြုံရလေ အဂ္ဂ၏စိတ်ထဲဝယ် ကျော်စွာအပေါ် မုန်းတီးစိတ်များ ပိုမိုတိုးပွားလေ ဖြစ်နေရလေ၏။

"တောက် . . . တွေ့ကြသေးတာပေါ့၊ နေရစ္ဆအတုကောင်၊ မင်း . . . ငါ့အကြောင်းကို ကောင်းကောင်းသိစေရမယ်"

ကျောက်တောင်တန်းကြီးမှာ လွန်စွာမြင့်မားမတ်စောက်ကာ တက်ရခက်လှသဖြင့် တောင်ပေါ်သို့ တက်ရင်းတက်ရင်းမှ မိုးစုန်းစုန်းချုပ်သွားတော့၏။

အဂ္ဂပျောက်ဆုံးနေသော သတင်းကို ကြားရသည့်အခါ ဘုရင်ကြီးဂူလန်မှာ နေမထိထိုင်မသာဖြစ်၍ ပူပန်လျက်ရှိသော်လည်း ကျော်စွာမှာ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားတွေးတောရင်း ငြိမ်သက်လျက် ရှိလေ၏။

"အဂ္ဂ စမ်းချောင်းဘက်ကို ငါးထိုးသွားတာ ဇသချာရဲ့လား . . . မောက်လန် . . . "

သတင်းလာပို့သော နာဖွန်ဂန်လူငယ်ကို မျှော်မှန်းစွာဖြင့် ဂူလန်က ထပ်မေးလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် အရှင်၊ ဂူအဝမှာ မနက်အစောကြီးက တွေ့တော့ ငါးသွားထိုးဦးမယ်လို့ သူပြောသွားပါတယ်၊ သူ့လက်ထဲမှာ လုံ့ရှည်ကိုင်ထားတဲ့အပြင် ငါးထည့်ဖို့ ပလိုင်းတစ်လုံးလည်း ပါသွားပါတယ်။

ဒါပေမယ့် ကျွန်တော်နေ့ခင်းက ငါးထိုးဖို့ စမ်းချောင်းဖက်သွားတော့ အဂ္ဂရဲ့အရိပ်အယောင်တောင် မတွေ့ရပါဘူး၊ သူ့ကို ချောင်းဖျားအထိ လိုက်ရှာပါသေးတယ်၊ သူနဲ့ပတ်သက်လို့ ဘာအရိပ်အယောင်မှ မတွေ့ရပါဘူး၊ သားရဲကောင်တစ်ကောင်ကောင်နဲ့ သတ်ပုတ်ထားတဲ့ လက္ခဏာ၊ သားရဲက ဆွဲသွားတဲ့ လက္ခဏာအရိပ်အယောင်လည်း မတွေ့ရပါဘူး၊ သွေးစက်တွေ ဘာတွေလည်း မတွေ့ရပါဘူး"

ထိုအခါ ဘုရင်ကြီးဂူလန်က . . .

"အေး . . . ငါလည်း သူ့ကို မှောင်တဲ့အထိ မတွေ့ရလို့ လူငယ်တွေကို လူစုခွဲပြီး လိုက်ရှာခိုင်းထားပြီးပြီ၊ ဘာပဲဖြစ်ဖြစ် အဂ္ဂဟာ ငါတို့မျိုးနွယ်ရဲ့ သူရဲကောင်းတစ်ဦးပါပဲ၊ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး၊ ဒါကြောင့် မင်းတို့လည်း လိုက်ရှာကြဦး"

ဟု မောက်လန်အား ပြောဆိုခိုင်းစေလိုက်၏။

"ဟုတ်ကဲ့ပါ အရှင် . . ."

သို့သော် တောတောင်အနှံ့ဝယ် လိုက်လံရှာဖွေသူတို့ ပြန်လာသည့် ညဉ့်နက်သည့်တိုင်အောင် အဂ္ဂ၏အရိပ်အယောင် မတွေ့ရပေ။

"သားတော် . . . အဂ္ဂ ဘေးဒုက္ခဆိုးတစ်ခုခု တွေ့သွားတယ်လို့ ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်စုဘုရင်ကြီးဂူလန်က ကျော်စွာ၏ သဘောထား ထင်မြင်ချက်ကို မေးလိုက်ရာ ကျော်စွာက တွေးတွေးဆဆဖြင့် ပြန်ဖြေလိုက်၏။

"အဖ . . , အဂ္ဂလို လူမျိုးဟာ တော်ရုံဘေးဒုက္ခဆိုးကြောင့် ပျက်စီးသွားနိုင်တဲ့ လူမျိုးမဟုတ်ပါဘူး၊ ပြီးတော့ သူဟာ ဘယ်တုန်းကမှ မနက်အစောကြီး ငါးသွားထိုးလေ့မရှိဘူးလို့ သိရပါတယ်၊ စမ်းချောင်းဖက် ရေသွားကူးတဲ့ ကလေးတွေကအစ အဂ္ဂ ဒီနေ့အဖို့ စမ်းချောင်းရဲ့တစ်နေရာရာမှာ ငါးထိုးနေတာ မတွေ့ရဘူးလို့ ဆိုပါတယ်။

အဲဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် အဂ္ဂဟာ မနက်က ငါးထိုးဖို့ထွက်သွားတာ မဖြစ်နိုင်ပါဘူး၊ အခြားအကြံအစည်တစ်ခုခုကြောင့်သာ ငါးထိုးမယ်လို့ အကြောင်းပြပြီး ထွက်သွားတာ ဖြစ်နိုင်ပါတယ်"

ဟု ကျော်စွာက တွေးတွေးဆဆပြောလိုက်ရာ ဘုရင်ကြီးဂူလန်က . . .

"ဘယ်လိုအကြောင်းကြောင့်များ ဖြစ်နိုင်မလဲ . . သားတော်"

ဟု မေးလိုက်၏။ ထိုအခါ ကျော်စွာက တွေးတွေးဆဆ အမူအရာဖြင့် . . .

"အဲဒါပြောရခက်ပါတယ်၊ ဒါပေမယ့် သူ့ရဲ့လှုပ်ရှားမှုဟာ မရိုးသားဘူးလို့ သားတော်ထင်ပါတယ် . . . အဖ၊ သူဟာ သားတော်ကို သူ့ရဲ့သူရဲကောင်းဘွဲ့ လွှဲအပ်ခဲ့ရတာနဲ့ပတ်သက်ပြီး အဖအပေါ်မှာရော သားတော်အပေါ်မှာပါ အတော့်ကို မကျေမချမ်းဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အကောက်ဉာဏ်တစ်ခုခုကြောင့် အခုလို ဒီနာဖွန်ဂန် လူမျိုးစုတွေဆီကနေ ထွက်ခွာလစ်ပြေးသွားပြီး ပြန်မလာတော့တာ ဖြစ်မှာပါ"

မျိုးနွယ်စုဘုရင်ကြီးဂူလန်မှာ ကျော်စွာ၏ယူဆချက်ကို ကြား ရသဖြင့် အံ့ဩသလို ဖြစ်နေသော်လည်း ကျော်စွာ၏တင်ပြချက်က ကျိုးကြောင်းဆီလျော်နေသည့်အပြင် သူကိုယ်တိုင်ကလည်း အဂ္ဂ အပေါ် သံသယဝင်နေသဖြင့် ဘာမှဆက်မပြောတော့ဘဲ ဝါးဆေးတံ ကြီးကိုသာ ခဲ၍ တစ်ဖွာပြီးတစ်ဖွာ ဖွာရှိုက်ရင်း ပျောက်ဆုံးနေမှုနှင့် ပတ်သက်ပြီး စဉ်းစားခန်းဝင်နေတော့၏။

မဟာလှိုဏ်ဂူကြီးအတွင်းရှိ နာဖွန်ဂန်မျိုးနွယ်စုဝင်အားလုံး မှာ အဂ္ဂပျောက်ဆုံးမှုအတွက် စိုးရိမ်ပူပန်ကာ စိတ်မကောင်းဖြစ်လျက် ရှိပြီး လှိုဏ်ဂူကြီးတစ်ခုလုံးဝယ် တိတ်ဆိတ်နေလေတော့၏။

နံနက်ခင်းနေရောင်ခြည်က ထွန်းတောက်စပြုသည်နှင့် တောင်ခါးပန်းတစ်ခု၌ထိုင်ကာ ကျောက်တောင်နံရံကို ကျောမှီအိပ် စက်နေသည့် အဂ္ဂသည် အိပ်နေရာမှနိုးလာပြီး နံနက်အာဆာပြေ အဖြစ် ပါလာသည့် အသားခြောက်များ စားပြီးသည်နှင့် ကျောက် တောင်တန်းကြီးပေါ်သို့ ကျားကုပ်ကျားခဲ ခရီးဆက်လေ၏။

သူသည် နားလိုက်တက်လိုက်ဖြင့် တစ်နေကုန်တက်ခဲ့ရာ ညနေစောင်းလုလုရောက်မှ ကျောက်တောင်တန်းကြီး၏ ထိပ်တစ်ခု ပေါ်သို့ ရောက်ရှိသွား၏။

သူတက်ရောက်နေသည့် ကျောက်တောင်တန်းကြီးသည် ပတ် ဝန်းကျင်တောင်ကြောဝယ် အမြင့်မားဆုံး တောင်တန်းကြီးဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်ပေါ်မှကြည့်ပါက ပတ်ကွိုင်တောင်ကြောကြီးကိုသာမက ဟိုးအဝေးမဏ္ဍိုမဒေသမှ တောတောင်ရေမြေတို့ကိုပါ ခပ်ပျပျ မြင်ရလေ၏။

အဂ္ဂသည် တောင်ထိပ်ဝယ် ခေတ္တအမောဖြေပြီးနောက် တောင်ကြော၏ အနောက်ဖက်သို့ ခဲရာခဲဆစ် ဆင်းလာရပြန်၏။ သို့ဖြင့် တောင်ကြော၏တစ်ဖက်သို့အရောက်ဝယ် မိုးချုပ်သွားရာ ထိုနေရာမှာပင် စခန်းချအိပ်စက်ရတော့၏။

နောက်တစ်နေ့ နံနက်မိုးသောက်သည့်အခါတွင်မူ နှင်းမြူတို့ လွှမ်းနေသည့် တောင်ခြေမှ ယမနေတောကြီးဆီသို့ မျက်နှာမူပြီး သူ၏ပါးစပ်မှ မျောက်အူသံလို ကျယ်လောင်စွာ ပြုလေတော့၏။

သူ၏မျောက်အော်သံသည် တိတ်ဆိတ်ငြိမ်သက်နေသည့် ကျောက်တောင်တန်းတစ်ကြောနှင့် ယမနေတောကြီးအနှံ့သို့ လွင့်ပျံ့သွားနေစဉ် သူသည် လွယ်ထားသည့် ပလိုင်းထဲမှ ပုဝါအဖြူရောင်ကို ဆွဲထုတ်ယူလိုက်ကာ ကျောက်တောင်စွန်းတစ်ခုပေါ်ဝယ် မတ်မတ်ရပ်ရင်း ပုဝါဖြူကို ဘယ်ညာဝှေ့ရမ်းခြင်းကို အကြိမ်ကြိမ် အခါခါ ပြုလေ၏။

သူသည် အတန်ကြာသည်အထိ မျောက်အူသံကိုပြုကာ ပုဝါဖြူကို မနားတမ်းဝှေ့ရမ်းလျက်ရှိရာ ယမနေတောကြီးထဲမှ မျောက်အူသံများက တခဲနက် ပြန်လည်ထွက်ပေါ်လာပြီး အလံဖြူများ ကိုင်စွဲထားသော လွန်စွာမည်းနက်သည့် အသားရောင်ရှိသူ ကသူးလူရိုင်းများသည် ပုရွက်ဆိတ်ကောင်များနှယ် ထွက်လာကြပြီး ကျောက်တောင်ကြီးပေါ်သို့ လျင်မြန်ဖျတ်လတ်စွာ တက်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အဂ္ဂရပ်နေရာ ကျောက်တောင်စွန်းသို့ ရောက်ရှိသည်နှင့် အဂ္ဂအား ဝိုင်းပတ်လိုက်ကြပြီး ခဏအကြာတွင် ထိုကသူးလူရိုင်းတို့၏ခေါင်းဆောင် ဝဝမည်းမည်းလူရိုင်းကြီးက ပေါက်ဆိန်ကြီးတစ်လက်ကို ကိုင်စွဲလျက် ရောက်ရှိလာတော့၏။ သူ၏ဦးခေါင်းဝယ် ပြောင်ဦးချိုဖြင့် ပြုလုပ်ထားသော ခေါင်းဆောင်းကြီးကို ဆောင်းထားလေ၏။

ကသူးလူရိုင်းခေါင်းဆောင်ကြီးက ရှုတည်တည်ဖြင့် အဂ္ဂကို ကြည့်ပြီး . . .

"မိတ်ဆွေလား . . . ရန်သူလား"

ဟုမေးလေရာ အဂ္ဂမှာ သူ၏လက်ထဲမှ ပုဝါဖြူကို ဝှေ့ရမ်းလိုက်ပြီး . . .

"မိတ်ဆွေ . . ." ဟု ပြောလေ၏။

ကသူးဘာသာစကားနှင့် နာဖွန်ဂန်တို့၏ ဘာသာစကားမှာ များစွာတူညီလှသဖြင့် ပြောဆိုရသည်မှာ အဆင်ပြေလေ၏။ ကသူးလူရိုင်းခေါင်းဆောင်ကြီးက အဂ္ဂအား ဆက်လက်ပြီး . . .

"သင်က ကျုပ်တို့ ကသူးလူမျိုးစုတွေဆီကို မိတ်ဆွေဖွဲ့လိုတဲ့ သဘောဆောင်တဲ့ အဝတ်ဖြူဝှေ့ရမ်းပြီး ဘာကြောင့်လာရတာလဲ၊ ဘာကိစ္စအတွက်လဲ . . ."

ဟုမေးလိုက်ရာ အဂ္ဂက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . .

"သင်တို့ဆီက ကျုပ်အကူအညီတစ်ခု တောင်းချင်လို့ပါ။ သင်တို့သာ ကူညီမယ်ဆိုရင် သင်တို့ရဲ့ တစ်နှစ်တစ်ခါကျင်းပတဲ့ မီးတောင်နတ်မင်းကြီးကို ယဇ်ပူဇော်တဲ့ပွဲအတွက် ယဇ်ကောင်လုံ့မပျို



www.burmeseclassic.com

www.burmeseclassic.com



ကိုရရှိဖို့ ကျုပ်တာဝန်ယူဆက်သပေးပါ့မယ်”

ဟု ကမ်းလှမ်းခြင်းပြုလိုက်ရာ လူရိုင်းခေါင်းဆောင်ကြီးက ခေါင်းကိုညိတ်လိုက်ပြီး . . .

“ကောင်းပြီ . . . ကျုပ်တို့နဲ့ လိုက်ခဲ့ပါ၊ ကျုပ်တို့ရဲ့ ဌာနေ ရောက်မှ သင်တောင်းတဲ့အကူအညီကိစ္စ ပြောကြတာပေါ့”

ဟုပြောဆိုပြီးနောက် အဂ္ဂ၏လုံ့ရှည်နှင့် ခါးမှာထိုးထားသည့် ဓါးမြှောင်အား ကသူးလူရိုင်းတို့က သိမ်းဆည်းလိုက်ကာ ကျောက်တောင်အောက်ခြေသို့ ခေါ်သွားလေတော့၏။

ထို့နောက် ကသူးလူရိုင်းများနှင့် အဂ္ဂတို့သည် ယမနေတောကြီးကို ဖြတ်သန်းခဲ့ရာ လမ်းခရီးဝယ် ကိုးတောင်ကျားနှင့် နှစ်ကြိမ်ဆုံခဲ့သေး၏။ သို့သော် တောကောင်ကြီးတို့ သဘာဝအရ နေ့ဖက်ဝယ် လူတို့ကို သိပ်ပြီး ရန်မူလေ့မရှိသည့်အတိုင်း ၄င်းတို့က အရင်ဦးအောင် ရှောင်ကွင်းသွားကြလေ၏။

သို့ဖြင့် တစ်နာရီခန့်အကြာဝယ် သစ်ကြီးဝါးကြီးများဖြင့် ထူထပ်သိပ်သည်းလှသော တောနက်ကြီးထဲဝယ် ရွှံ့ဖြင့် အိမ်များဆောက်လုပ်နေထိုင်သော မီးတောင်နတ်ကိုးကွယ်သည့် ကသူးတို့၏ လျှို့ဝှက်ဒေသသို့ ရောက်ရှိကြလေ၏။

ကသူးခေါင်းဆောင်ကြီးသည် အဂ္ဂအား အကြီးမားဆုံး ရွှံ့တဲကြီးဆီသို့ ခေါ်ဆောင်သွားပြီး တဲအတွင်း၌ နေရာထိုင်ခင်းပေးကာ ကျားသားရေတစ်ခုပေါ်၌ ထိုင်စေလျက် ရှေးဦးစွာ စားသောက်ဖွယ်ရာများ၊ ရိုးရာအရက်ယမကာများဖြင့် ညှော်ခံပြီးမှ . . .

“ကဲ . . . သင်လိုအပ်တဲ့ အကူအညီက ဘာကိုဆိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး” ဟု စကားလမ်းခင်းပေးလိုက်လေ၏။

ထိုအခါ အဂ္ဂသည် သူ၏အဖြစ်အပျက်ကို အတိုချုံးပြောပြပြီးလျှင် . . .

“ဖြစ်ရပ်ကတော့ အဲဒါပါပဲ ခေါင်းဆောင်ကြီး၊ နာဖွန်ဂန်တို့ရဲ့အကြီးအကဲ ဘုရင်လောင်းဖြစ်တဲ့ ကျုပ်အာဏာရဖို့ သင်တို့က ကျုပ်ဖက်ကနေ ကူတိုက်ပေးကြပါ။ ဘယ်အချိန်အခါ ဘယ်လိုအနေအထားမှာ နာဖွန်ဂန်တွေကို ဝင်တိုက်ခိုက်ရင် အောင်မြင်မှု မလွဲမသွေရနိုင်တယ်ဆိုတာကို ကျုပ်သိပါတယ်၊ ကျုပ်ရဲ့အကြံပေးချက်အတိုင်းသာ သင်တို့တိုက်ရင် အောင်မြင်မှုရမှာ မလွဲပါဘူး။

သင်တို့ နာဖွန်ဂန်ကို အောင်နိုင်ခဲ့ပြီးရင် သူတို့ရဲ့ဘုရင်ကြီးနဲ့ ဘုရင်ကြီးရဲ့မွေးစားသားဖြစ်တဲ့ နေရဋ္ဌအတုတို့ကို ရှင်းပစ်ပေးပါ ခေါင်းဆောင်ကြီး၊ အဲဒီနောက် ကျုပ်ဟာ နာဖွန်ဂန်မျိုးနွယ်စုရဲ့ ဘုရင်အဖြစ်ခံယူလိုက်ပြီး သင်တို့ရဲ့ မီးတောင်နတ်မင်းကြီးအတွက် ယဇ်ပူဇော်ပွဲမှာ အပျိုစင်ပေးဖို့ တာဝန်ကို ကျုပ်လုံးဝယူပေးပါမယ်၊ သင်တို့မှာ နှစ်စဉ်နှစ်တိုင်း နာဖွန်ဂန်တို့ကို လာရောက်တိုက်ခိုက်ပြီး အပျိုစင်လုယူရတာ ခက်ခဲပင်ပန်းလွန်းပါတယ်၊ တိုက်ပွဲက နှစ်စဉ်တိုက်နေရလို့ သင်တို့ရဲ့စစ်သည်တွေဟာလည်း အသက်ဆုံးရှုံးကြရတယ်”

ဟု အဂ္ဂက အပေးအယူလုပ် ညှိနှိုင်းခြင်းပြုလေရာ . . .

“အဂ္ဂ . . . သင့်ရဲ့ကတိစကားကို အဲလေးအနက် ယုံကြည်ချင်ပါတယ်၊ နာဖွန်ဂန်ကို ကျုပ်တို့ တိုက်ခိုက်အောင်မြင်ပြီးလို့ သင့်ကို နာဖွန်ဂန်ရဲ့ဘုရင်အဖြစ်နဲ့ တင်မြှောက်ထားခဲ့ပြီးရင် သင်ဟာ ကျုပ်တို့ကို ထာဝရသစ္စာခံရလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကသူးလူရိုင်းခေါင်းဆောင်ကြီးက အချည်အတုပ် အနှောင်အဖွဲ့စကားကို ဆိုလာခဲ့လေပြီဖြစ်၏။

သို့သော် အဂ္ဂကလည်း မိမိ၏အတ္တအကျိုးအတွက်ဆိုလျှင် ဘနဖူးသိုက်တူးရန် ဝန်မလေးသူဖြစ်သည်ကြောင့် မိမိ၏နာဖွန်ဂန် မျိုးနွယ်စုအပေါ် သစ္စာဖောက်ပြီး မျိုးနွယ်ခြား ကသူးတို့၏သစ္စာခံသူ ရန် လွယ်လင့်တကူပင် ကတိပေးလိုက်လေ၏။

"စိတ်ချပါ . . . ကသူးခေါင်းဆောင်ကြီးခင်ဗျာ၊ နာဖွန်ဂန် ကိုသာ နိုင်အောင်တိုက်ပြီး နာဖွန်ဂန်ဘုရင်ကြီးဂူလန်နဲ့ သူ့ရဲ့မွေး စားသား နေရှထအတုတို့ကိုသာ ဖယ်ရှားပေးပါ၊ ကျုပ် ခင်ဗျားတို့ရဲ့ သစ္စာခံအဖြစ် တစ်သက်လုံးနေသွားပါ့မယ်"

အဂ္ဂ၏ကတိစကားကြောင့် ကသူးခေါင်းဆောင်ကြီးက . .

"ကောင်းပြီ . . . အဂ္ဂ၊ ကျုပ်တို့ ဘယ်အချိန်အခါမှာ ဘယ် လိုတိုက်ခိုက်ရမလဲဆိုတာသာ အကြံပြုပါလော့၊ ကျုပ်ကိုယ်တိုင်ဦးစီး ပြီး ကျုပ်ရဲ့စစ်သည်တော်များနဲ့ နာဖွန်ဂန်ကို အပြီးအပြတ် ချေမှုန်း တိုက်ခိုက်ပေးပါ့မယ်"

ဟု ကသူးခေါင်းဆောင်ကြီးဘုရင်ကြီးက ကတိပေးလိုက် သည်တွင် အဂ္ဂမှာ လက်ခမောင်းထခတ်မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နာဖွန်ဂန်ဘုရင်ကြီးဂူလန်မှာ ကျောက်စွာ၏ တင်ပြချက်နှင့် ပတ်သက်ပြီး အလေးအနက် စဉ်းစားလျက်ရှိလေ၏။

"အဖ . . . အခုဆို အဂ္ဂထွက်သွားတာ နှစ်ရက်ရှိပါပြီ၊ သူဟာ သားတော်တို့ကို ဒုက္ခပေးဖို့ ထွက်ခွာသွားတာဆိုရင် သူသွားနိုင်မယ့်ဒေသဟာ ကသူးမျိုးနွယ်တို့ရဲ့ဒေသသာ ဖြစ်ပါလိမ့်မယ်၊ သူဟာ ကိုယ့်အမျိုးကို သစ္စာဖောက်ဖို့ ရည်ရွယ်ခဲ့ရင် သားတော်တို့ နာဖွန်ဂန်မျိုးနွယ်စုနဲ့ မတည့်တဲ့ ကသူးတွေနဲ့သာ သွားပေါင်းပါလိမ့်မယ်၊ သူဟာ ကသူးတွေနဲ့ပေါင်းပြီး သားတော်တို့ကို လာရောက်တိုက်ခိုက်လုပ်ကြံနိုင်ပါတယ်"

နာဖွန်ဂန်ဘုရင်ကြီးဂူလန်သည် ဦးခေါင်းကို တညိမ့်ညိမ့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း . . .

"သားတော်ပြောတာ ဖြစ်နိုင်ပါတယ်၊ အဖလည်း အဲဒီကောင် သစ္စာဖောက်သွားပြီလို့ ထင်ပါတယ်၊ သင်း သစ္စာမဲ့ပြီး သူခိုးဓါးမြ ကမ်းလုပ်လာခဲ့ရင် အဖတို့က ပိုပြီးလုံခြုံရေးကို ဂရုစိုက်မှဖြစ်မယ်၊ အပြင်က လောက်ထက် အသားထဲက လောက်က ပိုဆိုးတယ်"

ကျော်စွာ၏ စကားကိုကြားသော် လူရိုင်းဘုရင်ကြီးက . . .

"ကဲ . . . ဒီတော့ လုံခြုံရေးအတွက် ဘယ်လိုဆောင်ရွက်ထားသင့်သလဲဆိုတာ သားတော်တင်ပြပါဦး"

"အဖ . . . သားတော် စဉ်းစားထားတာက ကသူးတွေဟာ သူတို့နှစ်စဉ်ပြုလုပ်နေတဲ့ ထုံးစံအရဆိုရင် သူတို့ရဲ့မီးတောင်နတ်မင်းကြီးကို ယဇ်ပူဇော်ဖို့ အပျိုစင်လုရအောင် လာမယ့်လကွယ်နေ့မှာ သားတော်တို့ နာဖွန်ဂန်တွေကို လာရောက်တိုက်ခိုက်မှာ ဖြစ်ပါတယ်"

"ဟုတ်တယ် . . . သားတော်၊ သူတို့ မလွဲမသွေ လာကြလိမ့်မယ်"

"ဒါပေမယ့် ဒီတစ်ခါ သူတို့လာရင် ခါတိုင်းလို လကွယ်နေ့ညကျမှ လာတိုက်မှာ မဟုတ်တော့ဘူး ထင်တယ်၊ သူတို့ဟာ လကွယ်နေ့မတိုင်ခင် နှစ်ညသုံးညအလိုကတည်းက တိုက်ခိုက်နိုင်ပါတယ် အဖ၊ ဒါကြောင့် သားတော်တို့ဟာ လကွယ်နေ့ညအထိ စောင့်ဆိုင်းမနေဘဲ ခုကတည်းက ခုခံတိုက်ခိုက်ဖို့စစ်ကို ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်"

ဟု ကျော်စွာက သူ့ထင်မြင်ချက်ကို ပြောပြလိုက်ရာ ဘုရင်ကြီးဂူလန်က . . .



www.burmeseclassic.com

www.burmeseclassic.com



"သားတော် . . . ကသူးတို့ရဲ့ ထုံးစံအရတော့ သူတို့ဟာ လကွယ်နေ့ညတွေမှာသာ ရန်သူတွေကို စီးနင်းတိုက်ခိုက်လေ့ရှိတယ် တဲ့"

"မှန်ပါတယ် အဖ၊ ဒါပေမယ့် ဒီတစ်ခါတော့ ထုံးစံကိုဖျက်ပြီး သားတော်တို့ စစ်မပြင်ရသေးမီ လကွယ်နေ့ညမတိုင်ခင် အလစ်ဝင်ရောက် စီးနင်းတိုက်ခိုက်ဖို့ သစ္စာဖောက်အဂ္ဂက ကသူးတွေကို အကြံပြုတိုက်တွန်းနိုင်ပါတယ် . . . အဖ"

ဟု ကျော်စွာက သူ၏ယူဆချက်ကို အခိုင်အမာ ပြောလိုက်ရာ . . .

"ကောင်းပြီလေ၊ ဒီလိုဆို ငါ့ရဲ့သားတော်ပဲ နာဖွန်ဂန်စစ်သည်တွေကို ဦးစီးပြီး စစ်ပြင်ပေတော့ . . ."

ဟူ၍ ကျော်စွာအား တာဝန်ပေးခိုင်းစေလိုက်လေတော့၏။

လဆုတ်ရက်ဖြစ်သည်ကြောင့် လသည် တိမ်ညိုတို့အောက်ဝယ် မြုပ်လိုက်ပေါ်လိုက်ဖြစ်နေရာမှ နောက်ဆုံးဝယ် ကြီးမားကျယ်ပြောလှသည့် တိမ်တောင်ထုကြီးကို အရှုံးပေးကာ ကြယ်စင်တလက်လက်တို့အား နှုတ်ဆက်လျက် တိမ်ထုအောက်သို့ အပြီးတိုင် ငုပ်လျှိုးသွားရလေ၏။

တောင်ပေါ်ဆောင်းညသည်ကား အေးစိမ့်လွန်းသည်နှင့်အမျှ ပိန်းပိန်းပိတ်အောင် မည်းမှောင်လျက် ရှိတော့သည်။

သို့သော် အမှောင်ထုထဲဝယ် လွန်စွာမျက်စိကျင့်သားရနေသော ကသူးစစ်သည်များမှာ သူတို့ယူဆောင်လာသည့် နွယ်ကြိုးများကို ကျောက်တောင်တန်းမတ်မတ်ကြီးပေါ်မှ ပင့်ကူများနှယ် လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်စွာ ခိုတွယ်ဆင်းသက်လာကြပြီ ဖြစ်၏။

သူတို့၏နောက်မှ ကသူးခေါင်းဆောင်ဘုရင်ကြီးနှင့် အဂ္ဂတို့မှာ ထက်ကြပ်မကွာ ဆင်းလိုက်လာကြ၏။ အဂ္ဂကား မင်းမြှောင်စာမိထားသည့် ဘယ်ဖက်လက်ကို အားပြု၍ သိပ်မရသဖြင့် ကသူးဘုရင်ကြီးက ဖေးကူပေးနေရ၏။

ကျောက်တောင်တန်း၏အခြေသို့ အားလုံးစုံညီစွာ ရောက်ရှိပြီးသည့်အခါဝယ် ကသူးဘုရင်ကြီးက စစ်ကြောင်းနှစ်ကြောင်းခွဲစေပြီး စစ်ကြောင်းတစ်ကြောင်းကို အဂ္ဂဦးဆောင်ကာ မြောင်၏အောက်ခြေမှ စမ်းချောင်းအတိုင်း ချီတက်စေ၏။

နောက်စစ်ကြောင်းတစ်ခုကိုမူ ကသူးဘုရင်ကြီးကိုယ်တိုင်ဦးဆောင်ကာ အရှေ့ဖက်ကျောက်တောင်ကြီးပေါ်မှ ကွေ့ပတ်ဖြတ်သန်းလျက် မြောင်အောက်ခြေသို့ ကွေ့ပတ်ဆင်းပြီး မဟာလှိုဏ်ဂူကြီး၏ အရှေ့ဖက်မှ ပိတ်ဆို့ဝိုင်းရံဖို့ စစ်ရေးဗျူဟာချမှတ်ထားပြီးဖြစ်၏။

သို့ဖြင့် စစ်ကြောင်းနှစ်ကြောင်းမှာ ညအမှောင်ထုအောက်ဝယ် လျှို့ဝှက်သိပ်သည်းစွာ ချီတက်လာခဲ့ပေပြီ။

ကသူးဘုရင်ကြီးနှင့် ကသူးစစ်သည်များ၏ စိတ်ထဲဝယ်လကွယ်နေ့ရောက်ရန် လေးရက်တိတိလိုသေးသော ယနေ့ကဲ့သို့ညမျိုးဝယ် ရန်သူတွေ မလာရောက်သေးဟုထင်ကာ နာဖွန်ဂန်မျိုးနွယ်စုတို့ ပေါ့ပေါ့လျော့လျော့ နေကြလိမ့်မည်။ သို့ကြောင့် နာဖွန်ဂန်တို့ကို အလွယ်တကူ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက် အနိုင်ယူနိုင်လိမ့်မည်ဟု ကျိန်းသေတွက်ဆထားပြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသော် စမ်းချောင်းဖက်မှ ချီတက်လာသော ကသူးစစ်သည်များမှာ လှိုဏ်ဂူကြီး၏အဝနှင့် ဝါးနှစ်ရိုက်ခန့်အကွာသို့အရောက်တွင် အံ့အားသင့်ထိတ်လန့်စရာအဖြစ်ကို ကြုံတွေ့ရတော့၏။

ရှေ့ဦးစွာ လှိုဏ်ဂူကြီး၏အပေါ် အမိုးစွန်းပေါ်မှ မီးမြှားများဖြင့် ရုတ်တရက်ဆိုသလို ဆီးကြိုပစ်ခတ်တိုက်ခိုက်ခြင်းခံရပြီး ယင်းမီးမြှားများကြောင့် ဝန်းကျင်တစ်ခွင်လုံး ထိန်ထိန်ညီး လင်းပသွားလေ၏။

ထိုသို့ ဝန်းကျင်တစ်ခွင်လုံး ထိန်လင်းသွားစဉ်မှာပဲ လှိုဏ်ဂူထဲမှ ကျော်စွာဦးဆောင်သော နာဖွန်ဂန်စစ်သည်တို့က တစ်ဖက်မှ ကသူးစစ်သည်တို့ကို တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့၏။

သို့ကြောင့် မြောင်၏တစ်ဘက် ကျောက်တောင်ကြီးပေါ်မှ ဖြတ်သန်းချီတက်လာသော ကသူးဘုရင်ကြီးနှင့် စစ်သည်များမှာ လှိုဏ်ဂူကြီး၏ အမိုးစွန်းပေါ်မှဆီး၍ မီးမြှားတို့ဖြင့် တရစပ်ပစ်ခတ်ခြင်းခံရလေရာ ၎င်းတို့မှာ ကျောက်တောင်ထက်မှ မီးမြှားမှန်ပြီး ပြုတ်ကျသူကျကာ ကသူးဘုရင်ကြီးကိုယ်တိုင်မှာလည်း ပေါင်တွင် မီးမြှားထိမှန်ပြီး ရှေ့သို့ဆက်လက်ကာ ချီတက်မရနိုင်ဘဲ ဖြစ်သွားတော့၏။

ယင်းကသူးလူရိုင်းစစ်သည်တို့က နာဖွန်ဂန်လူရိုင်းမျိုးနွယ်များကို အလစ်အငိုက်တွင် ဝင်ရောက်တိုက်ခိုက်နိုင်လိမ့်မည်ဟု ထင်မှတ်ထားသော်လည်း တကယ်တမ်းမှာမူ နာဖွန်ဂန်တို့ကသာ သူတို့ကို အငိုက်မမိဘဲ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်ကြသဖြင့် စစ်ဦးကျိုးကာ ဖရိုဖရဲ ပြိုကွဲကျဆုံးကုန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကသူးတို့သည်လည်း တိုက်ရည်ခိုက်ရည်ပြည့်ဝသော တောတွင်းလူရိုင်းစစ်သည်များဖြစ်သဖြင့် ရေစိမ်ကျွဲများလိုဖြစ်ရကား ပွဲဦးထွက်မှာ အထိနာသွားသော်လည်း အင်အားကို ချက်ချင်းပင် ပြန်လည်စုစည်းပြီး နာဖွန်ဂန်တို့အား ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ပြန်၏။

တိုက်ပွဲက ပြင်းထန်သည်ထက် ပြင်းထန်လာပြီး ကသူးတို့သည် လှိုဏ်ဂူကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ လှိုဏ်ဂူကြီးကို သိမ်းပိုက်ရန် အပြင်းအထန် ကြိုးစားကြတော့သည်။

ဤတိုက်ပွဲတွင် အဂ္ဂသည် သူ၏မျက်နှာကို သံခေါင်းစွပ်တစ်ခုဖြင့် စွပ်ထားပြီး သူ၏မျိုးနွယ်ဖြစ်သော နာဖွန်ဂန်တို့ကို ရက်စက်စွာ ထိုးခုတ်တိုက်ခိုက်လျက်ရှိရာမှ သူသည် ဒဏ်ရာရကာ လဲကျသွားသော နာဖွန်ဂန်တစ်ယောက်၏ ခန္ဓာကိုယ်ပေါ်မှဖြတ်နင်းကာ လှိုဏ်ဂူကြီးအတွင်းသို့ လှစ်ခနဲ ဝင်ရောက်လိုက်၏။

ထိုရန်သူသံခေါင်းစွပ်စစ်သည်၏ ထက်မြက်လှသော ဓါးရေးကို တိုက်ခိုက်နေသည့်ကြားမှ လှမ်းမြင်လိုက်ရသူက ကျော်စွာပင် ဖြစ်၏။ ကျော်စွာသည် သူ၏နာဖွန်ဂန်စစ်သည်များကို တစ်ဦးပြီးတစ်ဦး ကျွမ်းကျင်သေသပ်စွာ ခုတ်ပိုင်းနေသည့် သံခေါင်းစွပ်စစ်သည်အား အံ့အားသင့်စွာဖြင့် လှမ်းကြည့်နေရင်းမှ တစ်စုံတစ်ခုကို တွေးမိလိုက်၏။

“ငါ့ရှေ့က ကောင်တွေကို မြန်မြန်ရှင်းပြီး အဲဒီသံခေါင်းစွပ်ဆီ အမြန်ဆုံးသွားတိုက်မှ ဖြစ်မယ်၊ အဲဒီကောင်ရဲ့ ဓါးရေးတတ်မြောက်မှုကြောင့် သူ့ရဲ့ဓါးချက်တွေအောက်မှာ ငါ့လူတွေ ပြုမလှ ကျဆုံး



www.burmeseclassic.com

www.burmeseclassic.com



တုန်ကြပြီ”

သို့သော် သူ့ရှေ့က ကသူးတို့ကလည်း သူ့ကိုမဲတိုက်နေသဖြင့် ကျော်စွာမှာ သံခေါင်းစွပ်ထံသို့ ရုတ်တရက် မသွားနိုင်သေးဘဲ သူ့ကို ဝိုင်းတိုက်နေကြသော ကသူးတို့ကိုသာ လျင်မြန်စွာ ပြန်လည်ချေမှုန်းနေရ၏။

ထိုအချိန်တွင် သံခေါင်းစွပ်အဂ္ဂသည် လှိုဏ်ဂူကြီးအတွင်းသို့ ရောက်ရှိသွားသည်နှင့် လှိုဏ်ရှည်တစ်ချောင်းကို ဆွဲကိုင်လျက် ပြေးထွက်လာသော နာဖွန်ဂန်ဘုရင်ကြီးဂူလန်နှင့် ပက်ပင်းဆုံတွေ့လိုက်ရာ သူက ဘုရင်ကြီးဂူလန်အား ရှင်းပစ်ချင်နေသဖြင့် အချိုရှာသကာတွေ့သလို ဖြစ်သွားပြီး ဘုရင်ကြီးဂူလန်အား တရကြမ်းပင် ဝင်တိုက်လေတော့၏။

သူတို့နှစ်ဦး၏တိုက်ပွဲက ရုတ်ချည်းပင် ပြင်းထန်သွားသော်လည်း နုပျိုသန်စွမ်းလှသော အဂ္ဂ၏ဓါးချက်ဒဏ်ကို ကြာရှည်မခံနိုင်တော့ဘဲ နောက်သို့ဆုတ်ကာဆုတ်ကာဖြင့် ခုခံရင်းမှ တစ်ချီတွင်တော့ ဘုရင်ကြီးဂူလန်မှာ ညွှတ်ကျသွားစဉ် အဂ္ဂ၏ဓါးချက်က ဘုရင်ကြီးဂူလန်၏ရင်ဘတ်ကို ဖြတ်ဝင်သွားတော့၏။

အဂ္ဂ၏ဓါးချက်အောက်ဝယ် ဘုရင်ကြီးဂူလန်မှာ အားခနဲအော်ဟစ်ရင်းမှ ဂူကြမ်းပြင်ပေါ်သို့ လဲကျသွားစဉ် လှိုဏ်ဂူကြီးအတွင်းသို့ လျှပ်ပြက်သလို ပြေးဝင်လာသူက ကျော်စွာဖြစ်၏။

ကျော်စွာသည် သံခေါင်းစွပ်၏ဓါးချက်ကြောင့် ဘုရင်ကြီးဂူလန်လဲကျသွားသည်ကို တွေ့လိုက်ရကာ ဒေါသများ လွန်စွာပေါက်ကွဲထွက်သွားကာ သံခေါင်းစွပ်နှင့်ရန်သူအား မုန်တိုင်းတိုက်ခတ်သည့်





နှယ် တရကြမ်းပင် ဝင်ရောက်တိုက်ခိုက်လေတော့၏။

လှိုဏ်ဂူကြီးထဲမှ မီးပုံကြီးဘေးတွင် သံခေါင်းစွပ်နှင့် ကျော်စွာတို့၏ တိုက်ပွဲသည်ကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်လျက် ရှိတော့၏။

အတွင်းဘက်ရှိ လှိုဏ်ဂူအခန်းများထဲဝယ် ခိုဝင်ပုန်းအောင်းနေရရှာသော ဖူလာနှင့် အမျိုးသမီးပျိုပျိုအိုအိုများ၊ ကလေးသူငယ်များမှာ သံခေါင်းစွပ်နှင့် ကျော်စွာတို့၏ ပြင်းထန်လှသော တိုက်ပွဲကိုကြည့်ကာ လိပ်ပြာလွင့်မတတ် ထိတ်လန့်ကြောက်ရွံ့နေလေ၏။

သံခေါင်းစွပ်ထားသော ရန်သူ့သူရဲကောင်းအား ကျော်စွာက ပြင်းထန်လျင်မြန်စွာ အဆက်မပြတ် တိုက်ခိုက်နေရာ တိုက်ခိုက်မှုက ပြင်းထန်သည်ထက် ပိုမိုပြင်းထန်လာတော့၏။

သံခေါင်းစွပ်ထားသော အဂ္ဂမှာ လက်တစ်ဖက်ကလည်း ကျော်စွာ၏ဓါးချက်ထိထား၍ သိပ်အားကိုးမရဘဲဖြစ်ရကား ကျန်လက်တစ်ဖက်ဖြင့် အားပြုတိုက်နေရပြီး တိုက်ခိုက်မှုကြာမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်း အရေးနိမ့်လာပြီး ခြေတစ်ဖက်ချော်ထွက်သွားစဉ် ကျော်စွာ၏ဓါးချက်က သံခေါင်းစွပ်၏လည်ပင်းကို လျှပ်တပြက်ပင် ပိုင်းဖြတ်ချလိုက်တော့၏။

သံခေါင်းစွပ်မှာ အသံပင် မထွက်နိုင်ဘဲ နောက်သို့ပစ်လဲကျသွား၏။ သူ၏လည်ပင်းမှ သွေးတို့က ဒရဟောထွက်လာလျက် ပြင်းထန်သော ဝေဒနာဖြင့် ခန္ဓာကိုယ်တစ်ခုလုံး ဆန့်ငင်ဆန့်ငင်ဖြစ်နေတော့၏။

ကျော်စွာသည် ဓါးရေးထက်လှသော ရန်သူ့သူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာကို ကြည့်မြင်လိုသဖြင့် သူ့အနီးဝယ် ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်ပြီး သံခေါင်းစွပ်ကို ဆွဲချွတ်ဖယ်ရှားလိုက်ရာ ကျော်စွာမှာ လွန်စွာမှ အံ့အားသင့်သွားပြီး နှုတ်မှလည်း 'ဟင်' ခနဲ အသံထွက်သွားလေ၏။

အဂ္ဂမှာ အသက်ငယ်လျက်ရှိနေရာမှ ပါးစပ်ကို ဟကာဟကာဖြင့် အသက်ကို ကြိုးစားရှူရင်း ကျော်စွာ၏မျက်နှာအား ထိတ်လန့်ချောက်ချားစွာကြည့်လျက် ပါးစပ်မှ သွေးပွက်ခနဲအန်ထွက်ကာ နောက်ဆုံးတွင် အသက်ထွက်သွားလေတော့၏။

ကျော်စွာသည် ထိုင်ရာမှထရပ်လိုက်ပြီး ရွံရှာစက်ဆုပ်ဖွယ်ကောင်းသည့် နာဖွန်ဂန်လူမျိုးနွယ်စု၏ သဏ္ဍာဖောက်အဂ္ဂ၏အလောင်းကို ကျောခိုင်းလိုက်ကာ ဒဏ်ရာပြင်းထန်စွာရပြီး လဲကျနေရှာသည့် ဘုရင်ကြီးဂူလန်အား ပြေးပွေ့လျက် . . .

"အဖ . . . အဖ . . . ဖြစ်ရလေ အဖရယ်"

ဟု မြည်တမ်းလိုက်လေ၏။ ဘုရင်ကြီးဂူလန်က . . .

"သား . . . အဖ ဘာမှမဖြစ်ပါဘူး၊ မ . . . မပူပါနဲ့၊ ဟို . . . ဟိုမှာ မိစ္ဆာတွေ ဝင်လာပြီ၊ သူတို့ကို အစွမ်းကုန်သာ ခုခံတိုက်ထုတ်ချေမှုန်းပေးပါကွယ်"

"စိတ် . . . စိတ်ချပါ အဖ"

ကျော်စွာက ထိုသို့ပြန်ပြောရင်း ဘုရင်ကြီးအား ကြမ်းပြင်ပေါ် သို့ အသာပြန်ချလိုက်ပြီး ဂူဝဆီမှ ပြေးဝင်လာကြသော ဧည့်သူလူရိုင်းစစ်သည်များနှင့် ရင်ဆိုင်လိုက်တော့၏။

"လာစမ်း . . . မိစ္ဆာကောင်တွေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သေစမ်းကွာ"

ကျော်စွာသည် မိုးခြိမ်းသံလို တခဲနက် ကြွေးကြော်အော်ဟစ်ရင်း ကျူးကျော်ဝင်ရောက်လာသူ ကသုံးလူရှိုင်းစစ်သည်တို့ကို ဘီးလူးတဘက်စီးသကဲ့သို့ လျင်မြန်ပြင်းထန်သော အရှိန်ဖြင့် တိုက်ခိုက်လေတော့၏။

နှစ်ဦးနှစ်ဖက်တိုက်ခိုက်ရာမှ ထွက်ပေါ်နေသည့် သံနှင့်သံချင်းထိခတ်သံ တချွင်ချွင်မြည်သွားသကဲ့သို့ မီးပွားများက တဖွားဖွားဖြာထွက်သွားပြီးနောက် ကသူးတို့၏ ထိတ်လန့်တကြား အော်ဟစ်ငြီးတွားသံများက အဆက်မပြတ် ထွက်ပေါ်လာပြီး ကျူးကျော်သူအားလုံးမှာ ကောက်ပင်ကို တံစဉ်ဖြင့် ရိတ်လှီးခံရသည့်နှယ် အတုံးအရုံး လဲကျအသက်ပျောက်ကုန်ကြတော့၏။

နောက်ဆုံးဝယ် မျိုးနွယ်စုသစ္စာဖောက် အဂ္ဂသည်လည်း ကျဆုံးသွားပြီဖြစ်သကဲ့သို့ လာရောက်ကျူးကျော်သူ ကသူးလူရှိုင်းတို့သည်လည်း အထိနာဆုံးရှုံးလျက်ရှိရာ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားရတော့၏။

ကျောက်သလွန်ထက်ရှိ သားမွေးမွေ့ယာပေါ်ဝယ် နာဖွန်ဂန်မျိုးနွယ်စု၏အကြီးအကဲ ဘုရင်ကြီးဂူလန်မှာ အသက်ကို ယဲ့ယဲ့မျှင်းမျှင်းမျှသာ ရှုနိုင်တော့၏။

နာဖွန်ဂန်မျိုးနွယ်စု၏ သစ္စာဖောက်လောက်တောင်အရှင် လက်ချက်ကြောင့် ရင်ဘတ်ပွင့်ထွက်သွားကာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော ဘုရင်ကြီးဂူလန်အား မျိုးနွယ်စုဆေးဆရာမှ အစွမ်းကုန် ပြုစုကုသပေးထားပြီးဖြစ်သော်လည်း ဓါးချက်က အတွင်းကလီစာ

www.burmeseclassic.com



များကို ထိခိုက်ထားသဖြင့် ဆေးကုသ၍ မရနိုင်တော့ဘဲ အသက်ဇီဝိန်ချုပ်ငြိမ်းရန် အချိန်အနည်းငယ်လောက်သာ လိုတော့ကြောင်း ဘုရင်ကြီး၏အပါးတွင် ခစားလျက်ရှိသည့် နတ်ဆရာကြီး၊ ဆေးဆရာနှင့် ကျော်စွာတို့အားလုံး သိရှိပြီးဖြစ်ပါ၏။

ဘုရင်ကြီးဂူလန်ကလည်း သူ၏အခြေအနေကို သူအသိဆုံးပင် ဖြစ်ရကား သူလူ့လောကမှ မထွက်ခွာမီ သူလွန်စွာ သံယောဇဉ်ကြီးကာ ချစ်ခင်မြတ်နိုးရသော နာဖွန်ဂန်မျိုးနွယ်စုများအတွက် နောက်ဆံတင်းလှစွာဖြင့် နတ်ဆရာကြီးနှင့် ကျော်စွာတို့အား အသက်ဇီဝိန်မချုပ်ငြိမ်းမီ မှာကြားစရာရှိသည်တို့ကို ကြိုးစားအားတင်းကာ မှာကြားနေလေ၏။

"နတ်ဆရာကြီး . . ."

"အမိန့်ရှိပါ အရှင် . . ."

"နာဖွန်ဂန်တွေကို ကျုပ်ကိုယ်စား ဦးဆောင်သွားဖို့ ကျုပ်ရဲ့သားတော်နေရာမှာကို ကျုပ်တာဝန် . . . လွှဲခဲ့တယ်၊ သူဟာ ကသူးတို့ရန်က နာဖွန်ဂန်တို့ကို ကယ်တင်နိုင်ခဲ့တဲ့ မြင့်မြတ်သော . . . သူရဲကောင်းတစ်ဦးဖြစ်တာကြောင့် နာဖွန်ဂန်တို့ရဲ့ အရှင်သခင်ဘုရင်ဖြစ်သင့်တယ်"

ဟု ဘုရင်ကြီးက ပြောဆိုမှာကြားလေသော် နတ်ဆရာကြီးက . . .

"ဟုတ်ပါတယ် အရှင်၊ အရှင့်ရဲ့တာဝန်လွှဲမှုဟာ သင့်မြတ်လျော်ကန်လှပါတယ်၊ သူဟာ ကသူးတို့ရဲ့ရန်က ကျွန်တော်မျိုးတို့ကို ကယ်တင်ခဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ကြားပြောဆိုလေ၏။

ဘုရင်ကြီးက ဆက်ပြီး . . .

"နတ် . . . ဆ . . . ရာကြီး . . ."

"အမိန့်ရှိပါ အရှင် . . ."

"ထုံးတမ်းနဲ့အညီ နေရင်မှကို ထီးနန်းလွှဲပြောင်းလက်ခံဖို့ စီစဉ်ပါတော့ . . ."

ဟု ဘုရင်ကြီးဂူလန်က နတ်ဆရာကြီးကို ညွှန်ကြားပေးလိုက်၏။ နတ်ဆရာကြီးကလည်း ဦးညွှတ်ရိုသေသမှုပြုပြီးနောက်-

"စိတ်ချပါ အရှင်၊ အရှင့်ဆန္ဒအတိုင်း ဖြစ်စေရပါမယ်"

ဟု ဝန်ခံကတိပြုလိုက်၏။

ထိုအခါ ဘုရင်ကြီးဂူလန်က ကျော်စွာအား . . .

"သား . . . တော် . . ."

ဟုခေါ်လိုက်ရာ ကျော်စွာက ကိုယ်ကို ကိုင်းလိုက်ပြီး . . .

"ဗျာ . . . အဖ၊ သားတော် အဖရဲ့အပါးမှာ ရှိပါတယ်"

"နာဖွန်ဂန် . . . တို့အပေါ် သစ္စာရှိပါ၊ စောင့်ရှောက်ပါ"

ဟု ဘုရင်ကြီးက ဆိုလိုက်သည်နှင့် . . .

"စိတ်ချပါ အဖ၊ သားတော်ဟာ နာဖွန်ဂန်တို့အပေါ် ထာဝရ သစ္စာရှိပါ့မယ်၊ သူတို့ကို အဖရဲ့ကိုယ်စား စောင့်ရှောက်ပါ့မယ်"

ဟု ကျော်စွာက ကတိပြုစကားပြောကြားလိုက်၏။

မျိုးနွယ်စုဘုရင်ကြီးဂူလန်မှာ နတ်ဆရာကြီးနှင့် ကျော်စွာတို့ထံမှ ကတိစကားများ ကြားရပြီးနောက် သူ၏ချစ်မြတ်နိုးသော ရင်ကြီးလှစွာသော နာဖွန်ဂန်မျိုးနွယ်စုဝင်များအတွက် စိတ်ချသွား



www.burmeseclassic.com

www.burmeseclassic.com



တန်ဖြင့် နှစ်ခြိုက်စွာ ပြုံးလိုက်လေ၏။

ယင်းခဏမှာပင် နာဖွန်ဂန်မျိုးနွယ်စုအကြီးအကဲ ဘုရင်ကြီး ဝူလန်၏ ဝိညာဉ်လိပ်ပြာသည်လည်း သူ၏ခန္ဓာကိုယ်မှ စွန့်ခွာသွား ခဲ့လေပြီ ဖြစ်တော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆောင်းအကုန် နွေအကူးရာသီဖြစ်သော်လည်း ပတ်ကွိုင်တောင်တန်းကြီးပေါ် ဝယ် ဆီးနှင်းတို့က ထုနှင့်ထည်နှင့် သိပ်သည်းဝန်းခလျက်ရှိလေ၏။

ဆီးနှင်းနှင့် မြူငွေ့တို့က တိမ်တိုက်များသဖွယ် အဆုပ်လိုက်အဆုပ်လိုက် ဖွဲ့စည်းရွေ့လျားလျက် တောင်တန်းကြီး၏ ထိပ်ဖျားတစ်နေရာသို့ ရောက်လျက်ရှိသော စံပယ်မြိုင်တို့လူစုမှာ တိမ်တိုက်များအပေါ်သို့ ရောက်ရှိနေသည့်အလား ခံစားရလေ၏။

"ကြည့်ပါဦး ဖေကြီးရယ်၊ တိမ်တွေက သမီးတို့ရဲ့အောက်မှာ ရောက်နေတယ်နော်"

ဟု ဖခင်ဖြစ်သူ မျက်လှည့်ဆရာကြီးတာနေ့အား သမီး



www.burmeseclassic.com

www.burmeseclassic.com



မြစ်သူစံပယ်မြိုင်က တအံ့တသြနှင့် ပြောဆိုလေ၏။

"ဟုတ်တယ် သမီးရဲ့၊ ဒီပတ်ကွိုင်တောင်တန်းကြီးဟာ ပေ ပေါင်း ၈၅၀၀ ကျော်မြင့်မားလို့ မြူငွေ့တွေနဲ့ တိမ်စိုင်တွေဟာ တစ်ခါ တစ်ရံရောယှက်ပြီး တောင်တန်းတွေရဲ့ခါးလယ်ပိုင်းက ဖြတ်သန်း သွားရင် တောင်တန်းပေါ်မှာ ရောက်နေသူတွေဟာ လေယာဉ်စီးရ တဲ့ ခရီးသည်တွေ တိမ်ထုကို ငုံ့ကြည့်ရသလိုပဲ ကြည့်ရမြင်ရတယ်၊ ကချင်ပြည်နယ်က ဆီးနှင်းဖုံးတောင်တန်းတွေ၊ ရေခဲတောင်တွေမှာ လည်း ဒီလိုပဲ ကြုံရလေ့ရှိတယ်"

ဦးတာနောသည် သူ၏ချစ်လှစွာသော တစ်ဦးတည်းသော သမီးလေးအား ရှင်းပြနေရာမှ သူ့လက်ထဲ၌ ကိုင်ထားသော ပေရွက် ကိုကြည့်လိုက်၊ ပတ်ကွိုင်တောင်တန်းကြီးမှ ယခုသူတို့ရောက်ရှိနေရာ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာလိုက်ဖြင့် သတိဝီရိယကြီးစွာဖြင့် လှုပ်ရှားလျက် ရှိနေတော့၏။

"ဖိုးတေ. . . . မင်းရောက်ခဲ့တဲ့ နေရာနဲ့ နီးပြီလား"

သားမွေးဂျာကင်ဖားဖားကြီးကို ဝတ်ဆင်ထားသည့် မျက် လှည့်ဆရာကြီးတာနောက သူ၏လက်ရုံးတပည့်ဖိုးတေအား မေး လိုက်ရာ အနွေးထည်ထူထူကြီးဝတ်ထားပြီး လက်ထဲဝယ် ပြောင်း ရှည်သေနတ်တစ်လက်ကို ကိုင်စွဲထားသော ဖိုးတေက ခပ်ဝေးဝေးမှ ဆီးနှင်းများဖုံးလွှမ်းနေသော ကမ်းပါးစွန်းတစ်နေရာသို့ လက်ညှိုး ညွှန်ပြလိုက်ပြီး . . .

"အဲဟို . . . နေရာလောက်မှာပါပဲ ဆရာကြီး၊ ဟုတ်ပါတယ် . . . အဲဒီနေရာမှာ ရသေ့ကြီးတို့ စခန်းချနေတုန်း ကျွန်တော်ပေရွက်



www.burmeseclassic.com

www.burmeseclassic.com



ကို ခိုးယူထွက်ပြေးခဲ့တာပါ၊ ဟော့ကောင် . . . အလီဘိုင်၊ အဲဒီနေရာ ဟုတ်တယ်နော်"

ဟု ဖိုးတေက သူ၏မိတ်ဆွေပထန်ကုလား အလီဘိုင်ထံမှ အတည်ပြုချက်ကို ရယူလိုက်၏။

ထိုအခါ တောတောင်တို့ကို နှံ့စပ်ကျွမ်းကျင်လှသည့် အလီဘိုင်မှာ မှန်ပြောင်းတစ်လက်ဖြင့် ဝန်းကျင်ကို လေ့လာစေ့ငုနေရာမှ-

"ဟုတ်ပါတယ် ဆရာကြီး၊ အဲဒီနေရာမှာပါပဲ"

ဟု ဖိုးတေ၏စကားကို ထောက်ခံပြောဆိုလိုက်လေ၏။

"အဲဒီကမ်းပါးစွန်းမှာပဲ ကျော်စွာဆိုတဲ့ကောင်ကို ကျွန်တော် ချောက်ကြီးထဲ ပိုင်ပိုင်နိုင်နိုင် တွန်းချခဲ့တာပေါ့ ဆရာကြီး"

ထိုသို့ ဖိုးတေက အောင်သေအောင်သား စားသူတို့၏လေသံမျိုးဖြင့် ဝင့်ကြွားစွာ ပြောလိုက်သည်တွင် မျက်လှည့်ဆရာကြီး တာနေခါမှာ ကျေနပ်အားရစွာ တဟားဟား အော်ရယ်လိုက်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . ငါတို့ဆရာတပည့်တွေကို ကျားနားရွက်တံတွေးဆွတ်သလို လာစမ်းတဲ့ လက်တောက်လောက် ခွေးလေခွေးမွှားလေးရဲ့ သချိုင်းက အဲဟိုက ချောက်ကြီးပေါ့ . . . ဟုတ်လား . . . ဟား . . . ဟား . . . ဟား . . . "

"ဟာ . . . အဲဒီအောင်မြေရောက်အောင် ငါတို့သွားစမ်းကြမယ်"

ဆရာကြီးတာနေခါက အားရကျေနပ်သံကြီးဖြင့် ပြောပြီး ဖိုးတေညွှန်ပြရာ ဆီးနှင်းများ ဖုံးလွှမ်းနေသော ကမ်းပါးစွန်းဆီ ဦးတည်သွားရာ ကျန်အဖွဲ့သားများမှာလည်း သူတို့နောက်မှ လိုက်ပါ



www.burmeseclassic.com

 www.burmeseclassic.com 

သွားရတော့၏။

ယခုတစ်ခေါက် ပတ်ကျိုင်တောင်တန်းပေါ်သို့ လာရောက်ကြသော ဖိုးတေတို့လူသိုက်မှာ လူအင်အား၊ စားနပ်ရိက္ခာ၊ ဆေးဝါးအင်အား၊ လက်နက်အင်အား တောင့်တင်းလှ၏။

ဤပတ်ကျိုင်တောင်တန်းပေါ်သို့ ကျော်စွာတို့နောက်မှ ခြေရာခံပြီး အရိပ်တစ္ဆေလို လိုက်ပါခဲ့စဉ်က ဖိုးတေနှင့် အလီဘိုင်နှစ်ယောက်တည်းသာဖြစ်ပြီး သူတို့ရည်ရွယ်ချက်အတိုင်း ကျော်စွာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သော်လည်း မမျှော်လင့်ဘဲ နဝဂ်ရွှေစင်ရတနာဂူကြီး၏ မြေပုံပေရွက်ကို ရရှိခဲ့ရာမှ အကြောင်းအရာအားလုံးကို ဆရာကြီးတာနေအား ခရေစေ့တွင်းကျ သံတော်ဦးတင်ခဲ့လေ၏။

သို့ကြောင့် ဦးတာနေမှာ နဝဂ်ရွှေစင်ရှေးဟောင်းရတနာသေတ္တာများအား ရယူပိုင်ဆိုင်လိုသည့် ဆန္ဒပြင်းပြသည်ကြောင့် ယခုကဲ့သို့ လူသူဆေးဝါးရိက္ခာ၊ လက်နက်ပြည့်စုံစွာ ဖြည့်တင်းပြီး ဤသို့စွန့်စားခရီးနှင်ခဲ့ခြင်းပင် ဖြစ်တော့၏။

"အဲဒီတုန်းက ငါနဲ့အလီဘိုင်နှစ်ယောက်တည်း ရိက္ခာကလည်း ပြတ်၊ ဆေးဝါးကလည်း စုံစေ့အောင် မပါ၊ နှစ်ယောက်တည်းလည်း ဖြစ်နေတော့ မရေရာတဲ့ ရတနာဂူကို ဆက်မရှာဝံ့တော့ဘဲ ဟုမ္ဘလင်းပြန်ခဲ့ရပြီး ဆရာကြီးတို့ကိုပါ ပြန်ခေါ်ခဲ့ရတာပဲလေ။

ဒီတစ်ခါတော့ ငါတို့မှာ အစစ၊ အရာရာ ပြည့်စုံနေလို့ အဲဒီရတနာဂူကြီးကို တွေ့အောင်ရှာနိုင်တော့မယ် ထင်တယ်၊ ဟိုရသေ့ကြီးနဲ့ သူ့ရဲ့ကပ္ပိယလိုလိုကောင်ကတော့ ရတနာမြေပုံပေရွက်မရှိတော့လို့ လက်လျှော့ပြီး ပြန်သွားလောက်ပြီ။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ရတနာဂူကြီးကို ရှာလို့တွေ့ခဲ့ရင်တော့ ဒီတစ်သက်မက နောင်ဆယ်သက် . . . ချမ်းသာပြီ . . . ချမ်းသာပြီ။

အဲဒီလို ငါချမ်းသာလာတဲ့ တစ်နေ့မှာတော့ စံပယ်မြိုင်ရဲ့ အချစ်ကို ရအောင်ယူနိုင်ပါလိမ့်မယ်၊ ငါ့အတွက်တော့ စုတ်ရော၊ လာဘ်ရော ဝင်မယ့်ကိန်းပဲ . . . ဟား . . . ဟား . . . ဟား . . . ”

ထိုကဲ့သို့ ဖိုးတေက ကျေနပ်ပီတိဖြစ်စွာ တစ်ဦးတည်းတွေးနေ၍ သူကျိတ်ကာ ချစ်နေသော စံပယ်မြိုင်ထံပါးမှာသာ သူ့မျက်လုံးအကြည့်တွေက တရစ်ဝဲဝဲလျက် ရှိနေတော့၏။

ဖိုးတေအဖြစ်သည်းကာ ခပ်ကဲကဲဖြစ်နေတာကို ရိပ်မိသည့် အလီဘိုင်က လေသံခပ်တိုးတိုးဖြင့် . . .

“ဟေ့ကောင် . . . ဖိုးတေ၊ မင်းက ရတနာဂူကို ရှာမှာလား။ ဆရာကြီးရဲ့သမီးကို တစ်လမ်းလုံး ဒီလိုပဲ ငမ်းနေတော့မှာလား . . . ဟီး . . . ဟီး . . . ”

ဟု နောက်ပြောင်ကျီစယ်လေ၏။

“အေး . . . ငါ့အတွက်တော့ နှစ်ခုစလုံးကို တစ်ပြိုင်တည်း လုပ်ရမှာပဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . . ”

“ဟေ့ကောင် . . . နွားပြာကြီးအောက်သွားမရှိ လုပ်မနေနဲ့ မင်းရဲ့ဆရာကြီးတာနောသိသွားမှ ခေါင်းနဲ့ကိုယ် တစ်ခြားစီ ဖြစ်သွားပါဦးမယ်”

ဟု သတိပေးလိုက်မှ ဖိုးတေက ဘေးဘီကို မလုံမလဲ ခေတ္တ ကြည့်လိုက်ပြီး . . .

“ဟေ့ကောင် . . . အလီဘိုင်၊ အဲဒီလိုဖြစ်လာရင် ငါက



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ခေါင်းကို အရင်ဖြုတ်ပစ်လိုက်မယ်ကွ၊ သိရဲ့လား ဟော့ကောင်၊ ဆရာတွေ ဘာတွေ နားမလည်ဘူး”

ဟု အံ့ကြိတ်ကာ ခပ်တိုးတိုး ပြောလိုက်လေ၏။

“ဖြစ်နိုင်ရင် . . . အဲဒီရတနာဂူကို မင်းနဲ့ငါ နှစ်ယောက်တည်း ရှာချင်ခဲ့တာ၊ ခုတော့ လူအများစုကို ခွဲဝေပေးရတော့မယ်၊ အဲဒီကြားထဲကမှ စံပယ်မြိုင်ရဲ့အချစ်ကို မရလို့ကတော့ကွာ၊ ဖိုးတေ အကြောင်းသိသွားစေရမယ်၊ အရေးအကြောင်း ကြုံလာခဲ့ရင် မင်းသာ ငါ့ဖက်ကရပ်ပြီး ငါ့ကို ကူညီဖို့လိုတယ် . . . အလီဘိုင်”

ဟု သူခိုးသေဖော်ညှိလိုက်ရာ အလီဘိုင်မှာ သူ၏လက်ထဲရှိ ပြောင်းရှည်သေနတ်ကို မြှောက်ပြလိုက်ပြီး . . .

“စိတ်ချစမ်းပါ သူငယ်ချင်းရာ၊ မင်းနဲ့ငါက သေတူရှင်ဖက်တွေပဲ၊ ငါတို့ ပထန်တွေဟာ ကမ္ဘာပေါ်မှာ သစ္စာအရှိဆုံးလူမျိုးတွေပါကွ၊ မင်းကြောင့် အဲဒီလူတွေနဲ့ သိကျွမ်းပြီး ဒီခရီးကို လိုက်ခဲ့ရတာပါ၊ အကျိုးအမြတ်ကိုလည်း မင်းကြောင့် ရမှာဖြစ်တော့ ငါဟာ မင်းရဲ့အပေါ်မှာပဲ သစ္စာစောင့်သိရမှာပေါ့ကွာ”

ဟုပြောလိုက်ရာ ဖိုးတေမှာ လွန်စွာအားရကျေနပ်သွားပြီး အလီဘိုင်၏ပခုံးအား လက်တစ်ဖက်ဖြင့် သိုင်းဖက်လိုက်ကာ . . .

“ဒါမှ ငါ့သူငယ်ချင်းကွ” ဟု ရင်ခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်လေ၏။

မျက်လှည့်ဆရာကြီးတာနော်မှာ လွန်စွာပါးနပ်ကာ လူအများအပေါ် လူပေါ်လူဇော်လုပ်ကာ ရှာဖွေဝမ်းကျောင်းနေသူဖြစ်ရကား ဖိုးတေနှင့် ပထန်ကုလားအလီဘိုင်တို့ တစ်လမ်းလုံး ကျိတ်ကြံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတိုင်ပင်နေကြသည်ကို ရိပ်မိကာ မသိမသာ စောင့်ကြည့်အကဲခတ်လျက်ရှိ၏။

ဤလောကကြီးထဲဝယ် ပစ္စည်းဥစ္စာရတနာရွှေငွေတို့နှင့်ပတ်သက်လာလျှင် မည်သူ့ကိုမျှ မယုံရကြောင်း သိထားသည့် ဆရာကြီးတာနောမှာ ဖိုးတေတို့ကို စိတ်မချပေ။ ယုံလည်း မယုံစားပေ။

ပြီးလျှင် မိမိ၏သမီး စံပယ်မြိုင်ကိုကြည့်သော ဖိုးတေ၏ဗိုချြောက်ထောင်အား မျက်လုံးအကြည့်တို့ကိုလည်း ရိပ်မိတွေ့ရှိရသဖြင့် သူမနှစ်မြို့ပေ။

မည်သို့ဆိုစေကာမူ မျက်လှည့်ဆရာကြီးတာနောမှာ ရတနာဂူရှိရာနှင့် နီးကပ်လာပြီဖြစ်၍ အစစ၊ အရာရာ သတိကြီးစွာထားရန်မိမိကိုယ်ကို သတိပေးလိုက်ပြီး မျက်စိနှင့်နားကို အစွမ်းကုန်ဖွင့်ထားလိုက်တော့၏။

"အင်း . . . အမှန်ဆိုရင် ဒီခရီးမှာ သမီးလေးစံပယ်မြိုင်ကိုခေါ်မလာချင်ဘူး၊ ဒါပေမယ့် သမီးက သူမပါဘဲ ငါ့တစ်ယောက်တည်းကိုလည်း စိတ်မချဘူး၊ သူပါမှသွားရမယ်လို့ အတင်းအကျပ်ပူဆာနေလို့သာ မလွှဲသာ မရှောင်သာ ခေါ်လာရတာ၊ တစ်ခုတော့ရှိပါတယ်လေ၊ သမီးဟာ ငါသင်ကြားပေးထားလို့ သေနတ်ပစ်တတ်တယ်၊ ဓါးတွေဘာတွေလည်း ပေါက်တတ်နေတော့ အရေးကြုံရင်ငါ့အတွက် သစ္စာအစောင့်သိဆုံး ရဲဘော်ရဲဘက်တစ်ယောက်လို သမီးကို အားကိုးရမှာ အမှန်ပဲ၊ ဒါကြောင့်လည်း သမီးကို ခေါ်လာခဲ့တာ နောင်တမရပါဘူးလေ"

ထိုသို့ တစ်ဦးတည်းတွေးတောရင်းမှ ကမ်းပါးရှိသို့ ရောက်

www.burmeseclassic.com



ရှိလာရာ ထိုမှချောက်ကြီးထဲသို့ အသာငုံ့ကြည့်လိုက်၏။

"ရှေ့ကို သိပ်မတိုးနဲ့ ဖေကြီး၊ လေက အရမ်းတိုက်နေတယ်"

ဟု သမီးဖြစ်သူ စံပယ်မြိုင်က စိုးရိမ်စွာ သတိပေးရင်း အနား သို့ရောက်လာကာ သူမလည်း ချောက်အောက်ခြေကို ကြည့်လိုက် လေ၏။

"ချောက်ကြီးက အနက်ကြီးပဲနော်၊ ဘာမှလည်း မမြင်ရဘူး"

ဟုပြောရင်း သူမ၏လည်ပင်းတွင် ချည်နှောင်ထားသော သိုးမွှေးပုဝါနီနီလေးကို ဖြုတ်လျှက်ရှိလေ၏။

"အဲဒီလို အသူရာချောက်ကြီးထဲကိုပဲ ဆရာကြီးရဲ့မဟာ ရန်သူတော်လေးကို ကိုယ်က တွန်းချလိုက်တာပေါ့ စံပယ်ရဲ့ . . . ဟဲ . . . ဟဲ . . . ဟဲ . . . "

ဟု ကိုယ့်ကိုယ်ကိုဖော် မသူတော်လေသံမျိုးဖြင့် ဂုဏ်ယူဝင့် ကြွားစွာ တဟဲဟဲရယ်ရင်း ဖိုးတေက အနားသို့ရောက်လာရာ စံပယ် မြိုင်မှာ ဖိုးတေအား အစကတည်းက ကြည့်မရသူပီပီ မျက်စောင်း ထိုးလိုက်ပြီး . . .

"ဒါပေမယ့်လည်း ယောက်ျားရင့်မာကြီးဖြစ်ပြီး နောက်က နေ ချောင်းပြီး တွန်းချတာကတော့ ရှက်စရာကောင်းပါတယ်ရှင်"

ဟု ပက်ခနဲပြောလိုက်ရာ ဖိုးတေ၏မျက်နှာတစ်ခုလုံး မည်း ခနဲဖြစ်သွားပြီး . . .

"ဘယ်လိုပြောလိုက်တာလဲ စံပယ်၊ အရေးကြီးတာက ဆရာ ကြီးရဲ့ရန်သူကို ပြတ်ပြတ်သားသား ရှင်းလင်းသုတ်သင်ပေးဖို့ပဲ မဟုတ် လား၊ ချောင်းပဲတွန်းတွန်း၊ ချောင်းပဲရိုက်ရိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိုးတေက ရှုံးရှုံးရှားရှားဖြင့် ပြောလိုက်ရာ ဦးတာနော မှာ မနေသာတော့ဘဲ ကြားဝင်ရှင်းရလေ၏။

"ကဲ . . . ကဲ . . . တော်ကြတော့၊ ဖိုးတေပြောတာ ဟုတ်တယ်၊ စစ်နဲ့အချစ်မှာ မတရားတာ မရှိဘူးတဲ့၊ တိုက်ပွဲတစ်ခုတိုက်တဲ့အခါမှာ ပြောင်တိုက်ရင်လည်း တိုက်ရမှာပဲ၊ ပျောက်ကျားစနစ်နဲ့ ချောင်းမြောင်းပြီး ပစ်တန်ပစ်ရမှာပဲ၊ အရေးကြီးတာက ကိုယ်အနိုင်ရဖို့ပဲလေ၊ ဒါဟာ တရားမျှတစွာ ကျင်းပတဲ့ လက်ဝှေ့စိန်ခေါ်ပွဲ မဟုတ်ဘူး၊ သူသေကိုယ်သေ အသက်လုရမယ့် ပွဲမျိုးပဲ၊ ဦးသူစားသွားမှာပဲ . . . သမီးရဲ့"

ဟု စကားပရိယာယ်ကြွယ်ဝစွာဖြင့် ဝင်ရောက်ပြောဆိုလိုက်ပြီးနောက် . . .

"ကဲ . . . ခဏနားကြ၊ စားသောက်ပြီးတာနဲ့ တို့ခရီးစဉ်အတိုင်း ထွက်ခွာကြမယ်"

ဟုပြောကာ တပည့်ဖြစ်သူ နိုင်နိုင်နှင့် မောင်ကံတို့ စခန်းချချက်ပြုတ်နေရာ ကညင်ပင်ကြီးခြေရင်းဆီသို့ လျှောက်သွားလေ၏။

ဖိုးတေက ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် စံပယ်မြိုင်အား ပြုံတီတီကြည့်ရင်း . . .

"ဟင် . . . ဟင် . . . ဆရာကြီးသြဝါဒခြွေသွားတဲ့ စကားထဲက စကားတစ်ခွန်းကိုတော့ ကိုယ်သိပ်ကြိုက်သွားပြီ . . . စံပယ်"

ဟုပြောလိုက်ရာ စံပယ်မြိုင်က မျက်မှောင်လေးကုပ်လိုက်ပြီး . . .

"ဘာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ဆတ်ဆတ် မေးလိုက်ရင်း ရှုတည်တည်ကြည့်လိုက်၏။ ဖိုးတေက ဖြဲစပ်စပ်မျက်နှာပေးဖြင့် . . .

"ဟင်း . . . ဟင်း . . . ဟိုလေ စစ်နဲ့အချစ်မှာ မတရားတာမရှိဘူး ဆိုတဲ့စကားလေ . . . ဟဲ . . . ဟဲ"

ဟုပြောလိုက်ရာ သူမကို ကြိတ်ကာပိုးပန်းနေသော ဖိုးတေ၏အတွင်းသဘောကို သိရှိပြီးဖြစ်၍ ခပ်ချဉ်ချဉ်ရှိသည်နှင့် . . .

"သွားစမ်းပါ . . ."

ဟု မဲ့ရွဲ့ကာ ပြောလိုက်ရင်း သူ့ရှေ့မှ ချာခနဲလှည့်ထွက်လိုက်ရာ သူမ၏သိုးမွေးပုဝါနီနီလေးက လက်ထဲမှ မတော်တဆလွတ်ကျသွားပြီး ဝေ့ခနဲ တိုက်ခတ်လိုက်သော လေအဟုန်ကြောင့် ချောက်ထဲသို့ လွင့်ကျသွားတော့၏။ ဖိုးတေက ပုဝါစကို လှမ်းဆွဲလိုက်သော်လည်း မမှီတော့ပေ။

စံပယ်မြိုင်မှာ "အို" ဟု အာမေဍိတ်သံလေးပြုကာ ချောက်ကြီးထဲသို့ လွင့်ကျသွားသော သူမ၏ပုဝါလေးကို နှမြောတသစွာ လှမ်းကြည့်လိုက်လေ၏။

ထိုအခါ ဖိုးတေက မျက်နှာလို မျက်နှာရဖြင့် စံပယ်မြိုင်အား . . .

"စံပယ် . . . ပုဝါလေးကို နှမြောသွားတာလား၊ ကိုယ်ချောက်ထဲဆင်းပြီး ရအောင်ကောက်ပေးပါ့မယ်"

ဟုပြောလိုက်ရာ စံပယ်မြိုင်က . . .

"အဲဒီချောက်ထဲ ရှင်ဆင်းကောက်ရင် ရှင်သတ်ခိုက်တဲ့ကျော်စွာဆိုတဲ့ လူရဲ့ဝိညာဉ်က ရှင့်ကို အရေးဆုတ်ပစ်လိုက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အငေါ်တူးစကားပြောဆိုလိုက်ပြီး ခြေဆောင့်ပြီး ထွက်သွားရာ သူမ၏စကားကြောင့် ဖိုးတေ၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်သွားပြီး အပြစ်ကျူးလွန်ထားသူပီပီ အရှိုးထဲမှ စိမ့်ခနဲ အေးစက်သွားကာ ကြက်သီးတဖြန်းဖြန်း ထသွားတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ရသေ့ကြီးဦးဒိဗ္ဗနှင့် ဇမုန်ထန်း၊ မင်းပုညနှင့် အောင်စိုးတို့မှာ သူတို့၏ဦးခေါင်းအထက် မြင့်မားလှစွာသော ချောက်ကမ်းပါးထက်ဆီမှ တဝေ့ဝေ့ ဝဲကျလာသည့် ပုဝါနီနီလေးကို အံ့အားသင့်စွာ ကြက်သေသေသလို မော့ကြည့်နေကြ၏။

ပုဝါနီနီလေးမှာ လေဝယ်တဝေ့ဝေ့ဝဲဝဲဖြင့် လွင့်ကျလာရာမှ မြေပြင်နှင့် နီးလာသည်တွင် ယင်းပုဝါလေးအား ဇမုန်ထန်းက ဆတ်ခနဲ ဖမ်းယူလိုက်လေ၏။ နှုတ်မှလည်း . . . "သိုးမွေးပုဝါလေးပဲ" ဟုပြောကာ ထိုပုဝါလေးအား နမ်းရှိုက်လိုက်ပြီး . . .

"ရေမွှေးနံ့လေး သင်းနေပါလား၊ ကေန္ဒ မိန်းကလေးတစ်ယောက်ရဲ့ပုဝါပဲ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ၏ထင်မြင်ချက်ကို ပြောလိုက်လေ၏။ တစ်ဆက်တည်းဆိုသလို မျက်မှောင်တွန့်ရင်း . . .

"ဒီလောက်ခေါင်သီလှတဲ့ တောကြီးမျက်မည်းထဲမှာ ဘယ်မိန်းကလေးက ရောက်နေပါလိမ့်၊ အံ့ဩစရာတွေတော့ ဖြစ်နေပြီ"

ဟု မှတ်ချက်ပြုလိုက်ရာ မင်းပုညနှင့် အောင်စိုးတို့မှာ သိုးမွေးပုဝါနီနီလေး လွင့်ကျလာရာ ချောက်ကမ်းပါးပေါ်သို့ ဟိုနေရာသည်နေရာမှ မော့ကြည့်ကြသော်လည်း ချောက်ကမ်းပါးကြီးမှာ ပေခြောက်ရာကျော်ခန့် မြင့်မားသည်ကြောင့် နှင်းမြူများ ဝေသီနေသည့် ချောက်ကမ်းပါးကြီး၏ ထိပ်ဖက်သို့ မည်သို့မျှ မမြင်နိုင်ကြပေ။

ဇမုန်ထန်းက သိုးမွေးပုဝါနီလေးအား ထပ်မံနမ်းရှိုက်လိုက်ပြန်ပြီး . . .

"ရေမွှေးက အကောင်းစားရေမွှေးကွ၊ တောသူတောင်သားတောင်ပေါ်သူ ယာသမားတွေသုံးတဲ့ ရေမွှေးမျိုး မဟုတ်ဘူး၊ အဆင့်အတန်း ခပ်မြင့်မြင့်ထဲက မိန်းကလေးတစ်ယောက်ဖြစ်မယ်"

ဟု မှတ်ချက်ပြုပြန်လေ၏။ ထိုအခါ မင်းပုညက . . .

"ကိုကြီးဇမုန်ထန်းကလည်း ဘယ်ယာသမား တောင်ပေါ်သူကရော ရေမွှေးသုံးမလဲ"

ဟု ပြုံးဖြီးဖြီးဖြင့် စကားကွန့်ထောက်လိုက်ရာ ဇမုန်ထန်းမှာ သူ့စကားမှားသွားသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး . . .

"အေး . . . ဟုတ်သားပဲ၊ ရေမွှေးဆိုတာ မြို့သူတွေမှ သုံးတာကွ၊ မွှေးလိုက်တာကွာ . . . ဟီး . . . ဟီး"

ဟု ရယ်ကျဲကျဲလုပ်ကာ ပုဝါနီနီလေးအား အားမနာ ထိုး



www.burmeseclassic.com

www.burmeseclassic.com



မနှာ နမ်းရှိုက်နေပြန်၏။

ရသေ့ကြီးဦးဒိဗ္ဗမှာမူ လူငယ်များကဲ့သို့ ခပ်ပေါ့ပေါ့မတွေးဘဲ မျက်မှောင်ကြီးကုပ်ကာ လေးနက်စွာ တွေးတောလျက်ရှိလေ၏။ ပြီးမှ-

"ငါ့တပည့်တို့ . . . ဒီတောတောင် နက်နက်ကြီးထဲမှာ ငါတို့အပြင် အခြားအဖွဲ့တစ်ဖွဲ့လည်း ရောက်နေပုံရတယ်၊ သူတို့အဖွဲ့ဟာ ငါတို့ထက် လူအင်အားတောင့်တင်းပြီး အဆင့်မြင့်ပုံရတယ်။

သူတို့ဆီမှာ ခေတ်မီလက်နက်ကိရိယာတွေလည်း ပါလာနိုင်တယ်၊ သူတို့အဖွဲ့ဟာ ငါတို့အတွက် အန္တရာယ်ဖြစ်လာနိုင်တယ်၊ ငါတို့ အထူးသတိထားဖို့တော့ လိုပြီ၊ ပေါ့ပေါ့ဆဆ လုံးဝမနေကြနဲ့တော့ . . ."

ဟု လေးနက်စွာ သတိပေးလိုက်ပြီးနောက် သူတို့ခက်ခက်ခဲခဲ ဆင်းလာခဲ့သည့် ကျောက်တံတားကြီးကို မော့ကြည့်အကဲခတ်လိုက်လေ၏။

ယင်းကျောက်တံတားကြီးသည်ကား တောင်ကြားနှစ်ခု၏ ခါးလည်မရှိတရှိလောက်မှ တောင်ကမ်းပါးယံနှစ်ခုကို သဘာဝအလျောက် ဆက်သွယ်ထားသော ကျောက်တံတားဖြူကြီးဖြစ်၏။ တောင်ကြား၏အပေါ်သို့ ရောက်နေသောအဖွဲ့က ဤချောက်အောက်ခြေသို့ ဆင်းသက်လာမည်ဆိုပါက သူတို့လိုပင် ကျောက်တံတားကြီးကို ဖြတ်ကူးကြပေလိမ့်မည်။

"အင်း . . . အဲဒီကျောက်တံတားကြီးဆီ သူတို့ရောက်လာဖို့ဆိုတာ မလွယ်သေးပါဘူး၊ အဲဒီကျောက်တံတားကို သူတို့ဖြတ်လာပြီဆိုလို့ကတော့ သူတို့နဲ့ ငါတို့အဖွဲ့ ထိပ်တိုက်တိုးတော့မှာ အမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့အောက်ဖက်ကို ဆင်းလာဖို့ ဒီတစ်လမ်းပဲ ရှိတယ်။

ဒီတော့ ငါတို့ဟာ ငါတို့ရဲ့လုံခြုံရေးအတွက် အဲဒီကျောက်တံတားကြီးဆီကိုပဲ မျက်ခြေမပြတ် တစ်ယောက်တစ်လှည့် စောင့်ကြည့်ကြရမယ်၊ ခုတော့ အားလုံးလည်း ပင်ပန်းနေလို့ အနားယူကြမယ်၊ မီးခိုးမထွက်ရအောင် မီးလုံးဝမမွှေးဘဲ ရိက္ခာခြောက်တွေကို ဒီအတိုင်းသာ စားကြ၊ ကျန်တဲ့လူတွေ အနားယူချိန်မှာ တစ်ယောက်တစ်လှည့် ကျောက်တံတားကြီးကို စောင့်ကြည့်ရမယ် . . တပည့်တို့"

ဟုပြောလိုက်ရာ မင်းပုညက တက်ကြွစွာဖြင့် . . .

"ကျွန်တော် စောင့်ကြည့်မယ် . . . ဘရသေ့၊ ကျန်တဲ့သူတွေ အနားယူကြပါ"

ဟု ကတိပြုလိုက်၏။

"အေး . . . ဟုတ်ပြီ၊ ဒါဆို မင်းပုညက အရင်စောင့်၊ တစ်နာရီကြာရင် တစ်ယောက်လူလဲမယ်"

ဟုပြောလိုက်ပြီး တောင်ကမ်းပါးယံ၏ခြေရင်း တောင်နံရံကိုမှီကာ ရသေ့ကြီးဦးဒိဗ္ဗက အနားယူနေလေ၏။

အောင်စိုးက ကျောပိုးအိတ်ကြီးထဲမှ ငါးသေတ္တာဗူးနှင့် ပေါင်မုန့်ခြောက်များကိုထုတ်ကာ ဝေငှပေးလေ၏။

ခဏအကြာဝယ် သူတို့လေးဦးမှာ ပေါင်မုန့်ခြောက်နှင့် ငါးသေတ္တာတို့ကို ဝေမျှစားသောက်လျက် ရှိကြလေ၏။

စားသောက်ပြီးသောအခါ မင်းပုညမှအပ ကျန်သုံးဦးသာ ခရီးလွန်စွာပမ်းလာသဖြင့် ခြေပစ်လက်ပစ်လဲလျောင်းရင်း အိပ်ပျော်သွားကြ၏။ ထိုအချိန်တွင် မင်းပုညမှာ တစ်ဦးတည်း ကျောက်တံတား



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီသို့ မော့ကြည့်ရင်း ငိုက်မြည်းနေလေ၏။

ရသေ့ကြီးဦးဒိဗ္ဗနှင့် ကျော်စွာ၊ ဇမုန်ထန်းတို့သည် ပထမဆုံး အကြိမ် ဤပတ်ကျိုင်တောင်တန်းကြီးဆီသို့ ရောက်ရှိခဲ့စဉ်က ကျော်စွာနှင့်အတူ နဝင်္ဂရွှေစင်ရတနာဂူကြီးအား ရှာဖွေရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ကျော်စွာမှာ မမျှော်လင့်ဘဲ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရသလို ရတနာမြေပုံပါသော ရှေးဟောင်းပေရွက်မှာလည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့၏။

ရသေ့ကြီးဦးဒိဗ္ဗသည် ရတနာမြေပုံပါသော ပေရွက်ပျောက်ဆုံးမှုကို နှမြောပူပန်ခြင်း အလျဉ်းမရှိဘဲ ကျော်စွာပျောက်ဆုံးသွားခြင်းအတွက်မူ လွန်စွာမှ ယူကျုံးမရဖြစ်ရကာ တောတောင်နေရာအနှံ့ အရှုံးအမူး လိုက်လံရှာဖွေခဲ့ကြ၏။

သို့သော် သူတို့တွင်ပါလာသော ရိက္ခာများ ပြတ်လပ်သွားသည့်အပြင် အစာအာဟာရအတွက် အစားထိုးရန် ရွှေဝါရောင်ဂမုန်းဥကို စားသုံးခဲ့သော်လည်း ရက်ကြာလာသည်နှင့်အမျှ ယင်းဂမုန်းဥတို့ပါ ကုန်သလောက်ဖြစ်သွားလေရာ လက်လျှော့ပြီး ဇာတိမြို့လေးသို့ ပြန်သွားခဲ့ရ၏။

ထို့နောက် မြို့လေးသို့ ပြန်ရောက်သည့်အခါ ကျော်စွာမှာ ပျောက်ဆုံးကျန်ရစ်ခဲ့ကြောင်းကို ကျော်စွာ၏သူငယ်ချင်းများဖြစ်သည့် မင်းပုညနှင့် အောင်စိုးတို့အား ပြောပြလေရာ ၄င်းတို့နှစ်ဦးလည်း ကျော်စွာအတွက် လွန်စွာစိတ်ပူပန်သွားကြပြီး သူတို့က၀ါ ကျော်စွာအား ရှာချင်သည်ဆို၍ ယခုလို စားရေရိက္ခာ ဆေးဝါးအပြည့်အစုံ လုံလောက်စွာယူပြီး ဤပတ်ကျိုင်တောင်ကြောကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမှ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်သည်။

ဤတစ်ကြိမ်ပတ်ကျွိုင်တောင်တန်းကြီးသို့ သူတို့လာရောက်ရသည့် အဓိကရည်ရွယ်ချက်မှာ ရတနာဂူကြီးအား ရှာဖွေရန်ထက် ကျော်စွာအား မတွေ့တွေ့အောင် ရှာဖွေရန်ပင် ဖြစ်၏။

ယခုမူ ဤတောနက်ကြီးထဲဝယ် သူတို့အပြင် အခြားအဖွဲ့တစ်ဖွဲ့ပါ ရောက်ရှိနေကြောင်း သိရသဖြင့် အားလုံး၏ရင်တွင်းဝယ် လေးလံစိုးရိမ်သွားကြ၏။

နောက်ဆုံးတွင် သူတို့မှာ ရတနာဂူကြီးကိုရှာဖွေ၍ မတွေ့သည့်တိုင် ကျော်စွာကို တွေ့ရသည်နှင့် သူတို့အားလုံး ဇာတိမြို့လေးသို့ အတူတကွ အမြန်ဆုံးပြန်ရန်အတွက်ကိုသာ ဆုံးဖြတ်ထားကြ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နာဖွန်ဂန်မျိုးနွယ်စုတို့၏ မဟာလှိုဏ်ဂူကြီးအတွင်းဝယ် မြင့်မြတ်သော ရာဇဘိသိက်ခံယူပွဲကြီး ကျင်းပလျက် ရှိလေ၏။

လှိုဏ်ဂူကြီး၏ နံရံပတ်ပတ်လည်၌ ကညင်ဆီမီးတိုင်များ ထွန်းညှိထားပြီး လှိုဏ်ဂူခန်းမကြီး၏ အလယ်၌လည်း ရောမမီးပုံကြီး ဖိုထားရာ လှိုဏ်ဂူကြီးတစ်ခုလုံးမှာ နွေးထွေးလျက် လွန်စွာလင်းထိန်နေတော့၏။

နာဖွန်ဂန်တို့၏ လူမျိုးစုခေါင်းဆောင်အကြီးအကဲ ဘုရင်ကေရာဇ်တို့သာ ထိုင်ခွင့်ရသော ရွှေပိန်းချရာဇပလ္လင်ကုလားထိုင်ကြီးဝယ် ကျော်စွာမှာ ခန့်ငြားစွာ ထိုင်လျက်ရှိပြီး သူ၏ကျောပေါ်ဝယ် အနီရောင်တောက်တောက်ဝတ်စုံကြီးကို ခြုံလွှမ်းထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရှေ့တည့်တည့်မှ ရွှေပိန်းချကာလပ်ပေါ်ဝယ် သားရေး ရောင်စုံကို လှပညီညာစွာ ထိုးစိုက်ထားသည့် ဘုရင့်ခေါင်းဆောင်း သရဖူကြီးမှာ ဝင့်ထည်ခမ်းနားစွာ တည်ရှိနေလေ၏။

လှိုဏ်ဂူကြီးထဲဝယ် ဆီမီးများ ထိန်ထိန်ညီးညီး ထွန်းညှိထား ပြီး နာဖွန်ဂန်မျိုးနွယ်စုဝင်အားလုံး စုံညီသည်နှင့် အနက်ရောင်ဝတ် ရုံကြီးဝတ်ထားသည့် နတ်ဆရာကြီးက သူ၏ကျွဲချိုကြီးကို မှုတ်လိုက် တော့၏။

ကျွဲချိုမှုတ်သံက ကျက်သရေပြည့်ဝစွာ ထွက်ပေါ်လာပြီး ကျွဲချိုခရာသံက လှိုဏ်ဂူကြီးအတွင်း၌ ပဲ့တင်ထပ်သွားတော့၏။

ကျွဲချိုမှုတ်ပြီးသည်နှင့် နတ်ဆရာကြီးသည် နာဖွန်ဂန်တိုင်း ရင်းသား ဘာသာစကားဖြင့် ရှည်လျားစွာ ရွတ်ဖတ်ခြင်း ပြုတော့၏။

နတ်ဆရာကြီး၏ ရွတ်ဖတ်သံကို မျိုးနွယ်စုဝင်အားလုံးတို့ လေးစားရိုကျိုးစွာ နားစိုက်ထောင်လျက်ရှိရာမှ သရဖူခေါင်းဆောင်း ကြီးကို ရိုသေစွာ ဂရုတစိုက်ဖြင့် ယူလိုက်ပြီး ထိုခေါင်းဆောင်းသရဖူ ကြီးအား ကျော်စွာ၏ဦးခေါင်းထက်ဝယ် ဆောင်းပေးလိုက်ခြင်းဖြင့် ကျော်စွာအား နာဖွန်ဂန်မျိုးနွယ်စု၏ အရှင်သခင်ဘုရင်အဖြစ် တရား ဝင်အသိအမှတ်ပြု ဘိသိက်မြှောက်ပေးလိုက်တော့၏။

"တုံ . . . တုံ . . . တုံ . . ."

ထိုခဏမှာပင် ဗုံတုံတီးခတ်သံများက ပေါ်ထွက်လာပြီး နာ ဖွန်ဂန်မျိုးနွယ်စုဝင်အားလုံးတို့မှာ မီးပုံကြီးကို လှည့်ပတ်လျက် ပျော် ရွှင်စွာ ကခုန်ကြတော့၏။

နတ်ဆရာကြီးသည် နာဖွန်ဂန်မျိုးနွယ်စု၏ ဘုရင်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျော်စွာကို ဦးညွှတ်ဂါရဝပြုလိုက်ပြီးလျှင် . . .

"အရှင် . . . အရှင်ဟာ . . . နာဖွန်ဂန်တို့ရဲ့ အရှင်သခင် ကောရာဇ်ဘုရင်ကြီး ဖြစ်သွားပြီဆိုတော့ နာဖွန်ဂန်အကြီးအကဲတို့သာ သိခွင့်ရှိတဲ့ ကျွန်ုပ်တို့ နာဖွန်ဂန်မျိုးနွယ်ရဲ့ မြင့်မြတ်လှတဲ့ လျှို့ဝှက် ချက်ကို ပြသအသိပေးဖို့ ကျွန်တော်မျိုးတို့မှာ တာဝန်ရှိပါတယ်။

ဒါကြောင့် ကျွန်တော်မျိုးနဲ့ အတူလိုက်ပြီး မျိုးနွယ်စုရဲ့ မြင့် မြတ်လှတဲ့ လျှို့ဝှက်မှုကြီးကို ရှုစားဖို့ အရှင့်ကို ဖိတ်ခေါ်ပါတယ်"

ဟု ရိုကျိုးလေးစားစွာ ပြောလေရာ ထိုလျှို့ဝှက်ချက်ကား အဘယ်နည်းဟု သိချင်သဖြင့် ကျော်စွာသည် ထိုင်နေရာမှထကာ နတ်ဆရာကြီး ဦးဆောင်ခေါ်ငင်သွားရာနောက်သို့ ခြေလှမ်းမှန်မှန် ဖြင့် လိုက်သွားတော့၏။

သူလျှောက်လှမ်းသွားရာ လမ်းတစ်လျှောက်ဝယ် ပျော်ရွှင် စွာ ကခုန်နေကြသူများမှာ ကခုန်ခြင်းကို ချက်ချင်းရပ်လိုက်ကာ သူတို့၏ဘုရင်အသစ်အား ဦးညွှတ်လျက် အရိုအသေပြုလိုက်ကြ တော့၏။ ထိုအချိန်မှာတော့ ကျော်စွာသည် ဘုရင်ဟူသော ရာဇမာန် ဖြင့် ဝင့်ဝင့်ထည်ထည် ရှိနေလေရာ နာဖွန်ဂန်လူမျိုးတို့မှာ လေးစား ကြည်ညိုမဆုံးရှိနေတော့၏။

လိုဏ်ဂူအပြင်သို့ ရောက်ရှိသည့်အခါ ကျော်စွာအား ခေါ် ဆောင်ရန်အတွက် အသင့်ရှိနေသည့် ဆင်လိမ္မာတစ်ကောင်ပေါ်သို့ တက်စေပြီး နတ်ဆရာကြီးကလည်း အခြားဆင်တစ်ကောင်ပေါ်သို့ တက်လိုက်၏။ နတ်ဆရာကြီးသည် ထိုကိစ္စအတွက် ကြိုတင်စီစဉ် ထားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့နံနက်ခင်းသည် လွန်စွာသာသာယာယာ ရှိလှပေ၏။ ကျော်စွာနှင့် နတ်ဆရာကြီးတို့မှာ ဆင်လိမ္မာတစ်ကောင်စီကိုစီးလျက် မရပ်မနားသွားကြရာ နေ့လည်ပိုင်းသို့ရောက်သောအခါ နာဖွန်ဝန်တို့၏ နယ်နိမိတ်အဆုံးပိုင်းသို့ ရောက်ရှိကြလေ၏။ တစ်နေရာသို့အရောက်မှာတော့ နတ်ဆရာကြီးက ဆင်လိမ္မာတို့ကို ရပ်တန့်လိုက်စေပြီး ဆင်ပေါ်မှဆင်းရန် ကျော်စွာအား ပန်ကြားလေ၏။

၎င်းဆင်လိမ္မာများမှာ အထူးလေ့ကျင့်သင်ကြားထားသဖြင့် နတ်ဆရာကြီး၏ အရိပ်အကဲကို ကောင်းစွာသိ၏။ သို့ကြောင့်လည်း နတ်ဆရာကြီးက ၎င်းတို့ကိုယ်ပေါ်မှ ဆင်းပြီးသည်နှင့် လာရာလမ်းအတိုင်း လှည့်ပြန်ရန် အချက်ပြလိုက်ရာ ဆင်နှစ်ကောင်မှာ ကျော်စွာနှင့် နတ်ဆရာကြီးကို မြေတွင် ဝပ်တွားလျက် အရိုအသေပြုပြီးနောက် တည်ငြိမ်စွာ လှည့်ထွက်သွားတော့၏။

"ရှေ့ခရီးကို အရှင်နဲ့ကျွန်တော်မျိုး ခြေလျင်ခရီးဆက်ရပါလိမ့်မယ်၊ ခရီးက မဝေးတော့ပါဘူး၊ ဆင်တွေကို ပြန်လွှတ်လိုက်တာက မသမာသူတွေ လိုက်လံချောင်းမြောင်းမှာကို မလိုလားလို့ပါ။ သို့ပေမယ့် ကျွန်တော်မျိုးတို့ကို ဘယ်သူမှ ချောင်းမြောင်းဝံ့မှာ မဟုတ်ပါဘူး၊ သို့သော်လည်း သတိဆိုတာ ပိုတယ်မရှိဆိုတဲ့စကားလို ကိုယ့်ဘက်က သတိရှိစေလိုတဲ့ သဘောပါ"

ဟု နတ်ဆရာကြီးက ရိုကျိုးသမှုဖြင့် ရှင်းပြလေရာ ကျော်စွာကလည်း ယုံကြည်နားလည်ကြောင်း ပြန်ပြောလိုက်ပြီးနောက် သူတို့နှစ်ဦးသည် ရှေ့ခရီးကို ဆက်ခဲ့ကြ၏။ နှစ်နာရီခန့် ခရီးဆက်ကြရာ လွန်စွာမြင့်မားသော ကျောက်တောင်ကြီး၏ အလယ်ပိုင်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာကြ၏။

နတ်ဆရာကြီးသည် အသက်အရွယ်အိုမင်းလှပြီဖြစ်သော်လည်း အသက်အရွယ်နှင့် မလိုက်အောင် ကြံ့ခိုင်သန်စွမ်းသည်ကို တွေ့ရသည်မှာ အံ့သြဖွယ် ကောင်းနေတော့၏။ သူသည် ရှေ့မှဦးဆောင်သွားရင်း အောက်ခြေရှုပ်ထွေးသော ခြုံနွယ်ပိတ်ပေါင်းများကို သူ၏ဓါးကောက်ကြီးဖြင့် မွှေ့ရမ်းရှင်းလင်းသွားသည်မှာ လွန်စွာကြံ့ခိုင်သန်စွမ်းသည့် လူငယ်လေးပမာ ထင်မှတ်ရ၏။

သူတို့နှစ်ဦးသည် ဂှင်းကျောက်တောင်အလယ်ဗဟိုမှ တောင်ထိပ်သို့ရောက်ရှိရန် တစ်နာရီခွဲခန့် အချိန်ကြာမြင့်ခဲ့လေ၏။ တောင်ထိပ်သို့ရောက်သည်နှင့် အနည်းဆုံး ပေငါးဆယ်ခန့်မြင့်သော ကျောက်သားနံရံကြီးကို တွေ့လိုက်ရ၏။ နတ်ဆရာကြီးသည် ရပ်တန့်လျက် ကျော်စွာကို ကြည့်လေ၏။ အကြည့်နှစ်ခုဆုံစည်းမိစဉ်တွင် နတ်ဆရာကြီးက ဦးညွှတ်အရိုအသေပြုလိုက်ပြီး . . .

"အရှင် . . . ကျွန်တော်မျိုးတို့ရဲ့ အရှင်သခင် ကေရာဇ်များသာ သိခွင့်ရှိတဲ့နေရာကို ရောက်ပါပြီ"

ဟုပြောကြားပြီး ဂှင်းကျောက်နံရံရှိရာသို့ ရှေ့မှဦးဆောင်လျှောက်လှမ်းသွား၏။ ကျော်စွာလည်း ပတ်ဝန်းကျင်ကို တစ်ချက်စူးစမ်းကြည့်ပြီး လိုက်ပါသွားရာ တစ်နေရာသို့အရောက်တွင် လူတစ်ကိုယ်စာဝင်ပေါက်လေးကို တွေ့လိုက်ရ၏။ နတ်ဆရာကြီးက ထိုဝင်ပေါက်အတွင်း ရှေ့မှဦးဆောင်ဝင်သွားသဖြင့် ကျော်စွာလည်း ဝင်ရောက်သွားလေ၏။

ကိုက်ငါးဆယ်ခန့် ဝင်မိသောအခါ အလင်းရောင်မှုန်မှုန်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရလေ၏။ နောက်မိနစ်ပိုင်းအတွင်း ကျော်စွာသည် လူသားတို့ မြင်ဖူးသမျှတွင် အံ့သြဖွယ် အကောင်းဆုံးနေရာသို့ ရောက်ရှိရလေ ပြီဟု ယူဆနေပေတော့မည်။

ဧရာမဂူကြီးဖြစ်သည်။ ဘေးတစ်ဖက်တစ်ချက်တွင် ရေခဲ တိုင်ကြီးများဟု ထင်ရသော ကြီးမားသည့်တိုင်ကြီးများ အစီအရီ ဖြစ်ပေါ်လျက်ရှိ၏။ ထိုအရာများမှာ အမိုးမှ တစက်စက်ကျသော ရေစက်တို့မှခဲကာ တဖြည်းဖြည်းနှင့် မျှော်စင်ကြီးသဖွယ် ဖြစ်လာခြ ခြင်း ဖြစ်သည်။ ကျော်စွာသည် ရှေ့ဆက်ခြေလှမ်းဖို့ကိုပင် မေ့လျော့ သွားပြီး ပါးစပ်အဟောင်းသားဖြင့် အံ့သြနေလေ၏။

ဎင်းမျှော်စင်တိုင်ကြီးများ မည်ရွေ့မည်မျှ လှပသည်ဆိုခြင်း ကို ကျော်စွာအဖို့ ခိုင်းနှိုင်းပြောဆိုဖွယ် မရှိလောက်အောင် ဖြစ်သွား လေ၏။ အချို့ရေခဲမျှော်စင့်၏အခြေသည် အချင်းပေနှစ်ဆယ်ခန့် ရှိမည်ဟု ယူဆရပြီး အမိုးဆီသို့ ထိုးတက်လျက်ရှိ၏။

တိတ်ဆိတ်လှသော ဂူကြီး၏အစွန်းသို့ ရောက်သွားသည် တွင် ဝင်ပေါက်တစ်ခုကို တွေ့လိုက်ရ၏။ ဖြတ်သန်းခဲ့သော ခရီးမှာ ရှည်လျားကွေ့ကောက်လွန်းလှသဖြင့် နတ်ဆရာကြီးက စိတ်ရှည် လက်ရှည် ရှင်းမပြပါက ကျော်စွာအဖို့ ဘယ်လိုမှ မှတ်မိနိုင်မှာ မဟုတ်ပေ။

အချိုးအကွေ့များသော ဂူလမ်းကြောင်းအဆုံးသို့ အရောက် တွင် လွန်စွာကျယ်ဝန်းသော အခန်းတွင်းသို့ ရောက်ရှိလေတော့၏။ ထိုအခန်းမှာ အလျားပေသုံးဆယ်၊ အနံပေနှစ်ဆယ်ခန့် ကျယ်ဝန်း သည်ဟု ခန့်မှန်းရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရောက်သည်နှင့် ပထမဆုံး သတိပြုမိသည်မှာ အခန်း၏အလှအပနှင့် အပြည့်လောက် ရှည်လျားသည့် ကျောက်စားပွဲကြီးပင် ဖြစ်၏။

"ဘုရား . . . ဘုရား . . ."

ကျော်စွာသည် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဝိညာဉ်လွင့်ထွက်သွားမတတ် တုန်လှုပ်ခံစားသွား၏။ ကျော်စွာသည် ပုံမှန်အားဖြင့် ထိုအရာမျိုးတွေကို ကြောက်လန့်တတ်သူမဟုတ်ပါ။ သို့သော်လည်း ထိုမြင်ကွင်းကတော့ သူ့ကို အမှန်ပင် ကြောက်လန့်သွားစေ၏။

ကျော်စွာ၏အဖြစ်ကို သတိပြုမိသွားသော နတ်ဆရာကြီးက ကျော်စွာ၏လက်မောင်းကို ဆုပ်ကိုင်ဖေးမလိုက်ပြီး . . .

"အရှင် . . . သတိထားတော်မူပါ၊ ကျွန်တော်မျိုးက အရှင့်ကို အံ့သြစေလိုတဲ့သဘောနဲ့ ကြိုတင်မပြောပြခဲ့တာကို ခွင့်လွှတ်တော်မူပါ၊ ကျွန် . . . ကျွန်တော်မျိုး ရှင်းပြပါ့မယ်"

ဟု အလျင်အမြန် ဝပ်တွားတောင်းပန်လေ၏။ ထိုအခါမှာတော့ ကျော်စွာလည်း ကျင့်သားရနေပြီဖြစ်၍ အတော်အတန် တည်ငြိမ်မှုရှိနေပြီဖြစ်ရာ မိမိဘယ်လိုမှ သဘောမထားကြောင်း နတ်ဆရာကြီးကို ပြောလိုက်လေ၏။

ဇင်းစားပွဲ၏ တစ်ခုသောနေရာတွင် ကုလားထိုင်ဖြင့် ထိုင်နေသည့် ပုံဖြူဖြူအရာမှာ လူသေအလောင်းတစ်လောင်းပင် ဖြစ်၏။ ထိုအလောင်းပုံသဏ္ဍာန်ကို မြင်ရသည်မှာ လွန်စွာတုန်လှုပ်ဖွယ်ကောင်းလှ၏။ ကျော်စွာသည် နတ်ဆရာကြီးနောက်မှ တစ်လှမ်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ချဉ်းကပ်သွားရာ အချိန်တခဏအတွင်းမှာပဲ အခြေအနေကို ကောင်းစွာသိရှိသွားတော့၏။

ဂူအမိုးမှရေသည် တစ်စက်ချင်းကျနေ၏။ ၄င်းကျောက်စက်ရေကြောင့် လူသေအလောင်းမှာ ကျောက်သားအဖြစ် ပြောင်းလဲသွားခြင်း ဖြစ်သည်။ ကျော်စွာသည် အနီးကပ်ကြည့်ရှုရာ ထိုအလောင်း၏ ဝတ်စားဆင်ယင်မှုမှာ ရှေးခေတ်နန်းတွင်းလူများဝတ်ဆင်သည့် အဝတ်အစားများဖြစ်နေကြောင်း အံ့သြစွာ သိရလေ၏။

အလောင်းမှာ ကျောက်စက်ရေကြောင့် နှစ်ပေါင်းများစွာ မပုပ်မသိုးဘဲ တည်တံ့နေခြင်းဖြစ်ကြောင်း ကျော်စွာသိလိုက်၏။ နတ်ဆရာကြီးက ၄င်းတို့ဘိုးဘေးဘီဘင် အစဉ်အဆက် လက်ဆင့်ကမ်းမှာကြားလာခဲ့သည့် ဖြစ်စဉ်ကို ပြောပြတော့မှ ကျော်စွာလည်း သဘောပေါက်နားလည်သွားပြီး မိမိသိရှိခဲ့ရသည့် အကြောင်းအရာများနှင့် တစ်ထပ်တည်း တူညီနေသဖြင့် လွန်စွာစိတ်ဝင်စားသွား၏။

ထိုရုပ်အလောင်းမှာ အခြားမဟုတ်ပေ။ စစ်ဘေးကြောင့် ဆုတ်ခွာလာရင်းက ၄င်းနာဖွန်ဂန်မျိုးနွယ်စုတို့ထံ ရောက်ရှိခဲ့သည့် အမတ်ကြီးစက္ကဒေဝပင် ဖြစ်၏။ ထိုအကြောင်းကို ကျော်စွာသည် ရသေ့ကြီးဦးဒိဗ္ဗပြောပြထားသဖြင့် သိရှိပြီးဖြစ်၏။ ထိုအခါမှာတော့ မိမိသည် ၄င်းအမတ်ကြီး၏ ရုပ်အလောင်းရှေ့သို့ ရောက်ရှိခဲ့ရလေပြီ။

နတ်ဆရာကြီးပြောပြသည်မှာ ၄င်းအမတ်ကြီးမှာ မိမိတို့မျိုးနွယ်စုနှင့် သေသည့်တိုင်အောင် အတူတကွ နေထိုင်သွားခဲ့ကြောင်း သူသေဆုံးသွားပါက သူ၏ဆန္ဒအတိုင်း ဤကျောက်လိုဏ်ဂူတွင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယခုလို ကျောက်စက်ရေများအောက်တွင် ထားရှိသင်္ဂြိုလ်ပေးစေလို ကြောင်း၊ သို့ကြောင့် မိမိတို့မျိုးနွယ်စုဘုရင်ကြီးက သူ့ဆန္ဒအတိုင်း စီစဉ်ပေးခဲ့ရသည်ဟု ရှင်းပြလေ၏။

၄င်းကျောက်စားပွဲထိပ်တွင် အလျားခြောက်လက်မ၊ အနံ သုံးလက်မခန့်ရှိ သစ်သားသေတ္တာတစ်လုံး ရှိနေသည်ကို တွေ့ရပြန်၏။ သေတ္တာလေးမှာ ရာစုနှစ်များစွာ ကြာမြင့်ပြီဖြစ်၍ လွန်စွာဆွေး မြေ့နေပြီဖြစ်၏။ နတ်ဆရာကြီးက ထိုသေတ္တာလေးကို ကျော်စွာ အားပြပြီး . . .

"အရှင် . . . အရှင်ဟာ အဲဒီ လူသူစိမ်းလို တိုင်းတစ်ပါးက ရောက်လာသူဖြစ်တော့ အဲဒီသေတ္တာလေးကို လေ့လာကြည့်စေချင် ပါတယ်၊ အဲဒီသေတ္တာထဲမှာ လူသူစိမ်းမသေခင်က သစ်ရွက်တွေပေါ် မှာ ငှက်မွှေးတောင်နဲ့ ရက်ကာလများစွာ တကုတ်ကုတ် ရေးသားခဲ့ တာတွေ ရှိပါတယ်၊ သူဘာတွေ ရေးခြစ်ခဲ့တယ်ဆိုတာကို ကျွန်တော် မျိုးတို့ နားမလည်နိုင်ကြပါ၊ အရှင်တော့ သိချင်သိနိုင်ပါလိမ့်မယ်"

ဟုပြောသဖြင့် ကျော်စွာလည်း ၄င်းသေတ္တာလေးကို ကိုင် တွယ်ကြည့်ရှုရင်း အဖုံးကိုဖွင့်၍ ကြည့်ရှုလိုက်ရာ သူ့အဖို့ လွန်စွာ အဖိုးမဖြတ်နိုင်သည့် အရာများကို တွေ့လိုက်ရ၏။ ၄င်းမှာ အမတ် ကြီးစက္ကဒေဝရေးသားခဲ့သည့် ပေရွက်အမြောက်အမြားပင် ဖြစ်၏။

ကျော်စွာသည် ပေရွက်တစ်ရွက်ကို ခေတ္တဖတ်ရှုလိုက်ရာ သူ၏အာရုံခံစားမှုများမှာ ၄င်းပေရွက်များအပေါ် အလုံးစုံစူးနစ်ကျ ရောက်သွားတော့၏။ သူသည် အချိန်ကုန်၍ ကုန်မှန်းမသိအောင် ထိုပေရွက်များကို တစ်ရွက်ပြီးတစ်ရွက် ဖတ်ရှုနေမိလေ၏။ လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖွယ်ကောင်းသလို၊ အံ့သြတုန်လှုပ်ဖွယ်၊ သနားဝမ်းနည်းဖွယ် ကောင်းလှပေ၏။

အမတ်ကြီးစက္ကဒေဝ၏ ဖြူစင်မြင့်မြတ်လှသည့် စိတ်နေသဘောထား၊ အမျိုးဘာသာ သာသနာအတွက် ပေးဆပ်လိုသည့် စိတ်ဓါတ်၊ အတွေးအခေါ်၊ ခံယူချက်များကို ငှင်းပေရွက်ပေါ်မှ စကားလုံးများမှတစ်ဆင့် ကျော်စွာသိရှိလိုက်ရ၏။

နတ်ဆရာကြီးကလည်း ကျော်စွာ၏အပါးတွင် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေ၏။ နတ်ဆရာကြီးသည် ငှင်းပေရွက်ပေါ်မှ စာများကို ဖတ်ရှုနိုင်စွမ်းရှိသည့် ကျော်စွာကိုကြည့်ရင်း လွန်စွာအထင်ကြီးလေးစားသွားပုံရ၏။

တကယ်တော့ ကျော်စွာရောက်ရှိသွားသည့်နေရာမှာ ငှင်းတို့ စွန့်စားရှာဖွေနေကြသည့် နဝင်ရွှေစင်ရတနာလှိုဏ်ဂူကြီးပင် ဖြစ်ပေတော့၏။

ကျော်စွာသည် ငှင်းပေရွက်များပေါ်မှ စာကို နာရီအတန်ကြာအောင် ဖတ်ရှုပြီးစဉ်မှာတော့ အလုံးစုံသိရှိခံစားလိုက်ရသဖြင့် စိတ်ကျေနပ်မှု ရရှိသွားသည့် အမူအရာဖြင့် နတ်ဆရာကြီးကို ကြည့်လိုက်၏။

နတ်ဆရာကြီးက သဘောပေါက်နားလည်ဟန်ဖြင့် ဦးခေါင်းကို ဆတ်ကနဲ ငြိမ့်လိုက်ပြီး . . .

"အခု . . အရှင်ကြည့်ရှုဖို့ တစ်နေရာပဲ ကျန်ပါတော့တယ် ကြွပါအရှင် . . ."

ဟုပြောပြီး ငှင်းအခန်း၏ညာဘက် လူတစ်ကိုယ်စာအပေါက်



www.burmeseclassic.com

www.burmeseclassic.com



လေးမှဝင်ပြီး ဆယ့်ငါးကိုက်ခန့် ဆက်လက်လျှောက်လှမ်းသွားရာ ထူးဆန်းစွာ ဆေးခြယ်ထားသည့် သစ်သားတံခါးကို တွေ့ရလေ၏။ တံခါးမှာ ဆွေးမြေ့ကျိုးပဲ့လျက် ရှိ၏။ ၎င်းအခန်းအတွင်း ဝင်ရောက်သွားရာ မျက်နှာချင်းဆိုင်ဘက်၌ ဆေးသုတ်ထားသော သစ်သား သေတ္တာကိုးလုံးကို တွေ့လိုက်ရ၏။

ထိုအရာများကို မြင်လိုက်ရသည်တွင် ကျော်စွာသည် ထူးပြီးအံ့ဩမနေတော့ပါ။ ဝမ်းမြောက်ဝမ်းသာလည်း မခံစားရတော့ပါ။ ထိုအရာများမှာ နဝင်္ဂရွှေစင်ရတနာသေတ္တာများဖြစ်ကြောင်းကို အဖတ်ကြီးစက္ကဒေဝ၏မှတ်တမ်းတွင် ဖတ်ရှုခဲ့ရ၍ဖြစ်သည်။

နတ်ဆရာကြီးက ၎င်းသေတ္တာများကို တစ်လုံးစီဖွင့်ပြပြီးနောက် ဤသို့ရှင်းပြလေ၏။

"အရှင် . . . ဒီတော်ဝင်နန်းသုံးရတနာတွေကို နာဖွန်ဂန်မျိုးနွယ်ရဲ့အကြီးအကဲ ဘုရင်အဆက်ဆက်က အခုလို လျှို့ဝှက်လုံခြုံစွာ သိမ်းဆည်းသိုဝှက်ထားခဲ့ပါတယ်။

ဒီရတနာသေတ္တာကိုးလုံး ရှိနေကြောင်းကိုလည်း အကြီးအကဲတစ်ဦးတည်းနဲ့ နတ်ဆရာတို့ကသာ သိခွင့်ရှိလို့ ဒီရတနာသေတ္တာတွေရဲ့သတင်းဟာ အပြင်ဖက်ကမ္ဘာကို ပျံ့နှံ့မသွားခဲ့တာပါ။ အကယ်၍ ဒီသတင်းသာ ပျံ့နှံ့သွားမယ်ဆိုရင် ပြင်ပကမ္ဘာက လောဘသားတွေဟာ ကျွန်တော်မျိုးတို့ရဲ့ဒေသကို စုပြုံရောက်ရှိလာပြီး ကျွန်တော်မျိုးတို့ရဲ့ သီးခြားလူမျိုးစုကမ္ဘာလေးကို တစ်စစီဖျက်ဆီးသွားမှာ စိုးရိမ်ပါတယ်။

ဒါကြောင့် ဒီရတနာသေတ္တာတွေရဲ့အကြောင်းကို မျိုးနွယ်စု



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သစ္စာကို စောင့်သိတဲ့အနေနဲ့ ဘယ်သူ့ကိုမှ ပြောမပြဖို့ အလွန်ပဲ အရေးကြီးလှပါတယ် . . . အရှင်”

ဟု လေးစားရိုကျိုးစွာ ရှင်းပြရာ ကျော်စွာက ဦးခေါင်းကို ညိတ်လိုက်ပြီး . . .

“စိတ်ချပါ နတ်ဆရာကြီး၊ ကျွန်ုပ်အသက်ထက်ဆုံး နာဖွန် ဂန်မျိုးနွယ်ရဲ့သစ္စာကို စောင့်သိပါ့မယ်၊ ဒီနဝင်ရွှေစင်ရတနာသေတ္တာ တွေနဲ့ပတ်သက်ပြီး အခြားဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကျွန်ုပ်ကတိ ပေးပါတယ်”

ကျော်စွာ၏ကတိစကားကိုကြားလျှင် နတ်ဆရာကြီးသည် ကျေနပ်စွာ ပြုံးလိုက်ပြီး ပတ္တမြားသေတ္တာကြီးအတွင်းမှ လက်ဝတ် ရတနာတန်ဆာအဖြစ် မပြုလုပ်ရသေးသော အရည်ကောင်းလှသည့် လုံးချောပတ္တမြားကြီးတစ်လုံးအား ယူလိုက်ကာ ကျော်စွာ၏လက်ထဲ သို့ ရိုသေစွာ ကမ်းပေးလေ၏။

ပြီးနောက် နတ်ဆရာကြီးက ကျော်စွာအား . . .

“ဒီပတ္တမြားကိုတော့ အရှင့်ရဲ့ကိုယ်ပိုင်ရတနာအဖြစ် လက်ခံ ယူပါအရှင်၊ ဒါဟာလည်း ရှေးအကြီးအကဲ ဘုရင်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ ထုံးတမ်းဓလေ့အရ ဆက်သရခြင်း ဖြစ်ပါတယ်”

ဟုရှင်းပြပြီး မြေတွင် ဒူးထောက်လျက် ရိုသေစွာ ကမ်းပေး လေ၏။

ကျော်စွာမှာ နတ်ဆရာကြီးက ထုံးတမ်းဓလေ့ဟုဆိုသဖြင့် မငြင်းပယ်သာဘဲ ပတ္တမြားကြီးကို လက်ခံယူလိုက်ရတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"ဟုတ်တယ် . . . ဘုရသေ့၊ ရှေ့ဆုံးက ကုလားလိုလို အသားမည်းမည်းနဲ့လူက ဦးဆောင်ဖြတ်သန်းနေပြီး သူ့ရဲ့နောက်မှာ စက်သေနတ်လွယ်ထားတဲ့ လူတစ်ယောက်၊ နောက်ပြီး သူ့နောက်မှာ ကျောပိုးအိတ်တွေနဲ့ ပြောင်းရှည်သေနတ်ကိုယ်စီလွယ်ထားတဲ့ လူသုံးယောက် ဖြတ်ကူးနေတယ် . . . ဘုရသေ့၊ သူတို့ရဲ့နောက်ကမှ လူ၀၀ထွားထွား အသက်ကြီးကြီး ဖြတ်သန်းနေတယ်၊ အဲ . . . အဲဒီလူကြီးရဲ့နောက်မှာ မိန်းကလေးတစ်ယောက်ပါလား၊ နေဦး . . . နေဦး . . . သေချာကြည့်လိုက်ဦးမယ်"

ဟု စိတ်အားထက်သန်စွာဆိုကာ မှန်ပြောင်းကို အစ်ကိုက ဆွဲနိုင်သမျှဆွဲကာ ကြည့်လိုက်ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြောင်းထဲဝယ် ချောမောလှပသော မိန်းကလေး၏မျက်နှာကို တွေ့ရလေ၏။

"ဟာ . . . တော်တော်ချောတဲ့ ကောင်မလေးပါလား၊ အားရိုးရိုး . . . လှမှလှပဲ၊ တောင့်လိုက်ဖြောင့်လိုက်တာလဲ မပြောပါနဲ့တော့ . . . ဟီ . . . ဟိ . . ."

ဟု ဇမုန်ထန်းက မစားရဝခမန်း ပြောလျက်ရှိရာ မင်းပုည နှင့် အောင်စိုးတို့ကလည်း မရိုးမရွဖြစ်သွားပြီး . . .

"ကိုကြီးဇမုန်ထန်း . . . ကျွန်တော်တို့ကိုလည်း ပေးကြည့်ပါဦးဗျာ၊ ကောင်မလေးက ဘယ်လိုဝတ်ထားလဲ၊ တောတွင်းက လူရိုင်းမလေးများလား"

ဟု မင်းပုညက ဇမုန်ထန်း၏လက်ထဲမှ မှန်ပြောင်းကို အတင်းတောင်းနေသလို အောင်စိုးကလည်း အားကျမခံ အမူအရာမျိုးဖြင့်-

"ကိုကြီး . . . ကျွန်တော့်ကို အရင်ပေး၊ ကြည့်ချင်လှပြီဗျ"

ဟု တောင်းဆိုနေပြန်၏။

မင်းပုညက . . .

"ဟေ့ကောင် . . . မင်း . . . ငါ့နောက်က တန်းစီ၊ ငါစီနေတာ အရင်ကျတာကွ"

ဟု ဟောက်ပစ်လိုက်ပြီး ဇမုန်ထန်း၏လက်ထဲမှ မှန်ပြောင်းကြီးကို အတင်းဆွဲလုတော့၏။

"ကိုကြီးဇမုန်ထန်းကလည်း ဒီလောက်ကြည့်ရ တော်ရောပေါ့ဗျာ၊ ပေးစမ်းပါဦး . . . ကြည့်ချင်လွန်းလို့"

ထိုသို့ သူတို့ဗရုတ်ဗရက် ဖြစ်နေကြသည်ကို မြတ်ဇော်နောင်



www.burmeseclassic.com

www.burmeseclassic.com



သွားရသူက ရသေ့ကြီးဦးဒိဗ္ဗဖြစ်၏။ ရသေ့ကြီးက လေသံမာမာဖြင့်-

"ဟော့ကောင်တွေ . . . ဒီလောက် သေရေးရှင်ရေး ဖြစ်နေတာကို ကရင်ထန်းလျက်အိုးတွေ့တာကျနေတာပဲ၊ အဲဒီကောင်တွေက မင်းတို့ရဲ့သေမင်းတွေကွ၊ သေမင်းတွေ သိရဲ့လား၊ သူတို့ဆီမှာ ပြောင်းတိုနဲ့၊ ပြောင်းရှည်နဲ့၊ စက်သေနတ်တွေနဲ့ . . .၊ ငါတို့မှာ ဓါးတောင်မှ အသွားခြောက်လက်မထက် ပိုရှည်တာ မပါဘူး"

ဟု ငေါက်ငမ်းလိုက်တော့မှ မင်းပုညနှင့် အောင်စိုးတို့လည်း မျက်နှာပိုးသတ်သွားပြီး ဇမုန်ထန်းကမ်းပေးလာသည့် မှန်ပြောင်းကို ယူကာ ဣန္ဒြေရရ ကြည့်လိုက်တော့၏။

"အေး . . . အေးဟ၊ တော်တော်ချောတဲ့ ကောင်မလေးပဲ"

"အဲ . . . နေပါဦး၊ အဲဒီကောင်မလေးကို ငါသိသလိုပဲ၊ တစ်နေရာရာမှာ တွေ့ဖူးမြင်ဖူးသလိုပဲ၊ အောင်စိုး . . . မင်းလည်း ကြည့်ပါဦး"

ဟုပြောလိုက်ရာ အောင်စိုးကလည်း သိချင်ဇောဖြင့် . . .

"ကဲပါ . . . ပေးစမ်းပါ၊ ငါကြည့်ပါဦးမယ်"

ဟုပြောရင်း မှန်ပြောင်းကို ယူကြည့်လိုက်ရာ . . .

"ဟာ . . . အဲ . . . အဲဒီကောင်မလေးက ငါတို့မြို့မှာ လာပြသွားတဲ့ မျက်လှည့်အဖွဲ့က ကောင်မလေးကွ"

"ဟေ . . . ဟုတ်ရဲ့လား အောင်စိုးရာ"

ဟု မင်းပုညက သေချာအောင် မေးလိုက်၏။

"ဟုတ်သမှ သိပ်ဟုတ်ပဲ မင်းပုညရေ၊ အဲဒါမျက်လှည့်ဆရာကြီးတာနော့ရဲ့သမီး စံပယ်မြိုင်ပဲကွ၊ သေတ္တာထဲထည့်ပြီး လွှနဲ့အဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ခံတာ သူလေးပေါ့၊ နေဦး . . . သူ့ရဲ့ရှေ့က လူကြီးကို ငါသေချာ ကြည့်လိုက်ဦးမယ်"

အောင်စိုးသည် မှန်ပြောင်းကြီးဖြင့် စံပယ်မြိုင်၏ရှေ့မှ လူကြီးကို သေချာကြည့်လိုက်ရာ ထိုသူက မှန်ပြောင်းရှိရာဖက်သို့ မျက်နှာလှည့်လိုက်သည့်အခိုက်နှင့် ကြုံသွားရာ အောင်စိုးမှာ ပို၍သာ အံ့သြသွားပြီး . . .

"အိုး . . . ဟိုးဟိုး . . . မျက်လှည့်ဆရာကြီးဦးတာနော ပါလား၊ သူ့ရဲ့ရှေ့မှာက သူ့ရဲ့ညာလက်ရုံးတပည့် ဖိုးတေဆိုတဲ့လူ ကြီးကွ"

ထိုအချိန်တွင် ဘရသေ့မှာ သူ၏ရှည်လျားသော မုတ်ဆိတ် မွေးကြီးများကို လက်ချောင်းလေးများဖြင့် သပ်နေရာမှ . . .

"အင်း . . . အဲဒီမျက်လှည့်ဆရာရဲ့ မျက်လှည့်ပွဲ မဟုတ် လား၊ ကျော်စွာဝင်နှောက်လို့ ဆက်မကဖြစ်ပဲ မင်းတို့မြို့ကနေ တပျာ ကယာ အထုပ်သိမ်းပြီး လစ်ပြေးသွားရတာ . . ."

ဟု မျက်လှည့်ပွဲဖျော်ဖြေတင်ဆက်နေစဉ် ကျော်စွာနှင့် ပြဿနာဖြစ်သွားတာကို သတိရပြီး မေးလေ၏။

"ဟုတ်ပါတယ် . . . ဘရသေ့"

"အင်း . . . ဒါဆို . . . ကျော်စွာပျောက်ဆုံးမှုရယ်၊ နဝင် ရွှေစင်ရတနာတွေ ရှာဖွေတဲ့ကိစ္စရယ်၊ နှစ်ခုစလုံးမှာ အဲဒီမျက်လှည့် ဆရာဟာ တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေပြီလို့ ငါယူဆတယ်"

ဟု အခိုင်အမာပြောလိုက်ရာ မင်းပုညကလည်း မဆိုင်း မတွ ပင် ၎င်းအဆိုကို ထောက်ခံလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ် ဘရသေ့၊ ကျော်စွာကြောင့် မျက်လှည့်ပွဲကို ဆက်မပြရဲတော့ဘဲ ကျွန်တော်တို့မြို့လေးကနေ ခွေးပြေးဝက်ပြေး ကသုတ်ကယက် ပြေးသွားခဲ့ရတာကို သူတို့က လုံးဝကျေနပ်မှာ မဟုတ်ဘူး၊ ကျော်စွာအပေါ်မှာလည်း အငြိုးအတေးထားမှာ အသေအချာပဲ"

"အင်း . . . ငါ့ရဲ့ပေရွက်မြေပုံ ပျောက်ဆုံးရတာဟာလည်း သူတို့ရဲ့လက်ချက်ပဲ ဖြစ်ရမယ်၊ ဘယ့်နှယ်ဒီပေရွက်ကို လွယ်အိတ်ထဲ သေချာထည့်ထားပြီး ခေါင်းအုံးအိပ်ခဲ့တာ၊ နိုးလည်းနိုးလာရော အဲဒီပေရွက်က ပျောက်ခြင်းမလှ ပျောက်သွားတာဟာ သင်းတို့လက်ချက်ပဲ ဖြစ်ရမယ်၊ သင်းတို့က လူတွေကို လှည့်တတ်ပတ်တတ်တဲ့ မျက်လှည့်လက်လှည့်အတတ်တွေ တတ်ထားတဲ့ ကောင်တွေဆိုတော့ ဒီကောင်တွေ လက်ချက်ဆိုတာ ဧကန်ပဲ"

ထိုအခါ ဇမုန်ထန်းကလည်း တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် . . .

"ဒါနဲ့ ဘရသေ့ . . နောက်တစ်ချက် ကျွန်တော်သတိထားမိတာ ရှိတယ်၊ ကျော်စွာနဲ့ ကျွန်တော်တို့ ဒီတောင်တန်းကြီးပေါ် ပထမအခေါက်လာတုန်းက ကျွန်တော်တို့ရဲ့နောက်မှာ လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရတယ်လို့ ထင်တယ်ဆိုပြီး ဘရသေ့ကို ကျွန်တော်ပြောဖူးတာ မှတ်မိလား"

ဟုမေးလိုက်ရာ ဘရသေ့က . . .

"အေး . . . မှတ်မိတယ်၊ မင်းက အဲဒီလူရိပ်လိုလိုတွေ့တာဟာ ငါတို့နောက်က အဲဒီမျက်လှည့်အဖွဲ့ထဲက ကောင်တွေ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနေတာလို့ ဆိုလိုချင်တာလား၊ အဲဒီလို ထင်တာလား . . . ဇမုန်ထန်း"

ဟု ရသေ့ကြီးဦးဒိဗ္ဗက ပြန်မေးလိုက်ရာ ဇမုန်ထန်းက စိတ်အားထက်သန်စွာဖြင့် . . .

"ဟုတ်ပါတယ် ဘရသေ့၊ အဲဒီတုန်းက ဘရသေ့က တောခြောက်တာလို့ ထင်ခဲ့ပြီး ကျော်စွာကတော့ သတိမထားမိဘူး၊ ကျွန်တော့်ဘာသာ မြင်ချင်ရာမြင်တာလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် တောထဲမှာ စခန်းချရင်း သောက်ရေသွားခပ်တော့ ရေစီးအတိုင်း ချောကလက်စက္ကူပတ် အသစ်စက်စက်လေးတစ်ခုမျောလာတာ တွေ့ရတယ်၊ ကျွန်တော်တို့အဖွဲ့ထဲမှာ ကျွန်တော်နဲ့ ကျော်စွာတို့နှစ်ယောက်သာ ချောကလက်ယူလာကြတာ၊ ဘရသေ့က ယူမလာပါဘူး၊ ကျွန်တော်တို့ယူလာတဲ့ ချောကလက်ကလည်း အဲဒီစက္ကူပတ်မျိုးနဲ့ မဟုတ်ဘူး။

ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အပြင် အခြားတစ်စုံတစ်ဦးလည်း တောထဲမှာ ရောက်နေတာ သေချာတယ်၊ အဲ . . . နောက်နေ့မှာပဲ ကျော်စွာတစ်ယောက် စုပ်စံမြုပ်စကို ပျောက်သွားတော့တာပဲ၊ ကျွန်တော့်အထင်ပြောရရင် . . ."

ဇမုန်ထန်းက ထိုသို့တွေးတွေးဆဆပြောရင်းမှ မြင့်မားလှသော တောင်ကမ်းပါးယံကြီးကို မော့ကြည့်လိုက်ကာ . . .

"အဲဒီချောက်ကမ်းပါးကြီးပေါ်ကနေ ကျော်စွာရဲ့အလစ်မှာ နောက်တ အမြဲချောင်းပြီး လိုက်လာတဲ့ကောင်က တွန်းချလိုက်တယ်လို့ ထင်တာပဲ ဘရသေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးမှာ ဇမုန်ထန်း၏စကားကို ကြားရသည်တွင် မြင့်မားလှသည့် ချောက်ကမ်းပါးကြီးဆီသို့ ပြိုင်တူလိုလို မော့ကြည့်လိုက်ကြ၏။

ဇမုန်ထန်းပြောပြသမျှ ဆက်စပ်တွေးတောကြည့်လေလျှင် ၄င်း၏တွေးထင်ယူဆချက်များ မှန်ကန်နိုင်ကြောင်းကို အားလုံး၏စိတ်ထဲမှ လက်ခံလိုက်ကြ၏။

သို့ကြောင့် ရသေ့ကြီးဦးဒိဗ္ဗက . . .

"အေး . . . မင်းပြောတာ ဖြစ်နိုင်ချေတော့ ရှိပါတယ်၊ မင်းရဲ့တွေးဆချက်အတိုင်း မှန်ခဲ့မယ်ဆိုရင် ကျော်စွာရဲ့အလောင်းကို ဒီချောက်ကြီးရဲ့အောက်ခြေမှာ တွေ့ကိုတွေ့ရမယ်ကွ၊ သားကောင်တွေဘာတွေ ဆွဲမယ်၊ စားသောက်ပစ်မယ်ဆိုရင်တောင်မှ သူ့ရဲ့အရိုးစုတော့ ကျန်မှာပဲကွ"

"ဟုတ်တယ် ဘရသေ့၊ ကျွန်တော်ကတော့ ကျော်စွာဟာ ကျွန်တော်ထင်တဲ့အတိုင်း သူ့နောက်က လိုက်နေတဲ့သူရဲ့ အငိုက်မိပြီး ချောက်ထဲကျသွားတာပဲ ဖြစ်ကိုဖြစ်ရမယ်"

ဟု ဇမုန်ထန်းက သူ့အခိုင်အမာ ယုံကြည်လိုက်ကြောင်း ထပ်မံပြောဆိုပြန်၏။

"ကဲ . . . ပြောနေတာ ကြာတယ်၊ ငါတို့ ဒီချောက်အောက်ခြေမှာ လိုက်ရှာကြစို့၊ သဲလွန်စတစ်ခုခုကို တွေ့လိုတွေ့ငြားပေါ့ကွာ"

"ဟိုကောင်တွေ ကျောက်တံတားကြီးကိုဖြတ်ပြီး ဆင်းလာရင် ဒီချောက်အောက်ခြေရောက်ဖို့ အနည်းဆုံးတစ်နာရီလောက်ကျော်လောက် ကြာဦးမယ်၊ ဒီတော့ သူတို့ ဒီကိုရောက်မလာခင် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စရှာဖို့အတွက် နာရီဝက်လောက် အချိန်ရတယ်၊ ကဲ . . . လာ . . . ကြိုးစားရှာဖွေကြစို့ . . .”

ဟု ရသေ့ကြီးက လောဆော်လိုက်သည်ကြောင့် သူတို့အားလုံးမှာ ချောက်အောက်ခြေအနှံ့ ရှာဖွေစူးစမ်းမှု ပြုကြတော့၏။

သူတို့သည် လူစုခွဲပြီး ချောက်အောက်ခြေတွင် နှံ့နှံ့စပ်စပ်ရှာဖွေကြတော့၏။ မိနစ်နှစ်ဆယ်ခန့်မျှ ပိုက်စိပ်တိုက် ရှာဖွေကြပြီးနောက် အံ့ဩဖွယ်ကောင်းသည့် သဲလွန်စတစ်ခုကို စတင်တွေ့ရှိလေ၏။

“ဟာ . . . ဒီမှာ ဖိနပ်တစ်ဖက်ပါလား”

ဟု အောင်စိုးက အံ့ဩတကြီးအော်လိုက်ရာ အားလုံးသည် ၎င်းရှိရာသို့ ပြေးလွှားရောက်ရှိသွားကြ၏။

“ဟာ . . . ဟုတ်တယ်ဟေ့၊ တောစီးဖိနပ်တစ်ဖက်ပါလား”

ဇမုန်ထန်းသည် ဖိနပ်ကို သေသေချာချာ ကိုင်ကြည့်လိုက်ပြီး . . .

“ဒါ . . . ဒါ . . . ကျော်စွာရဲ့ဖိနပ်ကွ၊ ငါကောင်းကောင်းမှတ်မိတယ်”

ဟုပြောလိုက်ရာ အားလုံးက ဖိနပ်ကို ငေးစိုက်ကြည့်ကြရင်း စိတ်မကောင်းဖြစ်သွားကြလေ၏။

တောစီးဖိနပ်တစ်ဖက်တည်း တွေ့ရခြင်းအားဖြင့် ကျော်စွာသည် အန္တရာယ်တစ်စုံတစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီး ဒုက္ခရောက်သွားသည်မှာ သေချာသွားပြီဟု တွေးထင်လိုက်သောကြောင့် ဖြစ်သည်။

ဘုရသေ့မှာမူ စုတ်ပြတ်ပြတ်ထွက်ခြင်းမရှိသေးသဲ့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပကတိအတိုင်း ရှိနေသေးသော ဖိနပ်ကို စိုက်ကြည့်ရင်း အတန်ကြာ စဉ်းစားတွေးတောနေရာမှ တစ်စုံတစ်ခုကို သိမြင်လိုက်သလို မျက်နှာ ဝင်းပသွားပြီး . . .

"ဟော့ကောင်တွေ . . . မင်းတို့ရဲ့သူငယ်ချင်းအတွက် မျှော်လင့်ချက်ရှိသေးတယ်ကွ"

"ဘရသေ့ . . . ဘာလို့ အဲဒီလိုပြောရတာလဲ၊ ပြောပါဦး"

ဟု သုံးယောက်သားမှာ အူလျားဖားလျား ဝိုင်းမေးကြရာ ရသေ့ကြီးဦးဒိဗ္ဗက တည်ငြိမ်သော မျက်နှာဖြင့် သူ၏ယူဆချက်များကို ဤသို့ပြောလိုက်လေ၏။

"ဒီမှာ . . . ငါတပည့်တို့ရဲ့၊ ဒီလောက်မြင့်တဲ့ ကမ်းပါးပေါ်ကသာ ကျော်စွာပြုတ်ကျခဲ့ရင် သူ့ရဲ့အရိုးကိုတော့ အနည်းဆုံးတွေ့ရမယ် မဟုတ်လား၊ ခုတော့ ကြည့်စမ်း၊ သူ့ရဲ့အလောင်းရော . . . ယုတ်စွအဆုံး အရိုးစုတောင် မတွေ့ကြရဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘရသေ့၊ ပြီးတော့ ကျော်စွာဟာ ကမ်းပါးပေါ်ကနေ ကျသွားတာ သေချာတယ်၊ သူကျခဲ့လို့ သူ့ဖိနပ်တစ်ဖက်ဟာ ဒီချောက်အောက် ရောက်နေတာပေါ့၊ ချောက်အောက်ခြေကို ကျသွားပြီးမှ သူဘယ်ကို ရောက်သွားသလဲတော့ မသိဘူး"

မင်းပုညက ဤသို့ပြောနေစဉ် အောင်စိုး၏မျက်လုံးအကြည့်က နံဘေးမှ ချုံကြီးပေါ်သို့ ရောက်သွားလေရာ . . .

"ဟာ . . . ဟိုမှာကြည့်စမ်း၊ ဘာအထုပ်လေးပါလိမ့်"

ဟု လက်ညှိုးထိုးပြလိုက်၏။

ဘီးစပ်ချုံပေါ် တင်နေသော အဝတ်စဖြင့် ထုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အထုပ်လေးကို ဇမုန်ထန်းက ယူလိုက်ပြီး ဖြေကြည့်ရာ အထုပ်အတွင်းဝယ် နန္ဒင်းရောင်ဥဝါဝါအခြောက်လေးကို တွေ့ရလေ၏။

"အဘ . . . ဒါ . . . အဘ ကျွန်တော်နဲ့ ကျော်စွာကို ပေးခဲ့တဲ့ ဂမုန်းနက်ဥလေးပဲ၊ ကျော်စွာက သူ့အတွက်ရတဲ့ ဂမုန်းနက်ဥတစ်ခြမ်းကို ဟောဒီလက်ကိုင်ပုဝါနဲ့ထုပ်ပြီး သူ့အင်္ကျီအိတ်ထဲကို ထည့်လိုက်တာ ကျွန်တော်တွေ့ခဲ့တယ်"

ဇမုန်ထန်း၏ စကားအဆုံးဝယ် ရသေ့ကြီးဦးဒိဗ္ဗက အားပါးတရ ပြုံးလိုက်ပြီး . . .

"ဟုတ်ပါပြီ၊ ဒါဆို ဒီကောင် ချောက်ထဲရောက်ခဲ့တာ သေချာပါတယ်၊ ကေန္တ . . . ဒီကောင်ဟာ ကံကောင်းထောက်မပြီး မြေပြင်ပေါ်တိုက်ရိုက်မကျဘဲ ဟောဟိုဝါးရုံကြီးရဲ့ အဖျားပိုင်းပေါ် ပြုတ်ကျခဲ့သလား မသိဘူး၊ အဲဒီလို ဝါးရုံဖျားပေါ် ပြုတ်ကျခဲ့ရင်တော့ ခြစ်ရာ၊ ပွန်းပဲ့ရာလို ဒဏ်ရာမျိုးရရုံကလွဲပြီး သေလောက်တဲ့ဒဏ်ရာတော့ မရနိုင်ဘူးကွ၊ အဲဒီဝါးရုံဖျားကတစ်ဆင့် ဒီဘီးစပ်ချုံကြီးတွေပေါ် ပြုတ်ကျခဲ့ရင်တော့ အကျသိပ်မနာလောက်ဘူး"

ဘရသေ့၏စကားကြောင့် ဇမုန်ထန်းက ဘဝင်မကျဟန်ဖြင့် စောဒက တက်လိုက်ပြန်၏။

"ဒါဆို . . . ကျော်စွာဟာ ဒီချောက်အောက်ခြေကို သာသာလေး ကျလာတယ်လို့ ဘရသေ့ပြောတာလား၊ အဲဒီလို သာသာလေး ကျသွားပြီး သေလောက်အောင် မဖြစ်ခဲ့ရင်လည်း သူ့ဖိနပ်ဆိုတာက်စီးပြီး တစ်နေရာရာ ထွက်သွားရမှာပေါ့ ဘရသေ့ရဲ့ ဖိနပ်တစ်ဖက်က ဘာဖြစ်လို့ ကျန်ခဲ့ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုရှိတယ်လေကွာ၊ ချောက်အောက်ကို ပြုတ်ကျနေတဲ့ သူ့ကို ဒီက,လူရိုင်းတွေက တွေ့ပြီး ဖမ်းချင်ဖမ်းသွားနိုင်တာပေါ့"

ဘရသေ့စကားကို ကြားရသည့်အခါ သူတို့အားလုံး ပြန်လည်ငြိမ်ကျသွားပြန်၏။

"အင်း . . . လူရိုင်းတွေ ဖမ်းမိသွားရင်လည်း မလွယ်သေးဘူး ဘရသေ့ရေ . . ."

ဟု အောင်စိုးက ပင့်သက်ရှိုက်ရင်း လေးတွဲ့စွာ ပြောလေ၏။

"ဒါကတော့ တပည့်တို့ရာ၊ သူ့အလောင်းကို ဒါမှမဟုတ် အရိုးစုကို တွေ့ရတာထက်စာရင် သူ့ကို မတွေ့ရသေးတာက ငါတို့အတွက် မျှော်လင့်ချက်တွေကို ဆက်လက်ရှင်သန်စေတာပေါ့"

ဟု ရသေ့ကြီးဦးဒိဗ္ဗက ကျိုးကြောင်းဆီလျော်စွာ ပြောလိုက်ရာ သူတို့အားလုံး၏မျက်နှာများလည်း ပြန်လည်ဝင်းပသွားတော့၏။

"ဟာ . . . ဟုတ်တာပေါ့၊ ဒါဆို ကျော်စွာကို ကျွန်တော်တို့ ဆက်ရှာကြမယ် . . . အဘရေ"

သူတို့အားလုံး၏ မျက်နှာများက မျှော်လင့်ချက်ကြောင့် တက်ကြွလန်းဆန်းသွားစဉ်မှာပဲ ရသေ့ကြီးဦးဒိဗ္ဗက မျက်လုံးပြူးကာ ပါးစပ်ရှေ့မှ လက်ညှိုးကို ကပ်ထောင်ပြလိုက်ပြီး . . .

"ရှူးတိုးတိုး . . . ဟိုကောင်တွေ ရောက်လာပြီ"

ဟုပြောလိုက်ရာ အားလုံးက ရသေ့ကြီးကြည့်ရာသို့ လှည့်ကြည့်လိုက်ကြသည်တွင် သေနတ်ကိုယ်စီကိုင်ဆောင်ထားသူများသည် ပျဉ်းမပင်တို့ကြားမှ ထွက်လာနေသည်ကို ရုတ်တရက် တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ကြ၏။

ရသေ့ကြီးဦးဒိဗ္ဗက လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သဖြင့် သူတို့အားလုံးမှာ အသံလုံးဝမထွက်ဝံ့တော့ဘဲ ဘီးစပ်ချုံကြီးများနောက်သို့ ပုန်းဝင်လိုက်ကြကာ လက်နက်ကိုယ်စီဖြင့် မျက်လှည့်ဆရာကြီးတာနော့တို့အဖွဲ့ကို ချောင်းကြည့်အကဲခတ်နေကြ၏။

သူတို့မျက်လှည့်အဖွဲ့သည် ဇမုန်ထန်းတို့ ပုန်းခိုနေရာဘက်သို့ မလာဘဲ ဆန့်ကျင်ဘက်စမ်းချောင်းလေးရှိရာဖက်သို့ သေနတ်များ အသင့်ကိုင်ဆောင်ပြီး သတိဝီရိယဖြင့် တစ်လှမ်းချင်း ချီတက်သွားကြတော့၏။

"ကောင်မလေး မပါတော့ပါလားကွ"

ဟု ဇမုန်ထန်းက သတိထားမိပြီး ပြောလိုက်ရာ . . .

"ဟုတ်တယ် . . . ကိုကြီးဇမုန်ထန်း၊ စံပယ်မြိုင် ပါမလာတော့ဘူး၊ ဇကန္တ တောင်စောင်းတစ်နေရာမှာ ချန်ရစ်နေခဲ့ပုံပဲဗျ"

ဟု မင်းပုညက ပြောလိုက်စဉ်မှာပဲ ဆူညံစွာ အော်ဟစ်လိုက်သံတို့ကို ကြားလိုက်ကြရတော့သည်။

"ဝူ . . . ဝူ . . . ဝူ . . . ဝူ . . . ဝူ . . ."

"ဟာ . . . အဲဒါ . . . ဘာအော်သံလဲ ဘရသေ့"

"ဒါဟာ တောတွင်းလူရိုင်းမျိုးနွယ်တွေရဲ့ ရန်သူလာလို့ အချက်ပေးအော်ဟစ်သံပဲကွ၊ မျက်လှည့်အဖွဲ့နဲ့ လူရိုင်းတွေတော့ ထိပ်တိုက်တိုးကြပြီ"

ဟု ဘရသေ့က ပြောလိုက်စဉ်မှာပဲ သေနတ်သံများ ဆူညံသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တဒိုင်းဒိုင်း၊ တဒက်ဒက် သေနတ်သံများ ဆူညံသွားပြီးနောက် မြောင်ကြီးတစ်ခုလုံး ခေတ္တငြိမ်ကျသွားလေ၏။

ထို့နောက် တဝူးဝူးဖြင့် လူရိုင်းတို့၏အော်သံများကို ကြားရပြီး သေနတ်သံများကိုပါ ကြားရလေ၏။ ဘရသေ့သည် တိုက်ပွဲဖြစ်နေရာမှ အသံတို့ကို သေချာစွာ နားစွင့်လိုက်ပြီးနောက် မှတ်ချက်ပေးလေ၏။

"ကေန္တ . . . ဒီကောင်တွေ မတိုးသာမဆုတ်သာ ဖြစ်နေပုံရတယ်ကွ၊ မျက်လှည့်အဖွဲ့ ရှေ့မတိုးနိုင်အောင် လူရိုင်းတွေက ပိတ်ဆို့တိုက်ခိုက်နေပုံရတယ်"

ဘရသေ့က အခြေအနေပြောပြသည်တွင် မင်းပုညက . .

"ကျွန်တော်တို့ကရော ဘာဆက်လုပ်ရင်ကောင်းမလဲ . . . ဘရသေ့ . . ."

ဟု မေးလိုက်ရာ . . .

"ဩော် . . . ယာလည်းကြေ၊ ကြက်လည်းမော ဆိုသလို သူတို့နှစ်ဖွဲ့လုံး ခြေကုန်လက်ပန်းကျတဲ့အထိ စောင့်ကြည့်ရမှာပေါ့ကွာ"

ဘရသေ့က ခပ်အေးအေးလေသံဖြင့် ပြောလိုက်ပြီး သူ၏လွယ်အိတ်ကြီးထဲမှ ကွမ်းတစ်ယာထုတ်ကာ ပါးစောင်ထဲသို့ ထိုးသွင်းလိုက်ပြီး အေးအေးလူလူပင် ဝါးနေလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျော်စွာမှာ နာဖွန်ဂန်တို့ရှိရာ လျှို့ဝှက်ကမ္ဘာသို့ ကြီးမားသော အန္တရာယ်ကျရောက်လာပြီဆိုတာကို သိလိုက်ပြီဖြစ်၏။

ကံကောင်းသည်က ကျော်စွာမှာ လုံခြုံရေးသတိဖြင့် နာဖွန်ဂန်တို့ကို ကင်းမပြတ်ချထားခြင်းကြောင့် သေနတ်ကိုင်လူစိမ်းများ ဝင်ရောက်လာသည်ကို ကင်းသမားတို့က စတွေ့ကာ အချိန်မီ အချက်ပေးလိုက်နိုင်ခြင်းကြောင့်သာ ထိုလှိုဏ်ဂူကြီးအနားသို့ ရန်သူများ ရုတ်တရက် ချဉ်းကပ်၍မရခဲ့ခြင်း ဖြစ်သည်။

နာဖွန်ဂန်တို့၏ အဆိပ်လူးမြှားတို့က သစ်တောအတွင်း နေရာအနှံ့မှ ထွက်လာရာ ခေတ်မီစက်သေနတ်များ ကိုင်ဆောင်ထားသည့် လူစိမ်းအဖွဲ့မှာ အထိနာသွားပြီး သူတို့က ပြန်လည်ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြသော်လည်း ရန်သူနာဖွန်ဂန်လူရိုင်းတို့ကို မမြင်ဘဲ ရမ်းပစ်ရခြင်းသာ ဖြစ်သောကြောင့် ထိုလူစိမ်းများ၏ တုန့်ပြန်တိုက်ခိုက်မှုက ထိရောက်မှုမရှိဘဲ အချည်းနှီးသာ ဖြစ်သွားလေ၏။

ကျော်စွာက လိုဏ်ဂူကြီးအတွင်းရှိ လျှို့ဝှက်ကျောက်လှေကားထစ်များအတိုင်း တက်လာပြီး ဂူကြီး၏အပေါ် အမိုးစွန်းကျောက်ဖျာကြီးရှိရာသို့ အတွင်းမှ ဖောက်ထားသော လိုဏ်ပေါက်ငယ်မှ တက်လာခဲ့၏။

ဤလိုဏ်ပေါက်ငယ်မှာ ကသူးတို့နှင့် မတိုက်ခိုက်မီကမှ ကျော်စွာ၏အကြံပြုစီမံချက်ဖြင့် ဖောက်လုပ်ထားခြင်း ဖြစ်သည်။

ကျော်စွာသည် ယင်းလျှို့ဝှက်လိုဏ်ပေါက်မှ ဂူအမိုးစွန်းကျောက်ဖျာပေါ်သို့ ရောက်ရှိသွား၏။ ဤကျောက်ဖျာကြီးမှာ မြေပြင်မှ ပေငါးဆယ်ခန့်မြင့်ပြီး ကျောက်ဖျာပေါ် ဝယ် ချုံနွယ်များလည်း ရှိသဖြင့် မြောင်အောက်မှလူများကို အထင်းသားတွေ့မြင်နိုင်၏။

ကျော်စွာသည် ဂူအမိုးစွန်းမှနေ၍ အောက်သို့ဆီးကြည့်လိုက်ရာ သစ်ပင်ကျောက်တုံးများ၏ နောက်၌ကွယ်ရင်း ဂူလိုဏ်အဝသို့ သေနတ်ပြောင်းရှည်များ၊ စက်သေနတ်များဖြင့် ရမ်းသမ်းပစ်နေကြသော လူစိမ်းများကို တွေ့ရလေ၏။

ထိုသူတို့ကို ကျော်စွာသည် သေသေချာချာ ကြည့်လိုက်ပြီးနောက် အံ့အားသင့်သွားသကဲ့သို့ ခံပြင်းဒေါသဖြင့် အံတင်းတင်းကြိတ်လိုက်လေ၏။

"သြ . . . လတ်စသတ်တော့ မျက်လှည့်ဆရာတာနေ့နဲ့ သူ့ရဲ့တပည့်ဖိုးတေတို့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဖိုးတေ . . . ဖိုးတေ၊ ငါတို့ ချောက်ထဲသေး ပေါ်ကနေ တွန်းချခဲ့တဲ့ကောင်၊ ခုတော့ သင်းကို လက်တုံ့ပြန်ဆုံးမ ဖို့ အခွင့်ကြုံလာပြီပေါ့"

ကျော်စွာသည် အံကိုတင်းတင်းကျိတ်လိုက်ပြီး ကျောတွင် လွယ်ထားသော မြှားတောင်းထဲမှမြှားကို ဆွဲထုတ်လိုက်ကာ လေး ပေါ်၌တင်လျက် လေးညှို့ကို အားကုန်ဆွဲပြီး ဖိုးတေရှိရာသို့ အပေါ်မှ ဆီးမိုးကာ ချိန်လိုက်လေ၏။

ထို့နောက် စက်သေနတ်ဖြင့် စွတ်ရမ်းပစ်နေသော ဖိုးတေ ထံသို့ အဆိပ်လူးမြှားကို ပစ်လွှတ်လိုက်လေ၏။

ရှူပ်ခနဲအသံနှင့်အတူ အဆိပ်လူးမြှားမှာ ဖိုးတေရှိရာသို့ ပြေးဝင်သွားပြီး သေနတ်ကိုင်ထားသော လက်မောင်းကို စွပ်ခနဲ စိုက် ဝင်သွားတော့၏။

ဖိုးတေမှာ "အား" ခနဲအော်ကာ မြေပြင်ပေါ်သို့ ပစ်လဲကျ သွားတော့၏။

နောက်တစ်ကြိမ်တွင်တော့ သူ၏ပစ်မှတ်က မျက်လှည့်ဆရာ ကြီးတာနောကိုပဲ ဖြစ်၏။

ကျော်စွာသည် မျက်လှည့်ဆရာကြီးတာနောထံသို့ လေးကို သေသေချာချာချိန်ပြီး ပစ်လွှတ်လိုက်ပြန်၏။

ထိုအခါ အဆိပ်လူးမြှားက ဦးတာနောထံသို့ ပြေးသွားပြီး ရှူပ်ခနဲအသံနှင့်အတူ ပစ္စတိုကိုင်ထားသော သူ၏လက်မောင်းကို ထုတ်ချင်းခတ်ဖောက်ဝင်သွားတော့၏။

ဦးတာနောမှာ "အား" ခနဲအော်ကာ မြေပေါ်သို့ ပစ်လဲသွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ ခေတ်မီလက်နက်များမရှိသော တောတွင်းလူရိုင်းများဟူ၍ အထင်သေးခဲ့မိသော မျက်လှည့်ဆရာကြီးတာနေ့ာတို့မှာ အရေးမလှသည်ကြောင့် နောက်သို့ကြောက်အားလန့်အားဖြင့် ပြန်ဆုတ်ရတော့၏။

သို့သော် သူတို့သည် အတော်ဝေးဝေးသို့ ဆုတ်မသွားသေးဘဲ ကြီးမားလှသော အင်ကြွင်းပင်ကြီးတစ်ပင်၏ ပင်စည်နောက်သို့ ပြေးဝင်ခိုလိုက်ကာ နောက်ထပ်စိတ်မကြေပွဲနွှဲရန် ကြံရွယ်နေကြပုံရ၏။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ပြောဆိုနေစဉ်တွင် သေနတ်ကိုင်တစ်ယောက်က လှိုဏ်ဂူရှိရာသို့ စောင့်ကြည့်လျက်ရှိလေ၏။

ဖိုးတေသည် ဆရာကြီးတာနေ့ာအား တစ်စုံတစ်ခုပြောလိုက်ပြီးနောက် ကျောပိုးအိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်လိုက်လေ၏။

"ဟာ . . . မိုင်းတွေပါလား၊ ကေန္တ . . . မင်းတို့က နာဖွန်ဂန်တို့ရဲ့ လှိုဏ်ဂူကြီးကို မိုင်းဗုံးနဲ့ ခွဲပစ်မလို့ပေါ့လေ၊ တော်တော်လည်း အကြံပက်စက်တဲ့ ကောင်တွေပါလား"

ဟု ကျော်စွာက စိတ်ထဲမှာ တေးထားလိုက်၏။

ဖိုးတေက လူတစ်ယောက်ကို စေခိုင်းလိုက်ရာ ထိုသူမှာ မိုင်းများကို ရင်ဝယ်ပိုက်ရင်း လှိုဏ်ဂူကြီးရှိရာ ကျောက်တောင်နံရံဆီသို့ ကိုယ်ကိုလှိမ့်ကာလှိမ့်ကာဖြင့် ချဉ်းကပ်သွားပြီဖြစ်၏။ ထို့နောက် မိုင်းကို ကျောက်တောင်၏နံရံတွင် ကပ်လိုက်ပြီး စနက်တံကြိုးကို ဖိုးတေထံသို့ ပြန်ယူသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖိုးတေက စနက်တံကြိုးကို အင်ကြင်းပင်အောက်မှ စ၍ မီးရှို့လိုက်တော့၏။ မီးက ကြိုးတစ်လျှောက် တဖျစ်ဖျစ်မြည်ကာ တောက်လောင်သွားရာမှ ကျောက်တောင်ခြေနှင့် အင်ကြင်းပင်ကြား ရှိ မြေကွက်လပ်ကို ဖြတ်ပြေးတောက်လောင်လာနေပြီ ဖြစ်၏။

မကြာမီတွင် မီးသည် မိုင်းများဆီသို့ ရောက်ရှိပေတော့မည် ဖြစ်၏။

ကျော်စွာသည် လေးကို သေသေချာချာ ချိန်လိုက်ပြီး ထပ်မံ ပစ်လွှတ်လိုက်ရာ မြှားသည် ရှီးခနဲအသံနှင့်အတူ လေးညှို့မှထွက် သွားပြီး မီးမတောက်လောင်သေးသော ဂူနံရံအနီးမှ မီးကြိုးကို ဖြတ် ဖောက်ကာ မြေ၌စိုက်ကျသွားလေ၏။

သို့ကြောင့် ကြိုးက ထက်ပိုင်းပြတ်သကဲ့သို့ ဖြစ်သွားပြီး မိုင်း ရှိရာသို့ ဆက်လက်ပြီး ကူးစက်နိုင်ခြင်း မရှိတော့ပေ။

"ဟာကွာ . . . ဒါ . . . ဒါ . . . ဘယ်လိုဖြစ်သွားတာလဲ"

ဟု ဒေါသတကြီးဖြင့် ဖိုးတေက ရေရွတ်ပြီး မြှားလာရာ လမ်းကြောင်းကို မော့ကြည့်လိုက်၏။ သို့သော် သူသည် မြှားဖြင့် ပစ်လိုက်သည့် ရန်သူကို လုံးဝရှာမတွေ့ပေ။

ဖိုးတေသည် နာဖွန်ဂန်လူရိုင်းများရှိရာ လှိုဏ်ဂူကြီးအား မိုင်းထောင်ဖောက်ခွဲမည့်ကိစ္စမှာ မအောင်မြင်သည်ကြောင့် လွန်စွာ ဒေါသထွက်လျက်ရှိပြီး . . .

"ဆရာကြီး . . . ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့ ဆက် တိုးလို့မရဘူး ဖြစ်နေပြီ၊ ကျွန်တော်တို့မှာ အထိလည်း အတော်နာ နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



တုံ့ မျက်လှည့်ဆရာကြီးဦးတာနေ့ာထံ အကြံဉာဏ်တောင်းလိုက်၏။ ဦးတာနေ့ာမှာလည်း ကြံရာမရဖြစ်နေသလို လွန်စွာဒေါသဖြစ်နေရာက သူ၏တပည့်များကို ဖိပြီးကြိမ်းမောင်းလေ၏။

"တောက် . . . ဒီလောက်တောင် ခေတ်မီလက်နက်တွေ ငွေကုန်ကြေးကျခံပြီး ငါ့ရှာဖွေဝယ်ယူစုဆောင်းလာခဲ့တာတောင် မင်းတို့က နိုင်အောင်မတိုက်နိုင်ဘူးလား၊ လူပြန်စုပြီး ဒီလှိုဏ်ဂူကြီးထဲ အတင်းဝင်ပြီး ပစ်တော့၊ ရတနာတွေက အဲဒီဂူကြီးထဲမှာရှိတာ သေချာပြီ၊ အခုမှ ငါပေရွက်ကို ပြန်ကြည့်ပြီး လက်ရှိဂူအဝနဲ့ တိုက်ဆိုင်ကြည့်လိုက်တယ်၊ အမတ်ကြီးစက္ကဒေဝရဲ့ မြေပုံညွှန်းထဲက ရတနာဂူကြီးဟာ ဒီဂူကြီးပဲ၊ ဟုတ်တယ် . . . ပါးစပ်နားရောက်မှတော့ ပုတ်အချမခံနိုင်ဘူး၊ ရအောင် ပြန်တိုက်မယ်"

ကျော်စွာက ရန်သူကို အထက်စီးက ငုံ့ကြည့်နေရာမှ မျက်လှည့်ဆရာကြီးတာနေ့ာ၏ ဒေါသတကြီး ပြောဆိုနေသံများကို ဝေ့ကာပင့်ကာ တိုက်ခတ်လာသော လေကြောင့် ပီပီသသ ကြားလိုက်ရရာ ထိုသူတို့က ထိုးစစ်ထပ်မံပြီးဆင်လာလျှင် မည်သို့တုန့်ပြန်ရမည်ကို ချက်ချင်းစဉ်းစားလိုက်ပြီးနောက် ဂူအမိုးစွန်းပေါ်မှနေ၍ ဂူအတွင်းသို့ လျှို့ဝှက်လှိုဏ်ငယ်မှ ပြန်ဝင်လာခဲ့၏။

သူသည် လှိုဏ်ဂူကြီးအတွင်းသို့ ပြန်ရောက်သည်နှင့် လှိုဏ်ဂူအဝရှိ ကျောက်တုံးများနောက်တွင် နေရာယူထားသော နာဖွန်ဂန်စစ်သည်တို့အား ခေါ်ငင်ကာ ချက်ချင်းစုစည်းစေလိုက်ပြီး . . .

"ငါ့ရဲ့နာဖွန်ဂန်မျိုးနွယ်တွေကို ငါပြောချင်တာက ရန်သူတွေဟာ ဂူထဲပြေးဝင်ပြီး တိုက်ခိုက်လာလိမ့်မယ်၊ ဒီတော့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဂူအတွင်းပိုင်းထဲဝင်ပြီး ရှောင်နေကြပါ၊ ငါက မပစ်ခိုင်း မတိုက်ခိုင်းဘဲ ဘာမှပြန်မခုခံပါနဲ့၊ ရန်သူတွေကို ငါကြည့်ရှင်းမယ်"

ဟု အမိန့်ပေးပြီးသည်နှင့် နာဖွန်ဂန်စစ်သည်အားလုံးကို လှိုဏ်ဂူကြီး၏အတွင်းပိုင်းသို့ ပြေးဝင်ခိုအောင်းနေစေလိုက်၏။

မိန်းမများနှင့် ကလေးများကို ဖူလာနှင့်အတူ အတွင်းပိုင်း ဂူကြီးတစ်ခုဆီသို့ ပို့ထားပြီးဖြစ်၏။

ကျော်စွာက သူ၏နာဖွန်ဂန်မျိုးနွယ်စုများအား အသေအပျောက်မများစေရန် ဤသို့ဗျူဟာပြောင်းပြီး စီစဉ်လိုက်ရခြင်း ဖြစ်ပေသည်။ လောဘ၏စေခိုင်းမှုကြောင့် မျက်လှည့်ဆရာကြီးတာနော တို့အဖွဲ့က လက်နက်အားကိုးဖြင့် ဂူအတွင်းသို့ တရှူးထိုးဝင်ရောက်လာပါက သူသေကိုယ်သေ အပြီးပြတ်တိုက်ပွဲကြီးဖြစ်ပြီး ၎င်းတို့အဖွဲ့မှာ လွန်စွာအထိနာပေလိမ့်မည်။

ကျော်စွာတို့ဖက်မှ ရန်သူများအား ရင်ဆိုင်ရန် အားလုံး အဆင်သင့်ဖြစ်နေချိန်မှာပဲ လောဘသားမျက်လှည့်ဆရာကြီးတာနော တို့အဖွဲ့မှာ သေနတ်များဖြင့် တဒိုင်းဒိုင်း၊ တဒက်ဒက် ပစ်ခတ်ပြီး လှိုဏ်ဂူကြီး၏အဝမှ ပြေးဝင်လာကြတော့၏။

သူတို့သည် ဂူအဝသို့ ရောက်ရှိလာကြပြီး ဟိုဟိုဒီဒီ ရမ်းပစ်နေကြသော်လည်း သူတို့အား ခုခံတိုက်ခိုက်မည့်သူကို မတွေ့ရသဖြင့် လွန်စွာအံ့သြသွားပုံရ၏။

"ဟာ . . . လူရိုင်းကောင်တွေ ဘယ်ရောက်သွားလဲမသိ"

"အတွင်းလှိုဏ်ဂူတွေထဲ ဝင်ပြေးပြီထင်တယ် ဆရာကြီး"

"ဟေ . . . ဟုတ်မယ်၊ လာ . . . ငါတို့ ဝင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးတာနေ့ာက ဖိုးတေကို ပြန်ပြောရင်း ညာဖက်လက်ကို မြှားမှန်ထားသဖြင့် ဘက်လက်ဖြင့် ပစ္စတိုသေနတ်ကိုကိုင်ကာ လှိုဏ်ဂူကြီးထဲသို့ သတိကြီးစွာထားပြီး တစ်လှမ်းချင်း ဝင်လာလေ၏။ သူ၏ အဖွဲ့သားများသည်လည်း သေနတ်များဖြင့် ဟိုချိန်သည်ချိန်လုပ်ကာ တိတ်ဆိတ်စွာ ဝင်လာတော့၏။

ဦးတာနေ့ာတို့အဖွဲ့ ဂူအလယ်သို့ ရောက်ရှိသွားစဉ်မှာပဲ ဂူကြမ်းပြင်က ရုတ်တရက် ကျွံကျသွားတော့၏။

သူတို့တစ်ဖွဲ့လုံးမှာ ထိတ်လန့်တကြား အော်ဟစ်လိုက်ကြပြီးသည့်နောက်တွင်တော့ သူတို့အားလုံးသည် လွန်စွာနက်သော နွံအိုင်ကြီးထဲသို့ ကျရောက်သွားပြီဆိုတာ သိလိုက်ကြတော့၏။

သူတို့၏လက်နက်များက နွံအိုင်အတွင်းသို့ ပြုတ်ကျသွားရုံမျှမက ခန္ဓာကိုယ်များမှာလည်း လှုပ်လေမြုပ်လေဆိုသလို ဖြစ်နေတော့၏။

ထိုအခါမှ ကျော်စွာသည် လှိုဏ်ဂူအကွယ်တစ်နေရာမှ ထွက်လာကာ နွံအတွင်းဝယ် တဖြည်းဖြည်း နစ်မြုပ်လျက်ရှိသော မျက်လှည့်ဆရာကြီးတာနေ့ာနှင့် ဖိုးတေတို့အား မျက်နှာချင်းဆိုင်လိုက်ပြီး-

"ကဲ . . . မဟာဂန္ဓာရီမျက်လှည့်ဆရာကြီးတာနေ့ာ . . . ဘယ်နှယ့်လဲ၊ ခင်ဗျားရဲ့ ဂန္ဓာရီအစွမ်းနဲ့ ဒီနွံအိုင်ကြီးထဲက တက်နိုင်အောင် အစွမ်းပြကြပါဦးလား"

ဟုပြောလိုက်ရာ ဦးတာနေ့ာမှာ လွန်စွာထိတ်လန့်အံ့ဩသွားပြီး . . .

"ဟင် . . . မင်း . . . မင်း . . . ကျော် . . . ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ငါ . . . ငါတို့ကို ကယ်ပါဦးကွာ၊ ငါ . . . ငါတို့ လှုပ်လေ မြုပ်လေ ဖြစ်နေပြီ"

ကျော်စွာက ဖိုးတေကိုလည်း စူးစိုက်ကြည့်ရင်း . . . .

"ဘယ်လိုလဲ . . . ဖိုးတေ၊ မင်း ငါ့ကို ချောက်ထဲတွန်းချ တုန်းက ဒီလိုမျိုးပြန်ပြီး ဝဋ်လည်နိုင်တယ်ဆိုတာ မတွေးမိခဲ့ဘူးလား ကွ . . . ဟော . . . ဟား . . . ဟား . . . ဟား . . . "

ဟု အော်ဟစ်ရယ်မောလှောင်ပြောင်လိုက်ရာ ကျော်စွာ အား အံ့သြထိတ်လန့်စွာဖြင့် ကြည့်နေသော ဖိုးတေက . . .

"မင်း . . . မင်းက ချောက်ထဲကျမသေဘဲ ဒီ . . . ဒီဂူကြီး ထဲမှာ လူရိုင်းဘုရင်ဖြစ်နေတယ် . . . ဟုတ်လား"

ဟု မယုံကြည်နိုင်စွာ ပြောလိုက်လေ၏။

"ဟုတ်တယ်၊ မင်းတွန်းချခဲ့ပေမယ့် ငါမသေခဲ့ဘူး"

"ငါ . . . ငါတွန်းချမှန်း မင်းသိတယ် . . . ဟုတ်လား"

ဟု ဖိုးတေက တအံ့တသြ မေး၏။ ထိုအခါ ကျော်စွာက ပြီတီတီပြုံးရင်း . . .

"သိတာပေါ့၊ ငါချောက်ထဲပြုတ်ကျအသွားမှာ ငါ့ကို ဘယ် သူတွန်းချပါလိမ့်လို့ လှည့်ကြည့်ခဲ့တာပဲ၊ အဲဒီတုန်းက ငါချောက်ထဲ ကျသွားတာကို ကျေနပ်အားရနေတဲ့ မင်းရဲ့မျက်နှာကြီးကို မြင်ခဲ့ တယ်လေ၊ အခုတော့ မင်းနွံထဲ တဖြည်းဖြည်း နစ်ဝင်ပျောက်ကွယ် သွားမှာကို ငါက သဘောတကျနဲ့ တစိမ့်စိမ့် ကြည့်ရဦးမှာပေါ့ ကွာ၊ ဟား . . . ဟား . . . ဟား . . . "



www.burmeseclassic.com

www.burmeseclassic.com



ဟု အဆက်မပြတ် အော်ရယ်ရင်း လှောင်ပြောင်လိုက်ရာ ဖိုးတေမှာ မျက်ရည်များ တွေတွေကျလာပြီး . . .

"ကျော် . . . ကျော်စွာ . . . ဒီလိုမလုပ်ပါနဲ့ကွာ၊ ငါ . . . ငါမှားခဲ့ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါကွာ၊ ဟာ . . . တဖြည်းဖြည်းနဲ့ မြုပ်နေပြီ . . . မြုပ်နေပြီ၊ ငါ့ . . . ငါ့ကို ကယ်ပါကွာ၊ ငါနောင်တ ရပါပြီ"

ဟု တောင်းပန်တိုးလျှိုးလေတော့၏။ ကျော်စွာက တွင်းအစပ်၌ ခါးထောက်ရပ်နေရင်း . . .

"မင်းနောင်တရပြီဆိုတာ တကယ်လားကွ၊ ဟေ . . ဖိုးတေ"

ဟု ခပ်မာမာမေးလိုက်ရာ ဖိုးတေက တဟီးဟီး ငိုရှိုက်ရင်း-

"သူ . . . သူငယ်ချင်း . . . ငါ . . . ငါ . . . တကယ့်ကို နောင်တရပါပြီကွာ၊ နောက်ကို အကုသိုလ်အလုပ်တွေ မလုပ်တော့ပါဘူး၊ ငါ့ကို ချမ်းသာပေးပါကွာ၊ ငါ့ကို ကယ်ပါကွာ"

ဟု ကတုန်ကရီ တောင်းပန်တိုးလျှိုးလေ၏။

"ကောင်းပြီ၊ မင်း . . . တကယ်နောင်တရပြီဆိုရင်တော့ ကယ်ရမှာပေါ့ကွာ"

ဟုပြောလိုက်ပြီးနောက် နွယ်ကြိုးတစ်ချောင်းကို ဖိုးတေထံ ပစ်ပေးလိုက်၏။ ဖိုးတေက ထိုနွယ်ကြိုးကို လက်နှစ်ဖက်ဖြင့် အားကိုးတကြီး ဆွဲကိုင်မိသည်နှင့် ကျော်စွာက နွံတွင်းအစပ်မှ နွယ်ကြိုးကို ဆွဲတင်လိုက်၏။

ဖိုးတေမှာ နွံအိုင်ထဲမှ လွတ်မြောက်လာပြီး တွင်းအစပ်သို့ ရောက်လာသည်နှင့် ပုန်းအောင်းကြည့်နေကြသော နသွန်ဂန်စစ်



www.burmeseclassic.com

www.burmeseclassic.com



သည်တို့ကို ကျော်စွာက လှမ်းခေါ်လိုက်ပြီး . . .

"သူ့ရဲ့ကိုယ်ကို ရေလောင်းပေးပြီး ကြိုးနဲ့တုပ်ထားလိုက်ကြ" ဟု အမိန့်ပေးလိုက်၏။

"မောင် . . . မောင်ကျော်စွာ၊ ဦးကိုလည်း ကယ်ပါဦးကွာ၊ ဦးကိုလည်း ခွင့်လွှတ်ပါ။ မောင်ကျော်စွာက ဦးရဲ့မျက်လှည့်ပွဲကို ဝင်နှောက်ယှက်လို့ ဦးက အငြိုးထားပြီး ဖိုးတေကို စေခိုင်းခဲ့တာပါ။ အမှန်ကတော့ သတ်ဖို့အထိ မရည်ရွယ်ခဲ့ပါဘူး၊ ဖိုးတေက သူ့သဘောနဲ့သူ လက်လွန်ခြေလွန် လုပ်ခဲ့တာပါ။ အဲဒီနောက် ရသေ့ကြီးဦးဒိဗ္ဗတို့ဆီက ရတနာမြေပုံပေရွက်ကို ရလာခဲ့ပြီး ဦးတို့မှာ ဒီအထိ ရောက်လာခဲ့ရတာပါ"

"ဦး . . . ဦးလည်း နောင်တရပါပြီကွယ်၊ မကောင်းတာကို ကြံစည်လုပ်ကိုင်သူဟာ ကြောက်စရာကောင်းလှတဲ့ မကောင်းကျိုးကို ခံစားရတယ်ဆိုတာကို ယုံပါပြီကွယ်၊ ဦးလေးကိုလည်း ခွင့်လွှတ်ပါနော်၊ ကယ်ပေးပါနော်"

ဟု မျက်လှည့်ဆရာကြီးတာနောက ခဲယယ တောင်းပန်နေပြန်ရာ ကျော်စွာက ပြုံးလိုက်ပြီး . . .

"ခင်ဗျားကြီး . . . နောင်တရပြီဆိုတာ သေချာရဲ့လားဗျာ" ဟုမေးလိုက်ရာ မျက်လှည့်ဆရာကြီးတာနောက ပျာပျာသလဲဖြင့် . . .

"အို . . . သေချာပါတယ် မောင်ကျော်စွာရယ်၊ သေချာပါတယ်၊ ဦးနောင်တ တကယ်ရပါပြီ၊ ဦးကို ကယ်ပါနော် . . . ကယ်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတောင်းပန်ရင်း မျက်လုံးထဲမှ မျက်ရည်များ ဒရဟော ကျလာလေရာ . . .

"ကောင်းပြီလေ၊ နောင်တရပြီဆိုတော့လည်း ကယ်ရဦးတော့ မှာပေါ့"

ဟု ကျော်စွာက ပြောလိုက်ပြီး နွယ်ကြိုးတစ်ချောင်းကို မျက်လှည့်ဆရာကြီးတာနောထံသို့ ပစ်ပေးလိုက်လေ၏။

မျက်လှည့်ဆရာကြီးတာနောက နွယ်ကြိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီးနောက် ကျော်စွာက တွင်းနှုတ်ခမ်းပေါ်မှနေ၍ ဆွဲတင်လိုက်ရာ မျက်လှည့်ဆရာကြီးတာနောမှာလည်း နွံထဲမှ လွတ်မြောက်ထွက်လာပြီး တွင်းနှုတ်ခမ်းပေါ်သို့ ရောက်ရှိလာလေ၏။

ထို့နောက် ကျော်စွာက နာဖွန်ဂန်စစ်သည်များကို လှမ်းခေါ်လိုက်ပြီး . . .

"ကဲ . . . သူ့ကိုရေလောင်းပြီး ကြိုးနဲ့တုပ်ထားလိုက် . . ."

ဟု အမိန့်ပေးလိုက်လေ၏။

ပြီးနောက် မျက်လှည့်ဆရာကြီး၏ တပည့်များနှင့် ပထန်ကုလားအလီဘိုင်တို့သည်လည်း ငိုယိုတောင်းပန်ကြသဖြင့် ကျော်စွာက ထိုသို့ပင် တစ်ယောက်ပြီးတစ်ယောက် ဆွဲတင်ပေးကာ နာဖွန်ဂန်တို့အားခေါ်လျက် ရေမိုးချိုးစေပြီး ကြိုးဖြင့်တုပ်ခိုင်းထားလိုက်တော့၏။

တောင်စောင်းပေါ်၌ ကျန်ရစ်ခဲ့သော စံပယ်မြိုင်မှာ သေနတ်သံများ လုံးဝမကြားရသောအခါ သူမ၏ဖခင်ဖြစ်သူအတွက် ရင်နင့်စွာမှ စိုးရိမ်သွားလျက် တောင်စောင်းပေါ်မှ ဆင်းလာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ချောက်အောက်ခြေသို့ ရောက်သည်နှင့် ဘီစပ်ချုံကြီးများနောက်မှ ထွက်လာသော ရသေ့ကြီးတို့အဖွဲ့ကို မမျှော်လင့်ဘဲ တွေ့လိုက်သဖြင့် လွန်စွာအံ့ဩတုန်လှုပ်သွားပြီး . . .

"အို . . . အရှင်ရသေ့ . . . ရသေ့ကြီးတို့က . . ."

"ကလေးမ . . . ကျုပ်တို့ဟာ ကျုပ်တို့ရဲ့မိတ်ဆွေ တပည့်လေးမောင်ကျော်စွာ ပျောက်ဆုံးသွားလို့ လာရှာတာပါကွယ်၊ မင်းတို့ အန္တရာယ်ပြုမယ့်သူတွေ မဟုတ်ပါဘူး"

ဟု ရသေ့ကြီးဦးဒိဗ္ဗက လေအေးလေးဖြင့် ပြောလိုက်သလို မင်းပုညကလည်း . . .

"ဟုတ်ပါတယ် စံပယ်မြိုင်၊ ကျွန်တော်တို့ကို ယုံပါ၊ ကျွန်တော်တို့က လူကောင်းတွေပါ"

ဟု ပြောလိုက်လေရာ စံပယ်မြိုင်မှာ ပို၍ပင် အံ့ဩသွားပြီး-

"အို . . . ရှင် . . . ရှင်တို့က စံပယ်ကို သိနေတယ် . . . ဟုတ်လား"

ဟုမေးလိုက်ရာ မင်းပုညက ဖြစ်ကြောင်းကုန်စင်ကို အကျဉ်းချုပ် ခပ်တိုတို ပြောပြလိုက်လေ၏။

ထိုအခါမှ စံပယ်မြိုင်လည်း သဘောပေါက်သွားပြီး . . .

"ဩော် . . . ဒီလိုကိုး၊ အစ်ကိုတို့ရဲ့ သူငယ်ချင်းကိုကျော်စွာအတွက် စံပယ်တကယ်ပဲ စိတ်မကောင်းပါဘူးရှင်၊ အခုလည်း ဖေကြီးကို စိတ်မချလို့သာ စံပယ်လိုက်လာတာပါ၊ စံပယ်က ဖေကြီးလုပ်သမျှ ကိုင်သမျှ မကောင်းမှုတွေကို နှစ်လည်းမနှစ်သက်ပါဘူး၊ အားလည်း မပေးလိုပါဘူးရှင်၊ ဖေကြီးနောက်ကို ဒီလိုမဟုတ်တာတွေ မကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ထပ်မလုပ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတာပါပဲရှင်"

ဟု သနားစဖွယ် ပြောဆိုပြီး ပင့်သက်ရှိုက်လေ၏။ ပြီးနောက် . . .

"အခု ဖေကြီးတို့ရဲ့ သေနတ်သံတွေ တိတ်သွားလို့ စံပယ် စိတ်ပူပြီး ဆင်းလိုက်လာတာပါ"

ထိုအခါ မင်းပုညက နှုတ်သွက်လျှာသွက်ဖြင့် . . .

"ဘရသေ့ . . . ကျွန်တော်တို့ တိုက်ပွဲအခြေအနေကို လိုက်သွားပြီးတော့ ကြည့်ကြရအောင် . . ."

ဟု ခွင့်တောင်းလိုက်လေ၏။

"အေးလေ . . . သတိထားပြီး သွားလိုက်ကြည့်ကြတာပေါ့"

ဟု ရသေ့ကြီးဦးဒိဗ္ဗက ပြောဆိုလိုက်ပြီးနောက် သူတို့အားလုံးသည် မြောင်၏အောက်ခြေအတိုင်း သတိကြီးစွာထား၍ လျှောက်လှမ်းခဲ့ကြ၏။

သူတို့အုပ်စုမှာ လှိုဏ်ဂူကြီး၏အဝနားဆီသို့ ရောက်လာသည်တွင် သူတို့ကိုတွေ့သွားသည့် နာဖွန်ဂန်စစ်သည်တစ်ဦးက နာဖွန်ဂန်ဘာသာစကားဖြင့် "ရန်သူ . . . လူစိမ်းတွေ . . . " ဟုအော်လိုက်ရာ လှိုဏ်ဂူကြီးထဲမှ နာဖွန်ဂန်စစ်သည်များက ပြေးထွက်လာပြီး သူတို့အုပ်စုကို လှံများဖြင့်ချိန်ကာ ဝိုင်းထားလိုက်ကြ၏။

"အို . . . ကျွန်မတို့ဟာ ရန်သူတွေ မဟုတ်ပါဘူးရှင်"

ဟု စံပယ်မြိုင်က တောင်းပန်လိုက်သကဲ့သို့ မင်းပုညနှင့် အောင်စိုးတို့ကလည်း ပျာပျာသလဲပင် လူရိုင်းတို့ကို တောင်းပန်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့တာ ရန်သူမဟုတ်ပါဘူး"

ဟု မင်းပုညက တောင်းပန်စကားပြောဆိုပြီးမှ တစ်စုံတစ်ခုကို သတိရမိဟန်ဖြင့် . . .

"အဲ . . . ပြောသာပြောရတယ်၊ ကျွန်တော်တို့ပြောတာကို နားလည်ပါ့မလား မသိဘူး"

ဟုပြောလိုက်သည်တွင် လူရိုင်းတစ်ဦးက မင်းပုညအား လှုံ့ဖြင့်ရွယ်ကာ . . .

"လျှာမရှည်နဲ့ . . . နားလည်တယ်"

ဟု မြန်မာလို ပြန်ပြောလိုက်ရာ သူတို့အုပ်စုမှာ ပါးစပ်များ ဟလျက် တအံ့တသြ ဖြစ်သွားလေ၏။

ထိုအချိန်တွင် လှိုဏ်ဂူထဲမှ ထွက်လာသည့် ကျော်စွာကို အမှတ်မထင် တွေ့ရသောအခါ သူတို့တစ်ဖွဲ့လုံး လွန်စွာအံ့သြဝမ်းသာ ဖြစ်သွားကြ၏။

"ဟာ . . . ကျော် . . . ကျော်စွာ . . . သူငယ်ချင်း . . . မင်း . . . မင်း . . . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် . . . မင်းပုညရဲ့ မင်းတို့လည်း မျက်လှည့်ဆရာကြီးတာနောက်တို့လို ဒီနေရာအထိတောင် ရောက်လာပါလား"

ဟု ကျော်စွာက ပြုံးပြီးပြောလိုက်ရာ မင်းပုညတို့မှာ ကျော်စွာကို အသက်ရှင်လျက် တွေ့ရသည့်ကြောင့် ဝမ်းအသာကြီး သာနေကြသကဲ့သို့ ကျော်စွာဝတ်ဆင်ထားသော လူရိုင်းဘုရင်အဝတ်အစား အသွင်အပြင်ကိုကြည့်ကာ အံ့သြမဆုံးဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . သူငယ်ချင်း၊ မင်းက လူရိုင်းဘုရင်ကြီးတောင် ဖြစ်နေပါလား၊ ငါတို့က သေပြီထင်နေတာ၊ ဘယ်ကနေဘယ်လို ဒီမှာ လာပြီး ကြီးပွားနေသလဲဆိုတာ ပြောစမ်းပါဦးကွ"

ဟု ကျော်စွာအား အငမ်းမရမေးကြရာ သူချောက်ထဲသို့ တွန်းချခံရပြီးနောက် သူကြုံတွေ့ခဲ့ရသည်များကို ဖြစ်ကြောင်းကုန်စင် သူကပဲ အတိုချုပ်ပြောပြလိုက်တော့၏။

သို့သော် ကျော်စွာပြောပြသည့် အကြောင်းအရာများတွင် နဝင်ရွှေစင်ရတနာအကြောင်းမူကား မပါရှိပေ။

"ကဲ . . . လာကြ၊ မင်းတို့အားလုံးကို ဒီက နာဖွန်ဂန်အကြီး အမှူးတွေနဲ့ မိတ်ဆက်ပေးပြီး အထူးဧည့်သည်တော်တွေအဖြစ် လက်ခံမယ်"

ဟု ကျော်စွာက ပြုံးချိုစွာပြောကာ ဖိတ်မန္တကပြုလိုက်ပြီး နောက် စံပယ်မြိုင်ဖက်သို့လှည့်ကာ ပြုံးချိုစွာဖြင့် . . .

"စံပယ်မြိုင်ရဲ့ဖခင်အတွက်လည်း ဘာမှမစိုးရိမ်ပါနဲ့၊ သူ လည်း နောင်တရနေပါပြီ၊ အားလုံးအေးအေးဆေးဆေး ဖြစ်သွားပြီ လို့ပဲ သဘောထားလိုက်ပါတော့ . . . "

ဟုပြောလိုက်ရာ ထိုအခါမှ စံပယ်မြိုင်လည်း သက်ပြင်းမော လေးချပြီး ပြုံးနိုင်ရယ်နိုင် ဖြစ်သွားလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (နိဂုံး)

ကျော်စွာသည် မဟာလှိုဏ်ဂူကြီးအတွင်းဝယ် မီးပုံပွဲကြီး ကျင်းပပြီး နာဖွန်ဂန်တို့၏ အထူးဧည့်သည်များကို ယမကာများ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလေ၏။

အထူးဧည့်သည်တော်များ ဖြစ်ကြသည့် ရသေ့ကြီးဦးဒိဗ္ဗ မျက်လှည့်ဆရာကြီးတာနော၊ ဇမုန်ထန်း၊ မင်းပုည၊ အောင်စိုး၊ ဖိုးတော စံပယ်မြိုင်နှင့် ဧည့်သည်တော်များမှာ နာဖွန်ဂန်တို့ ကျွေးမွေးဧည့်ခံသည့် အဖျော်ယမကာနှင့် အစားအသောက်များကို စားသောက်ကြ ပြီးနောက် ဖူလာခေါင်းဆောင်သည့် နာဖွန်ဂန်လှပျိုဖြူလေးများ၏ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို စိတ်အေးချမ်းသာစွာ ရှုစား ကြလေ၏။

ထိုသို့ ဧည့်ခံကျွေးမွေးမှု၊ ဖျော်ဖြေမှု အစီအစဉ်များ ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ဧည့်သည်တော်များ၊ နတ်ဆရာကြီးအပါအဝင် နာဖွန်ဂန် မျိုးနွယ်စုများအားလုံးကိုပါ ကျော်စွာက မီးပုံကြီးဘေးတွင်ရပ်ရင်း အမှာစကားပြောကြားလေ၏။

"တကယ်တော့ ကျွန်တော်ဟာ ချောက်ကြီးထဲကို ပြုတ်ကျခဲ့ပြီးတဲ့နောက် နာဖွန်ဂန်တို့ရဲ့လက်ထဲ ရောက်နေမှန်းသိလိုက်လို့ အသက်အန္တရာယ်ကို စိုးရိမ်တာနဲ့ အတိတ်မေ့ချင်ယောင်ဆောင်ခဲ့တာပါ။ တကယ်တော့ ကျွန်တော်ဟာ ဘယ်တုန်းကမှ အတိတ်မမေ့သလို ပစ္စုပ္ပန်နဲ့အနာဂတ်ကို ကောင်းကျိုးပြုဖို့လည်း မမေ့ခဲ့လို့ အစစအရာရာ အဆင်ပြေခဲ့တာပါ။

နောက်ပြီး နဝင်ရွှေစင်ရတနာတွေဟာ ပိုင်ရှင်ရှိတဲ့ ရတနာတွေပါ၊ သူတို့ရဲ့ပိုင်ရှင်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အသက်ရှင်ခဲ့ဖူးတဲ့ အင်းဝဘုရင်နရပတိပဲ ဖြစ်ပါတယ်၊ သူဟာ သေဆုံးခဲ့ပြီး ဖြစ်ပေမယ့် အဲဒီရတနာတွေကို စွဲလန်းပြီး သံသရာမှာ ကျင်လည်ရာက အခွင့်သာတဲ့အချိန်မှာ ဒီရတနာတွေကို လာယူပြီး ဘာသာသာသနာရေးအတွက် အများအကျိုးအတွက် လုပ်ဆောင်ပါလိမ့်မယ်၊ ဒါကြောင့် ဒီနဝင်ရွှေစင်ရတနာတွေကို ဘာမှမဆိုင်တဲ့သူတွေက တပ်မက်ခြင်းမပြုကြပါနဲ့တော့လို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။

နောက်ပြီး နတ်ဆရာကြီးအပါအဝင် နာဖွန်ဂန်မျိုးနွယ်စုဝင်များကို ပြောလိုတာက ကျွန်တော်ဟာ နာဖွန်ဂန်တစ်ဦးမဟုတ်ပါဘူး၊ ဒါပေမယ့် နာဖွန်ဂန်တို့ရဲ့ကျေးဇူး ကျွန်တော့်အပေါ် တင်ရှိနေလို့ နာဖွန်ဂန်တို့ရဲ့အကျိုးကို တတ်နိုင်သ၍ ကျွန်တော်ထမ်းရွက်ခဲ့ပြီး ဖြစ်ပါတယ်၊ ကျွန်တော့်တာဝန်ကို ဆက်လက်ထမ်းရွက်နိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



နာဖွန်ဂန်လူငယ်ခေါင်းဆောင်ကို နတ်ဆရာကြီးကပဲ ဦးစီးရွေးချယ်ပြီး တာဝန်ဆက်လက်ပေးစေချင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ခေါင်းယောင်ဆောင်တဲ့ ကျီးဘဝကနေ ရုန်းထွက်ခွင့်ပြုပါ၊ ကျွန်တော်ဟာ မြန်မာလူမျိုးမို့ မြန်မာပြည်ရွာနေကိုပဲ ပြန်ရပါလိမ့်မယ်။

အဲဒီလိုပြန်ရာမှာ နာဖွန်ဂန်တို့ရဲ့ လုံခြုံရေးအတွက် ပြင်ပကမ္ဘာကလူတွေ ကျူးကျော်ဝင်ရောက် အန္တရာယ်ပြုလာနိုင်တဲ့ တစ်ခုတည်းသော လမ်းဖြစ်တဲ့ ကျောက်တံတားကြီးကို ကျွန်တော်ဖြိုခွင်းပေးသွားပါ့မယ်၊ အဲဒီကျောက်တံတားကြီးသာ မရှိတော့ရင် ပြင်ပကမ္ဘာက လူတွေဟာ တော်ရုံနဲ့ နာဖွန်ဂန်တို့ဆီ လုံးဝမလာနိုင်တော့ပါဘူး။

တော်ရုံတန်ရုံအန္တရာယ်တွေကိုတော့ ကျွန်တော်သင်ပြပေးခဲ့တဲ့ သေနင်္ဂဗျူဟာတွေနဲ့ပဲ ခုခံရှင်းလင်းရစ်ကြပါတော့၊ နွေလည်တန္တံအိုင်ကြီးဟာ ကျွန်တော်တူးခိုင်းပြီး နွံထောင်ချောက်အဖြစ် ဖန်တီးထားခဲ့တာပါ၊ အဲဒီလို ဗျူဟာတွေကို ဆင့်ပွားပြီး နာဖွန်ဂန်မျိုးနွယ်စုကို စောင့်ရှောက်သွားကြပါလို့ တိုက်တွန်းရင်း ကျွန်တော့်ကိုတော့ မူလရပ်ရွာနေဆီ ပြန်ခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ကျော်စွာ၏စကားအဆုံးဝယ် နတ်ဆရာကြီးအပါအဝင် နာဖွန်ဂန်မျိုးနွယ်စုအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်သွားပြီး စိတ်မကောင်းဖြစ်ကာ လွမ်းစွာစိတ်ထိခိုက်ကြေကွဲနေကြတော့၏။

ထိုစဉ် တိတ်ဆိတ်ငြိမ်သက်သွားသော မဟာလိုဏ်ဂူကြီးအတွင်းမှ ရှိုက်သံတစ်ခုက တဖြည်းဖြည်း ထွက်ပေါ်လာလေ၏။ ထိုရှိုက်သံမှာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေသော လူရှင်းလေးသူလာ

www.burmeseclassic.com



ထံမှ ထွက်ပေါ်နေခြင်းပင် ဖြစ်ပေတော့၏။

နောက်တစ်နေ့နံနက်ဝယ် နတ်ဆရာကြီးအပါအဝင် နာဗွန်ဂန်မျိုးနွယ်စုဝင်အားလုံးသည် ကျော်စွာနှင့် ဧည့်သည်တော်များအား ကျောက်တံတားကြီး၏ တစ်ဖက်ကမ်းအထိ လိုက်ပို့နှုတ်ဆက်ကြရှာ၏။

နာဗွန်ဂန်ဘုရင်တို့၏ သရဖူခေါင်းဆောင်းကြီးကို တိုက်ခိုက်စွမ်းရည်မြင့်မားသော နာဗွန်ဂန်လူငယ်လေးယူနွတ်ထံ အပြီးတိုင်လွှဲပြောင်းပေးအပ်လိုက်ပြီ ဖြစ်၏။

ကျော်စွာသည် ဖူလာ၏လက်ဖဝါးလေးထဲသို့ ထာဝရအမှတ်တရလက်ဆောင်အဖြစ် လုံးချောပတ္တမြားကြီးကို ကြင်နာစွာ ထည့်ပေးလိုက်လေ၏။

ထို့နောက် ဧည့်သည်တော်များအားလုံးက ကျောက်တံတားကြီးမှ တစ်ဦးပြီးတစ်ဦး ဖြတ်ကူးသွားကြတော့၏။ ကျော်စွာမှာ နောက်ဆုံးမှ ဖြတ်ကူးခဲ့ပြီး တံတားအလယ်အရောက်ဝယ် အသင့်ယူဆောင်လာသော မိုင်းကို တံတားပေါ်၌ ခိုင်ခန့်အောင် ချည်နှောင်လိုက်လေ၏။

ထို့နောက် စနက်တံကြိုးစကို တံတား၏အစွန်းတစ်ဖက်အထိ သယ်ဆောင်လာခဲ့ကာ တံတားထိပ်စွန်းသို့ရောက်မှ စနက်တံကို မီးရှို့လိုက်လေ၏။

မီးများက စနက်တံတလျှောက် တဖွားဖွားပြေးကာ လျှင်မြန်စွာ တောက်လောင်သွားပြီးနောက် ပြင်းထန်စွာ ပေါက်ကွဲကာ ကျောက်တံတားကြီးက တစ်စစီကျိုးပဲ့ပြုတ်ကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက် ကျော်စွာတို့သည် တစ်ဖက်တောင်ကြားမှ နာဖွန်ဂန်တို့အား လက်ပြနှုတ်ဆက်ကာ ကျောခိုင်းထွက်ခွာခဲ့လေတော့၏။

သူတို့၏အပြန်ခရီးသည် လောဘ၊ ဒေါသ၊ မောဟတို့ ကင်းစင်လျက် သာယာအေးချမ်းလှပေ၏။

အပြန်ခရီးတစ်လျှောက်လုံးဝယ် ကျေးဇူးတင်သော အပြုံးလေးကို လှပစွာ ပြုံးပြလာသည့် စံပယ်မြိုင်ကို တုန့်ပြန်အပြုံးလေးနှင့် ကြည့်၍မဝနိုင်ဖြစ်နေသလို ခံစားမဆုံး၊ ရင်ခုန်မဆုံး ဖြစ်နေသူမှာ ကျွန်ုပ်၏ဇာတ်ကောင် ကျော်စွာဖြစ်လေရာ ကျွန်ုပ်ရေးသားသည့် ဂမ္ဘီရစွန့်စားခန်းမှတ်တမ်းကြီးကိုလည်း ဤနေရာတွင် အဆုံးသတ်လိုက်ရပေတော့သတည်း။

စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိုဗွေ

(တိက္ကမ၏ကလောင်ခွဲ)



www.burmeseclassic.com